
http://www.dhammadownload.com

(ယြမ်ကြီးလည်ပွဲဖယ်ရီအမှတ် ၂၅၄၄ ခုနှစ်အတွက် ပြည်ထောင်စုမြို့တော်ဆုရ ကဗျာဆိုပွဲအတွက် ရေးသားသီကုံးခဲ့သော)



သစ်လွင်သော အနာဂတ်ကို ဖန်တီးခြင်း

အရှင်ကုန္ဒကာဘိဝံသ (မြစကြာ)


http://www.dhammadownload.com

အရှင်ကဿပဘဒ္ဒန္တ (မြစကြား)

သစ်လွင်သော အနာဂတ်ကို ဖန်တီးခြင်း

လူတော်လူကောင်းတွေကို
တန်ဖိုးထား လေးစားတယ်။
နေရာလည်း ပေးတယ်။
လူညံ့လူဖျင်းတွေကို
နေရာ မပေးဘူး၊
လူတော်လူကောင်းတွေကို
လူညံ့လူဖျင်းတွေနဲ့ တန်းတူမထားဘူး။
ဒီလေးချက်နဲ့ ပြည့်စုံတယ်ဆိုရင်...

http://www.dhammadownload.com



သစ်လွင်သော အနာဂတ်ကို ဖန်တီးခြင်း

အရှင်ကဿပကာဘိဝံသ (မြစကြာ)

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာစီ - ကိုထွန်းဇော်၊ နယူးလိုက်၊ စစ်ကိုင်း
တည်းဖြတ် - အရှင်မနောဟရ နှင့် အဖွဲ့ ၊ မြစကြာ၊ စစ်ကိုင်း
စာစစ် - စာကြည့်တိုက်အဖွဲ့ ၊ မြစကြာ၊ စစ်ကိုင်း

မျက်နှာဖုံးဒီဇိုင်း - ဝဂျီလင်းဝဏ္ဏ

ပုံနှိပ်သူ - ဦးလင်းဇာနည် ၊ သီရိဂုဏ်ဝေပုံနှိပ်တိုက် (၀၁၄၃၇)
အမှတ် ၃၂၊ ၅၃ လမ်း(လယ်)၊ ၂ ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - အလင်းအိမ်

ထုတ်ဝေသူ - ဒေါ်ရည်မွန်မျိုး၊ စာနဒီစာပေတိုက်(မြ ဝဝ၂၄၄)
အမှတ် ၉၇၃၊ ပျဉ်းမမြို့လမ်း၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့

ထုတ်ဝေခြင်း - ပထမအကြိမ် ၊ ၂၀၁၈ ဇူလိုင်

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အည္ဆန်း

၂၉၄. ၃
ကျန် ကျန္ဓကာဘိဝံသ၊ အရှင်၊ (မြစကြာ)-
တိုက်ပိုင် သစ်လွင်သောအနာဂတ်ကိုဖန်တီးခြင်း/အရှင်ကျန္ဓကာဘိဝံသ
အမှတ် (မြစကြာ)။-- ရန်ကုန်၊ စာနဒီ စာပေ ၊ ၂၀၁၈။
၁၉၀ စာ ၊ ၂၁ စင်တီ။
၁။ ဗုဒ္ဓဘာသာ- အနုမောဒနာတရားတော်များ
(၁) သစ်လွင်သောအနာဂတ်ကိုဖန်တီးခြင်း

http://www.dhammadownload.com

မာတိကာ

- မြင်လျှင် ပြင်ပါမည် အရှင်မနောဟရ (မြစကြာ) ၁၀

သစ်လွင်သောအနာဂတ်ကို ဖန်တီးခြင်း

၁။ သစ်လွင်သောအနာဂတ်ကိုဖန်တီးခြင်း ၁၅
၂။ နေရက်တာလာ ၁၇
၃။ ပညာရှင်အား မလေးစားရင် ၁၉
၄။ ပညာရှင်ကို ရှုတ်ချရင် ၂၁
၅။ ယုတ်ညံ့သူအား မြှောက်စားမိရင် ၂၂
၆။ တော်ညံ့နှစ်ပါး တန်းတူထားရင် ၂၃
၇။ ဆရာ့ထက် တပည့်လက်စောင်းထက်ဖို့ ၂၄
၈။ နှိုင်းယှဉ်သုံးသပ်ကြည့် ၂၅
၉။ လောကုတ်လောကီ ၂၇
၁၀။ ကမ္ဘာ့သက်တမ်းအရှည်ဆုံးအဖွဲ့အစည်း ၂၉
၁၁။ စဉ်းစားဆင်ခြင် ပြုပြင်ပါ ၃၀
၁၂။ နှစ်ဖက်လှမျိုးဆက် ၃၄
၁၃။ စာချဘုန်းကြီး ၃၅
၁၄။ လမ်းကြောင်းမှန်စွာ ၃၉
၁၅။ စစ်သူကြီးမဟာဗန္ဓုလ ၄၁
၁၆။ ဘိုးတော်ဦးဝိုင်းနှင့် စစ်ကိုင်းမင်းသား ၄၂
၁၇။ ခေါင်းဆောင်စိတ်ထား ၄၅
၁၈။ နေရှေ့တောင် ၄၆
၁၉။ အောင်မြေ ၄၇
၂၀။ ရှိသင့် မရှိသင့် ၄၈
၂၁။ တူ မတူ ၅၀

http://www.dhammadownload.com

ပြည့်စုံခြင်းသုံးဖြာ

၁။ ပြည့်စုံခြင်းသုံးဖြာ ၁၃
၂။ ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါ ၁၄
၃။ ဟေတုသမ္မဒါ ဖလသမ္မဒါ သတ္တူပကာရသမ္မဒါ ၁၅
၄။ ဆင်မှာလည်း ဆင့်အထွာ ၁၇
၅။ မရိုးသား ၁၇
၆။ တစ်ခုခုချို့တဲ့ ၁၈
၇။ ကိုယ်ကျိုးသမား ၁၈
၈။ မဟာလူသား ၁၉
၉။ အချောင်ရခဲ့တာမဟုတ် ၆၀
၁၀။ အကြောင်းတရား ၆၁
၁၁။ အကျိုးတရား ၆၃
၁၂။ အကျိုးပြုမှု ၆၅
၁၃။ ရန်သူတွေအပေါ်တောင်မှ ၆၇
၁၄။ အကြောင်းရင်း ၆၈
၁၅။ အတုယူသင့်တာ မယူသင့်တာ ၆၉
၁၆။ ဓမ္မဘုန်းတော် ပယတ္တဘုန်းတော် ၇၂
၁၇။ ဓာတ်ကူးပါ ၇၅
၁၈။ တူပေမဲ့ မတူ ၇၇
၁၉။ ဆုမတောင်းလည်း ၇၈
၂၀။ ပါဏာတိပါတဝိရတီ ၇၈
၂၁။ ခြေဖဝါးတော် ၈၀
၂၂။ လက်ချောင်းတော် ၈၂
၂၃။ ထောင်ထောင်မောင်းမောင်းကိုယ် ၈၃
၂၄။ သက်တော်ရှည်ခြင်း ၈၄
၂၅။ အင်္ဂါလေးရပ် ၈၆

http://www.dhammadownload.com

၂၆။ ထူးမြတ်လေးတန် ၈၇
၂၇။ ကိုယ့်ပမာဏနဲ့ကိုယ် ၈၉
၂၈။ သူငယ်ချင်းနှစ်ယောက် ၈၉
၂၉။ အခြေခံစိတ်ထား ၉၁
၃၀။ အနော်ရထာမင်း ၉၂
၃၁။ စွမ်းနိုင်သမျှ 94

စပါးပင်လား ပေါင်းမြက်လား

၁။ စပါးပင်လား ပေါင်းမြက်လား ၉၅
၂။ ဓမ္မပဒ လယ်နဲ့မြက် ၉၆
၃။ စိစစ်တတ်ဖို့ ၉၇
၄။ လယ်ခင်းများ ၉၈
၅။ လယ်သမားများ ၁၀၀
၆။ ရေနှစ်မျိုး ၁၀၃
၇။ နှလုံးသားထဲက ပေါင်းမြက်များ ၁၀၄
၈။ ရေးမသွင်းခဲ့လို့ ၁၀၆
၉။ အာဏာစက်ရေ ၁၀၇
၁၀။ ဓမ္မစက်ရေ ၁၁၂
၁၁။ နံနက်ခင်းဩဝါဒ ၁၁၆
၁၂။ အကျိုးအကြောင်း ၁၁၈
၁၃။ စာကောင်းပေကောင်း ၁၁၉
၁၄။ မြန်မာ့စာဖတ်အား ၁၂၀
၁၅။ ကျက်သရေအရှိဆုံးပရိဘောဂ ၁၂၁
၁၆။ စာကြည့်တိုက်နဲ့ပညာရေး ၁၂၂
၁၇။ နာမဝိသေသနများများ ကြိယာနည်းနည်း ၁၂၃
၁၈။ နာမဝိသေသနနည်းနည်း ကြိယာများများ ၁၂၆

http://www.dhammadownload.com

၁၉။ ဆရာ့လမ်းစဉ် ၁၂၈
၂၀။ မကြာမကြာ သုံးသပ်ပါ ၁၂၈

စိတ်ထားတတ်ဖို့လိုပါတယ်

၁။ စိတ်ထားတတ်ဖို့လိုပါတယ် ၁၃၁
၂။ ကားအလှူ ၁၃၂
၃။ ဘုန်းကြီးရဲ့မူ ၁၃၃
၄။ မြစကြာကျောင်းခွဲ ၁၃၄
၅။ မဟာစကြာ ၁၃၅
၆။ ကာလဒါန ၁၃၇
၇။ ယာနဒါန ၁၃၈
၈။ အားကိုးရာအစစ် ၁၄၀
၉။ စိတ်ထားတတ်သူ မတတ်သူ ၁၄၂
၁၀။ သာသနာစိတ် ၁၄၅
၁၁။ နည်းလမ်းသုံးသွယ် ၁၄၇
၁၂။ နည်းလမ်းတစ် ၁၄၈
၁၃။ နည်းလမ်းနှစ် ၁၄၉
၁၄။ နည်းလမ်းသုံး ၁၅၀
၁၅။ ပတ်ဝန်းကျင်ကောင်း ၁၅၁
၁၆။ အနှစ်ချုပ် 153

အဆုံးစွန်သောအနာဂတ်အထိ မျှော်ကြည့်ပါ

၁။ အဆုံးစွန်သောအနာဂတ်အထိ မျှော်ကြည့်ပါ ၁၅၅
၂။ ဒီဃဒဿီဂုဏ်တော် ၁၅၇
၃။ သမုဒ္ဒရာရေတစ်စက် ၁၅၉
၄။ ပယတ္တဘုန်းတော် ၁၆၀

http://www.dhammadownload.com

၅။ သံပေါက်ကဗျာ ၁၆၂

၆။ နိဗ္ဗာန်အထိကြည့်ရှု ၁၆၂

၇။ အရေးများစွာ ၁၆၃

၈။ အိမ်ထောင်ရေး ၁၆၄

၉။ ပုဂ္ဂိုလ်ရေး ၁၆၅

၁၀။ ရေတိုစီမံကိန်း ၁၆၈

၁၁။ ရေရှည်စီမံကိန်း ၁၇၀

၁၂။ ကုသိုလ်ရေး ၁၇၂

၁၃။ ဆူဆူဗုဒ္ဓ ၁၇၅

၁၄။ ဝေရဉ္စာပုဏ္ဏားကြီး ၁၇၆

၁၅။ ဝေရဉ္စာမြို့ ၁၇၈

၁၆။ မြင်းကုန်သည်များ ၁၇၉

၁၇။ မုယောဆွမ်း ၁၈၁

၁၈။ မာရ်နတ် ၁၈၂

၁၉။ ဝဋ်ကြွေး ၁၈၃

၂၀။ အရှင်မောဂ္ဂလာန်ရဲ့ အစီအစဉ် ၁၈၄

၂၁။ ဘုရားရှင်ရဲ့အမြော်အမြင် ၁၈၇

၂၂။ အမြော်အမြင်ကြီးပါ ၁၈၉

http://www.dhammadownload.com

နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တစ်ထောင့်ငါးရာ ကိလေသာတို့ကို
ဝါသနာနှင့်တကွ ပယ်သတ်တော်မူပြီးဖြစ်၍
လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို
ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

အလုံးစုံသော တရားတို့ကို
မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့်
ကိုယ်တော်တိုင်သာ သိမြင်တော်မူသော မြတ်စွာဘုရား။

တစ်လောကလုံး ညွှတ်ရုံးကိုးစား
အားထားဖို့ရာ လွန်စွာကြီးကုတ်
အားထုတ်တော်မူခြင်း ပယတ္တဘုန်းတော် အပါအဝင်
ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ထိုဘုရားရှင်ကိုယ်တော်မြတ်အား
ရိုသေမြတ်နိုး လက်စုံမိုး၍
ရှိခိုးကန်တော့ပါ၏။

http://www.dhammadownload.com

မြင်လျှင် ပြင်ပါမည်

မန္တလေးမြို့ ငွေထီးသုံးလက်မိသားစုက ဒီနှစ် ၁၃၈၀ ပြည့်နှစ် ဝါဝင်ခါနီးမှာ ဓမ္မဒါန စာအုပ်ထုတ်ချင်တာကြောင့် သူတို့မိသားစု စစ်ကိုင်းမြစကြာမှာ ဆောက်လုပ်လျှုဒါန်းထားတဲ့ ငွေထီးသုံးလက် ကျောင်းဆောင် ရေစက်ချပွဲတုန်းက သူတို့မိသားစုကပဲ ဓမ္မဒါန ထုတ်ဝေခဲ့တဲ့ ဗုဒ္ဓလမ်းစဉ်စာအုပ်ကို ပြန်လည် ထုတ်ဝေနိုင်အောင် အဆင်သင့် ပြင်ဆင်ထားဖို့ ဆရာတော်က မိန့်ပါတယ်။

ဗုဒ္ဓလမ်းစဉ်စာအုပ် ပုံနှိပ်တိုက်အပ်ဖို့ အဆင်သင့်ဖြစ်လို့ ဆရာတော့်ထံ လျှောက်လိုက်တော့ သင့်တော်မယ့် အနုမောဒနာ တရားငါးပုဒ်လောက်နဲ့ စာအုပ်အသစ် လုပ်မယ်ဆိုရင် အချိန်ရနိုင်သေးလား ချိန်ချိန်ဆဆ မေးလာပါတယ်။ ဝါဆိုလမှ ဆိုရင်တော့ အချိန်ရပါသေးကြောင်း ပြန်လျှောက်ဖြစ်ပါတယ်။

http://www.dhammadownload.com

ဒါဆိုရင် သင့်တော်မယ့်တရားငါးပုဒ် ရွေးပြီး လာပြဖို့ ဆက်မိန့်ပါတယ်။ မိမိလည်း ဆရာတော့် အနုမောဒနာတရားစာရင်းကို ကြည့်ပြီး လူအများစုရဲ့ နေ့စဉ်ဘဝနဲ့ အဆင်ပြေနိုင်မယ့် တရားအမည်လေးတွေကို ရွေးရွေးနာကြည့်ရပါတယ်။ တစ်ခါ အဲဒီထဲကမှ ပိုပြီးအဆင်ပြေမယ်လို့ ယူဆမိတာလေး ငါးပုဒ်ကို ထပ်ရွေးကာ ဆရာတော့်ထံ ကပ်လိုက်ပါတယ်။ ဆရာတော်ကလည်း စာအုပ်အတွက် သူရွေးထားတဲ့ လက်ရွေးစင်တရားများကို ပြပါတယ်။

ဒါနဲ့ ဆရာတော် ရွေးထားတဲ့အထဲမှ သုံးပုဒ်၊ မိမိရွေးထားတဲ့အထဲမှ နှစ်ပုဒ်၊ ပေါင်း ငါးပုဒ်ကို စာစီပေးဖို့ စစ်ကိုင်း နယူးလိုက်ကိုထွန်းဇော်ထံ အပ်လိုက်ပါတယ်။ ဖြစ်နိုင်သမျှ မြန်မြန်စာစီပေးဖို့ ပြောလိုက်တာမို့ တစ်လအတွင်းမှာပဲ ကွန်ပျူတာစာစီပြီး စာမူကြမ်းရလာပါတယ်။

ရလာတဲ့ စာမူကြမ်းငါးပုဒ်လုံးကို မိမိသုံးနေကျ ကွန်ပျူတာမှာ ထည့်ပြီး အသေးစိတ်ပြန်ဖတ်ကာ အကြမ်းဖျင်း တည်းဖြတ်ပါတယ်။ မိမိတည်းဖြတ်ပြီး စာမူများကို ထပ်မံတည်းဖြတ်ဖို့ နီးစပ်ရာ ဦးဇင်းကိုရင်များထံ ယုံယုံကြည်ကြည် အပ်နှံလိုက်ပါတယ်။ စာချောဖို့ရယ်၊ အဓိပ္ပာယ်ရှင်းဖို့ရယ် ဒီနှစ်ချက်ကို အခြေခံပြီး စိတ်ကြိုက်တည်းဖြတ်ပါလို့ အာဏာကုန်လွှဲလိုက်ပါတယ်။

သစ်လွင်သောအနာဂတ်ကို ဖန်တီးခြင်း တရားတော် စာမူကြမ်းကို အရှင်ကဝိဓောလင်္ကာရ (နတ်ရေကန်၊ စဉ့်ကိုင်)၊ စပါးပင်လား ပေါင်းမြက်လား တရားတော်ကို အရှင်ကေသရ (မာန်အောင်၊ ရခိုင်)၊ အဆုံးစွန်သောအနာဂတ်အထိ မျှော်ကြည့်ပါ တရားတော်ကို ရှင်ဇေယျဒီသ(တောင်ကြား၊ စစ်ကိုင်း)တို့က ကူညီကြပါတယ်။ ဒီသုံး

http://www.dhammadownload.com

ပုဒ်ကို ဆရာတော် ရွေးပေးခဲ့တာပါ။

ပြည့်စုံခြင်းသုံးဖြာ တရားတော်ကို အရှင်သီတလာလင်္ကာရ (ကင်းစမ်း၊ ဘုတလင်)၊ စိတ်ထားတတ်ဖို့လိုပါတယ် တရားတော်ကို ရှင်ဉာဏောဒယ(သစ်တော်ပေါက်၊ တန့်ဆည်)တို့က ကူညီကြပါတယ်။ ဒီနှစ်ပုဒ်ကိုတော့ မိမိရွေးခဲ့တာပါ။

အသီးအသီး တည်းဖြတ်ပြီးတဲ့ စာမူများကို မိမိကိုယ်တိုင် အချိန်ယူပြီး ကွန်ပျူတာမှာ ပြန်ပြင်ပါတယ်။ သူတို့တည်းဖြတ်ထားတာလေးတွေ ပြင်ပေးရင်းနဲ့ မိမိစိတ်မှာ အတော်ပျော်ရပါတယ်။ ဖတ်ရတာ စာလည်း ပိုချောလာပြီး အဓိပ္ပာယ်လည်း ပိုရှင်းလာလို့ပါ။ ဟောတရားများကို မူရင်းအတိုင်း စာအုပ်လုပ်ရင် ဖတ်ရတာ အဆင်မပြေမှာစိုးလို့ မူရင်း ဟောတရားကို အားနာနာနဲ့ပဲ တည်းဖြတ်ရပါတယ်။

ပြင်ပြီးတဲ့စာမူချောများကို ခေါင်းစဉ်ငယ်လေးတွေပေးဖို့ အသေးစိတ် ပြန်ဖတ်ရပါတယ်။ တည်းဖြတ်သူများကို စာမူတည်းဖြတ်ဖို့ ဖတ်ရင်းနဲ့ ဆိုင်ရာဆိုင်ရာ ခေါင်းစဉ်လေးတွေ စိတ်ထဲပေါ်လာရင် ပေးလိုက်ပါလို့ ပြောထားပေမဲ့ အများစုက ပေးမထားတာရယ်၊ တချို့ ပေးထားတာလေးတွေကို အားမရတာရယ်ကြောင့် ကိုယ်တိုင်ပဲ စိတ်ဝင်တစား ပြန်ဖတ်ပြီး စိတ်ကြိုက်ပေးဖြစ်ပါတယ်။

ဆိုင်ရာတည်းဖြတ်သူများအား ခေါင်းစဉ်ငယ်များနဲ့တကွ အချောသတ်ပြီးတဲ့ စာမူများကို အဆင်ပြေ မပြေ ပြန်ဖတ်စေပါတယ်။ ပြင်စရာပါရင် ထပ်ပြင်စေပါတယ်။ ဒီလိုပြင်ပြီးတဲ့ စာမူချောများကို စာလုံးပေါင်း၊ စာအတွဲအခွဲ၊ အကြောင်းအရာ လွဲ မလွဲ စစ်ဆေးဖို့ မိမိရဲ့စာကြည့်တိုက်အဖွဲ့ထဲ အပ်နှံလိုက်ပါတယ်။ သူတို့

http://www.dhammadownload.com

စစ်ပြီးလို့ ပြင်စရာပါရင် ပြန်ပြင်ပြီး နောက်ဆုံး အားရကျေနပ်ပြီဆိုမှ ဆရာတော့်ထံ ဆက်ကပ်လိုက်ပါတယ်။ ဆရာတော်ထပ်ဖတ် ကြည့်လို့ ပြင်စရာ ထပ်တွေ့ရင်လည်း ထပ်ပြင်ပါတယ်။

ဒီလို အထပ်ထပ်ဖတ်၊ အထပ်ထပ်စစ်ပြီး ဆရာတော်ကိုယ်တိုင် ကျေကျေနပ်နပ် ပုံနှိပ်တိုက်အပ်ဖို့ အတည်ပြုမှပဲ ပုံနှိပ်ဆရာ့လက်ထဲ လွှဲပေးလိုက်တာပါ။ ဒီကြားထဲကမှ ပမာဒ လေခပြီး အမှားအယွင်းလေးပဲဖြစ်ဖြစ်၊ အမှားအယွင်းကြီးပဲဖြစ်ဖြစ် ပါလာသည်ဆိုငြားအံ့၊ မြင်သူတို့က ပြင်ပေးကြပါကုန်။

ရိုသေလေးမြတ်စွာ

အရှင်မနောဟရ (မြစကြာ)

၁၂-၄-၂၀၁၈၊ ကြာသပတေးနေ့

http://www.dhammadownload.com

သစ်လွင်သောအနာဂတ်ကို ဖန်တီးခြင်း

ယနေ့ သာသနာတော်နှစ် ၂၅၅၆–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ ခရစ်နှစ် ၂၀၁၃–ခုနှစ်၊ ဧပြီလ ၁၀–ရက်၊ ဗုဒ္ဓဟူးနေ့၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာကျောင်းတိုက်သို့ လာရောက်ပြီးတော့ ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များက စစ်ကိုင်းမြို့၊ အပ်ချုပ်စုရပ်မှာ နေထိုင်ကြတဲ့ ရဟန်းဒါယိကာမကြီး ဒေါ်စောကြည်၊ ရဟန်းဒါယကာကြီး ဦးဝင်းမောင်၊ ရဟန်းဒါယိကာမကြီး ဒေါ်စောကြွယ်၊ သားများဖြစ်ကြတဲ့ ကိုခိုင်ကိုဦး+မမေသက်ခိုင်၊ ကိုဆန်းလင်းအောင် (ခ) ကိုဇော်၊ သမီးများ ဖြစ်ကြတဲ့ မဒေါင်း၊ မအေးမှုံ၊ မခင်မို့မို့၊ မခိုင်ခိုင်လွင်၊ မလဲ့လဲ့ခိုင်၊ "မြနန်းနွယ်"ဆီစက်နှင့် "မြစိမ်းတောင်" လက်ဖက်ဆိုင် မိသားစုတို့ ဖြစ်ပါတယ်။

http://www.dhammadownload.com

မိမိတို့မိသားစုက စစ်ကိုင်းတောင်ရိုး၊ မြစကြားကျောင်းတိုက်သို့လာရောက်ပြီး "သာသနကံ့ရသာမဏောကျော်ဘွဲ့၊ ကမ္ဘောဇသာမဏောကျော်ဘွဲ့၊ ပရိယတ္တိသာသနာလင်္ကာရ သကျသီဟသာမဏောကျော်ဘွဲ့၊ ဝိနယဝိဒူဘွဲ့"တို့ကို ရရှိခဲ့တဲ့ ရှင်ပညာသာမီ-လင်္ကာရအား သင်္ကန်းသပိတ်စတဲ့ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းပြီးတော့ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်အောင် သွတ်သွင်းချီးမြှောက်ခြင်း ဆိုတဲ့ ဥပသမ္ပဒကံဆောင် မင်္ဂလာ၊ ဓမ္မာနုဂ္ဂဟမင်္ဂလာကို လာရောက်ပြီးတော့ ဆည်းပူး အားထုတ်ကြတယ်။

ရဟန်းခံမင်္ဂလာကို အကြောင်းပြုပြီး မိမိတို့ မိသားစုအနေနဲ့ ကျေးဇူးရှင်မိဘများအား ဦးထိပ်ထားပြီးတော့ ကောင်းမှုမျိုးစုံကို ဆည်းပူးအားထုတ်ကြတယ်။ အဲဒီလို သာသနာပြုစိတ်ဓာတ် ထက်သန်ကြတဲ့ မိသားစုတွေကို ဒဲ့ထက်ပိုပြီး သာသနာပြုနိုင်ဖို့အတွက် ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ နေရာဇာတ်တော်ကို အခြေခံပြီး "သစ်လွင်သောအနာဂတ်ကို ဖန်တီးခြင်း"ဆိုတဲ့ ခေါင်းစဉ်နဲ့ လိုက်နာကျင့်သုံးဖွယ်ရာ အနုမောဒနာတရားတစ်ပုဒ်ကို ဟောပေးမယ်။

သာမဏောကျော် သုံးဘွဲ့၊ ဝိနယဝိဒူဘွဲ့ရ စာတော်ပေတော် သာမဏောတစ်ပါးဖြစ်တဲ့ ရှင်ပညာသာမီလင်္ကာရအား ယနေ့ ရဟန်းခံပေးလိုက်တယ်ဆိုတာ လောကအတွက် သာသနာအတွက် သစ်လွင်တဲ့ အနာဂတ်ကို မိမိတို့မိသားစုအနေနဲ့ ဖန်တီးလိုက်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဒီလိုတွေးပြီးတော့ ဝမ်းသာစေချင်လို့ ဒီတရားကို ဟောပေးတာပါ။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဆိုတဲ့အတိုင်း အနာဂတ်

http://www.dhammadownload.com

သာသနာ၊ အနာဂတ်နိုင်ငံတော်ကို တိုးတက်စေချင်ပါတယ်ဆိုရင် ဖန်တီးတဲ့ပုဂ္ဂိုလ်တွေဟာ လူငယ်တွေကို တန်ဖိုးထားဖို့၊ ပြုစုပျိုးထောင်တတ်ဖို့ သိပ်ပြီးတော့ အရေးကြီးပါတယ်။ သာသနာအတွက် သာသနာပြုတဲ့ ဆရာဘုန်းကြီးတွေ၊ ဒကာဒကာမတွေဟာ သစ်လွင်တဲ့ အနာဂတ်သာသနာကို ဖန်တီးနိုင်ဖို့ သစ်လွင်တဲ့ အနာဂတ်မျိုးဆက်တွေ ပေါက်ဖွားအောင် ပြုစုဖို့ တာဝန်ရှိတယ်။ ဒီတော့ ဘုန်းကြီးက ဘုရားရှင် ဟောကြားခဲ့တဲ့ နေရာဇာတ်ကို အခြေခံပြီးတော့ ဒီတရားတော်ကို ဟောပေးပါ့မယ်။

နေရာဇာတ်လာ

ဒီဇာတ်တော်ထဲမှာ အရှင်အာနန္ဒာလောင်းလျာ ရွှေဟင်္သာပြောခဲ့တဲ့စကားကို ယူပြီးတော့ ပြောပေးမယ်။ အရှင်အာနန္ဒာလောင်း ရွှေဟင်္သာပြောခဲ့တယ် ဆိုပေမဲ့ ဘုရားဖြစ်တဲ့အခါ မြတ်စွာဘုရားက ပြန်လည်ပြီး အတည်ပြု ဟောကြားတာဖြစ်တဲ့အတွက် ဘုရားရှင်ရဲ့ တရားတော်ပါပဲ။ ဘုရားရှင်ရဲ့ ဆန္ဒတော်နဲ့ညီတဲ့ အဆုံးအမ တရားတော်လို့ ဒီလိုလည်းပဲ နားလည်ရမယ်။ အဲဒီတော့ မြတ်စွာဘုရားက ပြန်လည်ဟောကြားတဲ့အခါ ဘယ်လိုဟောသလဲ ဆိုတော့ –

"အမာနနာ ယတ္ထ သိယာ၊ သန္တာနံ ဝါ ဝိမာနနာ။
ဟီနသမ္မာနနာ ဝါပိ၊ န တတ္ထ ဝသတိ ဝသေ။

"ယတ္ထာ'လသော စ ဒက္ခော စ၊ သူရော ဘီရု စ ပူဇိယာ။
န တတ္ထ သန္တော ဝသန္တိ၊ အဝိသေသကရေ နရေ။"

ဒီလို မြတ်စွာဘုရားက ပြန်လည်ဟောကြားခဲ့တာ။

http://www.dhammadownload.com

ဒီဂါထာထဲမှာ သာသနာဆိုရင်လည်း သစ်လွင်တဲ့ တောက်ပြောင်တဲ့ အနာဂတ်သာသနာကို ဖန်တီးချင်ပါတယ်၊ သာသနာတော်ကြီး ရှည်ပြီး သန့်ရှင်းစင်ကြယ်စေချင်ပါတယ်ဆိုရင် လိုက်နာရမယ့် ကျင့်သုံးရမယ့် တရားတွေဟာ ဘာတွေလဲဆိုတာ ပြပြီးသား ဖြစ်ပါတယ်။ နောက်ပြီး တိုင်းပြုပြည်ပြု ဖြစ်နေတဲ့ နိုင်ငံခေါင်းဆောင်တွေ နိုင်ငံတော်ကြီးကို သစ်လွင်တဲ့ အနာဂတ်နိုင်ငံတော်ကြီး အဖြစ်၊ အင်မတန်မှ သာယာဝပြောတဲ့ နိုင်ငံတော်ကြီးအဖြစ် ဖန်တီးချင်ပါတယ်ဆိုရင် ဒီတရားတော်ထဲမှာ ဘုရားရှင်က အပြည့်အစုံ ဟောကြားထားတယ်။

ဒါကြောင့် 'သစ်လွင်သော အနာဂတ်ကို ဖန်တီးခြင်း' ဆိုတာက သာသနာတော်နဲ့ပဲစပ်စပ်၊ စီးပွားရေးနဲ့ပဲစပ်စပ်၊ နိုင်ငံရေးနဲ့ပဲစပ်စပ် အသိဉာဏ်နဲ့ပဲစပ်စပ် အနာဂတ်မှာ အင်မတန်မှ ထွန်းတောက်တဲ့ ပုဂ္ဂိုလ်တွေ ပေါ်ထွန်းလာအောင်၊ သာသနာတော်ကြီး အရှည်ခံပြီးတော့ စည်ပင်အောင် သန့်ရှင်းအောင် ဒါမျိုးလုပ်နည်းတွေ အားလုံးပါဝင်ပါတယ်။

ဒီဂါထာထဲမှာ အချက်လေးချက် ပါဝင်တယ်။ အဲဒီအချက်လေးချက်ကို ကောက်ချက်ဆွဲလိုက်ရင် သစ်လွင်သော အနာဂတ်ကို ဖန်တီးဖို့၊ သစ်လွင်သော အနာဂတ်သာသနာတော်ကို စည်ပင်အောင် ပြန့်ပြောအောင် ဖန်တီးနိုင်ဖို့ ကျင့်စဉ်တွေ ပါသလို၊ အနာဂတ်သာသနာ ညှိုးနွမ်းအောင် လုပ်နေမိပြီဆိုရင် ဘယ်အချက်အလက်တွေ လုပ်နေသလဲ၊ ဘာ့ကြောင့် အနာဂတ်သာသနာတော်ကြီးကို ညှိုးနွမ်းစေတာလဲ၊ ဒါတွေကိုလည်း စဉ်းစားနိုင်တဲ့ အချက်အလက်တွေ ပါဝင်တယ်။ နိုင်ငံတော်ကြီး မတိုးတက်ပါဘူး ဆိုရင် ဘာကြောင့် မတိုးတက်တာလဲ ဆိုတဲ့ အချက်အလက်တွေလည်း

http://www.dhammadownload.com

ပါဝင်ပြီးသား ဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့ ဒီအချက် လေးချက်ကို ဘုန်းကြီးက သံပေါက်ကဗျာလေး စီထားတယ်။ အားလုံး လက်အုပ်ချီပြီး လိုက်ဆိုကြ။

ပညာရှင်အား မလေးစား ရှောင်ရှားထိုနေရာ။
ပညာရှင်အား ရှုတ်ချငြား ရှောင်ရှားထိုနေရာ။
ယုတ်မာဆိုးဝါး ပုဂ္ဂိုလ်အား မြှောက်စားတဲ့နေရာ။
တော်၊ညံ့နှစ်ပါး တန်းတူထား မြှောက်စားတဲ့နေရာ။
သူတော်သူမြတ် မချစ်တတ် စွန့်အပ်လေးဌာနာ။

အဲဒီတော့ ဘုန်းကြီးတို့ အနာဂတ်သာသနာ အနာဂတ်နိုင်ငံတော်ကြီး ညစ်နွမ်းသွားမယ်၊ ပျက်စီးသွားမယ်၊ မှေးမှိန်သွားမယ်၊ အောက်တန်းကျသွားမယ်။ ဒီလိုပြောနိုင်တဲ့ နေရာမျိုးလည်းရှိတယ်။ အနာဂတ်သာသနာတော် တိုးတက်စည်ပင်မယ်၊ အနာဂတ်နိုင်ငံတော် တိုးတက်စည်ပင်မယ်၊ ကြီးပွားမယ်။ ဒီလို ပြောနိုင်တဲ့ နေရာမျိုးလည်းပဲ ရှိတယ်။ အဲဒီတော့ ဘာကိုကြည့်ပြီး ပြောမှာလဲဆိုတော့ နံပါတ်တစ်အချက်က နေရာဒေသ ဌာနတစ်ခုကို ကြည့်လိုက်ပါတဲ့။ ကြည့်လိုက်တဲ့အခါမှာ ဘာသွားတွေ့သလဲဆိုရင် –

"ပညာရှင်အား မလေးစား ရှောင်ရှားထိုနေရာ"

"အမာနနှာ ယတ္ထ သိယာ၊ သန္တာနံ ဝါ ဝိမာနနှာ။
ဟီနသမ္မာနနှာ ဝါဝိ၊ န တတ္ထ ဝသတိ ဝေ"

ပညာရှင်အား မလေးစားရင်

နံပါတ်တစ်– အရပ်ဒေသတစ်ခုကို အကဲခတ်ကြည့်လိုက်ပါ။ နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ မိသားစုတစ်ခု၊ သံဃာတွေ

http://www.dhammadownload.com

သိတင်းသုံးရာဖြစ်တဲ့ ကျောင်းတိုက်တစ်ခုကို ပြန်ပြီးတော့ သုံးသပ်ကြည့်လိုက်ပါ။ ဒီကျောင်းတိုက် ဒီနေရာ ဒီဌာန ဒီမိသားစု တိုးတက်မလား၊ ဆုတ်ယုတ်မလား။ သစ်လွင်တောက်ပြောင်မလား၊ ဆိုးဝါးဆုတ်ယုတ်သွားမလား။

ဒီလို အကဲခတ်နိုင်ဖို့အတွက် နံပါတ်တစ် အကဲခတ်ရမယ့် အချက်က ဒီနေရာ ဒီဒေသ ဒီဌာနဟာ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို မလေးမစား လုပ်နေတယ်ဆိုရင် ဒီနိုင်ငံ ဒီသာသနာ ဒီအမျိုးသားတွေ အမျိုးသမီးတွေနေတဲ့ နေအိမ်ဟာ ဘယ်တော့မှ တိုးတက်စည်ပင်မှာ မဟုတ်ပါဘူးတဲ့။ ဒါကြောင့် နေရာတစ်ခုကို ကြည့်လိုက်လို့ အရည်အသွေး ပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို တန်ဖိုးမထား မလေးစားတဲ့ အရပ်ဒေသမျိုး ဖြစ်နေတယ်ဆိုရင် အဲဒီအရပ်ဒေသဟာ ဘယ်တော့မှ တိုးတက်တဲ့ အရပ်ဒေသမျိုး မဖြစ်နိုင်ပါဘူးတဲ့။

ပြောင်းပြန်ပြန်လိုက်ရင် အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားတယ်၊ တန်ဖိုးထားတယ်ဆိုရင် အဲဒီကျောင်းတိုက်ဟာ တိုးတက်ကြီးပွားမယ့် ကျောင်းတိုက်ပဲ။ အနာဂတ်အတွက် သစ်လွင်တောက်ပြောင်နေမယ့် ကျောင်းတိုက်ပဲ။ အဲဒီလို မိသားစုဟာ အနာဂတ်အတွက် အင်မတန်မှ သစ်လွင်တောက်ပြောင်နေမယ့် မိသားစုပဲ။ အဲဒီလိုနိုင်ငံဟာလည်း အမြဲတမ်းပဲ ကြီးပွားတိုးတက်နေမယ့် နိုင်ငံလို့ သတ်မှတ်နိုင်ပါတယ်။

ဒါကြောင့် ကြီးပွားတိုးတက်မယ့် ဒေသလား၊ ကြီးပွားတိုးတက်မှု ဆုတ်ယုတ်မယ့် ဒေသလား၊ အနာဂတ်ရှိတဲ့ ဒေသလား၊

http://www.dhammadownload.com

အနာဂတ်ပျောက်မယ့် ဒေသလား ဆိုတာကို သိချင်ရင် ပညာရှင်သူတော်ကောင်းတွေ ဒါမှမဟုတ် အရည်အသွေးပြည့်ပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားမှု တန်ဖိုးထားမှု ရှိသလား၊ လေးစားမှု တန်ဖိုးထားမှု မရှိဘူးလားဆိုတဲ့ ဒီစံလေးနဲ့ ကြည့်လိုက်ပါ။ ဒါဆိုရင် သစ်လွင်တဲ့အနာဂတ်ကို တည်ဆောက်မယ့်ဌာနလား၊ ဒါမှမဟုတ် အနာဂတ်ပျောက်ဆုံးနေမယ့် နေရာဒေသတစ်ခုလား ဆိုတာ ပေါ်လွင်သွားပါလိမ့်မယ်တဲ့။ ဒါမျိုး ဆိုလိုတာပါ။ ဒါကြောင့် ဘုန်းကြီးတို့ သတိထားပြီးတော့ ကြည့်ရပါမယ်။

နိုင်ငံတစ်နိုင်ငံမှာ အရည်အသွေးပြည့်ဝတဲ့ ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို မလေးစားဘူး၊ တန်ဖိုးမထားဘူးဆိုရင် ဒီနိုင်ငံဟာ ဘယ်တော့မှ တိုးတက်မယ့်နိုင်ငံ မဖြစ်ပါဘူး။ အမြဲတမ်း အနာဂတ်ပျောက်ဆုံးနေမယ့်၊ မျှော်လင့်ချက်ပျောက်ဆုံးနေမယ့်နိုင်ငံဖြစ်သွားတတ်ပါတယ်။ နောက်ပြီး ကျောင်းတိုက်တစ်တိုက်၊ နောက်ပြီးတော့ မိသားစုတစ်စုလည်း အနာဂတ်ပျောက်နေမယ်၊ မျှော်လင့်ချက် ကင်းမဲ့နေမယ်တဲ့။ ဒါလေးတွေဟာ ဘုရားရှင် ပြန်လည်ပြီးတော့ ဟောကြားခဲ့တာ။ ဒါကြောင့် နေရာဒေသတစ်ခုကို ကြည့်တဲ့အခါ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို တန်ဖိုးထား လေးစားကြပါသလား၊ သို့မဟုတ် တန်ဖိုးမထား မလေးစားဘဲနဲ့ နေကြပါသလား ဒါကိုကြည့်ပြီးတော့ ဆုံးဖြတ်နိုင်ပါတယ်တဲ့။

ပညာရှင်ကို ရှုတ်ချရင်

နောက်ပြီး နံပါတ်နှစ်က ဘာလဲဆိုတော့ –

"သန္တာနံ ဝါ ဝိမာနနာ"၊

http://www.dhammadownload.com

*"ပညာရှင်အား ရှုတ်ချင်းကြား ရှောင်ရှားထိုနေရာ"*တဲ့။

အဲဒီတော့ အရည်အသွေး ပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို တန်ဖိုးမထားရုံတင်မကဘူး။ မထီမဲ့မြင်ပြုတယ်။ ရှုတ်ချတယ်။ ထောင်ချတယ်။ အကျဉ်းချတယ်။ ဒီလိုနိုင်ငံမျိုးဟာ အနာဂတ် ပျောက်ဆုံးနေတဲ့နိုင်ငံ၊ အနာဂတ်မျှော်လင့်ချက်တွေ ပျက်သုဉ်းနေတဲ့ နိုင်ငံ၊ ဒီလို ကျောင်းတိုက်မျိုးဟာ ဘယ်တော့မှ မတိုးတက်နိုင်တဲ့ ကျောင်းတိုက်မျိုး၊ ဒီလိုမိသားစုဟာ အနာဂတ် မိသားစုအတွက် အနာဂတ်နိုင်ငံတော်အတွက် အားကိုးရတဲ့ သားရတနာ သမီးရတနာတွေ ဘယ်တော့မှ မထွက်နိုင်တဲ့ မိသားစု လို့ သုံးသပ်လို့ရပါတယ်။

ပြောင်းပြန်ပြန်လိုက်ရင် အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို နေရာပေးတယ်။ နေရာပေးပြီးတော့ မြှောက်စားတယ်ဆိုရင် အဲဒီနေရာဒေသတစ်ခုဟာ နိုင်ငံလည်း နိုင်ငံအလျောက် တိုးတက်ပါလိမ့်မယ်။ သာသနာလည်း သာသနာအလျောက်၊ မိသားစုလည်း မိသားစုအလျောက် တိုးတက်မယ်။ ဒါကြောင့် နံပါတ်နှစ် ဆင်ခြင်သုံးသပ်ရမှာက ငါတို့နေတဲ့ဌာနဟာ ရိုးသားထက်မြက်တဲ့ အရည်အသွေး ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို နေရာပေး မြှောက်စားတဲ့နေရာ ဟုတ်ပါရဲ့လား။

ယုတ်ညံ့သူအား မြှောက်စားမိရင်

နောက် တတိယအချက်က ဘာလဲဆိုတော့ –

*"ဟီနသမ္မာ နနာ ဝါပိ၊ န တတ္ထ ဝသတိ ဝသေ"*တဲ့။ ဆိုလိုရင်းက အရည်အသွေးညံ့တဲ့ ကပ်ဖားရပ်ဖားပုဂ္ဂိုလ်များကို

http://www.dhammadownload.com

နေရာမပေးခြင်း။ ပထမအချက် ဒုတိယအချက် ပြည့်စုံရုံ တတိယအချက်ကလည်း ပြည့်စုံပြီးသား ဖြစ်သွားပါတယ်။ ပထမအချက်က ရိုးသားထက်မြက်တဲ့ အရည်အသွေး ပြည့်ဝတဲ့ပုဂ္ဂိုလ်တွေကို လေးစားရမယ်၊ တန်ဖိုးထားရမယ်။ ဒုတိယအချက်က အရည်အသွေး ပြည့်ဝတဲ့ ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို နေရာပေးရမယ်၊ မြှောက်စားရမယ်။

ဒါဆိုရင် နံပါတ်သုံးအနေနဲ့ ကိုယ့်ကို ကပ်ဖားရပ်ဖား လုပ်နေတဲ့ အရည်အသွေး ညံ့ဖျင်းတဲ့ ပုဂ္ဂိုလ်တွေကို နေရာမပေးရဘူး၊ မမြှောက်စားရဘူး၊ ဒါဟာ ပြောပြီးသားဖြစ်သွားတယ်။ အဲဒီတော့ တစ်နဲ့နှစ် ပြည့်စုံရင် နံပါတ်သုံးဖြစ်တဲ့ အရည်အသွေး ညံ့ဖျင်းတဲ့ ပုဂ္ဂိုလ် ကပ်ဖားရပ်ဖားပုဂ္ဂိုလ်တွေကို နေရာမပေးခြင်း၊ မမြှောက်စားခြင်း ဒါဟာလည်းပဲ ပြည့်စုံပြီးသားဖြစ်တယ်။ ဒါဆိုရင် သစ်လွင်တဲ့ အနာဂတ်ကို ဖန်တီးရာ ရောက်ပါတယ်တဲ့။

တော်, ညံ့နှစ်ပါး တန်းတူထားရင်

နောက် နံပါတ်လေးက ဘာလဲဆိုတော့ –

"ယတ္ထာ ဒုလ္လဘော စ ဒက္ခော စ၊ သူရော ဘီရု စ ပူဇိယော" တဲ့။ နံပါတ်လေးကျတော့ ရိုးသားထက်မြက်တဲ့ပုဂ္ဂိုလ်နဲ့ အရည်အသွေး ညံ့ဖျင်းတဲ့ ပုဂ္ဂိုလ်ကို တန်းတူထားတယ်ဆိုရင် အနာဂတ် ဆိတ်သုဉ်းလိမ့်မယ်။ တန်းတူမထားဘဲနဲ့ သူ့နေရာနဲ့သူ ခွဲခြားပြီးတော့ ထိုက်ထိုက်တန်တန် နေရာပေးတယ် ဆိုရင် တိုးတက်မယ့် နိုင်ငံ တိုးတက်မယ့်သာသနာ ဒီလိုပြောလို့ရပါတယ်။

နောက်ပြီး သူရဲကောင်းနဲ့ သူရဲဘောကြောင်တဲ့ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com

တန်းတူထားတယ်ဆိုရင် ဒီနိုင်ငံ ဘယ်တော့မှ မတိုးတက်ဘူး။ အနာဂတ် တိုးတက်မှုတွေ ဆိတ်သုဉ်းနေတဲ့နိုင်ငံ ဖြစ်သွားမယ်။ သူရဲကောင်းနဲ့ သူရဲဘောကြောင်တဲ့ ပုဂ္ဂိုလ်ကို ခွဲခြားထားပြီး ထိုက်တန်တဲ့ ရာထူးပေးမယ်ဆိုရင် ဒီနိုင်ငံ ဒီကျောင်းတိုက် ဒီမိသားစုဟာ အနာဂတ်အတွက် အင်မတန်မှ အလားအလာရှိမယ်။ တိုးတက်မယ်။ ရှင်အာနန္ဒာလောင်း ရွှေဟင်္သာ ပြောခဲ့တဲ့ ဒီလေးချက်ကို မြတ်စွာဘုရားက ပြန်လည်ပြီးတော့ ဟောကြားခဲ့တာ။

ဆရာ့ထက် တပည့်လက်စောင်းထက်ဖို့

အဲဒီတော့ ဘုန်းကြီးက အကျဉ်းချုပ်လေး ပြန်ပြောပြမယ်။ မိမိတို့ နေထိုင်တဲ့ဒေသကို သစ်လွင်တဲ့ အနာဂတ် ဖန်တီးချင်ပါတယ်၊ မျိုးဆက်တွေကိုလည်း ကိုယ့်ထက်သာတဲ့ မျိုးဆက်တွေ အဖြစ် ပုံဖော်ချင်ပါတယ်ဆိုရင် –

၁။ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားရမယ် တန်ဖိုးထားရမယ်။

၂။ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို နေရာပေး မြှောက်စားရမယ်။

၃။ အရည်အသွေးညံ့ဖျင်းတဲ့ ကပ်ဖားရပ်ဖား ပုဂ္ဂိုလ်တွေကို နေရာမပေးရဘူး။ မမြှောက်စားရဘူး။

၄။ ရိုးသားထက်မြက် အရည်အသွေးပြည့်ဝတဲ့ ပုဂ္ဂိုလ်နဲ့ ညံ့ဖျင်းတဲ့ပုဂ္ဂိုလ်တွေကို တန်းတူမထားရဘူး၊ သီးသန့် ခွဲခြားထားရမယ်တဲ့။

http://www.dhammadownload.com

ဒါဆိုရင် ဘုန်းကြီးတို့ နိုင်ငံတစ်နိုင်ငံဟာလည်းပဲ သစ်လွင်တဲ့ အနာဂတ်ကို ဖန်တီးရာ ရောက်သွား တယ်။ ဒီနိုင်ငံဟာ ကြာလေ တိုးတက်လေ ကြာလေ တိုးတက်လေဖြစ်မယ်။ သံဃာတော်တွေ သီတင်းသုံးတဲ့ ကျောင်းတိုက်ဟာလည်းပဲ မျိုးဆက်တွေ တစ်ဆင့် ပြီးတစ်ဆင့် ပိုပိုပြီးတော့ မြင့်လာမယ်။ မိသားစု တစ်စုဆိုရင်လည်း နိုင်ငံအတွက် အင်မတန်မှ အားကိုးရတဲ့ စိတ်ဓာတ် မွန်မြတ်တဲ့ သူရဲကောင်း အာဇာနည်တွေ ပေါက်ဖွားတဲ့မျိုးရိုး မိသားစု ဖြစ်သွားနိုင်ပါတယ်။ အချုပ်ကတော့ ဒါပါပဲ။

နှိုင်းယှဉ်သုံးသပ်ကြည့်

အဲဒီတော့ ဘုန်းကြီးတို့ ယနေ့ခေတ်မှာ တိုးတက်နေတဲ့ နိုင်ငံတွေနဲ့ ဆုတ်ယုတ်နေတဲ့ နိုင်ငံတွေကို နှိုင်းယှဉ်စဉ်းစား ကြည့်ရအောင်။ ဥပမာအားဖြင့် မကြာသေးတဲ့ကာလက အဖြစ်အပျက်ခေတ်စနစ် လေးတွေကို ပြန်ပြီးတော့ သုံးသပ်ကြည့် ရင် မိမိတို့ရဲ့ မြန်မာနိုင်ငံ ခေါင်းဆောင်အဆက်ဆက်တွေဟာ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လောက်အထိ တန်ဖိုးထားခဲ့သလဲ၊ ဘယ်လောက်အထိ လေးစားခဲ့သလဲ ဒါကို ကြည့်လိုက်ပါ။ နောက်ပြီးတော့ ဒီလို ရိုးသားထက်မြက်တဲ့ အရည်အသွေးပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လောက်အထိ နေရာပေးနိုင်ခဲ့သလဲ၊ ဒါလေးကို စဉ်းစားကြည့်လိုက်။ ဒါဆိုရင် ဘုန်းကြီးတို့ရဲ့ မြန်မာနိုင်ငံမှာ မကြာသေးတဲ့ ကာလက ဖြစ်ပျက်ခဲ့တာတွေနဲ့စပ်ပြီး သုံးသပ်စရာ၊ သင်ခန်းစာယူစရာ၊ ရှောင်ကြဉ်စရာတွေ အများကြီးတွေ့ရပါတယ်။

ဘုန်းကြီးတို့နိုင်ငံ ဘာဖြစ်လို့ မတိုးတက်သလဲဆိုတာကို

http://www.dhammadownload.com

မြတ်စွာဘုရားရှင်ရဲ့ တရားတော်နဲ့ ပြန်ပြီးတော့ သုံးသပ်ကြည့်မယ်ဆိုရင် အရည်အသွေးပြည့်ဝတဲ့ ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို တန်ဖိုးမထား မလေးစားခဲ့လို့ မမြတ်နိုးခဲ့လို့ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို နေရာမပေးခဲ့လို့ မမြှောက်စားခဲ့လို့ဆိုတဲ့ အဓိပ္ပာယ်ရသွားပါတယ်။

အဲဒီတော့ တစ်နဲ့နှစ်က ဒီလိုအခြေအနေရှိပါတယ်ဆိုရင် နံပါတ်သုံးကတော့ အရည်အသွေးညံ့ဖျင်းတဲ့ ကိုယ့်ကို ကပ်ဖား ရပ်ဖားလုပ်တဲ့ ပုဂ္ဂိုလ်တွေကို နေရာပေး မြှောက်စားတယ် ဆိုတာလည်း ပါပြီသား ဖြစ်သွားပြီ။ ဒါတွေဟာ နိုင်ငံဆင်းရဲခြင်းရဲ့ အကြောင်း၊ နိုင်ငံတော် မတိုးတက်ခြင်းရဲ့အကြောင်း၊ နိုင်ငံတော် နလန်မထူနိုင်ခြင်းရဲ့ အကြောင်းတွေထဲမှာ ပါပါတယ်။

နံပါတ်လေး – တော်တာ မတော်တာ မသိဘူး။ ကိုယ့်အပေါ်မှာ အလိုက်သိတဲ့ ပုဂ္ဂိုလ်ကို နေရာပေးတာမျိုးတွေ ဖြစ်သွားတတ်တယ်။ ဘုရားရှင်ရဲ့ ဒေသနာတော်နဲ့ ကြည့်လိုက်ရင် ဘုန်းကြီးတို့ မြန်မာနိုင်ငံဟာလည်း အစောပိုင်းကာလတစ်ခုလုံး ဒီလိုအခြေအနေတွေ ရှိခဲ့လို့ အနာဂတ်ပျောက်ဆုံးနေတဲ့နိုင်ငံ အနာဂတ်မျှော်လင့်ချက်တွေ ကုန်ဆုံးနေတဲ့နိုင်ငံ ဖြစ်ခဲ့ရတာပါ။ အခုအချိန်မှာတော့ အချိန်မီ ပြန်ပြီး ပြုပြင်နေကြတော့ တိုးတက်လမ်းတွေ ရှိနေသေးတာပေါ့။

မိမိတို့နိုင်ငံနဲ့ အနောက်နိုင်ငံတွေကို ပြန်ပြီးတော့ သုံးသပ်ကြည့်လိုက်။ ဘုန်းကြီးတို့နိုင်ငံက ပညာတတ်တွေ၊ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေဟာ အမေရိကစတဲ့ အနောက်နိုင်ငံတွေကို ပြောင်းသွားကြတယ်။ အဲဒီလို သူတို့ ပြောင်းသွားကြတဲ့ အမေရိက စတဲ့ နိုင်ငံတွေက ရိုးသားထက်မြက်ပြီး

http://www.dhammadownload.com

အရည်အသွေးပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လိုဆက်ဆံသလဲ။ တန်ဖိုးထားသလား၊ တန်ဖိုးမထားဘူးလား၊ နေရာပေးသလား မပေးဘူးလား၊ လေးစားသလား မလေးစားဘူးလား။ ကြည့်လိုက်ရင် သူတို့က ထိုက်ထိုက်တန်တန် နေရာပေး မြှောက်စားကြတယ်။ တန်ဖိုးထားကြတယ်။ ထိုက်တန်တဲ့နေရာ ပေးပြီးတော့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေလည်း ပေးတယ်။

အဲဒီလို နေရာပေးမြှောက်စားတော့ ဘုန်းကြီးတို့ဆီမှာ ရှိနေတဲ့ အရည်အသွေးပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေဟာ တဖြည်းဖြည်းရွှေ့သွားလိုက်တာ ဘုန်းကြီးတို့နိုင်ငံဟာ နိုင်ငံရေးစကားနဲ့ပြောရရင် ဦးနှောက်ယိုစီးမှုတွေ ဖြစ်ကုန်ပါတယ်။ သူတို့နိုင်ငံမှာ ဦးနှောက်ဖွံ့ဖြိုးမှုတွေဖြစ်ပြီး အရည်အသွေးပြည့်ဝတဲ့ ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေက တိုးလာတယ်။ ဒီလိုပုဂ္ဂိုလ်တွေ တိုးလာလေလေ၊ နိုင်ငံတိုးတက်လေ။ နိုင်ငံတိုးတက်လေလေ ဒီလိုပုဂ္ဂိုလ်တွေ တိုးလာလေပေါ့။ ဘုန်းကြီးတို့နိုင်ငံကတော့ အရည်အသွေးပြည့်ဝတဲ့ ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ လျော့နည်းသွားလေ နိမ့်ကျလေ ဖြစ်သွားပါတယ်။

လောကုတ်လောကီ

ဒါကြောင့် ဘုန်းကြီးတို့ နိုင်ငံအုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေရော မိဘအကြီးအကဲလုပ်တဲ့ ပုဂ္ဂိုလ်တွေရော ဆရာသမားဖြစ်တဲ့ ပုဂ္ဂိုလ်တွေရော သံဃာတော်အရှင်မြတ်တွေရော မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဒီတရားလေးတွေကို သုံးသပ်ပြီးတော့ ငါတို့ခေါင်းဆောင်လုပ်တဲ့အခါမှာ ဘယ်လိုမူဝါဒတွေ ချသင့်သလဲ။

အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

အပေါ်မှာ –

၁။ တန်ဖိုးထား လေးစားသင့်တယ်။

၂။ နေရာပေးသင့်တယ်။

ဒါတွေဟာ မြတ်စွာဘုရား ချမှတ်ခဲ့တဲ့ လမ်းစဉ်တွေပါ။ မြတ်စွာဘုရား ချမှတ်ခဲ့တဲ့ လမ်းစဉ်တွေက ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ အပြည့်အဝရှိနေပါတယ်။ သို့သော် လိုက်နာကျင့်သုံးမှုအားနည်းတဲ့အတွက် ဘုန်းကြီးတို့နိုင်ငံဟာ မတိုးတက်ဘဲ ဖြစ်ရတာပါ။ အနောက်နိုင်ငံတွေကတော့ ဒီစနစ်တွေကို ကျင့်သုံးနေတဲ့အတွက် တိုးတက်ကြတယ်။ နိုင်ငံရေးနဲ့ ကြည့်ရင်လည်း မြတ်စွာဘုရားရဲ့ တရားတော်ဟာ သိပ်ပြီး အနာဂတ်အတွက် ဖြောင့်ဖြူးနေတယ်၊ လှပနေတယ်။ သစ်လွင်တဲ့ အနာဂတ်ကို ဖန်တီးနိုင်တယ်။

တချို့က ပြောကြတယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ လောကုတ္တရာအတွက်ပါ။ တရားလိုက်စားတဲ့ပုဂ္ဂိုလ်တွေဟာ စီးပွားရေး လူမှုရေးတွေ ဆုတ်ယုတ်သွားတတ်တယ်လို့ ဒီလိုထင်ကြတယ်။ တကယ်တော့ မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ နိုင်ငံခြေငြိးဆောင်တွေ လိုက်နာကျင့်သုံးရင် နိုင်ငံတော်ကြီးတိုးတက်မယ်၊ မိသားစုတွေ လိုက်နာကျင့်သုံးရင် မိသားစုဘဝတိုးတက်နိုင်တယ်ဆိုတာ ဒီအချက်တွေက သက်သေခံနေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ လောကုတ္တရာတင်မကဘူး၊ လောကီရေးတွေမှာပါ ကြီးပွားတိုးတက်နိုင်တယ်။

အနောက်နိုင်ငံတွေက လူတော်လူကောင်းတွေကို နေရာပေးတယ်၊ မြှောက်စားတယ်၊ တန်ဖိုးထားတယ်။ ဘုန်းကြီးတို့ နိုင်ငံ

http://www.dhammadownload.com

ကတော့ အစေ့ပိုင်းတွေမှာ လူတော်လူကောင်းတွေကို တန်ဖိုးမထား မလေးစားဘူး။ နေရာမပေးဘူး။ ကိုယ့်အပေါ်မှာ ကပ်ဖားရပ်ဖားလုပ်တဲ့၊ ကိုယ့်အကြိုက်နေတဲ့ ပုဂ္ဂိုလ်တွေကို နေရာပေးတယ် ဆိုတာ ဘုရားရှင်ရဲ့တရားတော်တွေ ရှိနေပါလျက် နှလုံးသားတွေထဲမှာ ပျောက်ဆုံးနေပြီး မလိုက်နာမကျင့်သုံးတော့ တိုးတက်တဲ့နိုင်ငံဖြစ်သင့်သလောက် မဖြစ်ဘဲ ဆုတ်ယုတ်သွားတယ်။ ဒီအချက်လေးတွေဟာ နိုင်ငံရေးအတွက်လည်း သိပ်ပြီး အထောက်အကူ ပြုပါတယ်။ ဘုန်းကြီးက နိုင်ငံရေးစကား ပြောတာမဟုတ်ပါဘူး။ ဘုရားရှင်ရဲ့တရားတော်တွေကို နိုင်ငံခေါင်းဆောင်တွေ ကျင့်သုံးရင် နိုင်ငံအတွက် သစ်လွင်တဲ့အနာဂတ်ကို ဖန်တီးနိုင်တယ်ဆိုတာကို သိစေချင်လို့ ပြောတာပါ။

ကမ္ဘာသက်တမ်းအရှည်ဆုံး အဖွဲ့အစည်း

နောက်တစ်ခါ ဘုန်းကြီးတို့ ယခု လက်ရှိရှိနေတဲ့ သံဃာ့အဖွဲ့အစည်းဟာ ကမ္ဘာမှာ သက်တမ်းအရှည်ဆုံး အဖွဲ့အစည်းလို့ ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပေါင်း (၂၆၀၀)ခန့် ရှိနေလို့ပါပဲ။ မြတ်စွာဘုရား ပွင့်တော်မူကတည်းက ပေါ်ပေါက်လာတဲ့ သံဃာ့အဖွဲ့အစည်းဟာ ယနေ့အထိ ရှိနေတုန်းပါ။

အဲဒီတော့ သံဃာ့အဖွဲ့အစည်းမှာ ခေါင်းဆောင်လုပ်နေတဲ့ ဆရာတော်တွေဟာ ဒီတရားလေးတွေကို နှလုံးသွင်းဖို့ အရေးကြီးပါတယ်။ ဘုန်းကြီးတို့ စဉ်းစားရမှာက ဘာလဲဆိုရင် နိုင်ငံမှာ သာသနာ့တာဝန်ကို ပရိယတ္တိ ပဋိပတ္တိဆိုပြီးတော့ ကိုယ်သန်ရာသန်ရာ လုပ်နေကြတယ်။ ပဋိပတ်မကင်းတဲ့ ပရိယတ် ဒီအလုပ်ကိုလည်း လုပ်နေကြတယ်။ ခေါင်းဆောင်ဖြစ်တဲ့ သံဃာတော်

http://www.dhammadownload.com

အရှင်မြတ်တွေ သုံးသပ်ရမှာက သာသနာတော်ကြီးကို ရှည်စေချင်ပါတယ်၊ သာသနာတော်ကြီးကို စည်ပင်စေချင်ပါတယ်၊ သာသနာတော်ကြီးကို သန့်ရှင်းစေချင်ပါတယ်ဆိုရင် မိမိတို့ ဘယ်လို တပည့်မျိုးတွေ မွေးထုတ်သင့်သလဲ။ ဒီအချက်ကို ခေါင်းဆောင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ခေါင်းဆောင်ဖြစ်တဲ့ ဆရာတော်တွေဟာ စဉ်းစားရပါလိမ့်မယ်။

စဉ်းစားဆင်ခြင် ပြုပြင်ပါ

ကိုယ့်ရဲ့ကျောင်းတိုက်တစ်ခုမှာ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ပုဂ္ဂိုလ်တွေ ဘယ်လောက်ပေါ်ထွက်ခဲ့ပြီလဲ။ ပေါ်ထွက်ပြီးတဲ့နောက်မှာလည်း သာသနာတော်အတွက် ဘယ်လောက်အထိ ဆက်ပြီးတော့ လုပ်နေကြသလဲ။ တခြားသောနေရာကနေ အရည်အသွေးပြည့်ဝလာပြီး မိမိတို့ဆီမှာ ပူးပေါင်းသာသနာပြုချင်ပါတယ်ဆိုရင် ဘယ်လောက်အထိ လုပ်ပိုင်ခွင့် လက်တွဲပိုင်ခွင့်ရှိအောင် ဖန်တီးပေးမလဲ။ ဒါလေးတွေဟာ စဉ်းစားရမယ့် အချက်တွေပါ။

ဘုန်းကြီးတို့ စာသင်တိုက်လုပ်နေတဲ့ ဆရာတော်တွေဟာ ပရိယတ္တိသာသနာပြုနေကြရင်း အရည်အသွေးပြည့်ဝတဲ့ ဓမ္မကထိက ဆရာတော်တွေကို မွေးထုတ်ပေးနေရတယ်။ နောက်ပြီးတော့ အရည်အသွေး ပြည့်ဝတဲ့ ကမ္မဋ္ဌာန်းပြဆရာတော်တွေကို မွေးထုတ်ပေးနေရတယ်။ နောက်တစ်ခါ အနာဂတ်သာသနာအတွက် စာသင်စာချလုပ်မယ့် မျိုးဆက်တွေကို မွေးထုတ်ပေးနေတဲ့ စာချဘုန်းကြီးတွေကိုလည်း မွေးထုတ်ပေးနေရတယ်။

အဲဒီတော့ ပရိယတ်သာသနာ ပြုနေကြတဲ့ စာသင်တိုက်တွေ

http://www.dhammadownload.com

ဆိုတာ သာသနာတော်ရဲ့ မူလရေသောက်မြစ်သဖွယ် ဖြစ်နေပါတယ်။ စာသင်တိုက်တစ်တိုက် တည်ဆောက်ပုံကောင်းမှ၊ မွေးမြူပုံဖန်တီးပုံကောင်းမှ အနာဂတ်သာသနာအတွက် အရည်အသွေးပြည့်ဝတဲ့ ဓမ္မကထိကတွေ ပေါ်ထွက်မယ်။ အရည်အသွေးပြည့်ဝတဲ့ တရားပြဆရာတော်တွေ ပေါ်ထွက်မယ်။ အရည်အသွေးပြည့်ဝတဲ့ တပည့်မျိုးဆက်တွေကို စာချပေးမယ့် စာချဘုန်းကြီးတွေ ပေါ်ထွက်မယ်။ ဒီအချက်ကို စာသင်တိုက်လုပ်နေတဲ့ ဆရာတော် အရှင်မြတ်တွေရဲ့ အပိုင်းကနေ သုံးသပ်ပြတာပါ။

အဲဒီတော့ ဘုန်းကြီးတို့ စာသင်တိုက်တစ်တိုက် တည်ပြီဆိုရင် ခေါင်းဆောင်ဖြစ်တဲ့ ဆရာတော်တွေ သတိထားရပါမယ်။ ဒီတိုက်ကနေ အနာဂတ်သာသနာအတွက် ပုံဖော်ကြမယ့်၊ အနာဂတ်သာသနာတော်ကြီး တောက်ပြောင်အောင် ဆောင်ရွက်ကြမယ့် ရိုးသားထက်မြက်တဲ့ အရည်အသွေးပြည့်ဝတဲ့ တပည့်သံဃာတွေ ဘယ်လောက်ပေါ်ထွက်ပြီလဲ၊ အရည်အသွေးပြည့်ဝတဲ့ တရားဟော ဆရာတော်တွေ ဘယ်လောက်အထိ ပေါ်ထွက်သွားခဲ့ပြီလဲ၊ အရည်အသွေးပြည့်ဝတဲ့ ကမ္မဋ္ဌာန်းပြဆရာတော်တွေ ဘယ်လောက်ပေါ်ထွက်ခဲ့ပြီလဲ၊ ငါတို့ ဘယ်လောက်အထိ မွေးထုတ်ပေးနိုင်ခဲ့ပြီလဲ။ ဒီအချက်တွေကို ပြန်သုံးသပ်ပြီး တကယ်လို့ မွေးထုတ်မပေးနိုင်သေးဘူးဆိုရင် ဘာကြောင့် မွေးထုတ်မပေးနိုင်သေးတာလဲ ဆိုတာ ခေါင်းဆောင်သံဃာတော်တွေအနေနဲ့ စဉ်းစားရပါမယ်။

ဘာဖြစ်လို့လဲဆိုရင် မြတ်စွာဘုရားက အရည်အသွေး ပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို လေးစားတန်ဖိုးထားတတ်မှ အနာဂတ်သာသနာဟာ စည်ပင်မယ်တဲ့။ ဒီလိုနေရာမျိုးမှာမှ ပညာရှင် သူတော်ကောင်းတွေ ဖြစ်ပေါ်လာနိုင်မယ်။ ဆက်လက်ပြီး

http://www.dhammadownload.com

သာသနာပြုနိုင်ကြမယ်။ အရည်အသွေးထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကလည်း တခြားနေရာကနေ ဒီလိုနေရာမျိုးမှာ လာရောက်ပူးပေါင်းပြီး သာသနာပြုနိုင်ကြတယ်။

အဲဒီတော့ မိမိတို့ဆရာသမားတွေအနေနဲ့ အရည်အသွေးပြည့်ဝပြီး ရိုးသားထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကို တန်ဖိုးမထား မလေးစားတတ်ပါဘူး၊ နေရာမပေးတတ်ပါဘူးဆိုရင် အရည်အသွေးပြည့်ဝတဲ့ တပည့်သံဃာ တွေ ဒီတိုက်က မပေါ်ထွက်နိုင်ပါဘူး။ ပေါ်ထွက်ခဲ့ရင်လည်း ဒီတိုက်မှာ နေပြီးတော့ သာသနာပြုချင်စိတ်လုံးဝမရှိကြဘူး။ တခြားအရပ်မှ တော်တဲ့ပုဂ္ဂိုလ်တွေကလည်း လာပြီးတော့ ပူးပေါင်းချင်စိတ် မရှိကြဘူး။

ခေါင်းဆောင်ဖြစ်တဲ့ သံဃာတော်အရှင်မြတ်တွေအနေနဲ့ ငါတို့ဟာ ဘုရားရှင်ရဲ့ဒေသနာနဲ့အညီ ရိုးသားထက်မြက်တဲ့ အရည်အသွေးပြည့်ဝတဲ့ တပည့်သံဃာတွေကို မြတ်နိုးတတ်ပါသလား၊ တန်ဖိုးထားတတ်ပါသလား၊ နေရာပေးပြီး မြှောက်စားတတ်ပါသလား။ ဒါလေးတွေကို သုံးသပ်ရမယ်။ ကိုယ့်ဆီမှာ မျိုးဆက်ကောင်းတွေ မပေါ်ထွက်ပါဘူးဆိုရင် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ စဉ်းစားသုံးသပ်ရမယ်။ ငါဟာ ဒီလိုမျိုးဆက်တွေ ဖြစ်ပေါ်ဖို့အတွက် ဒီလိုပုဂ္ဂိုလ်တွေကို တန်ဖိုးထား မြတ်နိုးတတ်သလား၊ နေရာပေးပြီးတော့ ဘယ်လောက်အထိ မြှောက်စားပါသလဲ။

အဲဒီလို ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ရင်းနဲ့ ချို့ယွင်းချက်ရှိပါတယ်ဆိုရင် ပြုပြင်ရမယ်။ ကိုယ့်ကို ကပ်ဖားရပ်ဖားလုပ်နေတဲ့ အရည်အသွေးညံ့တဲ့ ပုဂ္ဂိုလ်တွေကို နေရာမပေးမိအောင်၊ တော်တဲ့ပုဂ္ဂိုလ်နဲ့ ညံ့တဲ့ပုဂ္ဂိုလ်ကို တန်းတူအခွင့်အရေး မပေးမိ

http://www.dhammadownload.com

အောင်၊ အင်မတန်မှ ရိုးသားထက်မြက်တဲ့ တော်ပါတယ်ဆိုတဲ့ လူတော်လူကောင်းတွေကို နေရာပေးတတ်အောင်၊ တန်ဖိုးထားတတ်အောင် မိမိတို့ဆရာသမားတွေအနေနဲ့ ပြုပြင်ရမယ်တဲ့။

ဒါမှလည်း အနာဂတ်သာသနာအတွက် မျိုးဆက်ကောင်းတွေဖြစ်တဲ့ အရည်အသွေးပြည့်ဝတဲ့ ဓမ္မကထိကတွေ၊ အရည်အသွေး ပြည့်ဝတဲ့ ကမ္မဋ္ဌာန်းပြဆရာတော်တွေ၊ အရည်အသွေး ပြည့်ဝတဲ့ စာချဘုန်းကြီးတွေ ပေါ်ထွက်မှာဆိုတာကို ဘုန်းကြီးတို့ သုံးသပ်ကြည့်ရင် သိနိုင်ပါတယ်။ အခုလို ဆင်ခြင်သုံးသပ်ပြီး ဘုရားရှင်ရဲ့ တရားတော်နဲ့အညီ ကျင့်သုံးနေရင် သစ်လွင်တဲ့ အနာဂတ်သာသနာ ကို ဖန်တီးနိုင်မယ်တဲ့။

ဒီလိုမှမဟုတ်ဘဲ ကျောင်းတိုက်ကြီးတော့ တည်ထားပါရဲ့။ မျိုးဆက်တွေက ကောင်းကောင်းမထွက်၊ ထွက်တဲ့မျိုးဆက်တွေကလည်း အလုပ်ကောင်းကောင်းမလုပ်၊ ဘုန်းကြီးဖို့ပဲလုပ်နေတယ်ဆိုရင် အနာဂတ်သာသနာအတွက် ဒီကျောင်းတိုက်ဟာ မျှော်လင့်ချက် ကင်းမဲ့သွားနိုင်တယ်။ ဒါကြောင့် ဘုန်းကြီးတို့ သံဃာ့အဖွဲ့အစည်းအနေနဲ့လည်း ဒါလေးတွေကို ဆင်ခြင်သင့်တယ်၊ စဉ်းစားသင့်တယ်ဆိုတာကို ပြောချင်တာပါ။

ယနေ့ ရဟန်းခံတဲ့ ရဟန်းသစ်ဆိုရင်လည်း အရည်အသွေးအထိုက်အလျောက် ပြည့်နေပါပြီ။ နောက်ထပ် ဆက်ပြီးတော့ ဆည်းပူးမယ်ဆိုရင် အရည်အသွေးတွေ ပိုပြည့်လာမယ်။ အနာဂတ်သာသနာအတွက် သစ်လွင်တောက်ပြောင်တဲ့ အနာဂတ်ကို ဖန်တီးချင်ပါတယ်ဆိုရင် အရည်အသွေးပြည့်ဝတဲ့ မျိုးဆက်တွေကို များများ မွေးထုတ်နိုင်ရမယ်။ အဲဒီလိုမွေးထုတ်နိုင်ဖို့အတွက် ဆရာ

http://www.dhammadownload.com

ဘုန်းကြီးများနဲ့အတူ ဒကာ ဒကာမတွေကလည်း ဝိုင်းဝန်းပြီး ကူညီရပါမယ်။ ဒါက သံဃာ့အဖွဲ့အစည်းနဲ့ပတ်သက်လို့ ပြောတာပါ။

နစ်ဖက်လှမျိုးဆက်

မိသားစု တစ်စုအနေနဲ့လည်း ကြည့်ပေါ့။ ကိုယ့်မှာ သားတွေ သမီးတွေ ညီတွေ ညီမငယ်တွေ တူတွေ တူမတွေဆိုတာ ရှိကြတာပဲ။ အဲဒီတော့ မိမိတို့မိသားစုရဲ့ အနာဂတ်ကို သစ်လွင်ချင်ပါတယ်၊ တောက်ပြောင်ချင်ပါတယ်၊ နိုင်ငံနဲ့ ဘာသာ သာသနာအကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်နိုင်တဲ့ အာဇာနည်သားသမီးတွေ ဖြစ်စေချင်ပါတယ်ဆိုရင် ခေါင်းဆောင်ဖြစ်တဲ့ မိဘတွေ အစ်ကိုကြီး အစ်မကြီးတွေ ဦးကြီးဦးလေးတွေ ဒေါ်ကြီးဒေါ်လေးတွေက သုံးသပ်ကြရမယ်။

ကိုယ့်ရဲ့သားသမီးတွေ ကိုယ့်ရဲ့ တူ တူမတွေက ပညာတော့ တတ်ကြတယ်။ ကိုယ်ကျင့်တရားက မကောင်းဘူး။ စိတ်ဓာတ်က အတ္တကြီးလိုက်တာ။ ဒီလို သားသမီးတွေ တူ တူမတွေကို မိမိတို့က တန်ဖိုးထား ချစ်မြတ်နိုးနေမယ်ဆိုရင် အနာဂတ်ကို မှေးမှိန်အောင် လုပ်ရာ ရောက်ပါတယ်။ အနာဂတ်သာသနာ အနာဂတ်နိုင်ငံတော်ကို တိမ်ကောသွားအောင် လုပ်ရာ ရောက်ပါတယ်။ အနာဂတ်အတွက် မျှော်လင့်ချက်တွေ ပျောက်ပျက်သွားနိုင်တယ်။

ဒါကြောင့် ဒီလိုမိသားစုမျိုး မဖြစ်ရအောင် မိမိတို့ရဲ့ သားသမီးတွေ တူ တူမတွေကို ပညာတတ်လည်းဖြစ်အောင် ကိုယ်ကျင့်တရားတွေလည်း ကောင်းအောင် စိတ်ဓာတ်ကလည်း မြင့်မြတ်အောင် ဒါမျိုးလေးတွေ အထိပါ မွေးမြူပေးရမယ်။

http://www.dhammadownload.com

အဲဒီလို မွေးမြူပေးလိုက်လို့ ကိုယ့်ရဲ့သားသမီး၊ ကိုယ့်ရဲ့တူ တူမတွေဟာ အရည်အသွေး ပြည့်ဝတဲ့ပုဂ္ဂိုလ်၊ ရိုးသားထက်မြက်တဲ့ပုဂ္ဂိုလ်၊ နိုင်ငံအတွက် အားကိုးရတဲ့ပုဂ္ဂိုလ်တွေ ဖြစ်လာပြီဆိုရင် သူတို့ကို မြတ်နိုးလေးစား တန်ဖိုးထားရမယ်။ နေရာပေး ချီးမွှောက်ရမယ်။ ဒါဆိုရင် ဒီသားသမီးတွေ တူ တူမတွေကို အကြောင်းပြုပြီးတော့ အနာဂတ်မှာ သာသနာတော်ကြီးလည်း တိုးတက်သွားနိုင်တယ်၊ နိုင်ငံတော်ကြီးလည်း တိုးတက်သွားနိုင်ပါတယ်။ ဒီလို မျိုးဆက်တွေဖြစ်အောင် မွေးမြူနိုင်ပြီဆိုရင် မိမိတို့လည်း သစ်လွင်တဲ့ အနာဂတ်ကို ဖန်တီးရာ ရောက်သွားပါတယ်။ ဒါက မိသားစုအရေးနဲ့ ပတ်သက်လို့ ပြောပြတာပါ။

စာချဘုန်းကြီး

ဘုန်းကြီးတို့လည်း စာသင်တိုက်လုပ်နေတာဆိုတော့ တပည့်တွေကို လမ်းမှားသွားမှာ စိုးတဲ့အတွက် မကြာမကြာ သြဝါဒပေးနေရတယ်။ ပြီးတော့ စံနမူနာကောင်းအဖြစ်လည်း ရှေ့ကနေ တတ်နိုင်သမျှ ကျင့်သုံးရပါတယ်။ တရားဟောတွေ ပင့်ပေမဲ့လို့ ဘုန်းကြီးတို့ကိုယ်တိုင် တရားပွဲတွေ နည်းနိုင်သမျှနည်းအောင် ကြိုးစားရပါတယ်။ အနာဂတ်သာသနာကို ထမ်းဆောင်မယ့် မျိုးဆက်ကောင်းလေးတွေ ပေါ်ထွက်လာအောင် စာသင်တိုက်မှာပဲ ကြောင့်ကြစိုက်ပြီးတော့ တပည့်စာချဘုန်းကြီးလေးတွေနဲ့ လက်တွဲလုပ်ရပါတယ်။

ယခုအချိန်မှာ စာချဘုန်းကြီးတွေ ရှားလာပြီဆိုတာ ဒကာဒကာမတွေကတော့ သိကောင်းမှသိမှာပါ။ တကယ်တမ်းမှာ စာချဘုန်းကြီးတွေ ရှားတယ်ဆိုတာထက် အရည်အသွေးပြည့်ဝတဲ့ စာချဘုန်းကြီးကောင်းတွေ ရှားလာတာ။ ဘုန်းကြီးတို့ စစ်ကိုင်း

http://www.dhammadownload.com

တောင်ရိုးမှာ ကျောင်းတွေ များတယ်ဆိုပေမဲ့ အရည်အသွေး ပြည့်ဝတဲ့ စာချဘုန်းကြီး ပြည့်စုံတဲ့ကျောင်း ငါးကျောင်း မရှိပါဘူး။ စစ်ကိုင်းမြို့ကို နမူနာထားပြီးတော့ မန္တလေးမြို့ ရန်ကုန်မြို့ စတဲ့ အခြားသော မြို့ကြီးပြကြီးတွေကိုလည်း စိစစ်ကြည့်လိုက်ပါ။ အရည်အသွေး ပြည့်ဝတဲ့ စာချဘုန်းကြီး ပြည့်စုံတဲ့ကျောင်းတွေဟာ အများကြီးပါလို့ ပြောနိုင်တဲ့မြို့ ဘယ်နှစ်မြို့များ ရှိပါသလဲ။ အခုလို စာချဘုန်းကြီးတွေ သိပ်ပြီးတော့ ရှားပါးလာတာကို ယနေ့ ရဟန်း ဒကာ ဒကာမတွေ သတိထားစေချင်ပါတယ်။ အခုလို စာချဘုန်းကြီး ရှားလာရခြင်းအကြောင်းကို ဘုန်းကြီး နည်းနည်းလေး တွေးကြည့်မိတယ်။

စာချဘုန်းကြီးတွေဆိုတာ ပညာသင်ခဲ့ရတဲ့ အချိန်တုန်းကလည်း ဆင်းရဲကြသလို စာချဘုန်းကြီး ဖြစ်လာတဲ့ အချိန်မှာလည်း စွန့်လွှတ်အနစ်နာခံရတာတွေ များတယ်။ ဒါကြောင့် ရှားတယ်။ စာချဘုန်းကြီးကောင်းတစ်ပါး ဖြစ်ဖို့ဆိုတာ ဓမ္မာစရိယ အောင်ရုံနဲ့ မလုံလောက်သေးဘူး။ ဆက်ပြီးတော့ကြိုးစားရတယ်။ အဲဒီလို ကြိုးစားမှ အရည်အသွေးပြည့်ဝတဲ့ စာချဘုန်းကြီးကောင်းတစ်ပါး ဖြစ်လာတာပါ။ သာမဏေကျော်ဘွဲ့ အဘိဝံသဘွဲ့တွေ ရပြီးရင်လည်း ဆက်လက်ပြီးတော့ ကြိုးစားမှ စာချဘုန်းကြီးကောင်းတစ်ပါး ဖြစ်တာ။

ဆိုင်ရာစာမေးပွဲတွေ အောင်ပြီးလို့ စာချဘုန်းကြီး ဖြစ်လာရင်လည်း ဒကာ ဒကာမတွေနဲ့ အထိအတွေ့ နည်းတယ်။ ဒကာ ဒကာမတွေနဲ့ အထိအတွေ့နည်းတော့ ဒကာ ဒကာမတွေရဲ့ လှူဒါန်းမှု ပူဇော်မှု အားနည်းတယ်။ အခြားသော သာသနာပြုပရဟိတလုပ်ငန်းလုပ်တဲ့ သံဃာတော်အရှင်မြတ်တွေ၊ တရားဟော

http://www.dhammadownload.com

တဲ့ သံဃာတော်အရှင်မြတ်တွေ၊ တရားပြတဲ့ သံဃာတော် အရှင်မြတ်တွေနဲ့စာရင် စာချဘုန်းကြီးမှာ ဒကာ ဒကာမ အသိနည်းတယ်။ အထောက်အပံ့နည်းတယ်။ ဒီတော့ ဆင်းရဲတယ်။

ဒီကြားထဲ ကိုယ့်တပည့်တွေကို ကိုယ်ရတာလေး ခွဲပေးရသေးတယ်။ ဒါကြောင့် စာချဘုန်းကြီး ဖြစ်တဲ့အခါမှာလည်း ခံစားခွင့်တွေက သိပ်ပြီးတော့ နည်းတယ်။ ဒီသဘောလေးတွေ ရှိတော့ နောင်လာနောက်သား စာသင်သား သံဃာလေးတွေက စာချဘုန်းကြီးလုပ်ဖို့ အားမသန်တော့ဘူး။ ဒီတော့ ကျောင်းတိုက်အများစုမှာ အရည်အသွေး ပြည့်ဝတဲ့ စာချဘုန်းကြီးတွေ တဖြည်းဖြည်းနဲ့ ရှားပါးလာတယ်။

တခြားသော သာသနာပြုလုပ်ငန်းတွေကို မစစ်မှန်ဘူးလို့ ပြောတာမဟုတ်ဘူးနော်။ အဲဒီလို ပရဟိတလုပ်ငန်း လုပ်တယ်ဆိုတာက ဒီလောက် ပညာမတတ်လည်း ရတယ်။ တရားဟောတယ်၊ တရားပြတယ်၊ ဒီလောက်ကြီး ပညာမတတ်လည်း ရပါတယ်။ ဒါပေမဲ့လို့ အဲဒီသံဃာတော်အရှင်မြတ်တွေကျတော့ လူတွေနဲ့ ထိတွေ့ခွင့် ရတော့ လာဘ်လာဘတွေက များများရတယ်။

ဒီတော့ နောင်လာနောက်သား သံဃာလေးတွေဟာ လာဘ်လာဘများတာ၊ နာမည်ကြီးတာ စတာတွေကို မြင်ပြီးတော့ ကြီးလာရင် ဘာလုပ်မယ် စသည်ဖြင့် ငယ်ငယ်ကတည်းက လမ်းစဉ်တွေဟာ လွဲကုန်တယ်ပေါ့။ လာဘသက္ကာရနောက်ကို လိုက်ကြတော့တာ။ ရှေ့ကဆရာတော်တွေက လာဘသက္ကာရနောက် လိုက်တာ မဟုတ်ပေမဲ့ နောက်ကသံဃာတွေက တဖြည်းဖြည်းနဲ့ ဒါတွေကို အားကျပြီး စာချဘုန်းကြီးလုပ်ချင်စိတ်တွေ အားနည်းသွား

http://www.dhammadownload.com

တာပေါ့။ စာချဘုန်းကြီး ရှားပါးရခြင်း အကြောင်းတွေထဲမှာ ဒီအချက်တွေလည်း ပါတယ်။

ပညာသင်ရတဲ့အချိန်မှာ သူများထက် ပိုပြီးတော့ ကြိုးစားရတယ်။ စာချဘုန်းကြီး ဖြစ်တဲ့အချိန်မှာလည်း သူများထက်ပိုပြီး ဆင်းရဲဒဏ်ကို ခံရတယ်။ ဒီအချက်တွေကြောင့် စာချဘုန်းကြီး ရှားပါးလာတာပါ။ အဲဒီတော့ ဘုန်းကြီးက ကျောင်းက သံဃာတွေကို ပြောပြရတယ်။

ဖြစ်နိုင်ရင် လိုအပ်တဲ့နေရာမှာ သာသနာပြုပါ။ အရပ်ဒေသတိုင်း အရပ်ဒေသတိုင်း၊ စာသင်တိုက်တိုင်း စာသင်တိုက်တိုင်းမှာ စာချဘုန်းကြီး ရှားပါးနေပါတယ်။ အရည်အသွေး ပြည့်လာရင် စာချတာကို အဓိကထားပြီး တတ်နိုင်သမျှ လုပ်ကြပါ။ စာချရင်းနဲ့ တရားအားထုတ်ပါ။ စာချရင်းနဲ့ တရားဟောပါ။ စာချရင်းနဲ့ စာရေးပါ။ စာချတဲ့အလုပ်ကို တတ်နိုင်သမျှ လက်မလွတ်ပါနဲ့။ အသက်အရွယ်ရလာတဲ့ အခါမှာတော့ တစ်မျိုးပေါ့။

တပည့်သံဃာတွေကို ဖြစ်စေချင်တဲ့ ပုံစံအတိုင်း ဘုန်းကြီးကိုယ်တိုင်လည်း တရားပွဲတွေကို ဖြစ်နိုင်ရင် ရှောင်ခဲ့တာပဲ။ ငါးခါလောက်ပင့်မှ တစ်ခါ နှစ်ခါလောက် လိုက်တယ်။ ဒါမျိုးလုပ်ရတာက ဘုန်းကြီးရဲ့ တပည့်သံဃာတွေကို လမ်းမလွဲစေချင်လို့ပါ။ ဘုန်းကြီး စွမ်းနိုင်သမျှ သစ်လွင်တဲ့အနာဂတ်သာသနာကို ဖန်တီးနေတာပါ။ ဒါကို ကြီးကျယ်တယ်လို့ ပြောရင်လည်း ပြောကြပေါ့။ စိတ်ထဲမှာတော့ အဲဒီအတိုင်းပဲ အမှန်တကယ် ရှိနေတာပါ။

ဘုန်းကြီးက ဒီလိုလုပ်လိုက်တဲ့အတွက် ဒီကျောင်းတိုက်က သံဃာလေးတွေ စိတ်ထဲမှာ စာသင် စာချတာက အဓိက။ စာသင်

http://www.dhammadownload.com

စာချ အဓိကလုပ်ရင်းနဲ့ တရားအားထုတ်မယ်၊ စာရေးမယ်၊ တရားဟောမယ်။ ဒီလိုလုပ်သွားရင်းနဲ့ သူတို့ကနေတစ်ဆင့် အနာဂတ်သာသနာမှာ မျိုးဆက်သစ် မျိုးဆက်သန့်လေးတွေ မွေးထုတ်နိုင်ပြီဆိုရင် ဒါဟာ အနာဂတ်သာသနာကို မိမိတို့ တတ်နိုင်သမျှ ကောင်း မွန်သစ်လွင်အောင် ပုံဖော်ရာ ရောက်သွားပါတယ်။

ဒါမျိုးလေးတွေဖြစ်အောင် ဘုန်းကြီးတို့က ရှေ့ကနေပြီးတော့ ဒီအလုပ်လေးတွေကို မြတ်နိုးတဲ့သဘောနဲ့ ကိုယ်တိုင်လည်း စံပြလုပ်ရတယ်။ တပည့်တွေကိုလည်း လမ်းပြပေးရတယ်။

လမ်းကြောင်းမှန်စွာ

ယနေ့ ရဟန်းဒကာ ဒကာမတွေကလည်း ကိုယ့်ရဲ့ ပညာတတ်လာတဲ့ ရဟန်းသစ်လေးကို လမ်းလွဲမသွားအောင် ဝိုင်းဝန်းပြီး တိုက်တွန်းပေးပါ၊ လမ်းပြပေးပါလို့ လေးလေးနက်နက် တိုက်တွန်းချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ဒကာ ဒကာမတွေဟာ ကိုယ့်ဦးဇင်းလေး ငယ်ငယ်လေးနဲ့ တရားဟော ကောင်းလိုက်တာလို့ ဝိုင်းပြီး ချီးကျူးကြ၊ ပြီးတော့ တရားပွဲတွေ ပင့်ကြနဲ့။ ဒီတော့ ဦးဇင်းလေးက တရားဟောတဲ့ဘက်မှာ အားသာလာပြီး စာချတဲ့ဘက်မှာ လျော့လျော့သွားတယ်။

နောက်ပြီး လူမှုရေး အလုပ်တွေလုပ်။ ဒီလိုနဲ့ နာမည်တွေကြီးလာပြီးတော့ သူ့စိတ်မှာ ဒါကို သာယာသွားတယ်။ အဲဒီမှာ အနာဂတ်သာသနာအတွက် အားရစရာ နည်းသွားပြီး မျိုးဆက်တွေ မွေးထုတ်နိုင်အား နည်းသွားပါနိုင်ပါတယ်။ ဒါမျိုးတွေကို သွားပြီးတော့ အားပေးတာထက် သာသနာအတွက် အနာဂတ်မျိုးဆက် မွေးထုတ်နိုင်အောင် ပိုပြီး အားပေးတတ်စေချင်ပါတယ်။ မိမိတို့

http://www.dhammadownload.com

ဦးဇင်းဟာ တောမှာနေရလည်း ကလေးတွေကို စာချပေးမယ်။ သာသနာအတွက် မျိုးဆက်သစ်တွေ မွေးမြူပေးမယ်။ မြို့မှာ နေတော့လည်း စာချရင်းနဲ့ တော်တဲ့ပုဂ္ဂိုလ်လေးတွေကို မွေးမြူပေးမယ်။ မိမိတို့ဦးဇင်းကို အဲဒီလိုလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနိုင်အောင် မိမိတို့မိသားစုအနေနဲ့ ဝိုင်းဝန်းပြီးတော့ လုပ်ပေးပါ။ ပြုစုပေးပါ။ ဒါဆိုရင် မိမိတို့ဟာ သာသနာအတွက် သစ်လွင်တဲ့ အနာဂတ်သာသနာကို ဖန်တီးရာ ရောက်သွားပါတယ်။

ဒီလိုမှမဟုတ်ရင် သာသနာမှာ စာချတဲ့ပုဂ္ဂိုလ်တွေ ရှားလာမယ်။ ဒါဆိုရင် သာသနာကွယ်မယ်လို့ မြတ်စွာဘုရားက ဟောခဲ့ပါတယ်။ စာသင်စာချ အဓိကမလုပ်ဘဲ လာဘ်လာဘ ပေါများအောင်၊ နာမည်ကြီးအောင် ကြံစည်အားထုတ်နေမယ်ဆိုရင် သာသနာကွယ်မယ်လို့ မြတ်စွာဘုရားက ဒါမျိုးဟောခဲ့တာ။ ဒါ့ကြောင့် မိမိတို့ရဲ့ရဟန်းတော်လေးကို လမ်းမှန်ပေါ်ရောက်အောင် ဝိုင်းဝန်းပြီးတော့ ပြုစုတယ်ဆိုရင် သစ်လွင်တဲ့ အနာဂတ်သာသနာတော်ကြီးကို ဖန်တီးရာ ရောက်ပါတယ်၊ သာသနာမှေးမိုန်မယ့် သာသနာ ကွယ်ပျောက်မယ့် အခြေအနေတွေကို မိမိတို့ စွမ်းနိုင်သမျှ တားဆီးရာ ရောက်ပါတယ်လို့ ဒါလေးကို ပြောချင်ပါတယ်။

အဲဒီတော့ ဘုန်းကြီးတို့ အနာဂတ် သာသနာတော်၊ အနာဂတ် နိုင်ငံတော်ကြီး သစ်လွင်တောက်ပလာဖို့ မျိုးဆက်ကောင်းတွေ ပေါ်ထွန်းလာဖို့ သိပ်ပြီး အရေးကြီးပါတယ်။ ဒါဟာ ဘယ်သူ့အပေါ်မှာ မူတည်သလဲ ဆိုရင် ခေါင်းဆောင်ဖြစ်တဲ့ ဆရာတော်တွေ၊ ခေါင်းဆောင်ဖြစ်တဲ့ ဒကာ ဒကာမတွေ အပေါ်မှာ မူတည်ပါတယ်။ ဒါလေးကို သက်သေသာဓကအနေနဲ့ နည်းနည်းလေး ပြောပေးဦးမယ်။

http://www.dhammadownload.com

စစ်သူကြီးမဟာဗန္ဓုလ

စစ်သူကြီး မဟာဗန္ဓုလဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀၀) ကျော်က အင်မတန် နာမည်ကြီးခဲ့တယ်။ သူ့ရဲ့မွေးသက္ကရာဇ်က မြန်မာသက္ကရာဇ် ၁၁၄၄–ခုနှစ် ဆိုတော့ သူမွေးခဲ့တာ နှစ်ပေါင်း (၂၃၀) စွန်းသွားပြီ။ သူကွယ်လွန်ခဲ့တာက ၁၁၈၆–ခုနှစ်ဆိုတော့ တန်ခူးလဆိုရင် နှစ်ပေါင်း (၁၈၈)နှစ် ပြည့်တော့မယ်။ စစ်သူကြီး မဟာဗန္ဓုလဆိုတာ မြန်မာတွေအတွက် အင်မတန်မှ ဂုဏ်ယူစရာ ကောင်းတဲ့ စစ်သူကြီးပါ။

ဘာဖြစ်လို့လဲဆိုတော့ ဆင်းရဲသားဘဝကနေပြီး မင်းညီမင်းသားတွေသာ ရနိုင်တဲ့ သတိုးဘွဲ့ကိုလည်း ရခဲ့တယ်။ အိမ်ရှေ့မင်းတွေသာ ရတဲ့ စစ်သေနာပတိဆိုတဲ့ စစ်သူကြီးဘွဲ့ကိုလည်း ရခဲ့တယ်။ နောက်ပြီးတော့ ပထမ အင်္ဂလိပ်+မြန်မာ စစ်ပွဲမှာ သူတစ်ပါးကို အထင်မကြီးတတ်တဲ့ အင်္ဂလိပ်လူမျိုး ဗြိတိသျှတွေက မဟာဗန္ဓုလရဲ့ တိုက်ရည်ခိုက်ရည်ကို သိပ်ပြီး အံ့သြလေးစား အားကျခဲ့ကြတယ်။ မဟာဗန္ဓုလဝတ်ခဲ့တဲ့ သံချပ်ဝတ်စုံကို သူတို့ရဲ့ ဗြိတိသျှ ပြတိုက်ထဲမှာ ထားပြီးတော့တောင် အလေးဂရုပြုခဲ့ကြတယ်။

စစ်သူကြီး မဟာဗန္ဓုလဟာ မြန်မာနိုင်ငံတင်သာမကဘဲ အနောက်ဥရောပနိုင်ငံတွေအထိပါ ကျော်ကြားခဲ့တယ်။ အဲဒီစစ်သူကြီး မဟာဗန္ဓုလဟာ ဘာဖြစ်လို့ ဒီလိုအခြေအနေအထိ ရောက်ခဲ့သလဲ ဆိုတာလေးကို သိစေချင်တာပါ။ ဒါလေးကို သိပြီးရင် ဒီနေ့ ရဟန်းဒကာ ရဟန်းဒကာမများ ဓမ္မမိတ်ဆွေများအနေနဲ့ အနာဂတ် သာသနာ၊ အနာဂတ်နိုင်ငံတော်ကြီး သစ်လွင်တောက်ပြောင်ဖို့ ငါတို့မှာလည်း တာဝန်ရှိပါလား ဆိုတာကို သတိပြုစေချင်ပါတယ်။

http://www.dhammadownload.com

ဆင်းရဲသားဘဝကနေ ကမ္ဘာကျော်စစ်သူကြီး မဟာဗန္ဓုလ ဆိုပြီး ဘာဖြစ်လို့ ဒီလိုပေါ်ထွက်ခဲ့သလဲ ဆိုတော့ 'အရင်းစစ်တော့ အမြစ်မြေက' ဆိုသလိုပဲ အဲဒီအချိန်မှာ ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့တဲ့ ဘိုးတော်ဘုရားနဲ့ အိမ်ရှေ့မင်းသားဖြစ်တဲ့ စစ်ကိုင်းမင်းသားတို့ရဲ့ စွမ်းရည်ကြောင့်ပါတဲ့။ သူတို့ရဲ့ သူရဲကောင်းတွေကို တန်ဖိုးထားတတ်တဲ့စိတ်၊ သူရဲကောင်းကို မြတ်နိုးတတ်တဲ့စိတ်၊ သူရဲကောင်းကို နေရာပေးတတ်တဲ့စိတ်၊ အဲဒီစိတ်ကောင်းစိတ်မြတ်တွေကြောင့် မဟာဗန္ဓုလဆိုတဲ့ စစ်သူကြီးတစ်ယောက် မြန်မာနိုင်ငံမှာ ပေါ်ထွန်းလာခဲ့ရတာပါ။

ဘိုးတော်ဦးဝိုင်းနဲ့ စစ်ကိုင်းမင်းသား

စစ်သူကြီးမဟာဗန္ဓုလရဲ့ ငယ်နာမည်က မောင်ရစ်တဲ့။ မွေးဖွားတဲ့နေရာဒေသက ငပရင်းရွာ။ ငပရင်း ရွာဆိုတာ ဟိုတုန်းကတော့ အလုံတိုက်နယ်၊ အခုတော့ ဘုတလင်မြို့နယ် ဖြစ်ပါလိမ့်မယ်။ သူ့ဖခင်က ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားခဲ့တယ်။ နှမ်းလုပ်တဲ့ တောင်သူလုပ်ငန်းကလည်း အဆင်မပြေတော့ အမရပူရ နေပြည်တော်ကို တက်လာခဲ့တယ်။ ဘိုးတော်ဦးဝိုင်းရဲ့ သားဖြစ်တဲ့ အိမ်ရှေ့မင်းသားထဲမှာ ကိုယ်ရံတော်အဖြစ်နဲ့ ခစားခွင့်ရခဲ့တယ်ပေါ့။

အဲဒီအိမ်ရှေ့မင်းသား နတ်ရွာစံသွားတော့ နောင်အခါမှာ ဘကြီးတော်မင်း၊ စစ်ကိုင်းမင်းဖြစ်လာမယ့် စစ်ကိုင်းမင်းသားက အိမ်ရှေ့မင်းသားဖြစ်လာတယ်။ ဒီတော့ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားထဲမှာ သူက ကိုယ်ရံတော်ရာထူးနဲ့ ဆက်လက်တာဝန်ထမ်းဆောင်တယ်။ ခြားနားသွားတာက နတ်ရွာစံသွားတဲ့ အိမ်ရှေ့မင်းသားက သူ့အပေါ်မှာ အရေးတယူ လေးလေးစားစား ဆက်ဆံပေမဲ့ နောက်

http://www.dhammadownload.com

တက်လာတဲ့ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားကတော့ သူ့အပေါ်မှာ အရေးတယူမရှိဘူး။ ရှိမှန်းတောင် သိချင်မှ သိမှာ။ အမှုတော်တွေ ကြိုးစားပမ်းစား ထမ်းရွက်သလောက် သူ့ကို အရေးတယူ အပြုမခံရတော့ သူ့စိတ်ထဲမှာ မကျေနပ်ဘူး။ ဒီတော့ တစ်နေ့ ညီလာခံသဘင်ကျင်းပတဲ့အချိန်မှာ သူ့ဘေးက နန္ဒဗလဆိုတဲ့ စစ်သားတစ်ယောက်ကို ထုထောင်းပစ်လိုက်တယ်။ အဲဒီမှာ ညီလာခံကြီး ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။

မောင်ရစ်ကနေ နန္ဒဗလဆိုတဲ့ စစ်သားကို အကြောင်းမရှိဘဲနဲ့ ထုထောင်းတယ်ဆိုတဲ့ ပြဿနာဟာ ရုတ်ရုတ်သဲသဲ ပေါ်လာတော့ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားက မောင်ရစ်ကို ဖမ်းဆီးစေပြီး စစ်ဆေးတဲ့အခါ မောင်ရစ်က သူ့စိတ်ထဲ ရှိတဲ့အတိုင်း ပြန်လျှောက်လိုက်တယ်။ သူ့ကို အိမ်ရှေ့မင်းသားက အရေးတယူ မရှိတဲ့အတွက် အရေးတယူပြုလာအောင် နန္ဒဗလကို ထုထောင်းရတာပါတဲ့။

သူ့စကားလေးကို ကြည့်နော်။ သူ့ကို အရေးတယူမရှိဘူးတဲ့။ ဘယ်လောက်တောင် အရေးတယူ မရှိဘူးလဲဆိုရင် သူကသာ အလုပ်တွေကို ကြိုးစားနေရတာ အိမ်ရှေ့မင်းသားက သူ့နာမည်တောင် သိချင်မှ သိမှာ။ ဒါ့ကြောင့် အရေးတယူပြုခံရဖို့အတွက် ယခုလို ထုထောင်းမိတာပါ။ တခြား အကြောင်းမရှိပါဘူးတဲ့။ သူ့ရဲ့ရဲဝံ့တဲ့သတ္တိကို အိမ်ရှေ့မင်းသားက နှစ်သက်သွားပြီး ရှင်ဘုရင်ဖြစ်တဲ့ ဘိုးတော်ဦးဝိုင်းကို အဲဒီအကြောင်းလေး လျှောက်တင်လိုက်တယ်။

ဘိုးတော် ဦးဝိုင်းကလည်း မောင်ရစ်ရဲ့သတ္တိကို အသိအမှတ်ပြုသွားတယ်။ သူ့ရဲ့စွမ်းဆောင်ရည်အလျောက် ရာထူးအဆင့်ဆင့်

http://www.dhammadownload.com

တိုးပေးတယ်။ ရဲတိုက်သံဆင့်အရာ၊ နောက်ပြီးတော့ ဒီပဲယင်းမြို့ဝန်အရာ၊ အလုံမြို့စားအရာ၊ မဟာဗန္ဓုလဘွဲ့ စသည်ဖြင့် အဆင့်ဆင့် တက်ပေးသွားလိုက်တယ်။ ပန်းဝါတိုက်ပွဲမှာလည်း သူဟာ အထူးထင်ရှား အောင်မြင်ခဲ့တယ်။

ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲမှာ စစ်သေနာပတိအဖြစ်နဲ့ ဦးဆောင်ပြီးတော့ တိုက်ခိုက်ခဲ့တယ်။ ဓနုဖြူတိုက်ပွဲမှာ ကျဆုံးတော့ သူ့အသက်က (၄၂)နှစ်ပြည့်ပြီး (၄၃)နှစ်ထဲ ရောက်ခါစပဲ ရှိသေးတယ်။ အင်္ဂလိပ်လူမျိုးတွေဟာ တစ်ဖက်သားကို အထင်သေးတတ်ပါတယ်။ အထင်မကြီးတတ်ပါဘူး။ ဒါပေမဲ့ မဟာဗန္ဓုလရဲ့ စွမ်းရည်ကိုတော့ သိပ်ပြီး လေးစားအားကျခဲ့တယ်တဲ့။ ဒါကြောင့် သူ့ရဲ့စွမ်းရည်ဟာ ကမ္ဘာကျော်သွားခဲ့ ပါတယ်။

မြန်မာ့သမိုင်းမှာ စစ်သူကြီးမဟာဗန္ဓုလဆိုတာ ဘာဖြစ်လို့ ပေါ်ထွက်ခဲ့သလဲ။ ရှင်ဘုရင် ဘိုးတော်ဦးဝိုင်းနဲ့ အိမ်ရှေ့မင်းသားတို့ရဲ့ သူရဲကောင်းကို မြတ်နိုး တန်ဖိုးထား လေးစားတဲ့ စိတ်ဓာတ်တွေကြောင့် မဟာဗန္ဓုလဆိုတာ ဖြစ်ပေါ်လာခဲ့တာပါ။ တကယ်လို့များ အိမ်ရှေ့မင်းသားနဲ့ ရှင်ဘုရင်ရဲ့စိတ်ထဲမှာ မောင်ရစ်လုပ်ရပ်ဟာ ငါတို့ကို စော်ကားတာပဲဆိုပြီး ခံယူသွားရင် ထောင်ချချင်လည်း ချပစ်နိုင်တယ်။ သတ်ချင်လည်း သတ်ပစ်နိုင်တယ်။ နယ်နှင်ဒဏ်ပေးချင်လည်း ပေးနိုင်တယ်။

ဒါဆိုရင် စစ်သူကြီး မဟာဗန္ဓုလဆိုတာ မြန်မာ့သမိုင်းမှာ ဖြစ်ပေါ်လာနိုင်ပါ့မလား။ ဒါလေးတွေဟာ စဉ်းစားစရာကောင်းပါတယ်။ အခုတော့ ရှင်ဘုရင်နဲ့ အိမ်ရှေ့မင်းသားတို့ရဲ့ သူရဲကောင်းကို တန်ဖိုးထားတတ်တဲ့စိတ်ဓာတ်၊ မြတ်နိုးတတ်တဲ့စိတ်ဓာတ်၊

http://www.dhammadownload.com

နေရာပေးတတ်တဲ့စိတ်ဓာတ်၊ အဲဒီစိတ်ဓာတ်တွေကြောင့် မဟာဗန္ဓုလဆိုတာ ပေါ်ထွန်းလာခဲ့ပါတယ်။ အဲဒီစိတ်ဓာတ်လေးတွေကို အဓိက ပြောချင်တာပါ။

ခေါင်းဆောင်စိတ်ထား

ယနေ့ ရဟန်းခံတဲ့ ရဟန်းသစ်ဟာလည်း စာတော်ပေတော်လေး ဖြစ်နေတော့ အနာဂတ်သာသနာအတွက် သိပ်ပြီး အားကိုးရပါလိမ့်မယ်။ အားကိုးရဖို့ ဆိုတာကတော့ ရဟန်း ဒကာ ဒကာမတွေရဲ့ မြှောက်စားမှုအပေါ်မှာလည်း မူတည်ပါတယ်။ ဘုန်းကြီးတို့ရဲ့ လမ်းညွှန်မှု၊ ဘုန်းကြီးတို့ရဲ့စကားကို သူ့အနေနဲ့ နာခံတတ်မှု၊ ဒီအပေါ်မှာလည်း မူတည်ပါတယ်။

ခေါင်းဆောင်ဖြစ်တဲ့ သံဃာတော် အရှင်မြတ်တွေဟာ အနာဂတ်သာသနာ သစ်လွင်အောင် ဖန်တီးဖို့၊ နိုင်ငံ့ခေါင်းဆောင်များလည်း အနာဂတ်နိုင်ငံတော်အတွက် သစ်လွင်အောင် ဖန်တီးဖို့၊ ဒကာ ဒကာမများလည်း မိမိတို့အနာဂတ်မိသားစု သစ်လွင်အောင် ဖန်တီးဖို့ ခေါင်းဆောင်မှုဟာ ဘယ်လောက်အရေးကြီးသလဲ။

ဒါလေးကို သိစေချင်လို့ ဘုန်းကြီးက မဟာဗန္ဓုလ အကြောင်းကို ပြောပြတာပါ။ ဒါမှသာလျှင် မိမိတို့ဟာ အရေးကြီးပါလား၊ အနာဂတ်သာသနာ တိုးတက်စည်ပင်ဖို့၊ အနာဂတ်နိုင်ငံတော်ကြီး တိုးတက်စည်ပင်ဖို့အတွက် ငါတို့ရဲ့ စိတ်နေစိတ်ထား၊ ငါတို့ရဲ့ နှလုံးသွင်း၊ ငါတို့ရဲ့ခံယူချက်အပေါ်မှာ အများကြီး မူတည်ပါလားဆိုတဲ့ အသိဉာဏ်လေး ရသွားရင် ဘုန်းကြီး ဟောရကျိုးနပ်ပါတယ်။

http://www.dhammadownload.com

နေရာရွှေတောင်

မဟာဗန္ဓုလရဲ့အကြောင်းနဲ့ စပ်ပြီးတော့ ခေါင်းဆောင်နေရာက ပုဂ္ဂိုလ်များကို ကိုယ့်ကိုယ်ကိုယ် သတိထားစေချင်လို့ ပြောပြပြီးသွားပြီ။ နေရာတော်တော်ကို အချိန်ရသလောက် ဆက်ပြောဦးမယ်။

တစ်ခုသောဘဝမှာ အရှင်အာနန္ဒာလောင်းလျာဟာ ဘုရားလောင်းတော်နဲ့အတူ ရွှေဟင်္သာညီနောင် သွားဖြစ်တယ်။ ဘုရားလောင်းက အစ်ကိုရွှေဟင်္သာ၊ အရှင်အာနန္ဒာလောင်းက ညီတော် ရွှေဟင်္သာပေါ့။ သူတို့ဟာ စိတ္တကုဋ္ဌတောင်မှာ နေကြတယ်။ အစာရေစာအတွက်တော့ ဟိမဝန္တာတောင်အနီးက အလိုလိုပေါက်နေတဲ့ သလေး စပါးခင်းကြီးမှာ သွားစားကြတယ်။ စားလို့ဝရင် စိတ္တကုဋ္ဌတောင်ကို ပြန်လာကြတယ်။ ဒီလိုနေခဲ့ကြတယ်။

တစ်နေ့တော့ သလေးစပါးတွေကို စားပြီးတော့ အဲဒီ ဟိမဝန္တာတောင်အနီးကနေ စိတ္တကုဋ္ဌတောင်ကို ပြန်လာတဲ့ခရီး လမ်းခုလတ်မှာ ရွှေတောင်ကြီးတစ်ခုကို တွေ့ရတယ်။ အဲဒီလို ရွှေတောင်ကြီးတွေ့တော့ တောင်ထွတ်ပေါ်မှာ ရွှေဟင်္သာညီနောင် နားကြရင်း ညီငယ်ဖြစ်တဲ့ ရွှေဟင်္သာက ထူးဆန်းတာလေးတွေကို တွေ့ရတော့ နောင်တော်ဖြစ်တဲ့ ဘုရားလောင်းရွှေဟင်္သာကို မေးတယ်။

ဒီတောင်ကြီးဟာ အင်မတန် ယုတ်မာအောက်တန်းကျတဲ့ တောကျီးတွေ လာရင်လည်း ရွှေရောင် တောက်သွားတယ်။ မိမိတို့လို ရွှေဟင်္သာတွေ လာရင်လည်းပဲ ရွှေရောင်တောက်သွားတယ်။ နောက်ပြီးတော့ အောက်တန်းကျတဲ့ မြေခွေးတွေလာရင်လည်း ရွှေရောင်တောက်တယ်။ အင်မတန် မြင့်မြတ်တဲ့ ခြင်္သေ့တွေ ကျားတွေ

http://www.dhammadownload.com

လာရင်လည်း ရွှေရောင်တောက်နေကြတယ်။ အခြားသောနေရာ ရောက်ရင်တော့ သဘာဝ အရောင်အတိုင်း ဖြစ်သွားကြ ပြန်တယ်။

ဒီတောင်ကို ဘာတောင်လို့ ခေါ်ပါသလဲ နောင်တော်လို့ အရှင်အာနန္ဒာလောင်းက မေးတော့ ဘုရားလောင်းက နေရတောင်လို့ ခေါ်ကြတယ်၊ ဒီတောင်ကို ရောက်လာတဲ့ သတ္တဝါတွေအားလုံး ရွှေအဆင်းနဲ့ ပြည့်စုံပြီး ရွှေရောင်တောက်သွားကြတယ် ညီတော်လို့ ပြန်ဖြေလိုက်တဲ့အခါ အရှင်အာနန္ဒာလောင်းက ရှေ့မှာ ဘုန်းကြီး ပြောခဲ့တဲ့ အချက်လေးချက်ကို ပြန်ပြီးတော့ ပြောခဲ့ပါတယ်။

အရှင်အာနန္ဒာလောင်း ပြောခဲ့တဲ့ အဲဒီစကားလေးတွေကို မြတ်စွာဘုရား ပြန်ဟောထားတဲ့ တရားလေးတွေနဲ့ ဆက်စပ်ပြီး စဉ်းစားကြည့်ရမယ့် အချက်ကလေးတွေကို ဘုန်းကြီးက နိဂုံးတော်အနေနဲ့လည်း သုံးသပ်ပြခဲ့ပြီးပြီ။ သံဃာ့အဖွဲ့အစည်းဖြစ်တဲ့ ကျောင်းတိုက်တွေအနေနဲ့လည်း သုံးသပ်ပြခဲ့ပြီးပြီ။ မိသားစုတစ်စု အနေနဲ့လည်း သုံးသပ်ပြောကြားခဲ့ပြီးပြီပေါ့။

အောင်မြေ

ဒီလို သုံးသပ်ပြောကြားခဲ့တာတွေနဲ့ ဆက်စပ်ပြီး ဘုန်းကြီး ခေါင်းထဲမှာ အောင်မြေအကြောင်း ပေါ်လာတယ်။ ဘုန်းကြီးတို့ ကိုယ်တိုင် စာသင်သားဘဝ စာဖြေစဉ်အခါက အောင်မြေသွားနင်းခဲ့ဖူးတယ်။ ဒါက ရိုးရိုးသားသား ဝန်ခံတာပါ။ အောင်မြေဆိုတာကို ဘုန်းကြီးတို့ မြန်မာတွေက သိပ်ပြီးတော့ အယူသည်းကြတယ်၊ စွဲလမ်းကြတယ်။ ဒါပေမဲ့ ဒီအောင်မြေဟာ ရှိသင့်တဲ့အရာလား၊ မရှိသင့်တဲ့အရာလား။ ဒါလေးကိုလည်း စဉ်းစားဖို့ကောင်းတယ်။

http://www.dhammadownload.com

ရွှေဘိုဘက်က ဆရာတော်တစ်ပါးကတော့ အောင်မြေကို သရုပ်ဖော်ဖူးတယ်။ ဘုန်းကြီးတို့စာပေမှာ ရှိတာလေးကို အခြေခံပြီး ပြောတာပါ။ တောထဲမှာ ခြင်္သေ့တွေ သစ်တွေ ကျားတွေက သမင် ဒရယ်တွေကို လိုက်တယ်။ သမင် ဒရယ်တွေက သူတို့အောင်မြေ နေရာကျရင် ခြင်္သေ့တွေ သစ်တွေ ကျားတွေကို ပြန်ပြီးလိုက်တဲ့ နေရာကို အောင်မြေလို့ခေါ်တယ်။

အဲဒီတော့ အဲဒီဆရာတော်က ဒါလေးကို အခြေခံပြီး ဘာ ပြောသလဲဆိုတော့ "အစွမ်းအစမရှိတဲ့ ပုဂ္ဂိုလ်တွေ အထွတ်အထိပ် ရောက်တဲ့နေရာကို အောင်မြေ"လို့ ခေါ်တယ်တဲ့။ သူကတော့ ဟာသသဘောနဲ့ ပြောတာပါ။ ဒါပေမဲ့ ဒါက စဉ်းစားစရာကောင်း တဲ့ အချက်ဖြစ်နေတယ်။

ရှိသင့် မရှိသင့်

ဘုန်းကြီးတို့ အောင်မြေဆိုတာ တကယ်ပဲရှိခဲ့ရင် ရှိသင့်တဲ့ အရာလား၊ မရှိသင့်တဲ့အရာလား။ ဥပမာအားဖြင့် ရပ်ရွာကို မီးရှို့ ပြီးတော့ ဓားပြတိုက်မယ့် ပုဂ္ဂိုလ်တစ်ယောက် အောင်မြေနင်းလိုက် လို့ အောင်သွားပါပြီဆိုရင် ရပ်သူရွာသားတွေ ဆင်းရဲကြမှာလား၊ ချမ်းသာကြမှာလား။ ဒါကြောင့် အောင်မြေဆိုတာ စဉ်းစားစရာ ကောင်းပါတယ်။

တိုင်းပြည်ကို အုပ်ချုပ်နေတဲ့၊ ပြည်သူပြည်သားတွေကို အမျိုး မျိုး ညှဉ်းပန်းနှိပ်စက်နေတဲ့ အာဏာရှင်တစ်ယောက် သူ့အတွက်သူ ကြည့်ပြီးတော့ သူ့ရဲ့ ရာထူးအာဏာ ရှည်အောင်လို့ အောင်မြေကို သွားနင်းတယ်။ အောင်မြေနင်းလိုက်တဲ့အတွက် သူ့ရဲ့ရာထူး အာဏာ ရှည်သွားပါပြီတဲ့။ ဒါဆိုရင် ပြည်သူပြည်သားတွေ ဆင်းရဲ

http://www.dhammadownload.com

ဒုက္ခရောက်မလား၊ ချမ်းသာမလား။ ဒါလေးတွေဟာ စဉ်းစားစရာကောင်းတယ်။

အဲဒီတော့ အောင်မြေဆိုတာ ဘာနဲ့သွားတူသလဲဆိုတော့ အခုနက ရွှေတောင်ကြီးနဲ့ သွားတူတယ်။ ယုတ်မာတဲ့ကျီးလို သတ္တဝါတွေ လာရင်လည်း ရွှေရောင်တောက်၊ မြင့်မြတ်တဲ့ ရွှေဟင်္သာလာရင်လည်း ရွှေရောင်တောက်၊ ယုတ်မာကောက်ကျစ်တဲ့ မြေခွေးလာရင်လည်း ရွှေရောင်တောက်၊ မြင့်မြတ်တဲ့ ခြင်္သေ့တွေလာရင်လည်း ရွှေရောင်တောက်။

ဒီတော့ ဘယ်သူလာလာ အားလုံး ရွှေရောင်တောက်စေတဲ့ နေရာဟာ မနေသင့်တဲ့ အရပ်ပါလို့ အရှင်အာနန္ဒာလောင်းက ပြောခဲ့တယ်။ မြတ်စွာဘုရားကလည်း အတည်ပြုပြီးတော့ ဟောခဲ့တယ်။ ဒါကြောင့် ရွှေတောင်နဲ့ သဘောသဘာဝတူနေတဲ့ အောင်မြေဆိုတာကိုရော ဘုရား စတဲ့ သူတော်ကောင်းတွေ နှစ်သက်ပါရဲ့လားဆိုတာ ဒါလေးတွေက စဉ်းစားစရာကောင်းတယ်။

နောက်တစ်ချက်က ဒီအောင်မြေသာ တကယ်ရှိနေရင် ပါရမီကုသိုလ်ဆိုတာ ရှိနိုင်ပါဦးမလား။ အရာရာမှာ အောင်မြေကြောင့် ဖြစ်တယ်ဆိုရင် ဘုရားဖြစ်ဖို့ ကြိုးစားကြပါဦးမလား။ ရဟန္တာဖြစ်ဖို့ ပါရမီတွေကို ကြိုးစားကြပါဦးမလား။ ဒီလိုဆိုရင် ပါရမီတွေ လောကကြီးမှာ ဆိတ်သုဉ်းသွားနိုင်တယ်။ ဘုရားတောင် ပွင့်ဖို့ မလွယ်တော့ပါဘူး။ အောင်မြေဆိုတာသာ တကယ်ရှိနေရင်ပေါ့။

ဒါလေးက အောင်မြေဆိုတာ ရွှေတောင်နဲ့ တူ မတူ၊ ဘုန်းကြီးက အတွေးလေးပေါ်လာလို့ ထည့်ပြီးပြောပြတာပါ။ စာထဲတော့ မရှိပါဘူး။ သို့သော် အောင်မြေဟာလည်း စဉ်းစားသင့်တဲ့အချက်

http://www.dhammadownload.com

ဆိုတာလေး ယနေ့ ရဟန်းဒကာ ဒကာမ မိသားစုတွေနဲ့ ဓမ္မမိတ်ဆွေများကို သိစေချင်လို့ ပြောပြတာပါ။

တူ မတူ

နောက် ဘုန်းကြီးစဉ်းစားမိတာ တစ်ချက်က ဒကာ ဒကာမတွေ ဘုရားဖူးသွားတဲ့အခါ၊ သံဃာတော် အရှင်မြတ်တွေကို ဆည်းကပ်တဲ့အခါ အောင်မြေနင်းတာနဲ့များ တူနေသလား။ ဒါကိုလည်း ဘုန်းကြီးစဉ်းစားကြည့်တယ်။

ဘယ်လိုလဲဆိုတော့ အောင်မြေနင်းတယ်ဆိုတာကိုက စီးပွားဖြစ်ချင်လို့ ဘာဖြစ်ချင်လို့ဆိုပြီး အောင်မြေနင်းကြတာကိုး။ ဒီလိုပါပဲ၊ တချို့တွေ ဘုရားဖူးသွားတယ် ဆိုတာကလည်း ဘုရားဖူးရင် စီးပွားရေးတက်သတဲ့။ ဘယ်ဘုရားက ဘယ်လို ဆုတောင်းပြည့်သတဲ့။ ဘယ်ဘုရားကို ဘာပန်းနဲ့ ဘယ်လိုလှူရင် ဘာဖြစ်သတဲ့။ အဲဒီတော့ ဘုရားဖူးသွားတယ်ဆိုတာတွေဟာ အောင်မြေနင်းတာနဲ့များ တူနေသလား။ ဒါလည်းပဲ ဒကာ ဒကာမတွေ ဆင်ခြင်ဖို့ပါ။

တကယ်တော့ ဘုရားရှိခိုးတယ်ဆိုတာ ကိလေသာ ကင်းစင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်အား ရှိခိုးပူဇော်ပါ၏၊ တပည့်တော်လည်းပဲ ကိလေသာကင်းစင်အောင် ကျင့်နိုင်ပါရစေလို့ ရှိခိုးပူဇော်ရမှာ။ ဒီလိုဆိုရင် အရဟံဂုဏ်တော်ကို အာရုံပြုပြီး ရှိခိုးပူဇော်တာ။ စာပေမှာလည်း ရှိခိုးပူဇော်တယ်ဆိုတာ ဂုဏ်တော်ကို မှန်းပြီးတော့ ရှိခိုးပူဇော်ရမှာတဲ့။

နောက်ပြီးတော့ သံဃာတော်အရှင်မြတ်တွေကို ဆည်းကပ်

http://www.dhammadownload.com

တဲ့အခါမှာလည်း ဘယ်ဆရာတော်က ရဟန္တာတဲ့။ ဘယ်ဆရာတော်ကို ဘာလျှုလိုက်ရင် စီးပွားရေး ချက်ချင်းတက်သတဲ့။ သံဃာတော် အရှင်မြတ်တွေဆီ သွားပြီးတော့ အဲဒီလိုဆည်းကပ်တာလည်း အောင်မြေနှင်းသလိုများ ဖြစ်နေမလား။

တကယ်တော့ သံဃာတော် အရှင်မြတ်တွေဟာ ရိုးရိုးဖြောင့်ဖြောင့် ကျင့်တယ်။ စာသင်စာချ တရားဟော တရားပြဖို့ ရိုးရိုးဖြောင့်ဖြောင့်ကျင့်တဲ့ သံဃာကို ပူဇော်ပါတယ်။ သာသနာတော်ကို ရှည်အောင် ကျင့်နိုင်ပါစေ။ တပည့်တော်တို့လည်း ဘုရားရှင်ရဲ့ အဆုံးအမကို သံဃာတော်အရှင်မြတ်တွေကတစ်ဆင့် နာယူပြီးတော့ လိုက်နာကျင့်သုံးနိုင်ပါရစေ။

အဲဒီလို ဘုရားရှင်ရဲ့ သာသနာတော်ကြီးကို မပျောက်ပျက်အောင် စောင့်ရှောက်တဲ့ သံဃာတော် အရှင်မြတ်တွေရဲ့ သံဃာဂုဏ်ကို အာရုံပြုပြီးတော့ ရှိခိုးပူဇော်ရမှာပါ။ ဒါလေးတွေကို ဒကာဒကာမတွေလည်း ဘုန်းကြီးလိုပဲ ဆင်ခြင်ကြည့်ဖို့၊ စဉ်းစားကြည့်ဖို့ ပြောပြတာပါ။

ဒီတော့ ဒီတရားတော်ကို နာယူပြီးတော့ မှန်ကန်သော အမြင်ဖြင့် သစ်လွင်သောအနာဂတ်ကို ဖန်တီးနိုင်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေ။ အဲဒီလို အားထုတ်ရင်း အားထုတ်ရင်းနဲ့ မိမိတို့နှလုံးသားထဲမှာ ပါရမီတွေ ရင့်သန်ပြီး နောက်ဆုံး မင်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ကိုယ်စီကိုယ်ငင လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သာဓု... သာဓု... သာဓု။)

http://www.dhammadownload.com

http://www.dhammadownload.com

ပြည့်စုံခြင်းသုံးဖြာ

ယနေ့ သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပြာသိုလဆန်း ၂-ရက်၊ ခရစ်နှစ် ၂၀၁၁-ခုနှစ်၊ ဇန်နဝါရီလ ၆-ရက်၊ ကြာသပတေးနေ့၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာကျောင်းတိုက်မှာ ပရိယတ် ပဋိပတ် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ သံဃာတော် (၂၇၀)တို့ရဲ့ထံမှောက် လာရောက်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုကြတဲ့ ကုသိုလ်ရှင်များက မိတ္ထီလာမြို့၊ ဈေးပတ်လမ်း၊ ဈေးရပ်နေ ဒကာ ဦးစိန်ဝင်း + ဒကာမ ဒေါ်နွဲ့နွဲ့ရီ၊ သားသမီးများဖြစ်ကြတဲ့ မောင်ဘုန်းကျော်၊ မောင်သူရ၊ မသီရိခင်၊ 'ပတ္တမြားသော့' ကုန်မျိုးစုံရောင်းဝယ်ရေး မိသားစုတို့ ဖြစ်ပါတယ်။ ဒကာ ဦးစိန်ဝင်း + ဒကာမ ဒေါ်နွဲ့နွဲ့ရီတို့က မိမိတို့ရဲ့ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ အထိမ်းအမှတ်ကို အကြောင်းပြုပြီးတော့ ကုသိုလ်မျိုးစုံကို ပြုလုပ်ကြပါတယ်။

http://www.dhammadownload.com

ယနေ့ ကုသိုလ်ပြုကြတဲ့ 'ပတ္တမြားသော့'၊ ကုန်မျိုးစုံ ရောင်းဝယ်ရေး မိသားစုနဲ့ ဓမ္မမိတ်ဆွေများကို ဘုန်းကြီးအနေနဲ့ ဘုရားရှင်ရဲ့ဂုဏ်တော်ပေါင်း အနန္တထဲက "ပြည့်စုံခြင်းသုံးဖြာ" ဆိုတဲ့ တရားကို အနုမောဒနာတရားအဖြစ်နဲ့ ဟောကြားပေးပါ့မယ်။

ဘုရားရှင်ရဲ့ ဂုဏ်တော်တွေဟာ အင်မတန်မှ များပြားတယ်။ ဂုဏ်တော်အနန္တလို့ ပြောရမှာပေါ့။ တစ်ဆူသော ဘုရားရှင်က တခြားသော တရားစကားတွေကို မဟောကြားဘဲနဲ့ တစ်ဆူသော ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ဟောကြားတာတောင်မှ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေဟာ ကုန်ဆုံးဖွယ်ရာ မရှိပါဘူးတဲ့။ အဲဒီလို ဂုဏ်တော်အနန္တထဲက ပြည့်စုံခြင်းသုံးဖြာဆိုတဲ့ ဂုဏ်တော်သုံးပါးကို ဟောကြားပေးမယ်။

ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါ

ဒီဂုဏ်တော်သုံးပါးက ဘုန်းကြီးတို့ ပထမငယ်တန်းကို စပြီးတော့ သင်ယူပြီဆိုရင် သင်္ကြိုဟ်ထဲမှာ ပါတယ်။

သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

ဆိုပြီးတော့ ပဏာမနှင့် ပဋိညာဉ်၊ ရတနာသုံးပါးကို ရှိခိုးတယ်၊ ဒီကျမ်းကို ရေးသားပါ့မယ်ဆိုပြီးတော့ ပဋိညာဉ်ပြုတယ်ပေါ့။ အဲဒီဂါထာလေးမှာ လေးပါဒ၊ တစ်ပါဒမှာ အက္ခရာရှစ်လုံး ရှိတယ်။ အဲဒီတော့ အက္ခရာအားဖြင့် သုံးဆယ့်နှစ်လုံး ရှိတယ်။ အဲဒီလို ရတနာသုံးပါးကို ရှိခိုးပြီး ပဋိညာဉ်ပြုတယ်။ ပဋိညာဉ်ပြုတဲ့ပုဂ္ဂိုလ်က ကျမ်းပြုဆရာဖြစ်တဲ့ အရှင်အနုရုဒ္ဓါမထေရ်။

http://www.dhammadownload.com

သာသနာနှစ် ၁၀၀၀ နဲ့ ၁၅၀၀ ကြားလောက်မှာ ပေါ်ထွန်းခဲ့တာ။ အိန္ဒိယတောင်ပိုင်းမှာ မွေးဖွားပြီးတော့ သီဟိုဠ်မှာ သီတင်းသုံးသွားတဲ့ ဆရာတော်တစ်ပါးပေါ့။

အဲဒီဆရာတော် ရေးသားသွားခဲ့တဲ့ ဒီပဏာမနဲ့ ပဋိညာဉ်ဂါထာထဲမှာ 'သမ္မာသမ္ဗုဒ္ဓမတုလံ' ဆိုတဲ့ အက္ခရာရှစ်လုံးက ဘာကိုပြတာလဲဆိုတော့ ဘုရားရှင်ရဲ့ ပြည့်စုံခြင်းသုံးဖြာကို ပြထားတာ။ အဲဒီသုံးဖြာကို ချီးမွမ်းထောမနာပြီးတော့ ဘုရားရှင်ကို ပူဇော်တယ်၊ ရှိခိုးတယ်။ ဒီဂုဏ်တော်သုံးပါးနဲ့ ရှိခိုးခဲ့ပါတယ်၊ ပူဇော်ခဲ့ပါတယ်ဆိုပြီးတော့ ဘုန်းကြီးတို့ အဖွင့်ကျမ်းတွေမှာ ဆိုတယ်ပေါ့။ အဲဒီလို အရှင်အနုရုဒ္ဓါ မထေရ်မြတ် မြတ်စွာဘုရားကို ချီးကျူးခဲ့၊ ပူဇော်ခဲ့၊ ရှိခိုးခဲ့တဲ့ ပြည့်စုံခြင်းသုံးဖြာဆိုတဲ့ ဒီဂုဏ်တော်သုံးပါးကို ဘုန်းကြီးက ဟောကြားပေးမယ်။

ဟေတုသမ္ပဒါ ဖလသမ္ပဒါ သတ္တူပကာရသမ္ပဒါ

ဘာဖြစ်လို့ ဒီပြည့်စုံခြင်းသုံးဖြာကို ဟောကြားပေးရသလဲဆိုတော့ ဘုရားရှင်ရဲ့ ပြည့်စုံခြင်းသုံးဖြာ ဂုဏ်တော်ကို မိမိတို့လည်းကြည်ညိုအာရုံပြုပြီးတော့ ကိုယ့်ရဲ့နှလုံးသားထဲမှာ ဒီဂုဏ်တွေ ပြည့်စုံအောင် စွမ်းနိုင်သမျှ ကြိုးစားနိုင်အောင်၊ အတုယူ အားထုတ်နိုင်အောင် ဘုန်းကြီးက ဟောကြားပေးခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဘုရားရှင်ရဲ့ ပြည့်စုံခြင်းသုံးဖြာ ဂုဏ်တော်သုံးပါးဆိုတာ ဘာတွေလဲဆိုရင်–

နံပါတ်တစ်–ဟေတုသမ္ပဒါ၊ မြန်မာလိုကတော့ အကြောင်းတရားနဲ့ ပြည့်စုံတော်မူခြင်း။ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်

http://www.dhammadownload.com

မြတ်က အကြောင်းတရားနဲ့ ပြည့်စုံတော်မူခြင်း ဆိုတဲ့ ဂုဏ်နဲ့လည်း ပြည့်စုံတယ်။

နံပါတ်နှစ်– ဖလသမ္မဒါ၊ မြန်မာလိုကတော့ အကျိုးတရားနဲ့ ပြည့်စုံတော်မူခြင်းတဲ့။ ဘုန်းကြီးတို့ ကိုးကွယ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ အကြောင်းတရားနဲ့ ပြည့်စုံတော်မူသလို အကျိုးတရားနဲ့လည်း ပြည့်စုံတော်မူတယ်။

နံပါတ်သုံး–သတ္တူပကာရသမ္မဒါ၊ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်တော်မူခြင်းဂုဏ်တော်နဲ့လည်း ပြည့်စုံတော်မူတယ်တဲ့။

ဒါကြောင့် အကြောင်းတရားနဲ့ ပြည့်စုံတော်မူခြင်း၊ အကျိုးတရားနဲ့ ပြည့်စုံတော်မူခြင်း၊ သတ္တဝါတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်တော်မူခြင်း တစ်နည်းအားဖြင့် ပရဟိတလုပ်ငန်းကို သူမတူအောင် လုပ်ဆောင်တော်မူခဲ့ခြင်း ဆိုတဲ့ ဒီဂုဏ်တော်သုံးဖြာနဲ့ ပြည့်စုံတော်မူပါတယ် ဆိုပြီးတော့ 'သမ္မာသမ္ဗုဒ္ဓမတုလံ'ဆိုတဲ့ ဒီအက္ခရာရှစ်လုံးပါတဲ့ ဂါထာပထမပါဒလေးနဲ့ အရှင်အနုရုဒ္ဓါမထေရ်က မြတ်စွာဘုရားကို ရှိခိုးခဲ့တယ်၊ ပူဇော်ခဲ့တယ်၊ ချီးကျူးတော်မူခဲ့တယ်။

အဲဒီတော့ ဘုရားရှင်ဟာ ပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံတော်မူတဲ့အတွက် လောကမှာ အနှိုင်းမဲ့ကျေးဇူးရှင် ဖြစ်ခဲ့ပါတယ်။ အတူမရှိတဲ့ တန်ဖိုးဖြတ်လို့မရတဲ့ မဟာလူသား ဗုဒ္ဓအဖြစ်ကိုလည်း ရတော်မူခဲ့တယ်။ ဒီတော့ အခုလို လောကမှာ အတူမရှိတဲ့ တန်ဖိုးဖြတ်လို့ မရတဲ့ မဟာလူသား ဗုဒ္ဓဆိုပြီးတော့ လူတွေ နတ်ဗြဟ္မာတွေက အသိအမှတ်ပြုခဲ့တာဟာ ဒီပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံတော်မူခဲ့လို့ဆိုတာကို ကောက်ချက်ချလို့ ရပါတယ်။

http://www.dhammadownload.com

ဆင်မှာလည်း ဆင့်အထွာ

လောကမှာ ပုထုဇဉ်တွေကတော့ ဒါမျိုး ပြည့်စုံဖို့ ခဲယဉ်းပါတယ်။ တချို့ အကြောင်းတရားနဲ့ ပြည့်စုံတယ်၊ အကျိုးတရားနဲ့ မပြည့်စုံဘူး။ တချို့ အကျိုးတရားနဲ့ ပြည့်စုံတယ်၊ အကြောင်းတရားနဲ့မပြည့်စုံဘူး။ တချို့ကျတော့ အကျိုးတရားရော အကြောင်းရော ပြည့်စုံပါရဲ့၊ နောက်ဆုံးဖြစ်တဲ့ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်တော်မူခြင်းဆိုတဲ့ ဒီဂုဏ်နဲ့ကျတော့ ပြည့်စုံခဲတယ်။

တကယ်လို့ ဒီဂုဏ်နဲ့ပါ ပြည့်စုံတယ်ဆိုရင်လည်း သူ့အတိုင်းအတာနဲ့သူပဲ။ ဘုရားရှင်လောက်တော့ စွမ်းဆောင်နိုင်ဖို့ မလွယ်ပါဘူး။ သို့သော် 'ဆင်မှာလည်း ဆင့်အထွာ' ဆိုသလို ကိုယ်လည်းပဲ ကိုယ့်အထွာနဲ့ကိုယ် ပြည့်စုံအောင် ကြိုးစားမှ တန်ဖိုးရှိတဲ့ လူသားဆိုတာ ဖြစ်ပါတယ်။

မရိုးသား

တချို့ကျတော့ စီးပွားဥစ္စာတွေ ပြည့်စုံလိုက်တာ သိပ်ပြီးတော့ချမ်းသာကြတယ်။ ဘာမှ လိုလေသေးမရှိဘူး။ ရုပ်အဆင်းနဲ့လည်း ပြည့်စုံတယ်။ သြဇာတိက္ကမနဲ့လည်း ပြည့်စုံတယ်။ ဒါကို အကျိုးတရားနဲ့ ပြည့်စုံတယ်လို့ ပြောတာ။ ဒီလို အကျိုးတရားနဲ့ ပြည့်စုံပေမဲ့လို့ အကြောင်းတရားက ရှာမတွေ့ဘူး။

အဲဒီလို ချမ်းသာနေတာဟာ ရှေးတုန်းက အမွေရခဲ့လို့ ဒါမျိုးလည်း မဟုတ်ဘူး။ လုပ်ငန်းကြောင့်ဆိုရင်လည်း လုပ်ငန်းက ပြစရာမရှိ။ ဝင်ငွေ ဘယ်လောက်ရှိတာ ဆိုပြီးတော့ ဒါမျိုးလည်း ပြစရာမရှိဘူး။ အဲဒီလို ဘာမှ ပြစရာမရှိဘဲနဲ့ ကြွယ်ဝချမ်းသာလာ

http://www.dhammadownload.com

ပြီဆိုရင် ဒီလိုပုဂ္ဂိုလ်မျိုးကို မရိုးသားတဲ့ ပုဂ္ဂိုလ်လို့ သူတော်ကောင်းတွေက သတ်မှတ်ပါတယ်။ ဒါမျိုးပုဂ္ဂိုလ်တွေလည်း လောကမှာ ရှိတတ်တယ်။

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကတော့ ဒါမျိုး မဟုတ်ဘူး။ အကျိုးတရားနဲ့ ပြည့်စုံသလို အကြောင်းတရားနဲ့လည်း ပြည့်စုံတယ်။

တစ်ခုခုချို့တဲ့

တချို့ကျတော့ အကြောင်းတရားနဲ့ ပြည့်စုံတယ်။ အကျိုးတရားနဲ့ မပြည့်စုံဘူး။ လုပ်ငန်းတော့ လုပ်လိုက်တာ အားနေတယ်လို့ကို မရှိဘူး။ အမြဲတမ်း ကြိုးစားပြီး ရုန်းကန်နေရတယ်။ ဒါပေမဲ့ သူ့ဘဝ တိုးတက်မှုကို တိုင်းတာလိုက်ရင် ဘာမှပြည့်စုံတယ်လို့ မရှိဘူး။ ဒီလိုပုဂ္ဂိုလ်တွေလည်း လောကမှာ အများကြီး ရှိတယ်။ ဒါမျိုးကျတော့ ကံ ဉာဏ် ဝီရိယ အကြောင်းတရား တစ်ခုခုချို့တဲ့နေတဲ့ ပုဂ္ဂိုလ်လို့ သုံးသပ်လို့ ရပါတယ်။

ဘုန်းကြီးတို့ ကိုးကွယ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်က ဒီအမျိုးအစားထဲ မပါဘူး။ အကြောင်းတရား အနေနဲ့ ပါရမီတွေ ဖြည့်ခဲ့တယ်။ အကျိုးတရားအနေနဲ့ ဘုရားအဖြစ်ကို ရောက်ပြီးတော့ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတယ်။

ကိုယ်ကျိုးသမား

တချို့ကျတော့ အကြောင်းတရားနဲ့လည်း ပြည့်စုံပါရဲ့၊ အကျိုးတရားနဲ့လည်း အထိုက်အလျောက်ပြည့်စုံပါရဲ့။ လုပ်ငန်း

http://www.dhammadownload.com

တွေ ကြိုးစားခဲ့တယ်၊ ကြွယ်ဝချမ်းသာတယ်။ အဲဒီလို အကြောင်းတရား အကျိုးတရားနဲ့ ပြည့်စုံပေမဲ့ နံပါတ်သုံးဖြစ်တဲ့ 'သတ္တူပကာရသမ္ပဒါ' ဆိုတဲ့ အများအကျိုးကို ဆောင်ရွက်ခြင်းတော့ မရှိဘူးတဲ့။

သူချမ်းသာလာတာဟာ ငါ့အတွက် ငါ့မိသားစုအတွက်၊ သူပညာတတ် ဘွဲ့ရလာတာဟာ ငါ့အတွက် ငါ့မိသားစုအတွက်၊ သူ့ရဲ့ ရာထူးအာဏာသည် ငါချမ်းသာဖို့ ငါ့မိသားစု ငါ့ဆွေမျိုးချမ်းသာဖို့ဆိုပြီးတော့ ကိုယ့်အဝန်းအဝိုင်း ကွက်ကွက်ကလေးအတွက်ပဲ ဖြစ်နေပါတယ်ဆိုတဲ့ ဒီလိုပုဂ္ဂိုလ်တွေလည်း လောကမှာ ရှိတယ်။ အကြောင်းနဲ့ပြည့်စုံတယ်၊ အကျိုးနဲ့ပြည့်စုံတယ်။ သို့သော် အမျိုးဘာသာ သာသနာအတွက် ဘာမှ ကောင်းကျိုးမဆောင်ရွက်ဘူး။ အမျိုးဘာသာ သာသနာ တိုးတက်ဖို့ ငါ့တာဝန်ရှိတယ်လို့ စိတ်ထဲမှာ မခံယူဘူး။

သူချမ်းသာသမျှသည် သူ့အတွက် သူ့မိသားစုအတွက် သူ့အသိုင်းအဝိုင်းလေးအတွက်ဆိုတဲ့ ခံယူချက်နဲ့ ရပ်တည်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေကိုတော့ သူတော်ကောင်းတွေက ကိုယ်ကျိုးသမားတွေ၊ အတ္တကြီးတဲ့ ပုဂ္ဂိုလ်တွေလို့ ဒီလိုပဲ သတ်မှတ်ကြပါတယ်။

မဟာလူသား

ဘုန်းကြီးတို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကတော့ ဒါမျိုးမဟုတ်ပါဘူး။ သတ္တဝါတွေရဲ့ ကောင်းကျိုးကို နေ့မနား ညမအား ပရိနိဗ္ဗာန်စံတော်မူခါနီးအထိ ဆောင်ရွက်တော်မူခဲ့တယ်တဲ့။ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ဟာ အကြောင်းတရားနဲ့ ပြည့်စုံတော်မူခြင်းဂုဏ်၊ အကျိုးတရားနဲ့ ပြည့်စုံတော်မူခြင်းဂုဏ်၊

http://www.dhammadownload.com

သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်တော်မူခြင်းဂုဏ်နဲ့ ပြည့်စုံတော်မူတယ်။ ဒါကြောင့် လူတွေ နတ်ဗြဟ္မာတွေက အနှိုင်းမဲ့ ကျေးဇူးရှင်ဆိုပြီးတော့ ယနေ့အချိန်အထိ မိမိတို့ရဲ့အိမ်မှာ ဘုရားစင်လေးတွေ ထားပြီးတော့ ရှိခိုးတယ်၊ ပူဇော်တယ်။ ဒါဟာ ပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံတော်မူခဲ့လို့ ရှိခိုးပူဇော်တာပါ။

နောက်ပြီးတော့ တစ်လောကလုံးမှာ အတူမရှိတဲ့ တန်ဖိုးဖြတ်လို့မရတဲ့ 'မဟာလူသားဗုဒ္ဓ'တဲ့။ ဒီလို သတ်မှတ်ကြတယ်။ လူသားတော့ လူသားပဲ။ ဒါပေမဲ့ အတူမရှိတဲ့လူသား၊ တန်ဖိုးဖြတ်လို့မရတဲ့လူသား။ အဲဒီလိုလူသား ဖြစ်ရတာကလည်း ပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံခဲ့လို့ပါ။

အချောင်ရခဲ့တာမဟုတ်

စဉ်းစားကြည့်ပေါ့။ တကယ်လို့ ဘုရားရှင်ဟာ ပါရမီဖြည့်တယ်။ နောက်ပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။ ဒီလောက်လေးနဲ့ ပရိနိဗ္ဗာန် စံသွားတယ်လို့ စိတ်ထဲမှာ မှန်းကြည့်လိုက်။ လူသားတွေရဲ့အကျိုး နတ်ဗြဟ္မာတွေရဲ့အကျိုး မဆောင်ရွက်ဘူး၊ သတ္တဝါတွေ ဆင်းရဲဒုက္ခရောက်နေတာကို တရားရအောင် မတိုက်ကျွေးဘူး၊ ကိုယ့်ဘာသာကိုယ် အေးအေးချမ်းချမ်းလေးပဲ သီတင်းသုံးပြီးတော့ ပရိနိဗ္ဗာန် စံသွားတယ်ဆိုရင် ဩော် ဂေါတမ ဘုရားရှင်ဆိုတာ ပွင့်ခဲ့တယ်၊ ပရိနိဗ္ဗာန်စံသွားတယ်။ သမိုင်းကြောင်းမှာ ဒီလောက်လေးပဲ ရှိပါလိမ့်မယ်။ တန်ဖိုးရှိတဲ့လူသား အနှိုင်းမဲ့ကျေးဇူးရှင်အဖြစ်တော့ ရောက်လာဖို့ မလွယ်ပါဘူး။

ဒါကြောင့် အနှိုင်းမဲ့ကျေးဇူးရှင် အတူမရှိတဲ့ တန်ဖိုးဖြတ်လို့မရတဲ့ မဟာလူသား ဗုဒ္ဓဖြစ်ခဲ့တယ် ဆိုတာ အဲဒီလို အကြောင်း

http://www.dhammadownload.com

အကျိုးနဲ့ ပြည့်စုံပြီးတဲ့နောက်မှာ အပူဇော်ခံပြီး အေးအေးချမ်းချမ်း မနေဘဲနဲ့ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ကိုယ့်အကျိုးလို သဘောထားပြီးတော့ နေ့မနား ညမအား ကြိုးစား ဆောင်ရွက်တော်မူခြင်း ဆိုတဲ့ တတိယပြည့်စုံခြင်းနဲ့လည်း ပြည့်စုံတော်မူလို့ပါ။ အဲဒီတော့ မိမိတို့လည်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ကြည့်ရမယ်။ အဲဒီလို ဆင်ခြင်တတ်ဖို့ ဘုရားရှင်ရဲ့ ပြည့်စုံခြင်းသုံးဖြာကို ပိုပြီးတော့ နားလည်အောင် ဘုန်းကြီးက နည်းနည်းထပ်ပြီးတော့ ပြောပြဦးမယ်။

အကြောင်းတရား

အကြောင်းတရားနဲ့ ပြည့်စုံတယ်ဆိုတာ ဘာလဲဆိုတော့ မေတ္တာ ကရုဏာကို အခြေခံပြီးတော့ ပါရမီတွေ ဖြည့်တော်မူခဲ့တာ။ အဲဒါ အကြောင်းတရားနဲ့ ပြည့်စုံတာပဲ။ ဒါနပါရမီတစ်ခုတည်းကိုပဲ ကြည့်လိုက်ပါ။ သုမေဓာရသေ့ဘဝကို နည်းနည်းလေး အာရုံယူကြည့်လိုက်။

သုမေဓာရသေ့ဘဝမှာ ရဟန္တာအဖြစ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတော့ ဒီပင်္ကရာဘုရားရှင်နဲ့အတူ နိဗ္ဗာန်ကို စံဝင်နိုင်တဲ့စွမ်းရည်တွေ ရှိပါတယ်။ ဒါပေမဲ့လို့ ငါလို အစွမ်းရှိတဲ့ ယောကျ်ားမြတ်တစ်ယောက်ဟာ တစ်ယောက်တည်း သံသရာက ကူးဖြတ်လို့ ဘာအကျိုး ရှိမှာလဲဆိုပြီးတော့ သတ္တဝါတွေအပေါ်မှာ မေတ္တာကရုဏာတရား ကြီးမားတယ်။ ချမ်းသာစေချင်တယ်။ အိုနာသေ ဆင်းရဲဒုက္ခတွေနဲ့ ရောပြွမ်းနေတာကို သနားတော်မူတယ်။ အဲဒီတော့ ကယ်တင်ချင်တယ်။

ဒီလို မေတ္တာ ကရုဏာတွေကြောင့် လက်တစ်ကမ်းမှာ ရောက်နေတဲ့ နိဗ္ဗာန်ကို စွန့်လွှတ်ပြီးတော့ ဘုရားဆုပန်ခဲ့တယ်။

http://www.dhammadownload.com

အဲဒီလို ဘုရားဆုပန်ခဲ့တာဟာ ဘုရားဖြစ်ချင်လို့ မော်ချင်လို့ ကြွားချင်လို့ မဟုတ်ပါဘူး။ မေတ္တာ ကရုဏာကို အခြေခံပြီးတော့ သတ္တဝါတွေကို ကယ်တင်မယ်ဆိုတဲ့ ဒီစိတ်ဓာတ်နဲ့ ဘုရားဖြစ်အောင် ကြိုးစားခဲ့တယ်။

အဲဒီတော့ ဒါနပါရမီလေးတစ်ခုကို ကြည့်ရင်ပဲ တချို့ဘဝတွေမှာ အသက်စွန့်ပြီးတော့ ဒါနတွေ ဖြည့်ဆည်းခဲ့တယ်။ တချို့ဘဝတွေကျတော့ ကိုယ်လက်အင်္ဂါ မျက်စိတွေ စွန့်လွှတ်ပြီးတော့ ပါရမီတွေ ဖြည့်ဆည်းခဲ့တယ်။ တချို့ဘဝတွေကျတော့ အင်မတန်ချစ်လှ မြတ်နိုးလှပါတယ်ဆိုတဲ့ သားသမီးတွေကို စွန့်လွှတ်ပြီးတော့ ပါရမီတွေဖြည့်ခဲ့တယ်။ ဒါကို ဝေဿန္တရာမင်းကြီးဘဝမှာတွေ့နိုင်တယ်။ ဒါတွေဟာ ဘာဖြစ်လို့လဲ။

ဘုရားဖြစ်ချင်ရုံသက်သက်လား ဆိုတော့ မဟုတ်ပါဘူး။ ဘုရားဖြစ်ပြီးတဲ့နောက်မှာ သတ္တဝါတွေကို ကယ်တင်ချင်လို့ ဆိုတဲ့ မေတ္တာ ကရုဏာ အခြေခံပြီးတော့ ပါရမီဆယ်ပါးကို ဖြည့်ခဲ့တာပါ။ အဲဒီလို ပါရမီဆယ်ပါး၊ အကျယ်အားဖြင့် သုံးဆယ်ကို ဖြည့်ကျင့်ခဲ့တာ မော်ချင်လို့ ကြွားချင်လို့ ဘုရားဖြစ်ချင်လို့ ဒါမျိုးစိတ်နဲ့ မဟုတ်ခဲ့ပါဘူး။

ဘုရားဖြစ်ပြီးတဲ့နောက်မှာ သတ္တဝါတွေကို သံသရာဆင်းရဲက ကယ်တင်ချင်လွန်းလို့ လမ်းမှန်ကို ရောက်စေချင်လွန်းလို့ မေတ္တာ ကရုဏာတရား ကြီးမားစွာနဲ့ ပါရမီတွေ ဖြည့်ခဲ့တာ။ ဒါဟာ အကြောင်းတရားနဲ့ ပြည့်စုံခြင်းပါပဲ။ ဒါလေးကို အထူးမှတ်ခဲ့ပေါ့။

http://www.dhammadownload.com

အကျိုးတရား

အဲဒီလို မေတ္တာ ကရုဏာစိတ်ကို အခြေခံပြီးတော့ ပါရမီဖြည့်ခဲ့တာ။ ဘုန်းကြီးတို့ ဘုရားရှင်ဟာ သိပ်ပြီးတော့ အားရစရာကောင်းပါတယ်။ အဲဒီလို အကြောင်းတရားနဲ့ ပြည့်စုံခဲ့တဲ့အတွက် သိဒ္ဓတ္ထမင်းသားဘဝကို ရောက်တဲ့အခါကျတော့ အကျိုးတရားအနေနဲ့ သိပ်ပြီးတော့ ပြည့်စုံခဲ့တယ်။ ဘုရားဖြစ်ခဲ့တဲ့ နောက်ဆုံးဘဝမှာ ဉာဏ်ဘက်က ကြည့်ရင်လည်း ဉာဏ်တော်က အနန္တ၊ သဗ္ဗညုတဉာဏ်တော်ကြီးကို ပိုင်ဆိုင်သွားတယ်။ မသိတာကို မရှိတော့ဘူး။ ဥယျဓမ်တရား ငါးပါးကို သိတယ်။

သဗ္ဗညုတဉာဏ်ရဲ့ အစွမ်းသုံးပါးနဲ့ ပြောမယ်ဆိုရင် သိစရာမှန်သမျှကို သိတယ်။ တရားဆင်နည်း အမျိုးမျိုးကိုလည်း သိတယ်။ သတ္တဝါတွေရဲ့ ကွန်ဒြေစရိုက် ဘာကိုကြိုက်သလဲ စသည်ဖြင့် ဒါတွေကိုလည်း သိတယ်။ ဒီဉာဏ်တော်နဲ့ပဲ ကြည့်ပြီးတော့ တရားဟောတော်မူခဲ့တယ်။ နောက်ပြီးတော့ ကိလေသာတွေ ကင်းစင်လိုက်တာ ဝါသနာအထုံတောင် မကျန်တော့ဘူး။ (ဘုန်းကြီးတို့ ပုထုဇဉ်တွေကတော့ သတိမကပ်ရင် မနက်မိုးလင်းတာနဲ့ ကိလေသာတွေက တန်းဖြစ်တာ။) ဒီလို ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတာ၊ ဝါသနာနဲ့တကွ ကိလေသာတွေ ကင်းရှင်းတော်မူတာတွေဟာ အကျိုးတရားနဲ့ ပြည့်စုံတော်မူတာ။

ဒီလိုအကျိုးတရားတွေနဲ့ ပြည့်စုံတော်မူတာဟာ အကြောင်းကောင်းခဲ့လို့ အကျိုးကောင်းတာ။ အချောင်ဖြစ်လာတာ မဟုတ်ပါဘူး။

ဘုရားရှင်ဟာ တန်ခိုးတော်အနန္တနဲ့လည်း ပြည့်စုံတော်မူ

http://www.dhammadownload.com

တယ်။ ဘုရားရှင်သာ တကယ်လို့ အလိုရှိတော်မူခဲ့ရင် မုန်ညင်းစေ့ထဲမှာ ပရိကမ္ဘရာရှစ်ပါးကို လွယ်ပြီးတော့ စက်လှေကားနိုင်တယ်တဲ့။ အဲဒီလို စက်ကြွနိုင်လောက်အောင်ကို တန်ခိုးတော်နဲ့ ဖန်ဆင်းနိုင်တယ်။ တကယ်လို့ ကြီးကြီးမားမား ဖန်ဆင်းချင်လို့ရှိရင်လည်း အင်မတန်မှ ကြီးမားတဲ့ ရာဟုအသူရိန်တို့ ခန္ဓာကိုယ်ကြီးတွေထက် ပိုပြီးတော့ ကြီးမားအောင်လည်း ဖန်ဆင်းနိုင်တယ်။

'စိတ်သွားတိုင်း ကိုယ်ပါ' ဆိုသလိုပဲ ကောင်းကင်ကို စွာန်ပျံကြွချင်တယ်ဆိုရင်လည်း စွာန်အဘိညာဉ်တွေနဲ့ ချက်ချင်း စိတ်နောက် ကိုယ်ပါတယ်ဆိုတဲ့ သဘောမျိုး ဒါမျိုးတွေကိုလည်းပဲ ဖန်ဆင်းနိုင်တဲ့ တန်ခိုးအာနုဘော်နဲ့ ပြည့်စုံတယ်တဲ့။ ဒါကြောင့် တန်ခိုးတော်ကလည်း အနန္တ။ ဒါဟာလည်း အကျိုးတရားနဲ့ ပြည့်စုံတာ။

နောက်ဆုံး 'ရူပကာယသမ္ပဒါ'။ ရုပ်အဆင်းနဲ့ပတ်သက်လို့ ရှိရင်လည်း သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးနဲ့ ပြည့်စုံတယ်။ လက်ချောင်းလေးတစ်ခုကို ကြည့်ရင်ကိုပဲ ရှည်ပြီးတော့ သွယ်တော်မူတယ်။ လက်မမှတစ်ပါး ကျန်တဲ့လက်တွေဟာ ညီညာတော်မူတယ်။

နောက်ပြီးတော့ အသားအရည်အားဖြင့်လည်း ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတော်မူတယ်။ အရုပ်အမောင်းအားဖြင့်လည်း ခန္ဓာကိုယ်ဟာ ဗြဟ္မာမင်းရဲ့ ခန္ဓာကိုယ်လို မားမားမတ်မတ် ထောင်ထောင်မောင်းမောင်း ရှိတော်မူတယ်။ အသားအရည်တော်ဟာလည်း အင်မတန်မှ နူးညံ့သိမ်မွေ့တော်မူတယ်။

အဲဒီလို စတဲ့ စကြဝတေးမင်းတို့ ဘုရားရှင်တို့သာ ရရှိနိုင်တဲ့

http://www.dhammadownload.com

လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်နဲ့ ပြည့်စုံတဲ့အတွက် အင်မတန်မှ ချောမော်လှပ်ဆိုတဲ့ ခေမာထေရီတို့ ဥပ္ပလဝဏ်ထေရီတို့ ဒီလို အမျိုးသမီးတွေကိုက သူတို့ထက် သာပါတယ်၊ သပ္ပာယ်လှပါတယ်လို့ ချီးကျူးလောက်အောင် ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ ရုပ်အဆင်းဟာ သပ္ပာယ်တော်မူပါတယ်။

အခုလို ဉာဏ်တော်အနန္တ ကြီးမားတော်မူတာ၊ ကိလေသာတွေကို ဝါသနာနဲ့တကွ ပယ်သတ်နိုင်တာ၊ နောက်ပြီး တန်ခိုးအာနုဘော်နဲ့ ပြည့်စုံတာ၊ ရုပ်အဆင်းအားဖြင့် အင်မတန်မှ သပ္ပာယ်တော်မူတာ၊ ဒါတွေဟာ အကျိုးတရားနဲ့ ပြည့်စုံတော်မူခြင်းတဲ့။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံးပါရမီဖြည့်ခဲ့လို့ အခုလို အကျိုးတရားတွေနဲ့ ပြည့်စုံခဲ့တာပါ။

အကျိုးပြုမှု

နောက်တစ်ခါ ပြန်ပြီးတော့ စဉ်းစားကြည့်။ လူတွေ နတ်တွေ ဗြဟ္မာတွေ သိပ်ပြီးတော့ ဘုရားရှင်ကို ကြည်ညိုလိုက်ကြတာ။ တကယ်လို့ ဘုရားရှင်က သတ္တဝါတွေရဲ့ ကောင်းကျိုးကို မဆောင်ရွက်ဘဲနဲ့ အေးအေးဆေးဆေး နေခဲ့မယ်၊ အပူဇော်ကိုပဲ ခံယူပြီးတော့ အများအကျိုးပြု လုပ်ငန်းတွေကို လုပ်တော်မမူခဲ့ဘူးဆိုရင် ယခု အချိန်အထိ ဘုန်းကြီးတို့ရဲ့စိတ်ထဲမှာ၊ အားလုံးသော ဒကာဒကာမတွေရဲ့ စိတ်ထဲမှာ အနှိုင်းမဲ့ကျေးဇူးရှင် ဆိုပြီး ဒီလောက် အထိ သိပ်ပြီးတော့ နှစ်နှစ်ကာကာ ကြည်ညိုမှု ဖြစ်မှာမဟုတ်ပါဘူး။

အခုတော့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ သဟမ္မတိဗြဟ္မာကြီးက သတ္တာဟ ခုနစ်လီ စံပြီးတဲ့နောက်မှာ တရားဟောဖို့ လျှောက်ထားတယ်။ အဲဒီအချိန်ကစလို့ တရားဦးဓမ္မစကြာက စပြီး ဟော

http://www.dhammadownload.com

တော်မူလိုက်တာ နောက်ဆုံး ပရိနိဗ္ဗာန်စံမယ့် နာရီပိုင်းအချိန်အထိ သုဘဒ္ဒပရိဗိုဇ်ကို တရားဟောပြီး ချေချွတ်ခဲ့တယ်။

အဲဒီလို သတ္တဝါတွေကို ချေချွတ်တဲ့အခါ လာဘ်လာဘတွေ ရမှ ဒါမျိုးစိတ် လုံးဝမရှိဘူး။ နာမည်ကြီးအောင်လို့ ဒါမျိုးစိတ်လည်း လုံးဝ မရှိဘဲနဲ့ သတ္တဝါတွေရဲ့ကောင်းကျိုးကို သန့်သန့်လေးလိုက်ပြီး တရားရေအေး တိုက်ကျွေးပြီးတော့ နိဗ္ဗာန်အထိ ရောက်စေခဲ့တယ်။ အပါယ်လေးပါးဆင်းရဲက လွတ်မြောက်စေခဲ့တယ်။

အင်္ဂုလိမာလ မထေရ်တစ်ပါးကိုပဲ ကြည့်လိုက်ပေါ့။ အင်္ဂုလိမာလ မထေရ်ဟာ မြတ်စွာဘုရားသာ အချိန်ကိုက် တရားဟောပြီး မကယ်တင်ခဲ့ရင် မိခင်ကို သတ်ပြီးတော့ အဝီစိငရဲကို ကျမှာပါ။ အခုတော့ ဘုရားရှင်က တရားရေအေး တိုက်ကျွေးပြီး ကယ်တင်လိုက်တဲ့အတွက် အဝီစိငရဲကျမယ့် အင်္ဂုလိမာလမထေရ်ဟာ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားတယ်။ ဒါမျိုးတွေ အများကြီးရှိပါတယ်။

အဲဒီတော့ မြတ်စွာဘုရားဟာ တကယ့်ကိုပဲ အပင်ပန်းခံပြီးတော့ ကိုယ်ကျိုးမငဲ့ဘဲ သတ္တဝါတွေ ကျွတ်တမ်းဝင်မယ်ဆိုရင် ဘယ်လောက်ပဲ ခရီးဝေးဝေး စျာန်အဘိညာဉ်နဲ့တစ်မျိုး ခြေလျင်တစ်မျိုး ကွပြီးတော့ အများအကျိုးကို ဆောင်ရွက်တော်မူခဲ့တယ်။

အင်္ဂုလိမာလမထေရ်ရဲ့ဘဝကို သုံးသပ်ကြည့်ရင် အင်မတန်မှကြောက်စရာကောင်းတယ်။ သို့သော် မြတ်စွာဘုရားရဲ့ ကောင်းကျိုးလိုလားတဲ့ စိတ်ကြောင့် အဝီစိငရဲကျမယ့်ဘေးကနေ လွတ်ပြီး ရဟန္တာအရှင်မြတ်ကြီးဖြစ်ပြီးတော့ နိဗ္ဗာန်အထိ စံဝင်တော်မူခဲ့တယ်။ ဒါဟာ မြတ်စွာဘုရား သတ္တဝါတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်တော်မူခဲ့ခြင်းထဲက နည်းနည်းလေးပဲ ရှိပါသေးတယ်။

http://www.dhammadownload.com

ရန်သူတွေအပေါ်တောင်မှ

နောက်ထပ် အရှင်ဒေဝဒတ်အပေါ်မှာ ထားရှိတော်မူခဲ့တဲ့ မြတ်စွာဘုရားရှင်ရဲ့ စိတ်ထားကို ကြည့်လိုက်။ ကိုယ့်အပေါ်မှာ ဒီလောက် သတ်မယ် ဖြတ်မယ် ဆိုပြီး အင်မတန်မှ ယုတ်မာရက်စက်ခဲ့တဲ့ အရှင်ဒေဝဒတ်အပေါ်မှာ မြတ်စွာဘုရားက သားတော်ရာဟုလာနဲ့မခြား မေတ္တာကရုဏာ ကြီးမားတော်မူခဲ့တယ်တဲ့။ ဒါလည်းပဲ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်တဲ့ နေရာမှာ ဘယ်သူနဲ့မှ မတူအောင် သဘောထား ကြီးတော်မူခဲ့တာပါ။

အရှင်ဒေဝဒတ်က သူ့အပေါ်မှာ ရန်လုပ်မယ် သတ်ဖြတ်မယ် ဆိုတာ မြတ်စွာဘုရား သိတော်မူခဲ့တယ်။ သိလျက်သားနဲ့ကို ရဟန်းပြုပေးခဲ့တာ။ ဘာဖြစ်လို့လဲ။ ရဟန်းဘဝရောက်ရင် မြေမျိုခါနီးမှာ မြတ်စွာဘုရားကို ဝန်ချတောင်းပန် ကန်တော့နိုင်တယ်။ အဲဒီလို ဝန်ချတောင်းပန် ကန်တော့လို့ရှိရင် ဘာအကျိုးရှိလဲ။

မြတ်စွာဘုရားကို ပြစ်မှားခဲ့တဲ့ အကုသိုလ်ကြောင့် အဝီစိငရဲကျပြီးတော့ နောင်တစ်ချိန်မှာ အဝီစိငရဲက လွတ်ပြီး ကမ္ဘာတစ်သိန်းကြာတဲ့အခါ ပါရမီတွေ ပြည့်ကာ အရှင်ဒေဝဒတ်ဟာ ပစ္စေကဗုဒ္ဓါဖြစ်မယ်လို့ မြင်တော်မူတယ်။ ဒါဟာ ဝန်ချတောင်းပန် ကန်တော့လိုက်တဲ့ အကျိုးကျေးဇူးပဲ။

တကယ်လို့ အရှင်ဒေဝဒတ်သာ လူဘဝနဲ့ နေခဲ့မယ်ဆိုရင် ဝန်ချတောင်းပန် ကန်တော့ဖြစ်အောင် အခွင့်သာဖို့ မလွယ်ဘူး။ ဒါဆိုရင် အဝီစိငရဲကျပြီးလည်း သံသရာကလွတ်လမ်း ဘဝအာမခံချက် ရှိမှာ မဟုတ်သေးဘူး။ အဲဒီလိုမျိုး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ ကိုယ့်အပေါ်မှာ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မယ့်

http://www.dhammadownload.com

အရှင်ဒေဝဒတ်ကိုတောင် သားတော်ရာဟုလာနဲ့မခြား မေတ္တာကရုဏာ ထားပြီးတော့ ရဟန်းပြုပေးခဲ့တယ်။ အဲဒီလို ရန်သူတွေအပေါ်မှာတောင်မှ မေတ္တာ ကရုဏာ ကြီးမားစွာနဲ့ သူတို့ရဲ့ ကောင်းကျိုးကို ဆောင်ရွက်တော်မူခဲ့ပါတယ်။

အကြောင်းရင်း

တချို့ကျတော့လည်း ကျွတ်ချိန်မတန်သေးရင် ဘုရားရှင်ကိုယ်တော်မြတ်က စောင့်ဆိုင်းတော်မူပြီး ကျွတ်ချိန်တန်တဲ့ အခါရောက်မှ ကိုယ်တော်တိုင် ကြွပြီးတော့ တရားရေအေး တိုက်ကျွေးတော်မူတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က ဒါမျိုးတွေလည်း ရှိခဲ့တယ်။ ဘုရားရှင်ရဲ့ မေတ္တာ ကရုဏာတော်ဟာ အင်မတန်မှ ကြီးမားတယ်။ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဒီလောက်အထိ ဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ အတူမရှိတဲ့ အင်မတန်မှ တန်ဖိုးဖြတ်လို့မရတဲ့ မဟာလူသား ဗုဒ္ဓဆိုတာ ဖြစ်ခဲ့တာပါ။ နောက်ပြီးတော့ ကျေးဇူးအရာမှာ နှိုင်းယှဉ်လို့မရတဲ့ အနှိုင်းမဲ့ ကျေးဇူးရှင်ဆိုပြီးတော့ ဒကာ ဒကာမတွေလည်း မိမိတို့အိမ်မှာ ဘုရားစင်လေးတွေနဲ့ ဘုရားရှင်ရဲ့ကိုယ်စား ရုပ်ပွားတော်လေးတွေ ပူဇော်တယ်။ ရုပ်ပွားတော် မပူဇော်နိုင်ရင်လည်း ရွှေတိဂုံ၊ မဟာမြတ်မုနိ၊ ကျိုက်ထီးရိုး စတဲ့ ပုံတော်တွေနဲ့ ပြက္ခဒိန်လေးတွေ၊ ပိုစတာလေးတွေကို မြင့်မြတ်တဲ့နေရာမှာ ချိတ်ထားတယ်။

ဘုန်းကြီးကျောင်းတွေမှာလည်း မြင့်မြတ်တဲ့နေရာမှာ ဘုရားရှင်ရဲ့ကိုယ်စား ရုပ်ပွားတော်တွေ ထားပြီးတော့ အမြဲတမ်း ရှိခိုးပူဇော်နေတယ်ဆိုတာ အဲဒီပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံခဲ့လို့။

http://www.dhammadownload.com

အဲဒီတော့ အနှိုင်းမဲ့ကျေးဇူးရှင် ဖြစ်ခဲ့တာဟာ ပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံအောင် ကြိုးစားခဲ့လို့ ဆိုတာ ပေါ်လွင်သွားပါပြီ။

အတုယူသင့်တာ မယူသင့်တာ

မိမိတို့လည်းပဲ ဘုရားရှင်ကို အတုလိုက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။ ဒီနေရာမှာ မေးစရာတော့ ရှိတာပေါ့။ တပည့်တော်တို့က ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို လိုက်ပြီးတော့ အတုယူ အားကျပြီးတော့ ကျင့်သုံးလို့ရှိရင် ငရဲမကြီးဘူးလား၊ တပည့်တော်တို့မှာ အပြစ်မရှိဘူးလားလို့ တချို့က ဒါမျိုးမေးတတ်ပါတယ်။ ဘုန်းကြီးကလည်း ယူသင့်တဲ့ အတုဆိုရင်တော့ အပြစ်မရှိပါဘူး။ မယူသင့်တဲ့ အတုတွေကို သွားယူရင်တော့ အပြစ်တွေ ကြီးမားပါတယ်လို့ ဒီလိုပဲ ပြောရပါမယ်။

ဒီသဘောကို ပိုပြီးရှင်းသွားအောင် ဘုန်းကြီးက တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ အဆုံးအမလေးနဲ့ ထပ်ပြီးတော့ ပြောပြဦးမယ်။ တောင်မြို့ ဆရာတော်ဘုရားကြီးက တစ်ဘဝသံသရာဆိုတဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးသားတော်မူခဲ့ပါတယ်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကလည်းပဲ အနှစ်ချုပ် ပြန်ရေးပြီးတော့ အင်္ဂလိပ်လိုပါ ဘာသာပြန်သွားခဲ့တယ်။

အဲဒီ တစ်ဘဝသံသရာ ဆိုတဲ့ ကျမ်းထဲမှာ ဆရာတော်ကြီးက ဘာဖြစ်လို့ သူကိုယ်တိုင် သူ့ရဲ့အတ္ထုပ္ပတ္တိကို ရေးသားခဲ့ရတာလဲ ဆိုတာနဲ့ စပ်ပြီးတော့ အမှာစာလေး ရေးထားတယ်။

ပုဂ္ဂိုလ်တစ်ယောက်က အခြားသော ပုဂ္ဂိုလ်တစ်ယောက်ရဲ့အတ္ထုပ္ပတ္တိကို ရေးသားတဲ့အခါမှာ ထင်ရှားတဲ့ ကြီးကျယ်တဲ့

http://www.dhammadownload.com

အကြောင်းအရာကိုပဲ ရေးသားနိုင်ပါတယ်တဲ့။ ဒီလို ထင်ရှားကျော်ကြားဖို့ရာအတွက် နေ့စဉ်ကြိုးစားရတဲ့ ဉာဏ် ဝီရိယ အားထည့်လုပ်ရတဲ့ မထင်မရှားအလုပ်တွေကိုတော့ ထင်ရှားအောင် ရေးသားဖို့ မလွယ်ပါဘူးတဲ့။ နောင်လာနောက်သားတွေ အားကျအတုယူရမှာက ကြီးကျယ်ထင်ရှားတာတွေ မဟုတ်ပါဘူးတဲ့။ အဲဒီလို ကြီးကျယ်ထင်ရှားဖို့ရာအတွက် နေ့စဉ်ကြိုးစား အားထုတ်ရတဲ့ မထင်ရှားတဲ့ ဉာဏ်ဝီရိယအလုပ်ကသာ နောင်လာနောက်သားတွေ အတွက် လမ်းညွှန်လည်းပဲဖြစ်တယ်၊ အတုယူ အားကျရမယ့်အရာလည်း ဖြစ်တယ်တဲ့။

အဲဒီတော့ သူပျံလွန်တော်မူသွားမှ အခြားသော ပုဂ္ဂိုလ်တစ်ယောက်က အမွှန်းတင်ပြီးတော့ ဘယ်လိုကြီးကျယ်ပါတယ်၊ ဘယ်လိုတော်ပါတယ်၊ ဒါမျိုးတွေ ရေးတာကို သူ မလိုလားပါဘူးတဲ့။ ဒါကြောင့် ဉာဏ် ဝီရိယနဲ့ နေ့စဉ် ဘယ်လိုဖြတ်သန်းခဲ့ရတယ်ဆိုတာကို နောင်လာနောက်သားတွေ အတုယူအားကျဖို့အတွက် သူကိုယ်တိုင်ပဲ သူ့ရဲ့အတ္ထုပ္ပတ္တိကို အကောင်းရော အဆိုးပါမချန် အကြောင်းအကျိုးနဲ့ ရေးသားခဲ့ပါတယ် ဆိုပြီးတော့ မှာတမ်းရေးသားခဲ့တယ်။ မှတ်ချက်လေး ရေးသွားခဲ့တယ်။

ဒါကိုထောက်ကြည့်ရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း အတုယူရမှာက နေ့စဉ်ဘဝမှာ ဘုရားရှင် ဘယ်လိုကျင့်တော်မူသွားသလဲ၊ ဘုရားရှင်က တန်ဖိုးရှိတဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်အောင်၊ တန်ဖိုးဖြတ်လို့မရတဲ့ မဟာလူသား ဗုဒ္ဓဖြစ်အောင် ဘယ်လိုကြိုးစားသွားခဲ့သလဲ၊ ဘာဖြစ်လို့ ဘုရားဖြစ်သွားခဲ့သလဲ၊ ဒီအကြောင်းတရားတွေကို ဖြစ်တယ်လို့ အဖြေထွက်သွားပါတယ်။

http://www.dhammadownload.com

ဘာတွေကိုတော့ အတုမယူရဘူးလဲ။ အရှင်ဒေဝဒတ်လိုပေါ့။ အရှင်ဒေဝဒတ်က ဘုရားရှင်ကို ကြည့်ပြီးတော့ ဘုရားရှင် ဘုန်းတော် ကြီးတော်မူတာ၊ ဘုရားဖြစ်တာ၊ ရှင်ဘုရင်တွေ ကိုးကွယ်တာ၊ အာဏာပိုင်တွေ ကိုးကွယ်တာ၊ လူတွေ နတ်တွေ ဗြဟ္မာတွေက ကိုးကွယ်တာကို သိပ်ပြီးအားကျတော့ သူကလည်း ဘုရားဖြစ်ချင် လာတယ်။ အဲဒီတော့ အဇာတသတ်မင်းနဲ့ပေါင်းပြီး မြတ်စွာဘုရားကို လုပ်ကြံသတ်ဖြတ်တယ်။ အရှင်ဒေဝဒတ်ကတော့ အဲဒီလို ဖြတ်လမ်းနည်းနဲ့ ဘုရားဖြစ်ဖို့ ကြိုးစားတယ်။

ဘုရားဖြစ်ချင်ရင် ဘုရားဖြစ်အောင် ပါရမီတွေကို ဘယ်လို ကြိုးစားပြီး ဖြည့်ကျင့်သင့်သလဲ၊ မေတ္တာ စေတနာတွေ ဘယ်လို ထားသင့်သလဲ၊ ဘယ်လိုကြိုးစားသင့်သလဲ၊ ဒါတွေဟာ အတုယူ ရမယ့် အချက်တွေပါ။ သို့သော် အရှင်ဒေဝဒတ်က ဖြတ်လမ်းနည်း နဲ့ ဘုရားဖြစ်အောင် လုပ်မယ်ဆိုပြီးတော့ အဇာတသတ်မင်းနဲ့ ပေါင်းပြီး နာဠာဂီရိဆင်နဲ့ တိုက်သတ်ဖို့ကြိုးစားတယ်။ ဂိဇ္ဈကူဋ်တောင်ပေါ်က ကျောက်မောင်းဆင်ပြီးတော့ ကျောက်တုံးနဲ့ လိုမ့်ချပြီး သတ်ဖြတ်ဖို့ ကြိုးစားတယ်။ လူသတ်သမားတွေကို လွှတ်ပြီး သတ်ဖြတ်ဖို့ ကြိုးစားတယ်။ အဲဒီတော့ အရှင်ဒေဝဒတ်ရဲ့ ဘုရား ဖြစ်အောင် ကြိုးစားမှုဟာ နည်းလမ်းမကျဘူးတဲ့။ ဒါဟာ အတုမယူသင့်တာကို အတုယူမိလို့။

အဲဒီတော့ အတုယူရမှာက တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသလိုပဲ နေ့စဉ် ဆည်းပူးအားထုတ်ရတဲ့ မထင်မရှားလုပ်ရတဲ့ ဉာဏ်ဝိရိယအလုပ်တွေပါ။ ဒါတွေနဲ့ ကြိုးစားအားထုတ်လို့ ကြီးပွားချမ်းသာရပါတယ်။ လူတစ်ယောက် ကြီးပွားချမ်းသာတယ်၊ ပညာတတ်ကြီးတွေဖြစ်တယ်။ ဒါကို အားကျလိုက်တာ၊

http://www.dhammadownload.com

သူ့လိုဖြစ်ချင်လိုက်တာ ဒီလောက်ကလေးနဲ့ သူ့ကို သွားပြီးတုလို့ မရဘူး။ ဒါကို အတုယူရမှာ မဟုတ်ပါဘူး။ သူ ဘယ်လိုနေထိုင်ခဲ့သလဲ၊ သူ ဘယ်လိုကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သလဲ။ ဒါတွေကို အတုယူရမှာ။

ချမ်းသာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် သူဘာဖြစ်လို့ ချမ်းသာနေသလဲ။ မဟုတ်တဲ့နည်းတွေနဲ့ ချမ်းသာနေတယ်ဆိုရင်တော့ ဒါကို လည်း သွားပြီး အတုမယူနဲ့ပေါ့။ တကယ့်ကိုပဲ ငယ်ငယ်ကတည်းက စီးပွားရေးကို ကြိုးစားပြီးရှာတယ်။ ရိုးသားမှုရှိတယ်။ အမျိုးဘာသာ သာသနာကို သိပ်ပြီးတော့ ကူညီချင်စိတ်ရှိတယ်။ ဒီလိုနည်းနဲ့ အမျိုးဘာသာ သာသနာအတွက် သူဟာ ကြိုးစားပြီး စီးပွားရှာခဲ့လို့ ဒီလို ချမ်းသာလာတာ။

ဒီလို ချမ်းသာလာတာနဲ့အမျှ အမျိုးဘာသာ သာသနာအတွက် တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ အမျိုးဘာသာ သာသနာအတွက် အားထားရတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တာဆိုပြီးတော့ သူ့လို အမြဲတမ်း ကြိုးစားရမယ်။ သူ့လို စိတ်ကောင်း စေတနာကောင်း ထားရမယ်။ ဒါမျိုးအကြောင်းတရားတွေကိုတော့ အတုယူသင့်တယ်တဲ့။ အရှင်ဒေဝဒတ်လို အကျိုးတရား သက်သက်မျှကိုတော့ အတုမယူသင့်ဘူးလို့ တောင်မြို့ မဟာဂန္ဓာရံ ဆရာတော်ကြီးက မိန့်ကြားခဲ့ပါတယ်။

မမွှာန်းတော်၊ ပယတ္တာန်းတော်

အတုယူပုံလေးတွေကို ဆက်ပြီးတော့ ပြောပြဦးမယ်။ အဲဒီလို အတုယူတာနဲ့ စပ်ပြီးတော့ တောင်မြို့ ဆရာတော်ကြီးက ဩဝါဒ ပေးခဲ့ဖူးတယ်။ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးထဲမှာ 'ဘဂဝါ'

http://www.dhammadownload.com

ဂုဏ်တော်ဆိုတာ တစ်ပါးပါတယ်။ မြန်မာလိုပြန်ရင်တော့ ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားတဲ့။ နမော ဘဂဝတော – ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပူဇော် ကန်တော့ပါတယ် ဆိုပြီးတော့ သီလယူတိုင်း နမော တဿ ဘုရားရှိခိုးကို ဒကာ ဒကာမတွေ အမြဲတမ်း ရှိခိုးပူဇော်နေကြတယ်။

အဲဒီဘဂဝါဂုဏ်တော်ကို အာရုံပြုပြီး ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်ပါတယ်ဆိုတာ ဘုရားကို ဘုန်းတော်တွေနဲ့ ပြည့်စုံတဲ့အတွက် ရှိခိုးတာ၊ ပူဇော်တာဖြစ်တယ်။ ဒီလို ကြည်ညိုပူဇော်ပြီးတော့ ဗုဒ္ဓါနုဿတိဘာဝနာ ပွားနေရဲ့ လောက်နဲ့ ရပ်မနေသင့်ဘူး။ ငါတို့လည်း ဘုန်းကံရှိအောင် ဘယ်လို ကြိုးစားသင့်သလဲ၊ မြတ်စွာဘုရား ဘုန်းတော်အနန္တနဲ့ ပြည့်စုံသလို ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံသလို ငါတို့လည်း ဘုန်းရှင် ကံရှင် အမျိုးသား အမျိုးသမီးဖြစ်အောင် ဘယ်လိုကြိုးစားသင့်သလဲ။ ဒါမျိုးလေးတွေအထိ အတုယူသင့်ပါတယ် ဆိုပြီး သြဝါဒပေးခဲ့ ဖူးတယ်။

တောင်မြို့ ဆရာတော်ကြီးရဲ့ သြဝါဒနဲ့အညီ ဘုန်းတော် ခြောက်ပါးထဲက နှစ်ပါးကို ပြောပြမယ်။ မိမိတို့လည်း ဘုန်းရှင် ကံရှင် ဖြစ်ချင်ကြတာပဲ။ အဲဒီတော့ မြတ်စွာဘုရားရဲ့ ဘုန်းတော် ခြောက်ပါးကို ရှိခိုးပူဇော်တဲ့အခါ ဘုရားရှင်ကို ကြည်ညိုအားကျ ပြီးတော့ ဘုရားရှင်ရဲ့ တပည့်သာဝကပီပီ ဘုရားရှင် လျှောက်လှမ်း သွားတော်မူတဲ့ လမ်းစဉ်ကို ကိုယ်လည်းပဲ တတ်နိုင်သမျှ ကြိုး စားပြီး လိုက်ရတာပဲ။ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ပေါ့။ ပြည့်စုံ အောင် လုပ်ဖို့တော့ မလွယ်ဘူးပေါ့။

http://www.dhammadownload.com

အဲဒီ ဘုန်းတော်ခြောက်ပါးထဲက ဓမ္မဘုန်းတော်နဲ့ ပယတ္တ ဘုန်းတော် ဒီ ဘုန်းတော်နှစ်ပါးကို ဘုန်းကြီး ပြောပြပေးမယ်။

ဓမ္မဘုန်းတော်ဆိုတာ ဘာလဲလို့မေးရင် "ကိလေသာရန် ပယ်ဖျက်လှန်ဖို့ နိဗ္ဗာန်ဖိုလ်မင် ကိုးချက်အပြား လောကုတ္တရာ တရားဟူသော ဓမ္မဘုန်းတော်"တဲ့။ ဘုရားရှင်ဟာ ဓမ္မဘုန်းတော် သခင်လို့ ဘာဖြစ်လို့ ဖြစ်တာလဲဆိုတော့ ကိလေသာတွေကို သတ်ဖြတ်နိုင်တဲ့ မင်္ဂလေးပါး၊ မင်္ဂလေးပါးရဲ့ အကျိုးတရားဖြစ်တဲ့ ဖိုလ်လေးပါး၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်တရား၊ အဲဒီ မင်္ဂလေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားနဲ့ ပြည့်စုံတော်မူတဲ့အတွက် မြတ်စွာဘုရားဟာ ဓမ္မဘုန်းတော်သခင် ဖြစ်သွားခဲ့တာ။

နောက်တစ်ခါ ပယတ္တဘုန်းတော်ဆိုတာ ကြိုးစားအားထုတ်ခြင်းတဲ့။ မြတ်စွာဘုရားဟာ ကြိုးစားအားထုတ်လို့ ပယတ္တ ဘုန်းတော်ကို ပိုင်ဆိုင်ခဲ့တာပါ။ ဘယ်သူ့အတွက် ကြိုးစားတာလဲ ဆိုတော့ "တစ်လောကလုံး ညွတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာ ကြိုးကုတ် အားထုတ်တော်မူသော ပယတ္တဘုန်းတော်"တဲ့။ တစ် လောကလုံးအတွက် ဘုရားရှင် ကိုယ်တော်မြတ်ဟာ ကြိုးစား အားထုတ်ခဲ့တယ်။

မြတ်စွာဘုရားဟာ ဘယ်ခရီးကိုပဲကြကြ ငါဘုရားအတွက် ဆိုပြီး ကြွတော်မူခဲ့တာ မဟုတ်ပါဘူး။ အားလုံးအတွက် ဦးတည် ထားတာ။ နောက်ဆုံး ဆွေတော်မျိုးတော်တွေ ပင့်တဲ့အတွက် ကပိ လဝတ်ကို ပြန်ကြွတော်မူတယ်။ ဆွေတော်မျိုးတော်တွေ ကုသိုလ် ရဖို့၊ ဆွေတော်မျိုးတော်တွေ ကျွတ်တမ်းဝင်ဖို့၊ အရှင်အာနန္ဒာ စတဲ့ သာကီဝင်မင်းသားတွေ ရဟန်းပြုပြီးတော့ အရဟတ္တဖိုလ် နိဗ္ဗာန်

http://www.dhammadownload.com

ရဖို့၊ အဲဒီလို ဆွေတော် မျိုးတော်တွေရှိတဲ့ ဇာတိရပ်ရွာကို ပြန်တာ တောင်မှ မြတ်စွာဘုရားက အားလုံးသော သတ္တဝါတွေရဲ့ ကောင်းကျိုးအတွက် ဆောင်ရွက်တော်မူခဲ့တယ်။

အဲဒီတော့ ဘုရားရှင်ဟာ ခရီးပဲသွားသွား တရားပဲဟောဟော ဘုရားရှင်ရဲ့ အားလုံးသော ဆောင်ရွက်တော်မူသမျှ ကြိုးစားတော်မူသမျှဟာ အားလုံးသော သတ္တဝါတွေရဲ့ ကောင်းကျိုးအတွက်ပါတဲ့။ ဒါကြောင့် ဘုရားရှင်ဟာ ပယတ္တ ဘုန်းတော်သခင် ဖြစ်သွားတယ်။

ဓာတ်ကူးပါ

ယနေ့ ဒကာ ဦးစိန်ဝင်း+ဒကာမ ဒေါ်နွဲ့နွဲ့ရင် မိသားစုနဲ့ ဓမ္မမိတ်ဆွေများ ဒီဘုန်းတော်နှစ်ခုကိုပဲ စဉ်းစားကြည့်လိုက်ပါ။ ဘုရားရှင်က မင်္ဂလေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားနဲ့ ပြည့်စုံတယ်။ ဒါကြောင့် ဓမ္မဘုန်းတော်သခင်။ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်တော်မူတယ်။ ကြိုးစားအားထုတ်တယ်။ ကြိုးစားအားထုတ်လို့ ပယတ္တဘုန်းတော်သခင် ဖြစ်တော်မူတယ်။

အဲဒီတော့ မိမိတို့လည်း မင်္ဂဖိုလ် နိဗ္ဗာန်ရဖို့အတွက် ကြိုးစားအားထုတ်နေတယ်ဆိုရင် ပယတ္တဘုန်းကံဆိုတာ မိမိတို့နှလုံးသားထဲမှာ ကိန်းအောင်းလာပါတယ်။ အဲဒီလို မင်္ဂဖိုလ်နိဗ္ဗာန်ရဖို့အတွက် ကြိုးစားနေတယ်ဆိုရင် ဓမ္မဘုန်းတော်အစစ်တွေကို မရသေးတောင်မှ ဓမ္မဘုန်းကံနဲ့ ပြည့်စုံအောင် ကြိုးစားနေတဲ့ အမျိုးသားအမျိုးသမီးဆိုတာ အထိုက်အလျောက် ဖြစ်သွားပါတယ်။

ဒါကြောင့် ဒါနပြုတဲ့အခါမှာလည်း မင်္ဂဖိုလ်နိဗ္ဗာန်ရဖို့အတွက်

http://www.dhammadownload.com

သံဃာတော်တွေ ချမ်းသာစေဖို့အတွက် အာရုံပြုထားလို့ရှိရင် ကိုယ့်နှလုံးသားထဲမှာ ဓမ္မဘုန်းကံတွေ ပယတ္တဘုန်းကံတွေ အထိုက်အလျောက် ပိုင်ဆိုင်သွားတယ်တဲ့။

မိမိတို့ ယနေ့ ပညာရေးပဒေသာပင်၊ ဆွမ်းပဒေသာပင်တွေ လှူတယ်။ မိမိတို့ရဲ့ ပစ္စည်းကို အသုံးပြုပြီး သံဃာတော် အရှင်မြတ်တွေဟာ ဘာလုပ်မလဲ တွေးကြည့်လိုက်။ စာသင်စာချလုပ်မယ်၊ ပညာရေးအတွက် ကြိုးစားမယ်၊ ပညာတတ်တွေဖြစ်ရင် ပြည်တွင်းပြည်ပမှာ စာသင်စာချ၊ တရားဟော၊ တရားပြ စတဲ့ သံဃာတော် အရှင်မြတ်တွေအဖြစ် တတ်နိုင်သမျှ သာသနာ ပြုကြမယ်။ ဒါဆိုရင် မိမိတို့မှာ ဝမ်းသာစရာ သိပ်ကောင်းတာပေါ့။

ကိုယ့်ရဲ့ကုသိုလ်ကို အကြောင်းပြုပြီး သံဃာတော်အရှင်မြတ်တွေ ချမ်းသာဖို့၊ မိမိတို့အတွက် ခန္ဓာဆင်းရဲက ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့ဆိုရင် ဒါတွေဟာ မိမိတို့အတွက် လောဘ ဒေါသ မဖြစ်ဘူး။ ငါချမ်းသာဖို့ ငါ့မိသားစု ချမ်းသာဖို့ နောက်ဘဝမှာ ဆင်းရဲမှာကြောက်လို့ ဒါမျိုးလှူတာ မဟုတ်ဘူး။ ငါကို ဗဟိုပြုတဲ့စိတ် မပါဘူး။

ဒီဘဝမှာ ဘယ်ဆရာတော်ကိုလှူရင် ငါ စီးပွားရေးတက်မယ်၊ ဘယ်ဆရာတော်က သိဒ္ဓိတင်ပေးရင် ငါတို့မှာ စီးပွားရေးတွေ ကောင်းတယ်ဆိုတဲ့ စိတ်မျိုးနဲ့ လှူတာ မဟုတ်ဘူး။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရချင်လို့၊ သံဃာတော်တွေကို ချမ်းသာစေချင်လို့၊ သာသနာတော်ကြီး ရေရှည်တည်တဲ့စေချင်လို့။ ဒီလိုမျိုး ကုသိုလ်စိတ် သန့်သန့်နဲ့ မဂ်ဖိုလ် နိဗ္ဗာန်ရဖို့အတွက် ကြိုးစားနေပြီ ဆိုရင် ဓမ္မဘုန်းတော်နဲ့ အထိုက်အလျောက် ပြည့်စုံသွားပြီ။ ပယတ္တဘုန်းတော်နဲ့

http://www.dhammadownload.com

အထိုက်အလျောက် ပြည့်စုံသွားပြီ။

တူပေမဲ့ မတူ

ဒီလိုမှ မဟုတ်ဘဲနဲ့ စောစောကပြောခဲ့သလို တချို့ပုဂ္ဂိုလ်တွေက လှူတော့လှူပါရဲ့။ ဘယ်ဆရာတော်က ရဟန္တာ၊ ဘယ်ဆရာတော်ကို လှူရင် ငါတို့ ဒီဘဝမှာ ဘာအကျိုးတွေပေးမှာ၊ ဘယ်ဆရာတော် သိဒ္ဓိတင်လိုက်ရင် စီးပွားရေးတက်သတဲ့။ ဒီဘဝမှာ မလှူခဲ့ရင် ငါတို့ သံသရာမှာ ဆင်းရဲမှာပေါ့။ ဒီလိုလှူမှ နောက်ဘဝ ဖြစ်ရာဘဝတိုင်းမှာ ချမ်းသာမှာပေါ့။

အဲဒီလို ငါချမ်းသာချင်တဲ့စိတ် ငါစီးပွားရေး တက်ချင်တဲ့စိတ်၊ ငါဆင်းရဲမှာကြောက်တဲ့စိတ်၊ စတဲ့ စိတ်တွေနဲ့ ငါငါဆိုတာကို ဗဟိုပြုပြီးတော့ လှူဒါန်းတယ်ဆိုရင်တော့ ဒါတွေဟာ လှူတော့ လှူပါရဲ့၊ ဒါပေမဲ့ သူ့ရဲ့ကြိုးစားမှုဟာ ပယတ္တဘုန်းကံထဲမှာ မပါဘူး။ ဓမ္မဘုန်းကံနဲ့ ပြည့်စုံတယ်လို့ မခေါ်ဘူး။

ဒါကြောင့် ဒါနပြုတာချင်းအတူတူ တချို့ကျတော့ ဓမ္မဘုန်းကံတို့ ပယတ္တဘုန်းကံတို့နဲ့ ပြည့်စုံနေကြတယ်။ တချို့ကျတော့ သူတို့အလှူဒါနအတွက် သိန်းပေါင်းမြောက်မြားစွာ ထောင်ချီရာချီကုန်ကျခံပြီးတော့ လှူပါရဲ့။ ဒါပေမဲ့ သူတို့ရဲ့လှူဒါန်းမှုဟာ ငါကို ဗဟိုပြုတဲ့စိတ်များနေပြီး မဂ်ဖိုလ်နိဗ္ဗာန်ရဖို့အတွက်လည်း မဟုတ်တော့ ဓမ္မဘုန်းကံနဲ့ ပြည့်စုံတယ်လို့ ပြောလို့မရပါဘူး။ ပယတ္တ ဘုန်းကံနဲ့ ပြည့်စုံတယ်လို့လည်း ပြောလို့မရပါဘူး။ ဒါကြောင့် ငွေကုန်တာချင်း တူပေမဲ့ ဘုန်းကံနဲ့ ပြည့်စုံတာချင်းတော့ မတူနိုင်ဘူး။

http://www.dhammadownload.com

ဆုမတောင်းလည်း

ဘုရားရှင်ဟာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ ပြည့်စုံတဲ့အတွက် ဓမ္မဘုန်းတော်သခင်၊ သတ္တဝါတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်တော်မူခြင်းကြောင့် ပယတ္တဘုန်းတော်သခင် ဖြစ်သလို ငါတို့လည်းပဲ သံဃာတော်အရှင်မြတ်တွေ ချမ်းသာဖို့၊ သာသနာတော်ကြီး ရှည်စေဖို့၊ တရားဟော တရားပြ စာချတဲ့ဘုန်းကြီးတွေ မွေးထုတ်နိုင်ဖို့၊ ဒါမျိုးစိတ်တွေနဲ့ ဒါနပြုတယ်။

ကိုယ့်အတွက်ကတော့ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ ဆိုတဲ့ စိတ်ထားနဲ့ပဲ လှူဒါန်းပြီဆိုရင် ဓမ္မဘုန်းကံ ပယတ္တဘုန်းကံနဲ့ တော်တော်ပြည့်စုံလာမှာပါ။ ဒါဆိုရင် ဘုန်းကံရှိတဲ့ အမျိုးသား အမျိုးသမီးဆိုတာ ဖြစ်သွားပါတယ်။ ရိုးရိုးသာမန် ဒါနပြုရုံ၊ သီလဆောက်တည်ရုံနဲ့ ဘုန်းကံနဲ့ ပြည့်စုံတယ်လို့ ပြောလို့ မရပါဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်ဟာ ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတဲ့အတွက် ဘဂဝါဘုန်းတော်သခင် ဘုန်းရှင်ကံရှင် မြတ်စွာဘုရားလို့ ကြော်ကြားခဲ့သလို မိမိတို့လည်း ဘုန်းကံနဲ့ပြည့်စုံအောင် အထိုက်အလျောက် ကြိုးစားနေလို့ရှိရင် ဘုန်းကံရှိတဲ့ အမျိုးသား အမျိုးသမီးဆိုတာ ဆုမတောင်းလည်း အမြဲတမ်း ပြည့်စုံနေတတ်ပါတယ်။ ဒါမျိုး အကြောင်းတရားတွေကိုတော့ အတုယူသင့်တယ်။

ပါဏာတိပါတာဝိရတီ

နောက်တစ်ချက် အတုယူသင့်တာနဲ့စပ်ပြီးတော့ အချိန်ရသလောက်လေး ပြောပြဦးမယ်။ လက္ခဏာတော်ကြီးဘုရားရှိခိုးဆိုတာ ရှိတယ်။ သုတ်ပါဠိဌေယျ သုတ်မဟာဝါ ပါဠိတော် အဋ္ဌ

http://www.dhammadownload.com

ကထာတွေမှာ လာတာတွေကို ရှေးဆရာတော်တွေက ရေးသားခဲ့တာ။ ရှေးဆရာတော်တွေ ရေးသားသွားခဲ့တာကို ဘုန်းကြီးတို့ရဲ့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း ရတနာဥဏ်ရည်ဆိုတဲ့ကျမ်းရဲ့ နောက်ပိုင်းမှာ ပြန်ပြီးတော့ ရေးသားခဲ့တယ်ပေါ့။

အဲဒီလက္ခဏာတော်ကြီးထဲက 'ပါဏာတိပါတဝိရတိ' 'သူတစ်ပါးအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့တဲ့အတွက် လက္ခဏာတော်ကြီးသုံးပါးနဲ့ ပြည့်စုံခဲ့ပုံလေးကို မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုတတ်အောင်၊ မြတ်စွာဘုရား ကျင့်သုံးသွားတဲ့ လမ်းစဉ်တွေကို အတုယူ အားကျတတ်အောင် နည်းနည်း ပြောပြပေးဦးမယ်။

ဘုရားရှင်ကိုယ်တော်မြတ်ဟာ စောစောက ပြောခဲ့သလို လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနဲ့ ပြည့်စုံတော်မူတယ်။ ဒီလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးဆိုတာ စကြဝတေးမင်းဖြစ်မယ့်ပုဂ္ဂိုလ်နဲ့ ဘုရားဖြစ်မယ့်ပုဂ္ဂိုလ် ဒီလိုပုဂ္ဂိုလ် နှစ်ယောက်သာလျှင် ပြည့်စုံတယ်တဲ့။ ကျန်တဲ့ပုဂ္ဂိုလ်တွေ မပြည့်စုံနိုင်ဘူး။ ရဟန္တာတွေတောင် မပြည့်စုံဘူးပေါ့။

ဘုရားရှင်ဟာ အာယတဒီဃပဏှိတာ– ခြေဖနောင့်တော်ရှည်လျားပြီးတော့ ဝိုင်းဝန်းတော်မူခြင်း ဆိုတဲ့ လက္ခဏာတော်နဲ့လည်း ပြည့်စုံတော်မူတယ်တဲ့။ ဘုရားရှင်ရဲ့ ခြေထောက်တော်ကို မှန်းကြည့်လို့ရှိရင် ခြေဖဝါးတော်ကို လေးပုံပုံလိုက်။ နောက်ဆုံးတစ်ပုံက ဖနောင့်တော်။ နောက်ဆုံးတစ်ပုံရဲ့ ရှေ့ကတစ်ပုံက ခြေသလုံးတော်ထွက်တဲ့နေရာ။ ရှေ့နှစ်ပုံက ခြေဖမိုးတော်ပေါ့။

ဘုန်းကြီးတို့ အများစု လူသားတွေရဲ့ ခြေဖနောင့်ကျတော့တိုတယ်။ ဘုရားရှင်ရဲ့ ခြေဖနောင့်တော်က ခြေဖဝါးကို လေးပုံပုံရင်

http://www.dhammadownload.com

တစ်ပုံစာ ခြေဖနောင့်တော်ဟာ ဝိုင်းဝန်းပြီးတော့ ရှည်လျားတော်မူတယ်တဲ့။ ဒါကလည်း သူများအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တဲ့အတွက် လက္ခဏာတော်တစ်ခု ရလာတာ။

နောက် ဒုတိယလက္ခဏာတော်က အာယတဂ်ုလိတာ၊ လက်ချောင်းတော်လေးတွေဟာ ရှည်လျားပြီးတော့ သွယ်လျတော်မူတယ်။ အရင်းတုတ်ပြီးတော့ အဖျားလေးတွေဟာ သွယ်တော်မူတယ်တဲ့။ နောက်ပြီးတော့ လက်ချောင်းလေးတွေဟာ ညီညာတော်မူတယ်။ လက်မမှတစ်ပါး ကျန်တဲ့လက်ချောင်းလေးတွေဟာ ညီမျှတော်မူတယ်တဲ့။ ဒါကလည်း ဘုရားရှင်ရဲ့ သူတစ်ပါးအသက်သတ်ခြင်းက ရှောင်ကြဉ်ခဲ့တဲ့အတွက် ဖြစ်ပေါ်လာတဲ့ အကျိုးတရားအနေနဲ့ ဖြစ်ပေါ်လာတဲ့ လက္ခဏာတော်ကြီးပါ။

တတိယလက္ခဏာတော်က 'ဇြဟ္မုဇုဂတ္တတာ'တဲ့။ ခန္ဓာကိုယ်ဟာ ဇြဟ္မာမင်းလို ဖြောင့်စင်းပြီးတော့ ထောင်ထောင်မောင်းမောင်း မားမားမတ်မတ် ရှိတော်မူခြင်း။ ဒါကလည်း သူတစ်ပါးအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့လို့ ရတော်မူတဲ့ လက္ခဏာတော်တစ်ပါးပါ။

ဒီလက္ခဏာတော်သုံးပါးဟာ သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့တဲ့အတွက် ရခဲ့တဲ့ လက္ခဏာတော်ကြီးသုံးပါး။ အကျိုးဆက်အဖြစ်နဲ့ကတော့ 'ဒီဃာယုကတာ' သက်တော်ရှည်တော်မူတယ်တဲ့။ ဒါက အကျိုးဆက်တစ်ပါးပေါ့။

ခြေဖဝါးတော်

အဲဒီတော့ ဘာဖြစ်လို့ ခြေဖဝါးတော် ရှည်လျားခဲ့သလဲ

http://www.dhammadownload.com

ဆိုတာကို သဘာဝလေးနဲ့ စဉ်းစားကြည့်ရအောင်။ ဘုန်းကြီးတို့ အများစုက သူများအသက်ကို သတ်တဲ့အခါမှာ ဘယ်လိုလုပ်သလဲ ဆိုတာ နည်းနည်းစဉ်းစားကြည့်လိုက်။

ဒီဘဝမှာတော့ အသိဉာဏ်ရှိတဲ့အတွက် ဒီအလုပ်ကို မလုပ်ပေမဲ့ အသိဉာဏ်ကင်းပြီး အပေါင်းအသင်း မှားခဲ့တဲ့ ဘဝတွေမှာ သူများအသက်ကိုသတ်ဖို့ သူများကိုလုပ်ကြံဖို့ သူများကို ညှဉ်းဆဲဖို့ စတဲ့ စိတ်ဆိုး စေတနာဆိုးတွေနဲ့ အသံမကြားအောင် ခြေဖဝါးလေးတွေ ထောက်ပြီးတော့ သွားခဲ့ပါလိမ့်မယ်။

ဒီလို ခြေဖျားထောက်ပြီးတော့ သတ်မယ် ဖြတ်မယ် ညှဉ်းဆဲမယ် ဆိုတဲ့ စိတ်တွေနဲ့ သွားခဲ့တဲ့အတွက် စိတ်စေတနာတွေဟာ ညှံဖျင်းဆိုးရွားလွန်းတော့ လူ့ဘဝရောက်တဲ့အခါမှာ ခြေထောက်တွေဟာ အပြင်ဘက် ခွင်နေတာတို့၊ အတွင်းဘက် ခွင်နေတာတို့၊ ခြေဖျားလေးတွေ ကောက်ပြီးတော့ ခွင်နေတာတို့၊ ခြေဖနောင့် ကောက်ပြီးတော့ ခွင်တာတို့၊ နောက်ပြီးတော့ ခြေဖဝါးမှာ အလယ်က ချိုင့်နေတာတို့ ဒါမျိုးတွေဟာ သူများအသက်ကို သတ်ဖို့ရာအတွက် စိတ်ဆိုး စေတနာဆိုးတွေနဲ့ သူများကို ညှဉ်းဆဲဖို့ရာ ခြေဖျားထောက်ပြီး သွားခဲ့တဲ့ အကျိုးတွေတဲ့။

ဘုရားရှင်ကတော့ ဘဝပေါင်း တော်တော်များများမှာ သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့တယ်။ စေတနာဆိုး စိတ်ထားဆိုးနဲ့ ခြေဖျားထောက်ပြီး မသွားခဲ့ဘူး။ ခြေဖျားထောက်သွားရင်တောင်မှ သူများကိုသတ်ဖို့ ညှဉ်းဆဲဖို့ ဒီလိုစိတ်နဲ့ မသွားခဲ့တဲ့ ဘဝတွေက တော်တော်များခဲ့တယ်။ တစ်ဘဝတလေတော့ ရှိကောင်းရှိခဲ့မယ်ပေါ့။ ဒါကြောင့် ဘုရားရှင်ရဲ့ ခြေဖနောင့်တော်က

http://www.dhammadownload.com

သူများနဲ့ မတူဘဲနဲ့ ရှည်လျားနေတယ်တဲ့။ ဒါက တစ်ချက်ပေါ့။

လက်ချောင်းတော်

နောက်တစ်ခါ မြတ်စွာဘုရားရဲ့ လက်ချောင်းတော်လေးတွေက အရင်းတုတ်ပြီး အဖျားလေးတွေက သွယ်တော်မူတယ်။ ရှည်လျားညီညာတော်မူတယ်။ အင်မတန် သပ္ပာယ်တော်မူတယ်။ ရုပ်ပွားတော်တွေရဲ့ လက်ချောင်းလေးတွေတောင် ဒီလောက် သပ္ပာယ်ရင် သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ လက်ချောင်းတော်လေးတွေဆိုရင် စဉ်းစားမနေနဲ့၊ အင်မတန်မှ ကြည်ညိုစရာ ကောင်းမယ်။ ဖူးလို့ မဝနိုင်အောင်ကို သပ္ပာယ်မှာ။

ဒါကိုလည်း သဘာဝလေးနဲ့ စဉ်းစားကြည့်လိုက်။ အများစုက သတ်မယ် ဖြတ်မယ် ဆိုပြီး တုတ်တွေ မားတွေ သေနတ်တွေကိုင်ရင် လက်တွေနဲ့ဆုပ်ပြီးတော့ ကိုင်ရတယ်။ အဲဒီလို လက်ဆုပ်လိုက်တဲ့အချိန်မှာ သတ်မယ် ဖြတ်မယ် ညှဉ်းဆဲမယ်ဆိုတဲ့ စိတ်ဆိုးစေတနာဆိုးတွေက ဖြစ်ဖြစ်သွားခဲ့ပါတယ်။

ဘုရားလောင်းကတော့ ဒီလိုမဟုတ်ဘူး။ တုတ်ကိုင်ချင်ကိုင်မယ်။ တောင်ဝှေးကိုင်ချင်ကိုင်မယ်။ သတ်ဖို့ ဖြတ်ဖို့ ဆိုတဲ့စိတ်နဲ့ ကိုင်ခဲ့တာမဟုတ်ဘူး။ မားတွေဘာတွေကို ထင်းခုတ်ဖို့ ဘာလုပ်ဖို့ ဒါမျိုးတော့ ကိုင်ချင်ကိုင်ခဲ့မယ်။ သူတစ်ပါးကို သတ်မယ် ဖြတ်မယ် ညှဉ်းဆဲမယ်ဆိုတဲ့စိတ်နဲ့ ကိုင်ခဲ့တဲ့ဘဝတွေဟာ တော်တော့်ကို နည်းပါးပါလိမ့်မယ်။

ဘုန်းကြီးတို့အများစုက ဘဝအဆက်ဆက်မှာရော ဒီဘဝမှာပါ ပြန်စဉ်းစားကြည့်ရင် ရိုက်မယ် နှက်မယ် ဆိုတဲ့စိတ်နဲ့ တုတ်ကိုင်ခဲ့

http://www.dhammadownload.com

တာတွေ၊ ဓားကိုင်ခဲ့တာတွေ တစ်ခါတစ်ရံ ရှိခဲ့မှာပဲ။ အဲဒီလို စိတ်ဆိုး စေတနာဆိုးတွေကြောင့် အကျိုးပေးတဲ့အခါ ဘုန်းကြီးတို့တွေရဲ့ လက်တွေဟာ သိပ်ပြီးတော့ လှလှပပ မရှိကြဘူး။ တချို့ဆိုရင် လက်ဆစ်လေးတွေ တိုနေတာတို့၊ လက်မောင်းတိုနေတာတို့၊ လက်ကလေးတွေ ပူးကပ်နေတာတို့ ခွင်နေတာတို့ ဖြစ်ကြရတယ်။ ဒါမျိုးဖြစ်တာတွေဟာ ရိုက်ချင်နှက်ချင်တဲ့ စေတနာဆိုး စိတ်ထားဆိုး တွေရဲ့ အကျိုးပါတဲ့။

ဘုရားရှင်ကတော့ အလောင်းတော်ဘဝကတည်းက ဒီလို စိတ်မာတ်ဆိုးနဲ့ တုတ် ဓားကိုင်ခဲ့တဲ့ ဘဝဟာ အင်မတန်မှ ရှားပါးခဲ့တဲ့အတွက် လက်တော်လေးတွေဟာ ရှည်ပြီးတော့ သွယ်နေပါတယ်တဲ့။

ထောင်ထောင်မောင်းမောင်းကိုယ်

နောက် ပါဏာတိပါတဝိရတီရဲ့ တတိယအကျိုးကတော့ 'ဗြဟ္မာဧကဂ္ဂတာ'တဲ့။ ဗြဟ္မာမင်းလို ဖြောင့်စင်းပြီးတော့ မားမားမတ်မတ် ထောင်ထောင်မောင်းမောင်းကိုယ် ရှိတော်မူတယ်တဲ့။ ဒါကိုလည်း သဘာဝလေးနဲ့ စဉ်းစားကြည့်လိုက်ပါ။

သူများကို လုပ်ကြံသတ်ဖြတ်မယ် ညှဉ်းဆဲမယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ခါးလေးတွေကို ကုန်းကွပြီးတော့ အသံမကြားအောင်၊ လူကို မမြင်အောင် သွားရတယ်။ ငယ်ငယ်က ငှက်ကလေးတွေကို ဘတ်ခွနဲ့ထုတာ မြင်ဖူးမှာပေါ့။ ကိုယ်တိုင်လည်း ဖြစ်ချင်ဖြစ်ခဲ့မှာပဲ။

အဲဒီလို စိတ်ဆိုး စေတနာဆိုးနဲ့ ခါးလေးတွေကို ကုန်းကွပြီး သွားခဲ့တော့ အကျိုးပေးတဲ့အခါမှာ ခါးကုန်းနေတာတို့၊ ခန္ဓာ

http://www.dhammadownload.com

ကိုယ်က ပုကွေနေတာတို့၊ မသန်မစွမ်းနဲ့ ဆွံ့အ,နေတာတို့ ဖြစ်တတ်ပါတယ် တဲ့။

ဘုရားလောင်းကတော့ လေးအသချေနဲ့ ကမ္ဘာတစ်သိန်းမှာ သူများကို သတ်ဖြတ်ဖို့ ခါးကုန်းပြီးတော့ သွားခဲ့တာတွေ၊ အသံမကြားအောင် သွားခဲ့တာတွေ သိပ်ပြီးတော့ နည်းပါးခဲ့တဲ့အတွက် ခန္ဓာကိုယ်ဟာ ဗြဟ္မာမင်းလို ဖြောင့်စင်းပြီးတော့ ထောင်ထောင်မောင်းမောင်းနဲ့ ရွှေတောင်ကြီးရပ်တည်နေသလို အင်မတန်မှကြည်ညိုစရာကောင်းပါတယ်တဲ့။

ဘုန်းကြီးတို့ဘုရားရှင်ဟာ ဘုရားအလောင်းတော်ဘဝတွေမှာ တိရစ္ဆာန် ဖြစ်ရင်တောင် ကြည့်လိုက်ပေါ့။ မျောက်မင်းဖြစ်ရင်လည်း သူများထက် ခန္ဓာကိုယ် ကြီးမားတယ်။ သူများထက် အင်အား ရှိတယ်။ နောက်ပြီးတော့ ဆင်ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့၊ နောက်ဆုံး ကျေးသားလေးတွေဖြစ်တော့လည်း သူများထက် အကောင်အထည် အင်အားကြီးမားတဲ့၊ ခွန်အားဗလနဲ့ ပြည့်စုံပြီး ခန္ဓာကိုယ် ဖွံ့ဖြိုးတဲ့ ကျေးသားဖြစ်ရတာဟာ သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့လို့တဲ့။ ဒါတွေဟာ သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တဲ့ အကျိုးတွေပါ။

သက်တော်ရှည်ခြင်း

အဲဒီတော့ ဒီလက္ခဏာတော်သုံးပါးဟာ ပါဏာတိပါတမှ ရှောင်ကြဉ်ခဲ့တဲ့အတွက် ရခဲ့တာ။ အကျိုးဆက်အနေနဲ့ကတော့ သက်တော်ရှည်ခြင်းဆိုတဲ့ အကျိုးဆက်ကို ရပါတယ်။ ဘုရားရှင်ဟာ သက်တော်ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံခဲ့တယ်။ ဘာဖြစ်လို့ သက်တော်ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံသလဲဆိုတော့ သက်တမ်းတစ်ရာ

http://www.dhammadownload.com

ပြည့်သည်အထိ နေတော်မူလိုရင် နေနိုင်ပါတယ်တဲ့။ သို့သော် ဘုရားရှင် ဟောမှ ကျွတ်တမ်းဝင်မယ့် သတ္တဝါတွေဟာ သက်တော် ရှစ်ဆယ်မှာ ပြည့်စုံသွားပြီတဲ့။ ဒါကြောင့် ဘုရားရှင်ဟာ သက်တော် ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံတာပါလို့ အဆိုရှိပါတယ်။

အဲဒီတော့ ဘုရားရှင်ကို ရှိခိုးပူဇော်ပြီဆိုရင် လက်တော်လေး ကို ရှိခိုးလိုက်တာနဲ့ ကြော် ငါတို့ ဆည်းကပ်ကိုးကွယ်တဲ့ ဘုရား ရှင်ဟာ အလောင်းတော်ဘဝကတည်းက သူများအသက်ကို သတ် ဖြတ်ခြင်းက ရှောင်ကြဉ်ခဲ့တဲ့အတွက် လက်ချောင်းတော်လေး တွေဟာ သွယ်လျပြီးတော့ သပ္ပာယ်နေပါလား။ ဘုရားရှင်ဟာ ဘုရားလောင်းဘဝကတည်းက ရှောင်ကြဉ်ခဲ့သလို ငါတို့လည်း သူများအသက်ကို ဘယ်တော့မှ မသတ်တော့ဘူးဆိုပြီး အတုယူ သင့်ပါတယ်လို့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက ရတနာ့ ဂုဏ်ရည် ကျမ်းစာမှာ ရေးသားခဲ့ပါတယ်။

အတုယူသင့်တာက လက်ချောင်းတော်လေးလို ဖြစ်ချင်လို့ မဟုတ်ဘူးနော်။ လက်ချောင်းတော်လေးကို ကြည့်ညိုလို့ ဘုရားရှင် ကျင့်ခဲ့သလို ငါတို့လည်း လိုက်ပြီးတော့ ကျင့်မယ်ဆိုပြီး အတုယူ ရမှာ။ ဒီလိုမှမဟုတ်ဘဲ ဘုရားရှင်ရဲ့လက်တော်လေးတွေဟာ သွယ်ပြီးတော့ သပ္ပာယ်တယ်။ ငါတို့လည်း လက်ကလေးတွေ လှအောင် ဘယ်လိုပြင်မယ်။ ဒါမျိုး သွားပြီးတော့ အတုယူတာ လွန်ကဲသွားပြီဆိုရင် စိတ်ဓာတ်တွေဟာ ပျက်ပြားသွားတတ် ပါတယ်။ အဲဒီတော့ အတုယူသင့်တာက အကြောင်းတရားတဲ့။ ဒီလို ဆရာတော်ကြီးက သြဝါဒလည်း ပေးခဲ့တယ်။ စာလည်းပဲ ရေး သားခဲ့တယ်။

http://www.dhammadownload.com

အင်္ဂါလေးရပ်

ဒီနေရာမှာ ဘုရားရှင်ဟာ အလောင်းတော်ဘဝတုန်းက သူများအသက်ကို သတ်ဖြတ်ခြင်းက ဘယ်လိုရှောင်ကြဉ်ခဲ့သလဲ ဆိုတာကို ကြည့်ညှိဖွယ်ရာအဖြစ်နဲ့ နည်းနည်းလေး ပြောပြဦးမယ်။ ဘုရားရှင်ဟာ သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်တော်မူတဲ့ အခါ အချက်လေးချက်နဲ့ ရှောင်ကြဉ်ခဲ့တယ်။ ဘယ်လိုလဲဆိုတော့–

'ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော အဟောသိ'။

ပါဏာတိပါတံ– သူများ အသက်သတ်ခြင်းကို၊ *ပဟာယ*– ပယ်စွန့်၍၊ *ပါဏာတိပါတာ*– သူများအသက်သတ်ခြင်းမှ၊ *ပဋိဝိရတော*– ရှောင်ကြဉ်တော်မူခဲ့သည်၊ *အဟောသိ*– ဖြစ်ပြီ။

နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏ ဘူတဟိတာနုကမ္ပီ ဝိဟာသိ။

နိဟိတဒဏ္ဍော– ချထားအပ်သော တုတ်လက်နက် ရှိတော်မူသည်၊ *နိဟိတသတ္ထော*– ချထားအပ်သော တုတ်မှတစ်ပါးသော ဓားစသော လက်နက်ရှိတော်မူသည်၊ *လဇ္ဇီ*– မကောင်းမှုမှ ရှက်ကြောက်ခြင်း ရှိတော်မူသည်၊ *ဒယာပန္နော*– မေတ္တာစိတ် ရှိသည်၏အဖြစ်သို့ ရောက်တော်မူသည်၊ *သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ*– ဖြစ်သော သက်ရှိသတ္တဝါ အားလုံးတို့ကို စီးပွားဖြင့် စောင့်ရှောက်တော်မူလေ့ရှိသည်၊ *ဟုတွာ*– ဖြစ်၍၊ *ဝိဟာသိ*– ကောင်းစွာမသွေ နေတော်မူခဲ့ပါပေသတည်း။

(သာဓု... သာဓု... သာဓု။)

http://www.dhammadownload.com

အဲဒီတော့ ဘုရားရှင်က သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့တဲ့နေရာမှာ –

၁။ ကိုယ်တိုင်လည်း မသတ်ဖြတ်ခဲ့ဘူး။
၂။ သူများသတ်ဖြတ်အောင်လည်း မတိုက်တွန်းခဲ့ဘူး။
၃။ ဒီလိုအလုပ်ကို လုပ်ချင်အောင် ဂုဏ်ကိုလည်း ပြောမပြခဲ့ဘူး။
၄။ ဒီအလုပ်ကို လုပ်ပြီးတော့ ကြီးပွားတိုးတက်နေတာကိုလည်း အားမကျခဲ့ဘူး။

မြတ်စွာဘုရားဟာ အဲဒီလို လေးမျိုးလေးစားနဲ့ သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့ပါတယ်တဲ့။ အဲဒီတော့ မိမိတို့လည်း ဒါလေးတွေကို နည်းမှီပြီးတော့ ကိုယ့်ရဲ့မျိုးဆက်ဖြစ်တဲ့ သားတွေ သမီးတွေ၊ တူတွေ တူမတွေ ဆွေမျိုးတွေကို မဟုတ်တာနဲ့ ကြီးပွားနေတဲ့ ပုဂ္ဂိုလ်မျိုး ကိုယ်တိုင်လည်း မဖြစ်အောင်၊ တိုက်လည်း မတိုက်တွန်းမိအောင်၊ အားကျအောင်လည်း ပြောမပြမိအောင်၊ နောက်ပြီး သူတို့ဖြစ်နေတာကို ကိုယ်က ဘေးကနေပြီး အားမကျမိအောင် ဒါမျိုးလေးတွေ ရှောင်ကြဉ်စေရမယ်။

ထူးမြတ်လေးတန်

"*လဇ္ဇီ*– မကောင်းမှုမှ ရှက်ကြောက်ခြင်းရှိတော်မူသည်၊ *ဒယာပန္နော*– မေတ္တာစိတ်ရှိသည်၏အဖြစ်သို့ ရောက်တော်မူသည်၊ *သဗ္ဗပါဏဘူတဟိတာနုကမ္ပီ*– ဖြစ်သော သက်ရှိသတ္တဝါတို့ကို စီးပွားဖြင့် စောင့်ရောက်တော်မူလေ့ရှိသည်၊ *ဟုတ္တာ*– ဖြစ်၍၊ *ဝိဟာသိ*– နေတော်မူခဲ့ပြီ"တဲ့။

http://www.dhammadownload.com

အဲဒီတော့ ထူးခြားချက်က ဘာလဲဆိုတော့ ဘုရားရှင်ဟာ သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်ခဲ့တဲ့နေရာမှာ စောစောက လေးမျိုးလေးစားနဲ့ ရှောင်ကြဉ်ခဲ့တဲ့အပြင် 'ဟိရိသြတ္တပ္ပ' မကောင်းမှုလုပ်ရမှာ ရှက်လို့ ကြောက်လို့လည်း ရှောင်ကြဉ်ခဲ့တာတဲ့။ နောက်ပြီးတော့ 'ဒယာပန္နဲ' မေတ္တာတရားကြီးမားလို့။ 'သဗ္ဗပါဏာဘူတဟိတာနုကမ္ပီ' ကရုဏာတရားကြီးမားလို့ကို ရှောင်ကြဉ်တော်မူခဲ့တာတဲ့။

အဲဒီတော့ တချို့က ငါတို့လည်း သူများအသက်ကို သတ်ခြင်းက ရှောင်ကြဉ်တာပဲ လို့ ပြောရင်ပြောမှာပေါ့။ ဒါပေမဲ့ ဘုရားအလောင်းနဲ့တော့ နှိုင်းယှဉ်ပြီး ပြောလို့မရပါဘူး။ သူများအသက်သတ်ခြင်းက ရှောင်ကြဉ်တာချင်း တူပေမဲ့လို့ ဘုရားလောင်းကတော့ ဒီအလုပ်ကို လုပ်ရမှာ ရှက်လွန်းလို့ ကြောက်လွန်းလို့ကို ရှောင်ကြဉ်တာ။ ကိုယ့်ကို လာရိုက်ရင် မကြိုက်သလို သူတို့လည်း ကြိုက်မှာ မဟုတ်ဘူးဆိုတဲ့ ကိုယ်ချင်းစာတရား မေတ္တာတရားနဲ့ ရှောင်ကြဉ်တယ်။ သူသေသွားရင် သူနဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေ ဒုက္ခရောက်မှာစိုးတဲ့ ကရုဏာတရားနဲ့ ရှောင်ကြဉ်တယ်။

အဲဒီတော့ ဘုရားအလောင်းက သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တာလေးတစ်ချက်ကိုပဲ အရှက်အကြောက်ရှိလို့ ရှောင်ကြဉ်ခဲ့တာ၊ မေတ္တာတရားကြီးမားလို့ ကရုဏာတရား ကြီးမားလို့ ရှောင်ကြဉ်ခဲ့တာတဲ့။ မိမိတို့လည်း ဘုရားအလောင်းတော်ရဲ့ ဒီဂုဏ်ကို အာရုံပြုပြီး မေတ္တာတရား ကရုဏာတရားတွေ ကြီးမားအောင် လေ့ကျင့်ပြီးတော့ သူ့အသက်သတ်ခြင်း စတဲ့ မကောင်းမှုကို အလိုလို ရှောင်ကြဉ်ဖြစ်အောင် ကြိုးစားကြရမယ်။

http://www.dhammadownload.com

ကိုယ့်ပမာဏနဲ့ကိုယ်

ဒါကြောင့် ဘုန်းကြီး စောစောကပြောခဲ့တာ။ ပြည့်စုံခြင်းသုံးပါးနဲ့ ပြည့်စုံတဲ့အတွက် ဘုရားရှင်ဟာ အနှိုင်းမဲ့ကျေးဇူးရှင် ဖြစ်ခဲ့သလို ငါတို့လည်း ငါတို့ပမာဏနဲ့ငါတို့ ပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံအောင် ကြိုးစားမယ်ဆိုပြီး အဲဒီလို ယူသင့်တဲ့အတုကို ယူတဲ့အတွက် အပြစ်မရှိပါဘူး။ မယူသင့်တဲ့ အတုတွေကို အရှင် ဒေဝဒတ်လို အတုယူမှားရင်တော့ အပြစ်ရှိတယ်လို့ ဒါမျိုး ပြောခဲ့ပါတယ်။

ဘုရားရှင်ဟာ တန်ဖိုးရှိတဲ့လူသားဖြစ်ခဲ့သလို မိမိတို့လည်း တန်ဖိုးရှိတဲ့လူသား ဖြစ်ချင်တယ်ဆိုရင် အကြောင်းတရား အကျိုးတရား နောက်ပြီးတော့ သတ္တဝါတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်တဲ့ ပရဟိတလုပ်ငန်းကို ဆောင်ရွက်ခြင်းနဲ့ ပြည့်စုံအောင်ပါ ကြိုးစားရမယ်တဲ့။ ဒါမှသာ တန်ဖိုးရှိတဲ့ လူသားတစ်ယောက် ဖြစ်လာမှာပါ။

သူငယ်ချင်းနှစ်ယောက်

အားလုံးပဲ စဉ်းစားကြည့်ပေါ့။ ငယ်ငယ်က သူငယ်ချင်းနှစ်ယောက်ရှိတယ်လို့ ဆိုပါစို့။ တစ်ဦးသောပုဂ္ဂိုလ်က အကြောင်းတရားနဲ့ ပြည့်စုံတယ်၊ အကျိုးတရားနဲ့ ပြည့်စုံတယ်၊ အကျိုးပြုမှုနဲ့ ပြည့်စုံတယ်။ ဒီတော့ တန်ဖိုးရှိတဲ့လူသား ဖြစ်သွားတယ်။ နောက်တစ်ယောက်ကျတော့ အကြောင်းတရားနဲ့ ပြည့်စုံတယ်၊ အကျိုးတရားနဲ့ ပြည့်စုံတယ်၊ ဒါပေမဲ့ အကျိုးပြုမှုမှာ ချို့တဲ့သွားတယ်။ ဒီတော့ တန်ဖိုးရှိတဲ့လူသား ဖြစ်မလာဘူး။ အဲဒီမှာ

http://www.dhammadownload.com

ကွဲပြားမှုလေးကို နည်းနည်းပြောပြပေးမယ်။

ဒီသူငယ်ချင်းနှစ်ယောက်မှာ ပထမတစ်ယောက်ကို သူ့ရဲ့ မိဘတွေက ဘယ်လိုဆုံးမသလဲဆိုတော့ ပညာကိုကြိုးစား၊ ဒါမှ ပညာတတ်ဖြစ်ပြီးတော့ ကိုယ့်ဘဝအတွက် အာမခံချက်ရမှာ။ နောင်တစ်ချိန်မှာ မဆင်းရဲဘဲနဲ့ ဘဝမှာ တင့်တောင်းတင့်တယ် အထက်တန်းကျကျ နေနိုင်မှာ ဆိုပြီးတော့ ဆုံးမတယ်။ ဒီတော့ ဒီကလေးဟာ ပညာကိုကြိုးစားတယ်။ ကြီးလာတဲ့အခါ ဆရာဝန်ဖြစ်တယ်။ အင်ဂျင်နီယာဖြစ်တယ်။ ရာထူးတွေ ရသွားတယ်။ ပစ္စည်းဥစ္စာ ချမ်းသာသွားတယ်။ အကြောင်းနဲ့ပြည့်စုံတယ်။ အကျိုးနဲ့ပြည့်စုံတယ်။ ဒီလောက်ကတော့ တူနေတယ်။

နောက်တစ်ယောက်ကျတော့ မိဘတွေက ဘယ်လို ဆုံးမသလဲဆိုတော့ ပညာကိုကြိုးစား၊ ပညာကို ကြိုးစားမှ ပညာတတ်ဖြစ်လာတဲ့အခါမှာ စီးပွားဥစ္စာနဲ့ အထိုက်အလျောက်ပြည့်စုံလာမှ အများအကျိုးကို ဆောင်ရွက်နိုင်မှာ။ ဆင်းရဲသူ ဆင်းရဲသားတွေကို ကူညီနိုင်မှာ။ မိဘကို ထောက်ပံ့နိုင်မှာ၊ ကိုယ့်အပေါ် ကျေးဇူးများတဲ့ သာသနာတော်ကြီးကို ထောက်ပံ့နိုင်မှာ။ ဒါကြောင့် ပညာကို တတ်အောင်သင်လို့ မိဘတွေက ဆုံးမတယ်။

အဲဒီတော့ ဒီကလေးက ပညာကို ကြိုးစားတဲ့အခါ "ဟုတ်တယ် ငါ ပညာတတ်မှ ဖြစ်မှာ။ ဒါမှ ငါ့မှာ အထိုက်အလျောက် ဝင်ငွေရှိမယ်။ ဝင်ငွေကောင်းပြီး ချမ်းသာလာမှ မိဘစတဲ့ ကျေးဇူးရှင်တွေကို ကျေးဇူးဆပ်နိုင်မယ်၊ ဆင်းရဲနေတဲ့ ပုဂ္ဂိုလ်တွေကို ထောက်ပံ့နိုင်မယ်၊ ကိုယ့်ကို အသိဉာဏ်ပေးနေတဲ့ သာသနာတော်ကြီးကို ထောက်ပံ့နိုင်မယ် စတဲ့ စိတ်ထားတွေနဲ့ ကြိုးစားတယ်။ ဒီနည်းနဲ့

http://www.dhammadownload.com

ကြိုးစားလိုက်တာ သူလည်း ဆရာဝန်ဖြစ်မယ်။ အင်ဂျင်နီယာ ဖြစ်မယ်။ အကြောင်းအကျိုးနဲ့ ပြည့်စုံတယ်။ ပထမတစ်ယောက် ကလည်း အကြောင်းအကျိုးနဲ့ ပြည့်စုံတယ်။

ဒီတော့ သူငယ်ချင်းနှစ်ယောက်လုံး အတူတူ ဆရာဝန် ဖြစ်တယ်။ အတူတူ အင်ဂျင်နီယာဖြစ်တယ်။ အတူတူ အရာရှိ ဖြစ်သွားကြတယ်လို့ ဆိုပါစို့။

အခြေခံစိတ်ထား

စိတ်ထားမှန်မှန်နဲ့ အကြောင်းတရား မဖြည့်ခဲ့တဲ့သူကျတော့ ဆရာဝန် အင်ဂျင်နီယာ အရာရှိ ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါ့အတွက် ရမှဆိုတဲ့စိတ်က ရှိနေပါတယ်။ ကိုယ့်အတွက်မရရင် လုပ်ကိုမလုပ် တတ်တဲ့ပုဂ္ဂိုလ် ဖြစ်သွားတယ်။ သာသနာအတွက်လည်း မကြည့်၊ ဆင်းရဲသူ ဆင်းရဲသားတွေရဲ့ အကျိုးကိုလည်း နားမလည်၊ ကိုယ့် အတွက် အမြတ်အစွန်းမရရင် မလုပ်တတ်တဲ့သူ ဖြစ်လာတယ်။

စိတ်ထားမှန်မှန်နဲ့ အကြောင်းတရားဖြည့်ခဲ့တဲ့ သူကတော့ ငါ့အတွက်ဆိုပြီး အတ္တမကြီးဘူး။ ဘုရားအလောင်း သုမေဓာရသေ့ ဘုရားဖြစ်ချင်တာဟာ သတ္တဝါတွေကို ကယ်တင်ချင်လို့ဆိုတဲ့ မေတ္တာ ကရုဏာကြီးစိုးပြီး ပါရမီတွေကို ဖြည့်ခဲ့တာ။ အဲဒီတော့ မိမိလည်း အများကောင်းကျိုးကို ဆောင်ရွက်မယ်၊ ဆင်းရဲနေသူ တွေကို ကူညီမယ်၊ သာသနာတော်ကြီးကို ထောက်ပံ့မယ်၊ ဒီလိုထောက်ပံ့နိုင်ဖို့အတွက် ပညာတတ်မှ ဖြစ်မှာဆိုတဲ့ စိတ်ထားနဲ့ ပညာသင်တယ်။

အကြောင်းတရားမှာ အခုလို မေတ္တာ ကရုဏာယှဉ်တဲ့ စိတ်နဲ့

http://www.dhammadownload.com

ပညာသင်ယူ ဖြည့်ဆည်းခဲ့တော့ အချိန်တန်လို့ နေရာတစ်ခုခု ရလာတဲ့အခါ အာဏာရရုံလည်း အာဏာကိုအကြောင်းပြုပြီးတော့ ကိုယ့်ရပ်ရွာ ကိုယ့်နိုင်ငံကို ချမ်းသာအောင် ဆောင်ရွက်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်သွားပါတယ်။ ဆရာဝန်ဖြစ်ရုံလည်း ဒီအတိုင်းပဲ။ စီးပွားရေး သမားဖြစ်လို့ ချမ်းသာရုံလည်း ဒီအတိုင်းပဲ။ ကိုယ့်ကိုအကြောင်း ပြုပြီး အမျိုးဘာသာ သာသနာကို တတ်နိုင်သမျှ မြှင့်တင်ပေးတယ်။ ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေကိုလည်း တတ်နိုင်သမျှ မြှင့်တင်ပေးတယ်။ အဲဒီတော့ တန်ဖိုးရှိတဲ့လူသား ဖြစ်သွားပါတယ်။

စောစောက အကြောင်းတရား မကောင်းခဲ့တဲ့သူကျတော့ ကိုယ်ချမ်းသာဖို့ပဲ။ ဒါမျိုးစိတ်ကလေးနဲ့ ကိုယ့်အတွက်ချည်းပဲ ကြည့်တတ်တယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ တန်ဖိုးရှိတဲ့လူသား မဖြစ်ဘူး။ ဒါကြောင့် အတုယူတဲ့အခါမှာ မေတ္တာ ကရုဏာယှဉ်ပြီးတော့ ဘုရားအလောင်း သုမေဓာရသေ့ ပါရမီဖြည့်ခဲ့သလို ကိုယ်လည်းပဲ ပညာကြိုးစားတယ်၊ စီးပွားရှာတယ်။ ဒါလေးတွေမှာ မေတ္တာ ကရုဏာ လိုအပ်ပါတယ်။ စီးပွားရှာရင်လည်း ငါ့အတွက်ပဲ ဆိုတဲ့ စိတ်မထားဘဲနဲ့ မြတ်စွန်းလာတာနဲ့ အားလုံးကို ကူညီမယ်၊ ဈေးဝယ် ဈေးရောင်းတဲ့သူတွေကိုလည်း တတ်နိုင်သမျှ မျှတအောင် လုပ်မယ်။ ဒီစိတ်ကလေးတွေ အခြေခံထားရင် တန်ဖိုးရှိတဲ့လူသား ဖြစ်နိုင်ပါတယ်။

အနော်ရထာမင်း

ဘုန်းကြီးတို့ အနော်ရထာမင်းအကြောင်းကို နည်းနည်းလေး ကြည့်လိုက်ပေါ့။ အနော်ရထာမင်းဟာ ရှင်ဘုရင်ဖြစ်အောင် ကြိုးစားခဲ့တယ်။ ပညာသင်ခဲ့တယ်။ စုက္ကတေးနဲ့ စီးချင်းထိုးပြီးတော့

http://www.dhammadownload.com

ရှင်ဘုရင်ဖြစ်ခဲ့တယ်။ အဲဒီတော့ အကြောင်းတရားက ရှင်ဘုရင်ဖြစ်အောင် ကြိုးစားခဲ့တယ်။ အကျိုးတရားက ရှင်ဘုရင်ဖြစ်တယ်။ စီးပွားဥစ္စာတွေနဲ့ ပြည့်စုံတယ်။ အခြံအရံပေါတယ်။ ရာထူးအာဏာကြီးတယ်။ အနော်ရထာမင်းသာ ဒီလောက်လေးနဲ့ နတ်ရွာစံသွားခဲ့မယ်ဆိုရင် သမိုင်းစာမျက်နှာမှာ တန်ဖိုးရှိတဲ့လူသားလို့ မသတ်မှတ်ပါဘူး။

အခုတော့ ဘာဖြစ်လဲဆိုတော့ ရှင်ဘုရင်ဖြစ်ပြီးတဲ့နောက် စည်းစိမ်တွေနဲ့ မယစ်မူးဘဲ သူ့ရဲ့ ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ပြီးတော့ ဆည်တွေတည်ဆောက်ခဲ့တယ်။ ဒီထက်သာတဲ့ တစ်ချက်က သာသနာတော်ကြီးကို သန့်ရှင်းအောင် အရှင်အရဟံနဲ့တိုင်ပင်ပြီးတော့ သထုံကနေ ပိဋကတ်သုံးပုံကို ပင့်ခဲ့တယ်။ စာချစာသင် သံဃာတော်တွေကို ပင့်ပြီးတော့ ကျောင်းဆောက်လှူတယ်။ ဘုရားတည်တယ်။ အဲဒီလို အနော်ရထာမင်းရဲ့ ကျေးဇူးကြောင့် အရည်းကြီးဝါဒတွေ ကျဆုံးပြီးတော့ ပန်းဦးဆက်တဲ့ အလေ့အထတွေ ပျောက်ဆုံးသွားတယ်။ အခုလို သန့်ရှင်းတဲ့ သာသနာတော်ကြီးကို ကိုးကွယ်နိုင်တာဟာ အနော်ရထာမင်းရဲ့ ကျေးဇူးလို့ ပြောရင်ရပါတယ်။

အနော်ရထာမင်းဟာ အဲဒီလို အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ခဲ့လို့ သမိုင်းစာမျက်နှာမှာ အနော်ရထာမင်းဆိုပြီးတော့ တန်ဖိုးရှိတဲ့လူသားတစ်ယောက်အဖြစ် မှတ်တမ်းတင်ခံခဲ့ရတာပါ။ တကယ်လို့ ရှင်ဘုရင်ဖြစ်ပြီးတဲ့နောက် စည်းစိမ်တွေယစ်မူးပြီးတော့သာ နတ်ရွာစံသွားခဲ့မယ်ဆိုရင် မြန်မာ့သမိုင်းစာမျက်နှာမှာ တန်ဖိုးရှိတဲ့ လူသားတစ်ယောက်အဖြစ်နဲ့ ရပ်တည်ဖို့ မလွယ်ပါဘူး။

http://www.dhammadownload.com

စွမ်းနိုင်သမျှ

အဲဒါကြောင့် ရှေးတုန်းက သူတော်ကောင်းတွေလည်း ဘုရားရှင်ရဲ့ ပြည့်စုံခြင်းသုံးဖြာကို အတုယူပြီးတော့ ကြိုးစားခဲ့တဲ့အတွက် တန်ဖိုးရှိတဲ့လူသားတွေ ဖြစ်သွားခဲ့ကြတယ်။

မိမိတို့လည်း တန်ဖိုးရှိတဲ့လူသား ဖြစ်ချင်ရင် အကြောင်းအကျိုး ပြည့်စုံရုံနဲ့ ရပ်တန့် မနေဘဲ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ရင်း ကိုယ့်နှလုံးသားမှာ ပါရမီတွေပြည့်အောင် ကြိုးစားနိုင်ရမယ်။ ဒါမှ တန်ဖိုးရှိတဲ့ လူသားတစ်ယောက် ဖြစ်သွားမယ်။ ဒီလို တန်ဖိုးရှိတဲ့ လူသားတစ်ယောက်ဖြစ်လာအောင် ကြိုးစားနိုင်ဖို့ "ပြည့်စုံခြင်းသုံးဖြာ"ဆိုတဲ့ ဒီတရားတော်ကို ဓမ္မဒါနအဖြစ် လက်ဆောင်ပေးပါတယ်။

ယနေ့ ဒကာ ဦးစိန်ဝင်း+ဒကာမ ဒေါ်နွဲ့နွဲ့ရီနဲ့ ဓမ္မမိတ်ဆွေများက ဒီတရားတော်ကို နာယူပြီးတော့ မိမိတို့လည်း ဘုရားရှင်ရဲ့ တပည့်သာဝကပီပီ ပြည့်စုံခြင်းသုံးဖြာနဲ့ ပြည့်စုံပြီး တန်ဖိုးရှိတဲ့ လူသားများ ဖြစ်အောင် စွမ်းနိုင်သမျှ ကြိုးစားနိုင်ကြပါစေ။ အဲဒီလို ကြိုးစားရင်းနဲ့ တန်ဖိုးရှိတဲ့လူသားများ ဖြစ်ကြပြီးတော့ ပါရမီတွေရင့်သန်ကာ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သာဓု... သာဓု... သာဓု။)

http://www.dhammadownload.com

စပါးပင်လား ပေါင်းမြက်လား

သာသနာတော်နှစ် ၂၅၅၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၅)ရက်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၊ ခရစ်နှစ် ၂၀၁၄-ခုနှစ်၊ အောက်တိုဘာလ ၈-ရက်၊ ဗုဒ္ဓဟူးနေ့၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာကျောင်းတိုက်သို့ လာရောက်ပြီးတော့ နှစ်စဉ်လိုပဲ ကုသိုလ်ကောင်းမှု ပြုကြတဲ့ ကုသိုလ်ရှင်များက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှာ နေထိုင်ကြတဲ့ ဒကာကြီး ဦးမောင်လှ+ဒါယိကာမကြီး ဒေါ်ကုတ်ဝါ၊ သမီး မခိုင်ခိုင်မွေး၊ သား ကိုတင်အောင်မိုး၊ သမီး ကိုဇော်မျိုးအောင်+မစီစီသန်း၊ မြေးများဖြစ်ကြတဲ့ မောင်ခန့်ထူးနိုင်၊ မချိုလင်း၊ "ဘောဂဝတီ" အထည်ဆိုင် မိသားစုများ ဖြစ်ပါတယ်။

ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကုတ်ဝါရဲ့ မွေးနေ့ကို အကြောင်း

http://www.dhammadownload.com

ပြုပြီး သံဃာတော် (၃၃၈)ပါးတို့အား အရက်အခါမှာ မုန့်ဟင်းခါး ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ နေ့လယ်အခါ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ညနေအခါ ဖျော်ရည် ဆေးပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း ဆိုတဲ့ ဒီကုသိုလ်များကို ပြုလုပ်ကြပါတယ်။ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ထပ်မံပြီးတော့ ကျင့်သုံးဆောက်တည်ကြတယ်။ သံဃာတော်အရှင်မြတ်တို့ ဟောကြားတော်မူတဲ့ မေတ္တာသုတ် အပါအဝင် ပရိတ်တရားတော်မြတ်ကိုလည်းပဲ ရိုရိုသေသေ လေးလေးစားစား နာယူကြတယ်။ ဒါယိကာမကြီး ဒေါ်ကုတ်ဝါရဲ့ မွေးနေ့ကို အကြောင်းပြုပြီး ဒါနကောင်းမှု သီလကောင်းမှု ဘာဝနာကောင်းမှုများ ပြုလုပ်ကြပါတယ်။

လိုက်နာကျင့်သုံးဖို့ရာ အနုမောဒနာတရားအဖြစ်နဲ့ ဒီနေ့ ဘုန်းကြီးက "စပါးပင်လား၊ ပေါင်းမြက်လား"ဆိုတဲ့ တရားကို ဟောပေးပါမယ်။

ဓမ္မပဒ၊ လယ်နဲ့မြက်

"စပါးပင်လား၊ ပေါင်းမြက်လား"ဆိုတဲ့ ဒီတရားက ဘုရား ရှင်ဟောခဲ့တဲ့ ဓမ္မပဒပါဠိတော်မှာလာတဲ့–

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသ ဒေါသာ အယံ ပဇာ။
တိဏဒေါသာနိ ခေတ္တာနိ၊ မောဟ ဒေါသာ အယံ ပဇာ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာ ဒေါသာ အယံ ပဇာ။

ဆိုတာလေးကို အခြေခံထားတာပါ။

http://www.dhammadownload.com

ဒါလေးက မြတ်စွာဘုရား ဟောတော်မူတဲ့ ဓမ္မပဒ ပါဠိတော်မှာပါတဲ့တရားပါ။ အဲဒီတရားကို ယူပြီးတော့ ဘုန်းကြီးက ယနေ့ "စပါးပင်လား၊ ပေါင်းမြက်လား" ဆိုတဲ့ ခေါင်းစီးနဲ့ ဟော ပေးမယ်။ နောက်ပြီးတော့ တည်တောဆရာတော်ကြီး ရေးခဲ့တဲ့ "လယ်နဲ့မြက်"ဆိုတဲ့ ဓမ္မဆောင်းပါးကိုလည်း အမှီပြုပြီးတော့ ဟောပေးမယ်။

ဒီတရားကို နာကြားပြီးတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး တော့ သုံးသပ်စိစစ်ရမယ်။ စပါးပင်ဆိုတာက လူသားကို အကျိုး ပြုတဲ့ အမျိုးအစား၊ လူသားတွေကို အာဟာရတော် ပြည့်ဝစေ ပြီးတော့ လူသားတွေကို အသက်ရှင်စေတယ်။ ကောင်းကျိုးတရား တွေကို ပြုနိုင်ဖို့ အထောက်အကူပေးတယ်။ နောက်ဆုံး နိဗ္ဗာန် ချမ်းသာ ရောက်ကြောင်းဖြစ်တဲ့ ပါရမီတွေကို ဆည်းပူးနိုင်ဖို့အထိ အကျိုးပြုနိုင်တယ်။

ဒါကြောင့် စပါးပင်ဟာ လူသားအကျိုးပြုတဲ့ သစ်ပင်အမျိုး အစားပေါ့။ ပေါင်းမြက်ပင်ကတော့ လူသားတွေကို အကျိုးပြုနေတဲ့ အဲဒီစပါးပင်တွေကို ဖျက်ဆီးတာတဲ့။ ဒီတော့ ပေါင်းမြက်ပင်ဟာ လူသားတွေကို အကျိုးမဲ့အောင်လုပ်တဲ့ အပင်မျိုးဖြစ်ပါတယ်။

စိစစ်တတ်ဖို့

လူသားတွေ အသက်ရှင်နိုင်အောင်၊ လူသားတွေ အလုပ်လုပ် နိုင်အောင်၊ နိဗ္ဗာန်ရောက်ကြောင်း ပါရမီတွေကို ဆည်းပူးနိုင်အောင် အထိ လူသားတွေကို အကျိုးပြုတာက စပါးပင်။ လူသားတွေကို အငတ်ဘေးဆိုက်သွားအောင်၊ ဒုက္ခဆင်းရဲမျိုးစုံ တွေ့သွားအောင် ဖြစ်စေနိုင်တာက ပေါင်းမြက်ပင်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် စပါးပင်

http://www.dhammadownload.com

လား၊ ပေါင်းမြက်လား တစ်နည်းအားဖြင့် စပါးလိုလူလား၊ ပေါင်းမြက်လိုလူလား စိစစ်ကြည့်ရမယ်။

စပါးပင်နဲ့တူတဲ့ လူသားဆိုတာ လောကကို အကျိုးပြုတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက် ရဟန်းတော်တစ်ပါးကို အကြောင်းပြုပြီးတော့ ဘာသာ သာသနာတိုးတက်သွားမယ်၊ စိတ်ချမ်းသာသွားမယ်၊ ကုသိုလ်တရားတွေ တိုးပွားသွားမယ်၊ ဒီလို အားလုံးကို အကျိုးပြုနိုင်တဲ့ အမျိုးသား အမျိုးသမီး ရဟန်းတော်ဟာ စပါးပင်နဲ့တူတဲ့သူလို့ ပြောရပါမယ်။

ဒီလိုမဟုတ်ဘဲနဲ့ ကိုယ့်ကိုအကြောင်းပြုပြီးတော့ အားလုံး စိတ်ဆင်းရဲကြတယ်၊ အားလုံးကို ဒုက္ခပေးဖို့ လူသားတစ်ယောက် ဖြစ်လာတယ်ဆိုရင် ဒီလူသားဟာ ပေါင်းမြက်နဲ့တူတဲ့သူတဲ့။ ဒီတော့ ငါဟာ စပါးပင်နဲ့ တူတဲ့သူလား၊ ပေါင်းမြက်နဲ့တူတဲ့သူလား ဆိုတာ စိစစ်တတ်ဖို့ ဘုန်းကြီးက ဒီတရားကို ဟောပေးတာပါ။

လယ်ခင်းများ

မိသားစုတွေဟာ လယ်ခင်းတွေနဲ့ တူပါတယ်တဲ့။ အဲဒီတော့ လယ်ခင်းတစ်ခင်း စိုက်ထားလို့ စပါးပင်တွေ အောင်မြင်ပြီဆိုရင် လူသားတွေကို အကျိုးပြုသလိုပဲ မိမိတို့ မိသားစုထဲက သားသမီး တစ်ယောက်ယောက်၊ တူ တူမတစ်ယောက်ယောက်ကို အကြောင်းပြုပြီး ဆင်းရဲသားတွေ ဆင်းရဲဒုက္ခကနေ သက်သာခွင့် ရပြီးတော့ ချမ်းသာသွားမယ်၊ အမျိုးဘာသာ သာသနာလည်း တိုးတက်သွားမယ်ဆိုရင် ဒီသားသမီးတွေ တူ တူမတွေဟာ စပါးပင်နဲ့တူတဲ့ ရတနာတွေလို့ ခေါ်ရပါတယ်။ ဒါကြောင့် မိသားစုတစ်စု ဆိုတာလည်း လယ်ခင်းတစ်ခင်းပဲတဲ့။

http://www.dhammadownload.com

အောင်မြင်တဲ့စပါးပင်တွေနဲ့ လယ်ခင်းဟာ လူသားတွေကို အကျိုးပြုသလို မိမိတို့မိသားစုဆိုတဲ့ လယ်ခင်းကို အကြောင်းပြုပြီးတော့လည်း ရပ်ရွာ လူမျိုး နိုင်ငံ ဘာသာ သာသနာ အားလုံးမှာ ကောင်းကျိုးအထွေထွေ ရသွားစေတယ်ဆိုရင် မိမိတို့မိသားစုဟာ အောင်မြင်တဲ့ စပါးခင်း လယ်ခင်းဖြစ်သွားပါတယ်။

မိသားစုတစ်စုဟာ လယ်ခင်းနဲ့တူသလို ဘုန်းကြီးတို့ စာသင်တိုက်တစ်တိုက်ဟာလည်း လယ်ခင်းနဲ့တူတာပဲ။ နည်းနည်းကြီးလာတဲ့ လယ်ခင်းပေါ့။ သံဃာ (၃၄၀)ရှိတဲ့ မြစကြာကျောင်းတိုက် တည်ထောင်ထားတာဟာ လယ်ခင်းခပ်ကြီးကြီးတစ်ခင်းကို စိုက်ပျိုးနေတာပါပဲ။ လယ်စိုက်တယ်၊ စပါးစိုက်တယ်ဆိုတာ လူသားတွေကို အကျိုးပြုဖို့ ဒီလိုသဘောနဲ့ စိုက်ရတာ။

ရိပ်သာတစ်ခု တည်ထောင်မယ်ဆိုရင်လည်း ဒါဟာ လယ်ခင်းတစ်ခုပဲ။ နိုင်ငံတစ်နိုင်ငံဆိုရင်လည်း လယ်ခင်းကြီးတစ်ခုပါပဲ။ အဲဒီတော့ ဒီနိုင်ငံထဲမှာနေတဲ့ လူသားတွေဟာ စပါးပင်အဖြစ်နဲ့ အောင်မြင်ပြီဆိုရင် ဒါဟာ အားလုံးချမ်းသာဖို့ဖြစ်ပါတယ်။

ဒီလိုမှမဟုတ်ဘဲနဲ့ မိမိတို့မိသားစုထဲက တစ်ယောက်ယောက်ကို အကြောင်းပြုပြီးတော့ ဘာသာ သာသနာ အရှက်တကွဲ အကျိုးနည်းဖြစ်သွားမယ်၊ ပြီးတော့ ဆင်းရဲသားတွေကို ဖိနှိပ်မယ်၊ ဆင်းရဲသားတွေကို ခုတုံးလုပ်ပြီးတော့ ကိုယ်ချမ်းသာအောင် လုပ်မယ်၊ ဒီလို ကိုယ့်မိသားစုကို အကြောင်းပြုပြီးတော့ ဆက်စပ်တဲ့ လူတွေ ဒုက္ခရောက်ကြမယ်ဆိုရင် ဒါဟာ ပေါင်းမြက်တွေနဲ့ တူပါတယ်။ စပါးခင်းထဲမှာ ပေါင်းမြက်တွေ ထလာရင် လူသားတွေ အငတ်ဘေး ကြုံရတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။ ဒီပေါင်းမြက်တွေ

http://www.dhammadownload.com

ထူလွန်းပြီးတော့ စပါးခင်းကြီး ပျက်စီးသွားရင် လူသားတွေ အငတ်ဘေးနဲ့ကြုံဖို့ ဆင်းရဲဒုက္ခရောက်ဖို့ ဖြစ်သွားပါမယ်။

ဒီတော့ ကိုယ်ကိုယ်တိုင်ကနေစပြီးတော့ ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်ကို စပါးပင်တွေနဲ့ တူအောင် ကျင့်စေချင်လို့၊ ပေါင်းမြက်နဲ့တူတဲ့သူတွေ မဖြစ်စေချင်လို့ "စပါးပင်လား၊ ပေါင်းမြက်လား"ဆိုတဲ့ ဒီတရားကို ဟောပေးတာပါ။

လယ်သမားများ

ဘုရားရှင်ကိုယ်တော်မြတ်က

တိဏဒေါသာနိ ခေတ္တာနိ။

ခေတ္တာနိ– လယ်တို့သည်၊ **တိဏဒေါသာနိ**– ပေါင်းမြက်ဟူသောအပြစ် ရှိကြကုန်၏။ ပေါင်းမြက်တို့ကြောင့် ပျက်စီးနိုင်ပါပေကုန်၏။ ဒါလေးကို ဘုန်းကြီး သံပေါက်ကဗျာလေး စီထားတယ်။ အားလုံး လက်အုပ်ချီပြီးတော့ လိုက်ဆိုလိုက်ကြ။

လယ်သမားများ သတိထား ကြိုးစားရေသွင်းပါ။
ပေါင်းမြက်ကင်းရေး လယ်အောင်ရေး မနှေးလုပ်ဆောင်ရာ။
ရေမသွင်းက ပေါင်းမြက်ထ မုချလယ်ပျက်မှာ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီးတော့ တည်ဆောက်ထားတဲ့နိုင်ငံဖြစ်တယ်။ ကျေးလက်မှာနေတဲ့လူဦးရေနဲ့ မြို့ပြမှာနေတဲ့လူဦးရေမှာ ကျေးလက်မှာနေတဲ့ လူဦးရေက ပိုများတယ်။ အဲဒီလို စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တော့ ဧရာဝတီတိုင်းတို့ စစ်ကိုင်းတိုင်းတို့ကို မြန်မာနိုင်ငံရဲ့ စပါးကျီတွေ

http://www.dhammadownload.com

လို့ ခေါ်ကြတယ်။

စပါးစိုက်လယ်လုပ်တဲ့ လယ်သမားတွေဟာ သတိထားပြီးတော့ ရေသွင်းပေးရတယ်။ လယ်ခင်းရဲ့သဘောက လယ်သမား သတိမေ့ပြီးတော့ဖြစ်ဖြစ် သတိမထားမိလို့ပဲဖြစ်ဖြစ် ရေမသွင်းဘဲ ပစ်ထားလိုက်ရင် ပေါင်းမြက်တွေ ထလာတတ်တယ်။ ငါလယ်က စပါးပင်တွေဟာ ရှင်သန်ပြီးတော့ အောင်မြင်နေတာပဲလို့ တွေးပြီး ရေပြတ်သွားတဲ့အချိန်မှာ ရေမသွင်းမိဘူးဆိုရင် အဲဒီစပါးပင်တွေနဲ့ မျိုးရင်းချင်းတူတဲ့ ပေါင်းမြက်တွေ ထလာတော့တာပဲ။ လယ်ခင်းမှာ ရေမရှိဘူး၊ ရေခန်းသွားပြီဆိုရင် ပေါင်းမြက်တွေဟာ ထလွယ်တယ်။ ရေရှိနေရင် ပေါင်းမြက် မပေါက်ဘူး။ ဒီလိုသဘောလေးတွေ ရှိပါတယ်။

အဲဒီတော့ လယ်သမားဟာ စပါးနဲ့ မရင့်မချင်း လယ်ထဲ ရေသွင်းပေးရတယ်။ ရေအပြတ်ခံလို့ မဖြစ်ဘူး။ ရေမရှိတော့တာနဲ့ တပြိုင်နက် အဲဒီစပါးခင်းမှာ စပါးပင်နဲ့ မျိုးရင်းချင်းတူတဲ့ ပေါင်းမြက်တွေ ထပြီးတော့ စပါးခင်းဟာ ပျက်စီးသွားတော့တာပဲ။ စပါးခင်း ပျက်စီးသွားရင် လူသားတွေရဲ့ အာဟာရအတွက် အင်မတန်မှ ဒုက္ခရောက်ကြရတယ်။ အငတ်ဘေးကြီး ဆိုက်သွားနိုင်တယ်။ စပါးပင်နဲ့ ပေါင်းမြက်ပင်ဟာ မျိုးရင်းချင်း တူတော့ တစ်ခါတစ်ရံ မကျွမ်းကျင်တဲ့ လယ်သမားဆိုရင် ဒါဟာ စပါးပင်လား ပေါင်းမြက်လား ခွဲခြားရတာ သိပ်ပြီးခက်တယ်တဲ့။

ကောင်းပြီ။ လယ်သမားတစ်ယောက်ဟာ ကိုယ့်စပါးခင်း ကိုယ့်လယ်ခင်း ပေါင်းမြက်မထစေချင်ဘူး ဆိုရင် စပါးနဲ့တွေ မရင့်မချင်း မအောင်မြင်မချင်း မရိတ်သိမ်းမချင်း ရေသွင်းပေး

http://www.dhammadownload.com

နေရပါတယ်။ ရေသွင်းပေးရင် ပေါင်းမြက်မထတော့ဘူးပေါ့။

ဒါတွေကို လယ်သမားတွေ သတိထားရမယ်။ ပေါင်းမြက်နဲ့ စပါးပင်ဟာ မျိုးရင်းချင်းတူတယ်။ မကျွမ်းကျင်ရင် ခွဲခြားရတာ သိပ်ပြီးတော့ ခက်ခဲတယ်။ ဒါပေမဲ့ ပကတိလယ်မှာက စပါးပင်နဲ့ ပေါင်းမြက်ပင်ဟာ တခြားစီဆိုတော့ ခွဲရ လွယ်သေးတယ်။ စပါးပင်ကနေ ပေါင်းမြက်၊ ပေါင်းမြက်ကနေ စပါးပင် ဖြစ်မသွားပါဘူး။ စပါးခင်းထဲမှာ မျိုးရင်းချင်း တူတဲ့ ပေါင်းမြက်တွေ ထလာရင်သာ စပါးပင်တွေဟာ ပျက်စီးသွားတာ။

ဒီလိုပါပဲ၊ လူသားတွေမှာလည်း ခေါင်းဆောင်ပိုင်းက လယ်သမားတွေနဲ့တူတယ်။ မိသားစုတစ်စုဟာ လယ်ခင်းအသေးလေးနဲ့တူတယ်။ အဖွဲ့အစည်းတစ်ခု ကုမ္ပဏီတစ်ခုကလည်း လယ်ခင်းလေးနဲ့တူတယ်။ သံဃာတော်တွေနေတဲ့ ကျောင်းတိုက် စာသင်တိုက်၊ သီလရှင် ဆရာကြီးဆရာလေးတွေနေတဲ့ စာသင်တိုက်၊ ကမ္မဋ္ဌာန်းရိပ်သာ ဒါတွေဟာ နည်းနည်းကြီးမားလာတဲ့ လယ်ကွက်နဲ့တူတယ်။ နိုင်ငံတစ်နိုင်ငံကတော့ လယ်ကွက်ကြီးနဲ့ တူတာပေါ့။

အဲဒီတော့ လယ်သမားနဲ့တူတဲ့ ခေါင်းဆောင်တွေက လယ်ကွက်နဲ့တူတဲ့ မိမိတို့ အဖွဲ့အစည်းကို အောင်မြင်ချင်တယ်ဆိုရင် စပါးခင်းမှာ ပေါင်းမြက်မထဖို့ အရေးကြီးသလို မိမိတို့ အဖွဲ့အစည်းမှာလည်း စပါးပင်လိုလူတွေကြားမှာ ပေါင်းမြက်လိုလူတွေ များမလာဖို့ အရေးကြီးပါတယ်။ စပါးပင်လိုလူတွေကနေ ပေါင်းမြက်လိုလူတွေအဖြစ် ပြောင်းလဲသွားတယ်ဆိုရင် လောကအကျိုး ဖျက်ဆီးနိုင်တယ်။ အမျိုးဘာသာ သာသနာအတွက် အနှောင့်အယှက်ပေးနိုင်တယ်။

http://www.dhammadownload.com

ရေနှစ်မျိုး

ပကတိလယ်မှာက စပါးပင်နဲ့ ပေါင်းမြက်ပင်ဟာ တခြားစီပေမဲ့ လူသားတွေမှာတော့ စပါးပင်နဲ့ ပေါင်းမြက် တခြားစီလို့ မဆိုနိုင်ဘူး။ လူတစ်ယောက်တည်းကိုပဲ သူ့အပေါ်မှာ မူတည်ပြီး စပါးပင်လိုလူ ဖြစ်နိုင်သလို ပေါင်းမြက်လိုလူလည်း ဖြစ်နိုင်တယ်။ စိတ်ကောင်းစေတနာကောင်းလေးတွေရှိပြီး စပါးပင်လိုလူ ဖြစ်သွားရင် ပတ်ဝန်းကျင်ကို အကျိုးပြုတယ်။ အမျိုးဘာသာသာသနာကို အကျိုးပြုတယ်။

ဒီလိုမဟုတ်ဘဲနဲ့ လူသားတစ်ယောက်ဟာ ပေါင်းမြက်နဲ့တူတဲ့ လောဘဒေါသတွေ ဖိစီးလာပြီ။ ဣဿာ မစ္ဆရိယတွေ ဖိစီးလာပြီ။ နှမြောဝန်တိုမှုတွေ ဖိစီးလာပြီ။ ဒါဆိုရင် လူသားတစ်ယောက် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲ ပညာတတ်တတ်၊ ဘယ်လောက်ပဲ ရာထူးအာဏာကြီးကြီး သူ့ကို အကြောင်းပြုပြီး အားလုံး ဆင်းရဲဒုက္ခရောက်ကြရတယ်။ အဲဒီအခါ ဒီလူသားသည်ပင် ပေါင်းမြက်လိုလူ ဖြစ်သွားပြန်တယ်။

ဒါ့ကြောင့် ကိုယ့်ကိုယ်ကိုရော ကိုယ့်မိသားစုဝင် ကိုယ့်သားတွေ ကိုယ့်သမီးတွေ ကိုယ့်တူတွေ ကိုယ့်တူမတွေ ကိုယ့်အမတွေ ကိုယ့်နှမတွေ ကိုယ့်အစ်ကိုတွေ ကိုယ့်ရဲဝန်ထမ်းတွေ အားလုံးကို ပေါင်းမြက်မဖြစ်စေဘဲ စပါးပင်အဖြစ်နဲ့ လောကအကျိုးပြုနိုင်အောင် ပြုစုပျိုးထောင်တတ်ဖို့ လိုအပ်တယ်။ အဲဒီအတွက် ဘာလုပ်ပေးရမှာလဲ ဆိုတော့ ရေသွင်းပေးရမှာတဲ့။ ဘာရေသွင်းပေးရမှာလဲ။ ကဲ... အားလုံး ဆိုလိုက်ကြ။

လယ်နဲ့တူငြား ဖွဲ့စည်းမျှား ကြီးပွားတိုးတက်ကြဖို့ရာ။

http://www.dhammadownload.com

အာဏာစက်ရေ ဓမ္မရေ နှစ်ရေသွင်းကြပါ။
ရေမသွင်းက ပေါင်းမြက်ထ မုချပျက်တော့မှာ။
ပေါင်းမြက်ဟူက လော,ဒေါသ မောဟကိလေသာ။

နှလုံးသားထဲက ပေါင်းမြက်များ

အဲဒီတော့ စပါးပင်နဲ့တူတဲ့ လူသားအဖြစ် လောကအတွက် အကျိုးပြုချင်ပါတယ်၊ အမျိုးဘာသာ သာသနာအတွက် အကျိုးပြုချင်ပါတယ်ဆိုရင် ပေါင်းမြက်မထဖို့ အရေးကြီးပါတယ်။ ပေါင်းမြက်ဆိုတာ လောဘ ဒေါသစတဲ့ ကိလေသာတွေပါတဲ့။ ဒါလေးကို သတိထားဖို့ လိုပါတယ်။

မိမိတို့က သားတစ်ယောက် သမီးတစ်ယောက်ကို စပါးပင်လိုလူ ဖြစ်အောင် ပျိုးထောင်တယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ ရေလောင်းပေးဖို့ မေ့သွားရင် ဒီသားသမီးရဲ့နှလုံးသားမှာ လောဘ စတဲ့ ပေါင်းမြက်တွေ ထူလာတတ်တယ်။ ဒါဆိုရင် ပညာတတ်ကြီးတော့ ဖြစ်ပါရဲ့၊ ချမ်းသာတဲ့ပုဂ္ဂိုလ်ကြီးတော့ ဖြစ်ပါရဲ့၊ အာဏာရှိတဲ့ အရာရှိကြီးတော့ ဖြစ်ပါရဲ့၊ သူ့နှလုံးသားမှာ လောဘ စတဲ့ ပေါင်းမြက်တွေ ပေါက်လာတာကြောင့် အဲဒီသားရတနာ သမီးရတနာတွေဟာ ပေါင်းမြက်လိုလူတွေ ဖြစ်သွားကြတယ်။

လောဘတွေကြီးပြီဆိုရင် မောင်နှမအချင်းချင်း အပေါ်မှာလည်း မညှာတာဘူး။ ဒီတော့ မောင်နှမတွေ ဆင်းရဲဒုက္ခရောက်ကြရတယ်။ မိဘအပေါ်မှာလည်း မညှာတာဘူး။ သူ့အတွက်ပဲ လိုချင်တယ်။ သူပဲ အဆင်ပြေချင်တယ်ဆိုရင် မိဘနှစ်ပါးလည်း စိတ်ဆင်းရဲကြရတယ်။ သူ့စည်းစိမ်အတွက် လုပ်ငန်းတွေ တည်ထောင်တယ်။ လုပ်ငန်းတွေတည်ထောင်ပြီးတော့ ဝန်ထမ်းတွေ

http://www.dhammadownload.com

အပေါ် မျှတမှုမရှိဘူး။ သူပဲချမ်းသာအောင် လုပ်တယ်။ အဲဒီလို လောဘဆိုတဲ့ ပေါင်းမြက်ပင်တွေ ထူထပ်လာတဲ့အခါ အောက်က ဆင်းရဲသားဝန်ထမ်းတွေ ပိုပြီးဆင်းရဲဒုက္ခရောက်ကြရတယ်။

တိုင်းပြည်အုပ်ချုပ်တဲ့ အရာရှိကြီးတွေဖြစ်တယ်။ လောဘဆိုတဲ့ ပေါင်းမြက်တွေ ထနေတော့ နှလုံးသားထဲမှာ ကိုယ်ချမ်းသာဖို့ပဲ အရေးကြီးတယ်။ ဒီတော့ ကိုယ့်လက်အောက်ငယ်သားတွေ တိုင်းသူပြည်သားတွေ ဆင်းရဲဒုက္ခရောက်ကြရတယ်။ ပညာတတ် ဆရာဝန် အင်ဂျင်နီယာကြီးတော့ ဖြစ်ပါရဲ့။ လောဘဆိုတဲ့ ပေါင်းမြက်တွေ ထူထပ်လာခဲ့ရင် ဆရာဝန်ကလည်း ကိုယ်ကျိုးအတွက်ပဲ ရှာတယ်။ ဆင်းရဲတဲ့လူနာတွေအတွက် ငဲ့ကွက်မှုမရှိဘူး။ အင်ဂျင်နီယာကလည်း ကိုယ့်အတွက်ပဲကြည့်တယ်။ ကျန်တဲ့ ပုဂ္ဂိုလ်တွေ အတွက် မငဲ့ဘူး။ တံတားဆောက်တယ်။ ခိုင်ခံ့မှုမရှိ။ အဆောက်အအုံဆောက်တယ်။ ခိုးနိုင်သမျှ ခိုးတယ်။ ဒီတော့ ဘာဖြစ်သလဲဆိုတော့ စပ်ရာစပ်ရာ လူသားအားလုံး ဒုက္ခရောက်ကြရတယ်။

အဲဒီလို သားရတနာ သမီးရတနာရဲ့ နှလုံးသားထဲမှာ အာဏာစက်ရေ ဓမ္မစက်ရေတွေ အချိန်မှန် မသွင်းလိုက်တဲ့အတွက် လောဘ ဒေါသ မောဟဆိုတဲ့ ပေါင်းမြက်တွေ ထူထပ်လာတဲ့အခါ မိသားစုကို ဆင်းရဲမျိုးစုံ ဖြစ်စေတယ်။ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်လူမျိုးကို ဒုက္ခပေးတယ်။ နောက်ဆုံး တိုင်းသူပြည်သားတွေကို ဒုက္ခပေးတယ်။ ပြည်သူပိုင်ပစ္စည်းတွေကို မတရားလိုချင်တယ်။

ဒီနေ့ခေတ်မှာ သစ်တောပြုန်းတီးပြီး ရာသီဥတုတွေ ဖောက်ပြန်တာလည်း ဒီလောဘတွေကြောင့်တဲ့။ လောဘက မတရား

http://www.dhammadownload.com

ချမ်းသာချင်တော့ တရားတဲ့နည်းနဲ့ရော မတရားတဲ့နည်းနဲ့ရော သစ်တောတွေ ပြုန်းတီးအောင် ကိုယ့်အတွက် နိုင်ငံခြားကိုခိုးထုတ်။ အဲဒီလို လောဘဆိုတဲ့ ပေါင်းမြက်တွေ ထူထပ်လာတော့ ရာသီဥတုတွေ မမှန်ကန်တော့ဘဲ နောက်ဆုံး သတ္တဝါတွေပဲ ဒုက္ခရောက်ကြရတယ်။

ရေမသွင်းခဲ့လို့

ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ သားရတနာ သမီးရတနာတွေကို ဆရာမိဘတွေက အချိန်မှန်မှန် ရေမသွင်းခဲ့လို့။ ကိုယ့်သားသမီးတွေကို စပါးပင်လိုလူတွေတော့ ဖြစ်စေချင်တယ်။ ဒါပေမဲ့ ရေမသွင်းမိကြတော့ ပေါင်းမြက်ပင်တွေ ဖြစ်လာပြီး လူသားတွေကို ဒုက္ခပေးတယ်။ အမျိုးဘာသာ သာသနာလည်း သူ့ကို အကြောင်းပြုပြီးတော့ ဘယ်လိုမှ မြင့်တက်မလာနိုင်ဘူး။ အမျိုး ဘာသာသာသနာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတာတောင် ရှိလာနိုင်တယ်။

သံဃာလောက၊ သီလရှင်ဆရာကြီး ဆရာလေးတွေရဲ့ လောကမှာလည်း ဒီအတိုင်းပဲ။ ရေသွင်းမပေးရင် ပေါင်းမြက်တွေက ထပြီးတော့ သံဃာတွေ သီလရှင်တွေဆိုရင် ဝိနည်းတော်နဲ့ မလျော်ကန်တာတွေ လုပ်လာကြမယ်။ ကိုယ်က အသိဉာဏ် ပေးရမယ့် အစား အမှားတွေကို ရှေ့ဆောင်လမ်းပြ လုပ်လာကြတယ်။ ဆရာဖြစ်သူများက ရေသွင်းမပေးတော့ တပည့်တွေမှာ လောဘဒေါသတွေကြီးပြီး နောက်ဆုံးမှာ သာသနာကွယ်ကြောင်းတွေထိပါလုပ်မိလာကြတယ်။ ဘုရားရှင်က မအပ်မစပ် အလှူမခံစေချင်ဘူး။ တပည့်တွေက အလှူခံတယ်။ လောဘတွေ တက်လာတယ်။

http://www.dhammadownload.com

ဒါတွေဟာ သာသနာ့လယ်ခင်းထဲမှာ လောဘ စတဲ့ ပေါင်းမြက်ပင်တွေ ထလာတာ။ ဒီတော့ လူသားတွေကို ကုသိုလ်မပေးနိုင်တော့ဘူး။ ဒုက္ခတွေ ပေးလာကြတယ်။

ဒီတော့ လူ့အဖွဲ့အစည်းလယ်ကွင်းမှာ ပေါင်းမြက်လိုလူတွေ ပါးပြီး စပါးလိုလူတွေ များလာအောင် ဘာလုပ်ရမလဲဆိုတော့ ရေသွင်းပေးရမှာ။ ဘာရေသွင်းပေးရမလဲ။ ကဲ ... ဆိုလိုက်ကြ။

အာဏာစက်ရေ ဓမ္မရေ နှစ်ရေသွင်းကြပါ။

ကိုယ်ကိုယ်တိုင်လည်း ပေါင်းမြက်ဖြစ်မသွားအောင်၊ ကိုယ့်ရဲ့ သားသမီး တူ တူမ မိသားစုတွေ ဝန်းထမ်းတွေလည်းပဲ ပေါင်းမြက်အဖြစ် ပြောင်းလဲမသွားအောင်၊ နိုင်ငံအကြီးအကဲတွေဆိုရင်လည်း ကိုယ့်ပြည်သူပြည်သားတွေ ပေါင်းမြက်ဖြစ်မသွားအောင် ရေသွင်းပါတဲ့။ ပကတိလယ်ခင်းကို ရေသွင်းသလိုပဲ မိမိတို့ လူ့အဖွဲ့အစည်းဆိုတဲ့ လယ်ကွင်းကိုလည်း ရေသွင်းပေးရတယ်။ အာဏာစက်ရေနှင့် ဓမ္မစက်ရေ ဆိုတဲ့ ရေနှစ်မျိုးကို သွင်းပေးရတယ်တဲ့။ ဒါလေးကို ဘုန်းကြီး နည်းနည်း အကျယ်ချဲ့ပြီး ပြောဦးမယ်။

အာဏာစက်ရေ

အာဏာစက်ရေဆိုတာ စည်းကမ်းဥပဒေကို ပြောတာ။ စည်းကမ်းဥပဒေထုတ်ပြီး ထုတ်ထားတဲ့အတိုင်း မလိုက်နာရင် ပြစ်ဒဏ်ပေးတယ်။ ဒါဟာ အာဏာစက်ရေပဲ။ ဒီအာဏာစက်ရေဆိုတာလည်း မရှိမဖြစ် လိုအပ်တာပဲ။ ဘုန်းကြီးတို့ ဖျာတစ်ချပ် အနားကွပ် မပါရင် မြန်မြန် ပျက်လွယ်တယ်။ ဒီလိုပဲ လူ့အဖွဲ့အစည်းတစ်ခုမှာလည်း သူ့နေရာနဲ့သူ ထိုက်သင့်တဲ့ စည်းကမ်း

http://www.dhammadownload.com

ဥပဒေဆိုတာ ရှိနေရမယ်။

သံဃာလည်း သံဃာနဲ့ထိုက်တန်တဲ့ စည်းကမ်းဥပဒေဝိနည်းဆိုတာ ရှိရတာပဲ။ ဒါကြောင့် ရဟန်းတော်တွေ လိုက်နာစေဖို့ မြတ်စွာဘုရားက အကျဉ်းအားဖြင့် ၂၂၇-သွယ်သော သိက္ခာပုဒ်တွေကို ပညတ်ခဲ့တယ်။ အကျယ်အားဖြင့်တော့ သိက္ခာပုဒ်ပေါင်း ကုဋေကိုးထောင် ကျော်တယ်။ ဘာအပြစ်မလုပ်ရ၊ လုပ်ရင် ဘာအာပတ်သင့်စေ ဆိုပြီးတော့ သတ်မှတ်ခဲ့တာ။ ဒါ ဘာလုပ်တာလဲဆိုတော့ အာဏာစက်ရေတွေ သွင်းပေးခဲ့တာပေါ့။ ဘာဖြစ်လို့ သွင်းပေးခဲ့တာလဲ။ သံဃာတွေကို စပါးပင်နဲ့တူတဲ့ သံဃာတွေ ဖြစ်စေချင်လို့၊ အမျိုးသမီး ဘိက္ခုနီတွေကို (ဒီခေတ်လိုဆိုရင် သီလရှင်တွေကိုပေါ့။) စပါးပင်တွေနဲ့တူတဲ့ ဘိက္ခုနီတွေ ဖြစ်စေချင်လို့ ဘုရားရှင်က အာဏာစက်ရေတွေ သွင်းပေးခဲ့တာ။

ဒီလိုပဲ အစိုးရဌာနတွေမှာလည်း ရဲစခန်းလည်း ရဲစခန်းအလျောက်၊ တရားရေးလည်း တရားရေးအလျောက် လိုက်နာရမယ့် စည်းကမ်းဥပဒေတွေ ထုတ်ထားမှာပဲ။ မလိုက်နာရင် ဘာပြစ်ဒဏ်၊ လူသတ်မှုကျူးလွန်ရင် ထောင်ဒဏ် ဘယ်နှစ်နှစ်၊ ဘယ်ပုဒ်မ အရဆိုရင် တစ်သက်တစ်ကျွန်း၊ ဘယ်ပုဒ်မအရဆိုရင် သေဒဏ်၊ ကြိုးပေးတယ် စသည်ဖြင့် ဒီလို စည်းကမ်းဥပဒေတွေကို သတ်မှတ်ပြီးတော့ ဒီစည်းကမ်းဥပဒေကို မလိုက်နာခဲ့ရင် စည်းကမ်းဥပဒေနဲ့အညီ ထိုက်တန်တဲ့ အပြစ်ဒဏ် ပေးတယ်။ ဒါကို အာဏာစက်ရေသွင်းတယ်လို့ ခေါ်ရပါတယ်။

မိသားစုတစ်စုမှာလည်း ဒီအတိုင်းပဲ။ ဘယ်အချိန်မှာ စာကျက်ရမယ်၊ ဘယ်အချိန်မှာ တီဗွီကြည့်၊ ဘယ်အချိန်မှာ

http://www.dhammadownload.com

အိပ်ရာဝင် စသည်ဖြင့် ကလေးငယ်လေးတွေကို လိုက်နာရမယ့် စည်းကမ်းချက်လေးတွေ သတ်မှတ်ပေးတာဟာ အာဏာစက်ရေ သွင်းပေးတာပါ။

ဒီလို အာဏာစက်ရေ သွင်းမပေးရင် ဒီကလေးလေးတွေဟာ လောကကို အကျိုးပြုတဲ့ စပါးပင်လိုလူတွေ မဖြစ်ဘဲနဲ့ လောကကို ဒုက္ခပေးတဲ့ ပေါင်းမြက်ပင်လိုလူတွေ ဖြစ်သွားမယ်။ လောဘ ဒေါသတွေ သောင်းကျန်းပြီးတော့ စပါးပင်အဖြစ်ကနေ ပေါင်းမြက်ပင် ဖြစ်သွားရင် အားလုံးကို ဒုက္ခပေးတော့တာပဲ။ ဒါကြောင့် ဒီစည်းကမ်းတွေကို ချမှတ်ထားရတယ်၊ ဒါတွေကို မလိုက်နာဘူးဆိုရင် ဘယ်လိုပြစ်ဒဏ်ခံရမယ်ဆိုပြီး အာဏာစက်ရေ သွင်းပေးရတယ်။

ဘုန်းကြီးတို့ကျောင်းတိုက်မှာလည်း ပေါင်းမြက်တွေ များမလာအောင် အာဏာစက်ရေ သွင်းသွင်းပေးရတယ်။ အဖွဲ့အစည်းနဲ့ နေတာဆိုတော့ အားလုံးသန့်ရှင်းအောင်လုပ်ဖို့တော့ မလွယ်ပါဘူး။ ဘုရားရှင်လက်ထက်က ဘုရားရှင်တည်ထောင်ခဲ့တဲ့ သံဃာ့အဖွဲ့အစည်းတောင်မှ အကုန်လုံးကို သန့်ရှင်းအောင်လုပ်ဖို့ မလွယ်ခဲ့ဘူး။ ဒါပေမဲ့ စည်းကမ်းဥပဒေတွေ သတ်မှတ်ပြီးတော့ သတ်မှတ်ထားတာတွေ အသက်ဝင်နေအောင်တော့ စွမ်းနိုင်သမျှ စီမံရတာပဲ။

အခုတလောမှာ တချို့သံဃာတွေ စည်းကမ်းမလိုက်နာတာ၊ တချို့ မပန်ပြောဘဲနဲ့ ထင်ရာ လုပ်တာ၊ ဒါမျိုးတွေကိုကျတော့ ဘုန်းကြီးတို့က ခေါ်ပြီးတော့ သတိပေးရတယ်။ ပြစ်ဒဏ်များတဲ့ တချို့ကိုရင်တွေကတော့ တပည့်တော် ကျောင်းပြောင်းပါတော့မယ်တဲ့။ တချို့က သူ့ဟာသူ အလိုက်သိသိ ကျောင်းပြောင်းသွား

http://www.dhammadownload.com

ကြတယ်။ ဒီတော့ စည်းကမ်းဥပဒေဆိုတာ မရှိလို့မဖြစ်ဘူး။ ဒါတွေ မရှိဘူးဆိုရင် ဒီအဖွဲ့အစည်းဟာ ပေါင်းမြက်နဲ့တူတဲ့ လောဘ ဒေါသတွေ ထူလာပြီးတော့ လောကကို ဒုက္ခပေးတဲ့ ပုဂ္ဂိုလ်တွေ များလာနိုင်တယ်။ ဒါကြောင့် အာဏာစက်ရေဆိုတာ လိုပါတယ်။

"တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ"

ခေတ္တာနိ– လယ်တို့သည်၊ **တိဏဒေါသာနိ**– ပေါင်းမြက် ဟူသောအပြစ် ရှိကြပါကုန်၏။ ပေါင်းမြက်တို့ကြောင့် ပျက်စီးသွား နိုင်ပါပေကုန်၏။ **အယံ ပဇာ**– များလှစွာသောင်း ဤသတ္တဝါ အပေါင်းသည်၊ **ရာဂဒေါသာ**– ရာဂတည်းဟူသော တဏှာလောဘ အပြစ်ရှိပါပေ၏၊ ရာဂဆိုတဲ့ တဏှာလောဘကြောင့် ပျက်စီးသွား နိုင်ပါပေ၏။

လယ်တွေမှာ ပေါင်းမြက်ကြောင့် ပျက်စီးနိုင်တယ်။ သတ္တဝါ တွေမှာလည်း လောဘ ဒေါသ ဆိုတဲ့ ပေါင်းမြက်တွေကြောင့် ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် ဘုန်းကြီးတို့ အာဏာစက်ရေ သွင်းပေးရပါတယ်။

အိမ်တစ်အိမ်မှာ စည်းကမ်းမရှိဘူး။ ထင်ရာစိုင်းကြတယ်။ သားသမီးတွေက သွားချင်ရာသွားတယ်။ လုပ်ချင်ရာကိုလုပ်တယ်။ မိဘကို အသိမပေးဘူး။ မိဘကလည်း မတားမြစ်ဘူး။ တားမြစ်လို့ လည်း မရဘူး။ ဒီလိုဆိုရင် ဒီအိမ်ဟာ မိသားစုဝင် တစ်ဦးနဲ့တစ်ဦး နွေးထွေးမှုမရှိဘဲ ပျက်စီးသွားတော့တာပဲ။ စည်းကမ်းဆိုတဲ့ အာဏာ စက်ရေ မသွင်းတော့ ကြာလာတာနဲ့အမျှ ပေါင်းမြက်တွေ ထူလာပြီး တော့ မိသားစုတွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရတယ်။ အမျိုး ဘာသာ သာသနာလည်း အရှုပ်တကွဲ အကျိုးနည်းတွေ ဖြစ်ရ

http://www.dhammadownload.com

တယ်။

ဒါကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ အခြေခံဥပဒေ စည်းမျဉ်း ရှိရတယ်။ ဌာနတိုင်း ဌာနတိုင်းမှာ စည်းကမ်းဥပဒေ ရှိရတယ်။ ယနေ့ ဘောဂဝတီမိသားစုလည်း မိမိတို့ လုပ်ငန်းဆိုင်ရာ စက်ရုံတွေမှာ အိမ်တွေမှာ စည်းကမ်းဥပဒေတွေ ထားရတယ်။ စည်းကမ်းဥပဒေတွေကို မလိုက်နာရင် ထိုက်တန်တဲ့ ပြစ်ဒဏ်လေးတွေ သတ်မှတ်ပေးရတယ်။ ဒါက ဘာလုပ်တာလဲဆိုတော့ ပေါင်းမြက်တွေ ဖြစ်မသွားအောင် အာဏာစက်ရေ သွင်ပေးတာ။ ဒီနေရာမှာ မေးစရာတော့ ရှိလာတာပေါ့။

"အရှင်ဘုရား၊ အာဏာစက်ရေ သွင်းပေးတာက ပေါင်းမြက်မထအောင်လို့၊ လယ်ခင်းကြီး ပျက်စီးမသွားအောင်လို့၊ လူသားတွေကို အကျိုးပြုနိုင်အောင်လို့၊ ဒီလိုပြောတယ်။ အဲဒီတော့ အာဏာစက်ရေဆိုတဲ့ စည်းကမ်းဥပဒေ နိုင်ငံတိုင်းမှာ ရှိတာပါပဲဘုရား။ ဘယ်နိုင်ငံမှာမဆို စည်းကမ်းဥပဒေဆိုတဲ့ အာဏာစက်ရေတွေ ရှိနေတာပဲ။ ဒီပြစ်ဒဏ်ကိုလုပ်ရင် ဒီအမှုကို ကျူးလွန်ရင် ဒီပြစ်ဒဏ်ပေးရတယ်။ ဒါဟာ နိုင်ငံတိုင်းမှာ ရှိပါတယ်။ အစိုးရဌာနတွေမှာလည်း ဌာနတိုင်း ဌာနတိုင်းမှာ စည်းကမ်းလေးတွေ ဥပဒေလေးတွေ ရှိပါတယ်။ စာသင်တိုက်တွေ ရိပ်သာတွေမှာလည်း စည်းကမ်းဥပဒေလေးတွေ ရှိနေကြတာပါပဲ။ အဲဒီလို စည်းကမ်းဥပဒေ ဆိုတဲ့ အာဏာစက်ရေတွေ သွင်းလိုက်တဲ့အတွက် အားလုံးဟာ ပေါင်းမြက်တွေ ကင်းစင်ပြီး တော့ အောင်မြင်တဲ့လယ်ခင်း ဖြစ်ပါသလား၊ လောကကို အကျိုးပြုနိုင်ပါသလား။" ဒီလိုမေးခွန်းတော့ မေးစရာ ရှိတယ်ပေါ့။

http://www.dhammadownload.com

ဆိုလိုတာက နိုင်ငံတိုင်း အဖွဲ့အစည်းတိုင်းမှာ စည်းကမ်းဥပဒေ ရှိတယ်။ ပြစ်ဒဏ်တွေ သတ်မှတ်ထားတာ ရှိတယ်။ ဒါပေမဲ့လို့ နိုင်ငံတိုင်း အဖွဲ့အစည်းတိုင်း တိုးတက်သလားဆိုတော့ မတိုးတက်ပါဘူး။ ဒီသဘောကို ဘုန်းကြီးတို့ရဲ့ အရှေ့တောင်အာရှမှာ စင်ကာပူနဲ့ မြန်မာကိုပဲ ယှဉ်ကြည့်လိုက်။ စင်ကာပူနဲ့ မယှဉ်နဲ့ဦး၊ ထိုင်းနဲ့ ယှဉ်လိုက်ရင်ကိုပဲ ဘုန်းကြီးတို့နိုင်ငံဟာ တိုးတက်မှု နည်းတယ်။ အဲဒီတော့ စည်းကမ်းဥပဒေထားတာ အာဏာစက်ထားတာ မတူဘူးလား၊ တူမှာပါ။ သူတို့ဆီမှာလည်း အာဏာစက်နဲ့ ဘာမလုပ်ရ၊ လုပ်ရင် ဘာပြစ်ဒဏ်ဆိုတာ ရှိသလို၊ ဘုန်းကြီးတို့နိုင်ငံမှာလည်း ဌာနတိုင်းမှာ ရှိကြတာပဲ။

မမ္မစက်ရေ

အရှေ့တောင်အာရှမှာ နေတာချင်းတူပါလျက်နဲ့ ဘာဖြစ်လို့ စက်ှပူစတဲ့ နိုင်ငံတွေကတော့ တိုးတက်ပြီးတော့ မြန်မာနိုင်ငံကျတော့ ဘာဖြစ်လို့ မတိုးတက်သလဲဆိုတာ စဉ်းစားစရာ ကောင်းပါတယ်။ နောက်... အာရှမှာ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံ နှိုင်းယှဉ်ကြည့်။ ဂျပန်နိုင်ငံက တအား တိုးတက်သွားပြီ။ သူတို့လည်း စည်းကမ်းဥပဒေ အာဏာစက်ရေ သွင်းတာပဲ။

မြန်မာနိုင်ငံလည်း စည်းကမ်းဥပဒေတွေ ပြစ်ဒဏ်တွေ အာဏာစက်ရေတွေ သွင်းနေတာပဲ။ ဘာဖြစ်လို့ ဂျပန်နိုင်ငံက တိုးတက်ပြီးတော့ မြန်မာနိုင်ငံကျတော့ မတိုးတက်တာလဲ။ မြန်မာနိုင်ငံက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါဝင်နေတယ်။ တိုးတက်တဲ့ ချမ်းသာတဲ့ နိုင်ငံများနည်းတူ အာဏာစက်ရေတွေကို သွင်းနေပါလျက် ဘာဖြစ်လို့ မတိုးတက်ရတာလဲ၊ ဘာဖြစ်လို့

http://www.dhammadownload.com

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါဝင်နေရတာလဲ။ ဒါလေးမေးစရာရှိလာတယ်။

ဘုန်းကြီး အဖြေပေးချင်တာကတော့ အကျဉ်းချုပ်အားဖြင့် ဓမ္မစက်ရေသွင်းဖို့ အားနည်းလို့။ အာဏာစက်ရေ သွင်းပေမဲ့လို့ ဓမ္မစက်ရေ မသွင်းဘူးဆိုရင် ဒီလယ်ခင်းဟာလည်း မအောင်မြင်နိုင်ပါဘူး။ တကယ်အောင်မြင်ချင်ရင် ရေနှစ်မျိုးလုံး သွင်းရတယ်တဲ့။ ကဲ ဆိုကြည့်လိုက်ကြ။

"အာဏာစက်ရေ ဓမ္မရေ၊ နှစ်ရေသွင်းကြပါ။
ရေမသွင်းက ပေါင်းမြက်ထ၊ မုချပျက်တော့မှာ။"

အဲဒီတော့ အောင်မြင်ချင်ရင် အာဏာစက်ရေ တစ်ခုတည်း သွင်းလို့ မရပါဘူး။ ဓမ္မစက်ရေလည်း သွင်းရပါမယ်။ ကြည့်လိုက်ပေါ့။ ဌာနတစ်ခုမှာ စည်းကမ်းဥပဒေတွေ ထုတ်ပြန်ထားတယ်။ ထုတ်ပြန်ထားတဲ့ ဒီစည်းကမ်းဥပဒေတွေကို လိုက်နာချင်တဲ့ စိတ်တွေ မြင့်တက်လာအောင် စိတ်ဓာတ်မြင့်မြတ်မှုတွေ ရှိလာအောင် ပညာပေးဟောပြောတာတွေ ဘယ်လောက်များရှိသလဲ။ ဒါဟာ အရေးကြီးတဲ့အချက်ပဲ။

အခုက စည်းကမ်းဥပဒေတွေတော့ တစ်ခုပြီးတစ်ခုထုတ်တယ်။ ဒါပေမဲ့ ဒီစည်းကမ်းဥပဒေတွေကို လိုက်နာချင်စိတ် ရှိလာအောင်၊ ကွယ်ရာပဲဖြစ်ဖြစ် ရှေ့မှာပဲဖြစ်ဖြစ် ဒီစည်းကမ်းဥပဒေကို မြတ်မြတ်နိုးနိုးနဲ့ လိုက်နာလာအောင် ပညာပေးဟောပြောတာ၊ အကြောင်းအကျိုးလေးတွေနဲ့ ပြောပြတာ ဘယ်လောက်များရှိသလဲ။ နားထဲကနေ နှလုံးသားထဲအထိ စိမ့်ဝင်သွားအောင် အကြောင်းအကျိုးနဲ့ ပြောပြတာကို ဓမ္မစက်ရေ သွင်းတယ်လို့

http://www.dhammadownload.com

ခေါ်ရပါတယ်။ ဒီအထဲမှာ ဘုရားဝတ်ပြုတာ၊ မေတ္တာပွားများတာ၊ တရားရှုမှတ်တာ ဒါတွေလည်း ပါတာပေါ့။

ဘုန်းကြီးတို့ ကုသိုလ်တရားတစ်ခု ဖြစ်ဖို့ဆိုရင် ယောနိသောမနသိကာရ၊ သင့်တော်အောင် နှလုံးသွင်းတတ်ဖို့ လိုအပ်ပါတယ်။ ခလုတ်တိုက်တယ် ဆိုပါစို့။ ခလုတ်တိုက်တဲ့အခါမှာ နှလုံးမသွင်းတတ်ရင် ငါကိုင်ဆဲပြီးတော့ အကုသိုလ်တွေ ဖြစ်သွားတာပေါ့။ နှလုံးသွင်းတတ်ရင် ငါ ခလုတ်တိုက်သလို အများသူငါ ခလုတ်မတိုက်ပါစေနဲ့။ ငါ ခလုတ်တိုက်တာ တော်သေးတယ်။ သက်ကြီးရွယ်အိုတွေများ တိုက်ရင် အသက်အန္တရာယ် ရှိရချည်ရဲ့လို့ တွေးပြီးတော့ ဒီခလုတ်ကလေးကို တူးပြီးတော့ ဖယ်ရှားလိုက်တယ် ဆိုရင် ဒါဟာ နှလုံးသွင်းတတ်တာပဲ။

ကိုယ်ခလုတ်တိုက်တာကို အကြောင်းပြုပြီးတော့ ငါ့မိဘ ငါ့ဦးကြီး ငါ့ဦးလေး သက်ကြီးရွယ်အိုတွေရှိတယ်။ သူတို့များ တိုက်မိရင်တော့ ဒုက္ခပဲ။ မတော်တဆပေမဲ့ အကြောင်းမတော်ရင် အသက်ပါ ပါသွားနိုင်တယ်။ ဒီလိုနှလုံးသွင်းပြီးတော့ ဒီခလုတ်ကလေးကို အားလုံး အန္တရာယ်ကင်းအောင် တူးပြီးတော့ ဖယ်ပစ်လိုက်တယ်ဆိုရင် ဒါဟာ ယောနိသောမနသိကာရ ဆိုတဲ့ နှလုံးသွင်းတတ်တာပဲ။

ဒီလိုနှလုံးသွင်းတတ်တာဟာ ဘာကြောင့်လဲဆိုတော့ သဒ္ဓမ္မဿဝနတဲ့။ သူတော်ကောင်းစကားတွေကို ကြားနေရလို့၊ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းရလို့ ဒီလိုနှလုံးသွင်းတတ်တာ။ အဲဒီလို အသင့်အတင့် နှလုံးသွင်းနိုင်တာဟာ ကုသိုလ်ဖြစ်ဖို့အတွက် အရေးအကြီးဆုံးအချက်ပဲ။ အဲဒီလို သင့်တော်အောင် နှလုံးသွင်း

http://www.dhammadownload.com

နိုင်ဖို့အတွက် ပတ်ဝန်းကျင်ကောင်းရှိရမယ်။ ပတ်ဝန်းကျင်ကောင်းမှာ သူတော်ကောင်းစကားလေးတွေကို ကြားနေရမယ်။ ဒါဟာ အဓိကအချက်ပဲ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ စည်းကမ်းဥပဒေတွေတော့ ချမှတ်ပါရဲ့၊ ပြစ်ဒဏ်တွေတော့ ပေးပါရဲ့၊ ဒါပေမဲ့ ပညာပေးမှုအစီအစဉ်မှာတော့ ဘယ်လောက်များ ရှိပါသလဲ။ စိတ်ဓာတ်တွေမြင့်တက်လာအောင် နားကနေတစ်ဆင့် နှလုံးသားထဲအထိ စိမ့်ဝင်သွားအောင် အကြောင်းအကျိုးနဲ့ ပြောပြနေတဲ့ဌာန ဘယ်လောက်များ ရှိပါသလဲ။ ဒါတွေဟာ အင်မတန် အားနည်းပါတယ်။

နောက်ဆုံး လူပုဂ္ဂိုလ်ဌာနတွေကို မပြောနဲ့၊ သံဃာတွေသီတင်းသုံးတဲ့ စာသင်တိုက်တွေမှာကိုပဲ စာမေးပွဲအောင်အောင် ပညာတွေတော့ သင်ပေးနေကြတယ်။ စည်းကမ်းဥပဒေတွေလည်း ချမှတ်ကြတယ်။ အဲဒီလို ကြိုးကြိုးစားစား လုပ်နေကြပေမဲ့ တပည့်တွေကို စိတ်ဓာတ်မြင့်မြတ်လာအောင်၊ ပညာတတ်ကြီးဖြစ်လာရင် သာသနာအတွက် ဘာသာအတွက် ပေးဆပ်ချင်စိတ်ရှိလာအောင်၊ နေရာတကာမှာ ကိုယ်ကသာ အနစ်နာခံချင်စိတ်ရှိလာအောင် ဆုံးမသွန်သင်တဲ့ စာသင်တိုက်မျိုး ဘယ်လောက်များ ရှိပါသလဲ။ ဒီလို မေးခွန်းထုတ်လာရင် တော်တော်ရှားတယ်လို့ ပြောရမှာပါ။ ဒါက ဘာလဲဆိုတော့ အာဏာစက်ရေ သွင်းနေကြပေမဲ့ ဓမ္မစက်ရေသွင်းဖို့ကျ မေ့နေကြတာ။

နောက်တစ်ခါ အတန်းကျောင်းတွေမှာလည်း ကြည့်လိုက်။ ပုဂ္ဂလိကကျောင်းတွေရော အစိုးရကျောင်းတွေရောပေါ့။ သတင်းစာထဲမှာ ကြော်ငြာလို့ရှိရင် ဘယ်နယောက်ဖြေတယ်။ ဘယ်နယောက်

http://www.dhammadownload.com

အောင်တယ်။ ရာခိုင်းနှုန်း ဘယ်လောက်အောင်တယ်။ အောဒီ ဘယ်နယောက်ပါတယ်။ ဂုဏ်ထူး ဘယ်နယောက်ပါတယ်။ ဒါတွေကိုပဲ အပြိုင်အဆိုင် ကြော်ငြာနေကြတယ်။

သူတို့ကျောင်းကနေထွက်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အရာရှိကြီးဖြစ်ပြီးတော့ နိုင်ငံနဲ့ လူမျိုးအတွက် ဘယ်လောက်အထိ ပေးဆပ်နေပါတယ်၊ အကျိုးပြုနေပါတယ်၊ သူတို့ကျောင်းက ထွက်တဲ့ ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး နိုင်ငံတော်ကြီး ဘယ်လောက် အထိ အကျိုးများနေပါတယ်ဆိုပြီး ဒါမျိုးဂုဏ်ယူတဲ့ ကိုယ်ပိုင် ကျောင်း ဘယ်လောက်များရှိသလဲ။ ဒီလိုမျိုး ဂုဏ်ယူတဲ့ အစိုးရ ကျောင်းတွေ ဘယ်လောက်များ ရှိပါသလဲ။

ဂုဏ်ထူးထွက်တာတွေကိုပဲ ဂုဏ်ယူနေကြတယ်။ ရာခိုင်နှုန်း များများ အောင်တာတွေကိုပဲ ဂုဏ်ယူနေကြတယ်။ ကလေးတွေကို ဒီစာမေးပွဲတွေအောင်၊ ဘွဲ့တွေ ရပြီးတဲ့အခါမှာ နိုင်ငံတော်အတွက် ပေးဆပ်ဖို့၊ မိဘအတွက် ပေးဆပ်ဖို့၊ အရာရာမှာ ကိုယ်ကသာ အနစ်နာခံဖို့ ဒီလိုသွန်သင်ဆုံးမတဲ့ကျောင်းမျိုး ဘယ်လောက်များ ရှိပါသလဲ။ ဒါတွေက ဓမ္မစက်ရေသွင်းဖို့ အားနည်းတာကို ဘုန်းကြီး က ပြောပြတာပါ။

နံနက်ခင်းဩဝါဒ

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးဟာ ကမ္ဘာကျော် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့တယ်။ ဘယ်လိုတည်ထောင်သွားတာလဲ ဆိုတော့ မနက်တိုင်း မနက်တိုင်း အဆုံးအမ ဩဝါဒတွေ နေ့စဉ်ပေးပြီး တည်ထောင်တော်မူခဲ့ တာ။ ဆရာတော်ကြီးရဲ့ နံနက်ခင်းဩဝါဒများဆိုတာ ဆရာကြီး

http://www.dhammadownload.com

ဦးတက်တိုးက အင်္ဂလိပ်လို ဘာသာပြန်ပြီးတော့ ဖြန့်လိုက်တာ မြန်မာနိုင်ငံတင်မကဘဲ ကမ္ဘာအထိပါ ပျံ့နှံ့သွားတယ်။ ဒီလို နားထဲကနေတစ်ဆင့် နှလုံးသားထဲအထိ အဆုံးအမတွေ ရောက်သွားအောင် နံနက်တိုင်း ဩဝါဒပေးတာဟာ ဓမ္မစက်ရေ သွင်းပေးနေတာပဲ။ ဒီလိုကျောင်းတိုက်မျိုး ဘယ်နကျောင်းတိုက်များ ရှိပါသလဲ။ ဒါလေးတွေဟာ သတိထားဖို့ကောင်းတဲ့ အချက်တွေပါ။

ဆရာတော်ကြီးက အဲဒီလို ဓမ္မစက်ရေ နေ့စဉ်သွင်းခဲ့တော့ အဲဒီတုန်းက တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ တံတိုင်းမရှိပေမဲ့ အပြင်ထွက်တဲ့သံဃာ အင်မတန်မှ ရှားပါတယ်။ သိပ်ပြီးတော့လည်း တိတ်ဆိတ်ငြိမ်သက်ခဲ့တယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုရင် ဓမ္မစက်ရေတွေ များများသွင်းခဲ့လို့။ ယနေ့ခေတ် စာသင်တိုက်တွေမှာရော ဓမ္မစက်ရေသွင်းတာ ဘယ်လောက်များရှိနေလဲ။

တရားရိပ်သာတွေမှာလည်း တရားထိုင်ရုံနဲ့ မပြီးပါဘူး။ သူတော်ကောင်းစကား၊ ဘုရားရှင်ရဲ့စကားတွေကို နေ့စဉ် တရားနာချိန်ဆိုတာရှိတယ်။ ဒါက ဘာလုပ်တာလဲဆိုတော့ ဓမ္မစက်ရေတွေ သွင်းပေးနေတာ။ ဒီလို တရားထိုင်တဲ့အချိန်မှာ ဘုရားရှင်ရဲ့ အဆုံးအမလေးတွေဆိုတဲ့ ဓမ္မစက်ရေကို သွင်းမပေးဘူးဆိုရင် တစ်ခါတစ်ရံ တရားထိုင်နေတဲ့ ပဋိပတ္တိလုပ်နေတဲ့ ပုဂ္ဂိုလ်တွေတောင်မှ လောဘ ဒေါသဆိုတဲ့ ပေါင်းမြက်တွေဟာ ထချင်ထလာနိုင်တယ်။

ဒီတော့ ဒါတွေ ထခွင့်မရအောင် တရားနာချိန်လေးတွေ သတ်မှတ်ထားတယ်။ တရားစစ်တဲ့အချိန်လေးတွေ သတ်မှတ်ထားတယ်။ ဒါဟာ မဟာစည်ဆရာတော်ကြီး စီမံခဲ့တဲ့ အစီအစဉ်ပါ။

http://www.dhammadownload.com

ဒါဟာလည်း ဓမ္မစက်ရေ သွင်းပေးနေတာပဲ။

မိသားစုတစ်စုမှာလည်း ဒီအတိုင်းပဲ။ ကလေးတစ်ယောက် အပြစ်လုပ်ရင် 'ဟော့ကောင် မလုပ်နဲ့၊ မင်း ငါရိုက်လိုက်ရ'၊ ဒါမျိုးက ဓမ္မစက်ရေသွင်းတာ မဟုတ်ဘူး။ တကယ်တမ်းက ကလေးတစ်ယောက် အပြစ်လုပ်တယ်ဆိုရင် ဒီအပြစ်ကို နောင် မလုပ်ဖြစ်အောင် အကြောင်းအကျိုးနဲ့ ပြောပြပေးရမယ်။ ဥပမာအားဖြင့် သူများအသက်ကို သတ်တယ်ပေါ့။ သူများအသက်သတ်ရင် ငရဲကြီးလိမ့်မယ်၊ ဝဋ်လိုက်လိမ့်မယ်၊ ဒီလိုပြောတာဟာ ဓမ္မစက်ရေသွင်းတာ မဟုတ်ပါဘူး။ ခြိမ်းခြောက်တဲ့သဘော ဖြစ်နေတယ်။

အကျိုးအကြောင်း

ဒီတော့ ဒီကလေး သူများအသက်ကို သတ်နေတယ်၊ ကြမ်းပိုးလေးတွေ ပုရွက်ဆိတ်လေးတွေကို လိုက်သတ်နေတယ်။ ဒါဆိုရင် နောင်မသတ်ချင်အောင် ကိုယ်ချင်းစာတရား မေတ္တာတရား ရှိလာအောင် အကြောင်းအကျိုးလေးတွေနဲ့ ပြောပြရမယ်။

ကိုယ့်ကို သတ်ရင် ကိုယ့်ကိုရိုက်ရင် မကြိုက်သလိုပဲ သတ္တဝါလေးတွေလည်း ကြိုက်မှာမဟုတ်ဘူး။ ကိုယ်သေမှာ ကြောက်သလို သူတို့လည်း သေမှာ ကြောက်ကြတာပဲ။ ကိုယ့်ကို နှိပ်စက်မှာ သတ်မှာကို မကြိုက်သလို သူတို့လည်း မကြိုက်တဲ့အတွက် ဒါမျိုးတွေ မလုပ်သင့်ဘူး။ ကိုယ်ချမ်းသာသလို သူတို့လည်း ချမ်းသာချင်မှာပဲ။ ဒီလို ကိုယ်ချင်းစာပြီးတော့ သူများအသက်ကို မသတ်ရဘူး။ ကိုယ် သူများအသက်ကို မသတ်လိုက်တာနဲ့တစ်ပြိုင်နက် သတ္တဝါတွေကို ဇီဝိတဒါန အသက်ပေးလှူရာ ရောက်တယ်လို့ အကြောင်းအကျိုးလေးတွေနဲ့ ပြောပြရတယ်။ ဒါဟာ ဓမ္မစက်ရေ သွင်းပေး

http://www.dhammadownload.com

နေတာ။ ဒီလိုအကြောင်းအကျိုးနဲ့ ပြောပြပြီးတော့ ဆုံးမတဲ့မိသားစုမြန်မာနိုင်ငံမှာ ဘယ်လောက်များ ရှိပါသလဲ။

အခုတော့ အာဏာစက်ရေဆိုတဲ့ စည်းကမ်းဥပဒေတွေတော့ လုပ်ပါရဲ့၊ ဒါပေမဲ့ ဓမ္မစက်ရေတွေ အားနည်းတဲ့အခါမှာ ဘာဖြစ်လာသလဲဆိုတော့ မြန်မာနိုင်ငံမှာ ယဉ်ကျေးမှု အားနည်းလာတယ်။ ဘုရားရှင်ရဲ့ အဆုံးအမတွေ ပျံ့နှံ့တဲ့ ဗုဒ္ဓဘာသာဝင်နိုင်ငံ ဖြစ်နေပေမဲ့ တစ်ခါတစ်ရံ ရိုင်းစိုင်းတဲ့ အမူအရာတွေ မြင်နေရတယ်။

အချို့ သံဃာတွေ သီလရှင် ဆရာကြီး ဆရာလေးတွေတောင်မှ အမူအရာတွေက စပြီးတော့ ယဉ်ကျေးတဲ့အဆင့် မရှိကြဘူး။ ဘုရားရှင်ရဲ့အဆုံးအမ ဝိနည်းပိဋကတ် သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ် ဒီအဆုံးအမတွေဟာ ယဉ်ကျေးဖို့ရာအတွက် အင်မတန်မှ အထောက်အပံ့ဖြစ်တယ်။ ဒါပေမဲ့လို့ ဘုန်းကြီးတို့ ဘာသာဝင်တွေမှာ ယဉ်ကျေးမှု အားနည်းနေကြတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ဓမ္မစက်ရေသွင်းဖို့ အားနည်းလို့။ ဒါလေးတွေကို သတိထားစေချင်လို့ ဘုန်းကြီးက ဒီအခြေခံလေးတွေကို ပြောပေးနေတာပါ။

စာကောင်းပေကောင်း

နောက်တစ်ခုက ဓမ္မစက်ရေဆိုတာ ဆုံးမတာအပြင် တရားနာတာလည်း ပါတယ်။ တရားနာတဲ့အခါ လေးလေးစားစားနာပြီးတော့ ကိုယ့်မှာ ပြစ်ချက်လေးတွေရှိရင် ပြင်မယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေနဲ့ တရားနာတာလည်း ဓမ္မစက်ရေ သွင်းနေတာပဲ။ နောက်... မသိရင် မေးမြန်းတယ်၊ ဆွေးနွေးတယ် ဆိုတာလည်း ဓမ္မစက်ရေ သွင်းနေတာပါပဲ။

http://www.dhammadownload.com

နောက်တစ်ခုက စာဖတ်တာ။ စာဖတ်တာဟာလည်း ဓမ္မစက်ရေ သွင်းတာပါပဲ။ ဒီကျောင်းတိုက်မှာ ဘုန်းကြီးတို့ဆိုရင် အကြီးဆုံးဖြစ်နေတယ်။ အကြီးဆုံးဖြစ်နေတဲ့ ဘုန်းကြီးတို့ကို ဆုံးမမယ့်ဆရာသမား အနီးကပ် မရှိတော့ပါဘူး။ ဒီတော့ ဘာလုပ်ရသလဲဆိုတော့ စာပေတွေ ဖတ်ပေးရတယ်။ ဘုရားရှင်ဟောတဲ့ တရားတွေကို လေ့လာတယ်။ လောကီစာပေတွေလည်း အထိုက်အလျောက် ဖတ်ပေးရတယ်။

စာဖတ်ရင်းနဲ့ ကိုယ့်ရဲ့ချို့ယွင်းချက် တွေ့ရင် ဒီနေရာမှာတော့ ငါ ချို့ယွင်းချက်ရှိနေပါလား ဒီလိုတွေးပြီးတော့ ကိုယ့်ကိုယ်ကိုယ် ပြင်ရတယ်။ ဒါကြောင့် စာဖတ်ခြင်းဟာလည်း ဓမ္မစက်ရေသွင်းနေတာ။

မြန်မာ့စာဖတ်အား

ဒီနေရာမှာလည်း စဉ်းစားကြည့်။ ဘုန်းကြီးတို့မြန်မာနိုင်ငံ မတိုးတက်ခြင်းရဲ့အကြောင်းတွေ ပေါ်လာလိမ့်မယ်။ ဘယ်လိုလဲဆိုတော့ ဘုန်းကြီးတို့မြန်မာနိုင်ငံမှာ အင်မတန်မှာ နာမည်ကြီးတဲ့ စာရေးဆရာ တစ်ယောက်ယောက်ရဲ့စာအုပ် ထုတ်လိုက်ပြီဆိုရင် စာအုပ်ရေက (၁၀၀၀)တဲ့။ (၁၀၀၀)ထက်များတာ တော်တော် ရှားပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေက ဘယ်လောက်ရှိသလဲဆိုတော့ တစ်လောက သန်းခေါင်းစာရင်း ကောက်ပြီး တရားဝင်ကြေညာတာ တွေ့လိုက်တယ်။ (၅၁)သန်းကျော်တယ်တဲ့။ နောက်ထပ်လည်း တိုးနိုင်သေးတယ်။ အဲဒီတော့ လူဦးရေက သန်းပေါင်း (၅၀)ကို တော်တော်ကြီးကို ကျော်နေပြီ။ နာမည်ကြီးတဲ့ စာရေး

http://www.dhammadownload.com

ဆရာမျိုးတောင်မှ ထုတ်တဲ့စာအုပ်ရေလေးက (၁၀၀၀)တဲ့။ စာဖတ်တဲ့ မြန်မာလူမျိုး ဘယ်လောက်များ များသလဲ။ ဒါဆိုရင် မြန်မာ့စာဖတ်နှုန်း ဘယ်လောက်အထိ အားနည်းသလဲဆိုတာ အကဲခတ်လို့ ရပါတယ်။

ကျက်သရေအရှိဆုံးပရိဘောဂ

နိုင်ငံခြားအဆိုအမိန့်လေး တစ်ခုရှိတယ်။

"စာအုပ်စာပေတွေ ဆိုတာ ပရိဘောဂပစ္စည်းအတွက် ဖြစ်ပေါ်လာတာ မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ အိမ်တစ်အိမ်ကို ရောက်သွားရင် စာအုပ်စာပေလောက် ကျက်သရေရှိတဲ့ ပရိဘောဂပစ္စည်း ဆိုတာလည်း မရှိနိုင်ပါဘူးတဲ့"

အိမ်တစ်အိမ်ကို ရောက်သွားရင် စာအုပ်စာပေလေးတွေကို စားပွဲပေါ်တင်ထားတယ်။ ဖတ်စရာလေးတွေကို စားပွဲပေါ်တင်ထားတယ်ဆိုရင် သိပ်ပြီးတော့ကျက်သရေရှိတဲ့ ပရိဘောဂပစ္စည်းလို့ ဒီလိုပြောချင်တာ။ ဒါက ဘုန်းကြီးဖတ်ဖူးတဲ့ နိုင်ငံခြားအဆိုအမိန့်လေးတစ်ခုပါ။

ဘုန်းကြီးတို့မြန်မာနိုင်ငံမှာတော့ စာအုပ်စာပေကို ပရိဘောဂအနေနဲ့ ဘယ်သူများ အမြတ်တနိုးထားသလဲ။ ဘယ်သူမှ မထားကြဘူး။ မြန်မာနိုင်ငံမှာ နိုင်ငံခြားကလာတဲ့ ပစ္စည်းတွေ၊ နောက်ပြီးတော့ တောရိုင်းတိရစ္ဆာန်တွေရဲ့ပစ္စည်းတွေ၊ ဒါတွေကိုပဲ ပရိဘောဂ ပစ္စည်းအဖြစ်နဲ့ အလှအပအဖြစ်နဲ့ ထားကြတယ်။

"စာအုပ်စာပေဆိုတာ ပရိဘောဂပစ္စည်းအတွက် ဖြစ်လာတာ မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ စာအုပ်စာပေလောက် ကျက်သရေရှိတဲ့

http://www.dhammadownload.com

ပရိဘောဂပစ္စည်း ဆိုတာလည်း ကမ္ဘာမှာ မရှိပါဘူးတဲ့"

ဒီအဆိုအမိန့်လေးနဲ့ ချိန်ထိုးကြည့်လိုက်ရင် ဘုန်းကြီးတို့ မြန်မာလူမျိုးတွေ စာဖတ်အား စာပေချစ်မြတ်နိုးစိတ် ဘယ်လောက် နည်းသလဲဆိုတာ သိပ်သိသာပါတယ်။

စာကြည့်တိုက်နဲ့ ပညာရေး

ဘုန်းကြီး စာတွေထဲမှာ ဖတ်ဖူးတယ်။ နိုင်ငံခြားသွားရင် စာကြည့်တိုက်ကြီးတွေဟာ ကြီးကျယ်လိုက်တာ၊ အံ့သြစရာ ကောင်းလိုက်တာတဲ့။ မြန်မာနိုင်ငံက စာကြည့်တိုက်တွေကတော့ မြို့တိုင်း ရပ်ကွက်တိုင်းရဲ့ လမ်းဘေးမှာကြည့်လိုက်။ အဖြစ် လောက်ပဲ လုပ်ထားတယ်။ စာအုပ်က မရှိ၊ ဖတ်မယ့်သူက မရှိ၊ ဒီတော့ တံခါးပိတ်ထားကြတာက များတယ်။

နောက်ပြီးတော့ လေယာဉ်ကွင်းတို့ဘာတို့ ရောက်တဲ့အခါ နိုင်ငံခြားသားတွေကို ကြည့်လိုက်ရင် စာအုပ်လေးတွေကို လက် ကြားညှပ်ပြီး ဖတ်နေကြတယ်။ ဘုန်းကြီးတို့ မြန်မာလူမျိုးတွေ ကတော့ ဖုန်းလေးတွေပွတ်ပြီး ဖေ့စ်ဘွတ်ခ် အင်တာနက်တွေပဲ ကြည့်နေကြတယ်။

နိုင်ငံခြားမှာက စာပေကို လေ့လာတဲ့အခါ ကျောင်းတွေမှာ စာကြည့်တိုက်တွေကို သွားပြီးတော့ စာအုပ်တွေရှာကြ၊ ကိုယ်တိုင် လေ့လာကြ၊ စာတမ်းတွေ ပြုစုကြရတယ်။ ဒီမှာကတော့ ဆရာပြော သမျှလေးတွေကို ဖတ်ပြီး မှတ်ပြီးတော့ပဲ ကျေနပ်နေကြတယ်။ အဲဒီတော့ စာအုပ်စာပေဖတ်တာ အားနည်းတယ်။ ဆွေးနွေးမှု အားနည်းတယ်။ မသိရင်မေးတဲ့ အလေ့အကျင့် အားနည်းတယ်။

http://www.dhammadownload.com

အဲဒီလို ကိုယ့်ကိုယ်ကိုယ် ဓမ္မစက်ရေသွင်းမှု အားနည်းတော့ အာဏာစက်ရေဆိုတဲ့ စည်းကမ်းဥပဒေတွေ ရှိပေမဲ့ ဘုန်းကြီးတို့ မြန်မာနိုင်ငံဟာ နောက်ကျန်နေခဲ့တာ။

ဒေါ်အောင်ဆန်းစုကြည်ကတော့ စာဖတ်ဖို့ သိပ်ပြောပါတယ်။ အထူးသဖြင့် အတ္ထုပ္ပတ္တိစာပေတွေ ဖတ်ဖို့ တော်တော် အားပေးတာ တွေ့ရတယ်။ ဒါပေမဲ့လည်း စာဖတ်အားက အခုအချိန်ထိ သိပ်ကို နည်းတုန်းပါ။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ အဲဒီလို ဓမ္မစက်ရေသွင်းဖို့ အားနည်းတော့ ဘာဖြစ်သလဲဆိုရင် သားရတနာ သမီးရတနာ တူရတနာ တူမရတနာ ဝန်ထမ်းတွေဟာ လောကကို အကျိုးပြုတဲ့ စပါးပင် ဖြစ်ရမယ့်အစား လောဘ ဒေါသတွေကြီးပြီးတော့ ပေါင်းမြက်တွေ ဖြစ်သွားကြတယ်။ ပေါင်းမြက်လိုလူတွေဟာ အမျိုးဘာသာ သာသနာကို အကျိုးမပြုဘဲ ဒုက္ခပေးကြတယ်။ ဒါက ဘုန်းကြီးစဉ်းစားမိတာလေးတွေကို တစ်ဆင့် ပြန်ပြောပြတာပါ။

နာမဝိသေသနများများ ကြိယာနည်းနည်း

ဓမ္မစက်ရေသွင်းပြီး ပေါင်းမြက်ကင်းအောင် လုပ်နည်းလေး တစ်ခုကို ဘုန်းကြီးသတိရလို့ ပြောပြဦးမယ်။ ၈-လပိုင်း ၂၀-ရက်နေ့ကထုတ်တဲ့ ဆဲဗင်းဒေး နယူးစ်ဂျာနယ်ထဲမှာ စာရေးဆရာ မောင်သာချို ရေးတဲ့ ဆောင်းပါးလေးတစ်ပုဒ် ဖတ်ရတယ်။ သူ့ရဲ့ ဆောင်းပါးနာမည်က "နာမဝိသေသန နည်းနည်း၊ ကြိယာများများ"တဲ့။ သူလည်းပဲ ကာတွန်းဆရာ စာရေးဆရာ အော်ပီကျယ်ကနေတစ်ဆင့် ပြောပြလို့ သိခဲ့ရတာ။ ဒီစာကို မူလက ဘယ်သူရေးခဲ့လဲတော့ မသိဘူး။

http://www.dhammadownload.com

less adjective, more verb ဆိုပြီး အင်္ဂလိပ်လိုလေး ရေးထားတယ်။ မြန်မာလိုက နာမဝိသေသနတွေကိုလျှော့၊ ကြိယာတွေကို တိုးပါတဲ့။ မောင်သာချိုကတော့ နာမဝိသေသနနည်းနည်း ကြိယာများများတဲ့။ ဒီဆောင်းပါးလေးကို ဖတ်ပြီးတော့ ဘုန်းကြီး စဉ်းစားမိသမျှ ဓမ္မစက်ရေကို ဘယ်လိုသွင်းသင့်သလဲ၊ ဘုန်းကြီးတို့ ဘယ်လိုသွင်းခဲ့သလဲဆိုတာလေးကို အချိန်ရသလောက် ပြောပေးဦးမယ်။

သူ့ဆောင်းပါးရဲ့ဆိုလိုရင်းက less adjective, more verb ဆိုတဲ့ အင်္ဂလိပ်စကားလေးနဲ့အညီ 'နာမဝိသေသနတွေကိုလျှော့၊ ကြိယာတွေကိုတိုး၊' ဒီလိုသဘောမျိုးပါပဲ။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဘာတွေ များနေသလဲဆိုတာကို စာရေးဆရာက သုံးသပ်ပြထားတယ်။ နာမဝိသေသနတွေကြားထဲမှာ ကျေနပ်နေပြီးတော့ ကြိယာမည်ကာမတ္တလေးနဲ့ ပျော်မွေ့နေတဲ့ ပုဂ္ဂိုလ်တွေ များနေတယ်တဲ့။ သူက ဥပမာလေးတစ်ခု ထုတ်ပြတယ်။

ဘာလဲဆိုတော့ လူတစ်ယောက်က သူ့ကိုယ်သူ ရေးတယ်။ 'စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ၊ မြို့နယ်စာနယ်ဇင်း နှင့်စာပေ ဒုတိယဥက္ကဋ္ဌ၊ လွတ်လပ်ရေးနေ့ ကဗျာပြိုင်ပွဲ ဆုရွေးချယ်ရေးအဖွဲ့ဝင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဗျာပြိုင်ပွဲ ဒုတိယဆုရ' စတဲ့ သူ့ရဲ့ဂုဏ်တွေကို ဒါမျိုးတွေ ရေးထားတယ်။ ဒါက နာမဝိသေသနတွေ ဂုဏ်တွေပေါ့။

ဒီဂုဏ်တွေသာ ရေးလိုက်တာ။ သူ့ရဲ့ကြိယာလို့ ခေါ်ရမယ့် အလုပ်ကို ကြည့်လိုက်တော့ ကဗျာလေး လေး,ငါး,ဆယ်ပုဒ်ပဲ ရေးဖူးတယ်။ ဝတ္ထုတိုလေး လေး,ငါး, ဆယ်ပုဒ်ပဲ ရေးဖူးတယ်။

http://www.dhammadownload.com

ဒါပေမဲ့ ဂုဏ်ပုဒ်တွေကိုတော့ ထည့်လိုက်တာ။ အခုနကလိုပေါ့။ အဲဒီတော့ မြန်မာနိုင်ငံမှာ ဒီလို နာမဝိသေသနကြားထဲမှာပဲ ကျနပ်ပြီးတော့ ကြိုယာဆိုတဲ့ လုပ်ငန်းကျတော့ မည်ကာမတ္တာပဲ လုပ်နေကြတာ။ ဒါတွေကို ရှောင်သင့်တယ်တဲ့။

ဒါပေမဲ့ နာမဝိသေသန ဂုဏ်ကိုမက်မောတဲ့ပုဂ္ဂိုလ်တွေကတော့ သူတို့အနေနဲ့ သူတို့ရဲ့ ကြိုယာဆိုတဲ့ လုပ်အားက အများကြီးမရှိဘူး။ နည်းနည်းပဲရှိတာ။ ဒါပေမဲ့ နာမဝိသေသနဂုဏ်ဆိုတဲ့ မိတ်ကပ်တွေကို ထူထူလိမ်းနေကြတယ်လို့ မောင်သာချိုက ဒီလို သုံးသပ်ပြတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်ကိုကြည့်တော့ ဘာမှမရှိဘူး။ အမျိုးဘာသာ သာသနာအတွက် တိုးတက်အောင် ကောင်းကောင်းမလုပ်နိုင်ဘူး။ အများအတွက်လည်း အကျိုးပြုလုပ်ငန်းမည်မည်ရရ မရှိဘူး။ ဒါပေမဲ့လို့ သူတို့က မကြီးကျယ်တာကို ကြီးကျယ်အောင် ကိုယ့်ကိုယ်ကိုယ် နာမဝိသေသနဂုဏ်ဆိုတဲ့ မိတ်ကပ်တွေနဲ့ ခပ်ထူထူခြယ်လိုက်ကြတယ်။

ဘုန်းကြီးတို့ သံဃာလောကမှာလည်း ဒီအတိုင်းပဲ။ နိုင်ငံတော်ကကပ်တဲ့ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ– ကြီးကျယ်တဲ့ပညာရှိစာချ စတဲ့ ဘွဲ့တွေကိုတော့ ရေးကြပါရဲ့၊ စာချတဲ့လုပ်ငန်းကိုကြည့်လိုက်တော့ အဖြစ်လောက်ပဲလုပ်တယ်။ ဝတ်ကျေတမ်းကျေလောက်ပဲ လုပ်နေတယ်။ ဒါဟာ လုပ်ဆောင်ချက် နည်းပါးလွန်းပေမဲ့ နာမဝိသေသနဂုဏ်တွေကို များများဖော်လွန်းတာ။ ကြိုယာနည်းနည်း နာမဝိသေသနများများ ဖြစ်နေတာပေါ့။

http://www.dhammadownload.com

နာမဝိသေသနနည်းနည်း ကြိယာများများ

စာရေးဆရာက ဆက်ပြောထားသေးတယ်။ မာသာထရီဇာကို ကြည့်ပါတဲ့။ မာသာထရီဇာရဲ့ရှေ့မှာ ဘာဘွဲ့ထူးဂုဏ်ထူးမှ မပါဘူး။ ဒါပေမဲ့လို့ သူ့ရဲ့လုပ်ဆောင်ချက်က ကမ္ဘာမှာ ဒုက္ခသည်ကယ်ဆယ်ရေး စခန်းတွေ (၅၀၀)လောက် ဖွင့်သွားတယ်။ ဒီတော့ သူ့ရဲ့လုပ်ဆောင်ချက်က ကြီးကျယ်လိုက်တာ။ ကြိယာက များလိုက်တာ။ လုပ်ဆောင်ချက်က ကြီးကျယ်တော့ ကမ္ဘာကကို အံ့သြပြီး လေးစားရတယ်။ သူ့ရဲ့ နာမဝိသေသန ဂုဏ်တွေကိုတော့ ဘာမှမထည့်ဘူး။ ဒါဟာ နာမဝိသေသနနည်းနည်း ကြိယာများများသဘောပဲ။

တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ဆိုလည်း ကြည့်လိုက်ပါ။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်တုန်းက ကျမ်းစာတွေထုတ်ရင် ကျမ်းစာအုပ်မှာ အရှင်ဇနကာဘိဝံသ၏ ရတနာဂုဏ်ရည်၊ အရှင်ဇနကာဘိဝံသ၏ သင်္ဂြိဟ်ဘာသာဋီကာ ဒါမျိုးတွေပဲ ရေးသွားတယ်။ 'အဂ္ဂမဟာပဏ္ဍိတ၊ တွဲဖက်ရွေကျင်သာသနာပိုင်'စတဲ့ ဘာဂုဏ်ထူးကိုမှ မထည့်ခဲ့ပါဘူး။

ဆရာတော်ကြီးက နာမဝိသေသနတွေ မထည့်ခဲ့ပေမဲ့ ဆရာတော်ကြီးရဲ့ လုပ်ဆောင်ချက်တွေကိုတော့ ကြည့်လိုက်ပါ။ ကျမ်းပေါင်း (၆၀)ကျော် ရေးသားသွားခဲ့တယ်။ ဘုန်းကြီးတို့ ရေးဖို့မပြောနဲ့၊ ဖတ်ဖို့တောင် မကုန်နိုင်တဲ့ ကျမ်းစာတွေကို ရေးသားပြီးတော့ သာသနာပြုသွားခဲ့တာ။ ဆရာတော်ကြီးရဲ့ ကျမ်းစာတွေကို ဖတ်ပြီးတော့ လိမ္မာရေးခြား ရှိသွားတဲ့ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

ယနေ့အချိန်အထိ ရေတွက်လို့မရဘူး။ ဆရာတော်ကြီးရဲ့ ဘာသာဋီကာတွေကို ကြည့်ပြီးတော့ တိပိဋကဓရ အောင်သွားတဲ့ သံဃာတွေ၊ ဓမ္မာစရိယဘွဲ့ ရသွားတဲ့ သံဃာတွေ တော်တော်ကြီးကို များနေပါပြီ။ လက်ညှိုးထိုးမလွဲလောက်အောင်ကိုပါပဲ။

ဆရာတော်ကြီး တည်ထောင်သွားတဲ့ မဟာဂန္ဓာရုံကျောင်းတိုက်ဆိုရင်လည်း ကမ္ဘာကျော်တယ်။ သာသနာ့မျိုးဆက်တွေ ပေါ်ထွက်တယ်။ ဘုန်းကြီးတို့ မြစကြာကျောင်းတိုက်သည်ပင် ဆရာတော်ကြီးရဲ့ အဆက်အနွယ်ဆိုတော့ ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့် မြစကြာဆိုတာ ပေါ်လာခဲ့ရတာ။ အဲဒီတော့ ဆရာတော်ကြီးရဲ့ အကျိုးပြုမှုဆိုတဲ့ ကြိယာတွေဟာ သိပ်များပါတယ်။ ဒါပေမဲ့ နာမဝိသေသနကိုတော့ ဆရာတော်ကြီး ဘယ်လောက်ထည့်ခဲ့သလဲ။ နာမဝိသေသနနည်းနည်း ကြိယာများများဆိုတာ ဒါကို ဆိုလိုတာပါ။

ဘုန်းကြီးလည်း ဒီဆောင်းပါးလေးဖတ်ပြီးတော့ ကိုယ့်ကိုယ် ကိုယ် ပြန်သုံးသပ်ကြည့်တယ်။ ငါကရော ဘယ်လိုအမျိုးအစားထဲပါသလဲ။ နာမဝိသေသနဆိုတဲ့ ဂုဏ်တွေကို များများကြိုက်နေသလား၊ ကြိယာဆိုတဲ့ လုပ်အားကိုပဲ အထူးပြုနေသလား။

ဘုန်းကြီးတို့ မြစကြာကျောင်းတိုက် စာချဘုန်းကြီးတွေမှာ ဆိုင်ရာစာမေးပွဲတွေ အောင်ထားလို့ အစိုးရဓမ္မာစရိယ၊ ရန်ကုန်မန္တလေး အဘိဝံသ စတဲ့ ဘွဲ့အသီးသီး ရထားကြပေမဲ့ နိုင်ငံတော်ကပေးတဲ့ စာချဆိုင်ရာဘွဲ့ကိုတော့ ဘုန်းကြီးကစပြီး တပည့်စာချဘုန်းကြီးတွေပါ တစ်ပါးမှ မရသေးဘူး။ ဒီလို နာမဝိသေသနများများ မရှိပေမဲ့ ကြိယာဆိုတဲ့ အလုပ်မှာရော ငါတို့ ဘယ်လောက်

http://www.dhammadownload.com

အထိ ကြီးကြီးမားမား လုပ်ကြသလဲ။

အခုအချိန်မှာ ဘုန်းကြီးတို့ စာသင်တိုက်ကို ဆရာတော်တော်တော်များများက အတိုင်းအတာတစ်ခုအထိ အလေးဂရုပြုလာကြတယ်။ မြစကြာဆိုပြီးတော့ စာသင်တိုက်လောကမှာ အတိုင်းအတာ တစ်ခုအထိ အလေးစားခံလာရတယ်၊ သံဃာတွေရဲ့ အားကိုးရာဖြစ်လာတယ်။ ဒါဟာ ဘုန်းကြီးအပါအဝင် တပည့်စာချဘုန်းကြီးတွေရဲ့ စာချတဲ့အလုပ်ကို လေးလေးစားစား လုပ်ကြခြင်းရဲ့ အကျိုးရလဒ်ပါပဲ။ ဒီတော့ ကြိယာအနေနဲ့ကတော့ နည်းနည်းပါးပါး အောင်မြင်တယ်လို့ ပြောရပါမယ်။

ဆရာ့လမ်းစဉ်

နာမဝိသေသနနဲ့ စပ်တာလေး ထပ်ပြောရရင်တော့ ဘုန်းကြီးကိုယ်တိုင်လည်း တရားဟောတဲ့အခါ ဖြစ်နိုင်ရင်တော့ ဘုန်းကြီးရထားတဲ့ဘွဲ့တွေကို အသေးစိတ်ထည့်မနေပါနဲ့၊ အရှင်ဣန္ဒကာဘိဝံသ (မြစကြာ၊ စစ်ကိုင်း)၊ ဒီလောက်ဆိုရင် ရပါပြီ၊ ဓာတ်ပုံတွေလည်း မချိတ်ပါနဲ့လို့ ဘုန်းကြီး တောင်းပန်လေ့ရှိတယ်။

ဒါမျိုးလေးတွေ လုပ်မိတဲ့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆောင်းပါးကို မဖတ်ဖူးခင်ကတည်းက ကိုယ့်ဂုဏ်တွေကို တတ်နိုင်သမျှ မထည့်ဘဲနဲ့ ဆရာသမားဖြစ်တဲ့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ လမ်းစဉ်နဲ့အညီ အတိုင်းအတာ တစ်ခုအထိ ကျင့်သုံးဖြစ်ခဲ့လို့။

မကြာမကြာ သုံးသပ်ပါ

ဒါကြောင့် ဘုန်းကြီးတို့ လူသားတွေမှာ သူ့နယ်ပယ်နဲ့သူ

http://www.dhammadownload.com

အဖွဲ့အစည်းတိုင်းဟာ လယ်နဲ့တူပါတယ်။ အဲဒီလယ်ထဲကို စည်းကမ်းဥပဒေထားခြင်း အပြစ်ပေးခြင်းဆိုတဲ့ အာဏာစက်ရေရော အကြောင်းအကျိုးနဲ့ ပြောဆိုဆုံးမခြင်း၊ ဆွေးနွေးခြင်း၊ မသိရင် မေးမြန်းခြင်း၊ စာပေဖတ်ခြင်း ဆိုတဲ့ ဓမ္မစက်ရေပါ မကြာမကြာ သွင်းပေးရပါမယ်။

ဒါမှ လယ်နဲ့တူတဲ့ အဖွဲ့အစည်းမှာ ပေါင်းမြက်လိုလူတွေ နည်းပါးပြီးတော့ လောကကို အကျိုးပြုတဲ့ စပါးပင်လိုလူတွေ များလာပါမယ်။ ပြီးတော့ မိမိတို့ နှလုံးသားမှာလည်း လောဘ ဒေါသ စတဲ့ ပေါင်းမြက်တွေ ကင်းစင်ပြီးတော့ စပါးပင်လို အကျိုးပြုတဲ့ စိတ်ထားတွေ ပြည့်ဝလာပါမယ်။ ဒီသဘောလေးကို သိစေချင်လို့ "စပါးပင်လား ပေါင်းမြက်လား" ဆိုတဲ့ တရားကို ယနေ့ ဒါယိကာမကြီး ဒေါ်ကုတ်ဝါရဲ့မွေးနေ့မှာ ဓမ္မလက်ဆောင်အဖြစ် ဟောပေးတာပါ။

ဒီတရားတော်ကို နာယူပြီးတော့ ငါတို့မိသားစုဟာ စပါးပင်လိုလူအဖြစ်နဲ့ လောကနဲ့သာသနာကို အကျိုးပြုနေသလား၊ ဒါမှမဟုတ် ပေါင်းမြက်လိုလူအဖြစ်နဲ့ လောကနဲ့ သာသနာကို ဒုက္ခပေးနေသလား မကြာမကြာ ပြန်သုံးသပ်ပြီး စပါးပင်လိုလူဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။ ဒီလို ကြိုးစားရင်း ကြိုးစားရင်းနဲ့ ပါရမီကုသိုလ်တွေ ရင့်သန်ကာ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာမြတ်ကို ကိုယ်စီကိုယ်ငင လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သာဓု... သာဓု... သာဓု။)

http://www.dhammadownload.com

http://www.dhammadownload.com

စိတ်ထားတတ်ဖို့ လိုပါတယ်

ယနေ့ သာသနာတော်နှစ် ၂၅၅၉–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၇–ခုနှစ်၊ ပြာသိုလဆန်း (၄)ရက်၊ ခရစ်နှစ် ၂၀၁၆–ခုနှစ်၊ ဇန်နဝါရီလ ၁၃–ရက်၊ ဗုဒ္ဓဟူးနေ့၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာကျောင်းတိုက်သို့ လာရောက်ပြီးတော့ (၅)နှစ်မြောက် (၅)ကြိမ်မြောက်အဖြစ် ကုသိုလ်ပြုကြတဲ့ မန္တလေးမြို့၊ မန်းမြို့စျေး၊ ဒေါ်ဌေးဌေးဦးနှင့် မောင်နှမများ “ယမင်း” အထည်ဆိုင် မိသားစုဖြစ်ပါတယ်။ မိမိတို့ “ယမင်း”အထည်ဆိုင် မိသားစုက ကျေးဇူးရှင် ဖခင်ကြီး ဦးဝင်း+ကျေးဇူးရှင် မိခင်ကြီး ဒေါ်ခင်စိန်တို့အား လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ သုံးတန်သော ချမ်းသာကို ခံစားစေနိုင်ရန် ရည်စူးမှန်းထားပြီး (၅)နှစ်မြောက် (၅)ကြိမ်မြောက်အဖြစ်နဲ့ လက်ရှိသံဃာတော် (၃၃၀)ကျော်တို့အား အဖျော်ရည် ဆေးပစ္စည်းများ လောင်းလှူဆက်ကပ်ခြင်း ဆိုတဲ့ တစ်နေ့တာ ကုသိုလ်ကို ပြုလုပ်ကြပါတယ်။

http://www.dhammadownload.com

မြစကြာကျောင်းတိုက်၊ မြစကြာကျောင်းတိုက်နဲ့ ဆက်စပ်နေတဲ့ ကျောင်းတိုက်မှ သံဃာတော်တို့ သာသနာ့အလုပ်ကို လုပ်ဆောင်ရာမှာ အထူးသဖြင့် စာချဘုန်းကြီးများ သွားရေးလာရေး လွယ်ကူချမ်းသာ စေရန် စူပါကာစတန်အမျိုးအစား မော်တော်ကား တစ်စီးကို သံဃိကအဖြစ် လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထု အစုစုကို လှူဒါန်းခြင်း ဒါနကောင်းမှု၊ သရဏဂုံသုံးပါးနှင့်တကွ သီလတော်မြတ်ကို ခံယူဆောက်တည်ခြင်း သီလကောင်းမှု၊ သံဃာတော်အရှင်မြတ်တို့ မေတ္တာဘာဝနာပွားများသည့်အနေဖြင့် ရွှတ်ဖတ်ဟောကြားခဲ့တဲ့ မေတ္တာသုတ်အပါအဝင် ပရိတ်တရားတော်များကို နာယူကြခြင်း၊ လိုက်နာကျင့်သုံးဖွယ်ရာ အနုမောဒနာတရားကို နာယူကြခြင်း ဘာဝနာကောင်းမှု အစုစုကို ပြုလုပ်ကြတယ်။

(၅)နှစ်မြောက် (၅)ကြိမ်မြောက်အဖြစ် မြစကြာကျောင်းတိုက်သို့ လာရောက်ပြီး ဒေါ်ဌေးဌေးဦးနှင့် "ယမင်း"အထည်ဆိုင် မိသားစုနဲ့တကွ ဓမ္မမိတ်ဆွေများက အခုလို ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဆိုတဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ လမ်းစဉ်သုံးရပ် ကုသိုလ်မြတ်ကို လာရောက်ပြီးတော့ သဒ္ဓါကြည်နူးဆည်းပူးကြတယ်။ ဒီတော့ အားလုံးကို လိုက်နာကျင့်သုံးဖွယ်ရာ အနုမောဒနာတရားအဖြစ် ဘုန်းကြီးက "စိတ်ထားတတ်ဖို့ လိုပါတယ်" ခေါင်းစီးနဲ့ ဟောပေးပါ့မယ်။

ကားအလှူ

မဟောခင်မှာ ဒေါ်ဌေးဌေးဦးလှူတဲ့ စူပါကာစတန်ကားနဲ့ စပ်ပြီး အရင်ပြောချင်တယ်။ ဒေါ်ဌေးဌေးဦးက ဘုန်းကြီးကို လျှောက်တယ်။ အဘိဝံသစာမေးပွဲ ဖြေဆိုကြမယ့် သံဃာတွေ၊

http://www.dhammadownload.com

ဆုနှင်းသဘင်သွားတဲ့ သံဃာတွေ ချမ်းချမ်းသာသာ သွားနိုင်ဖို့ စူပါကာစတန် ကားတစ်စီး စီစဉ်ထားပါတယ်ဘုရားတဲ့။

ဘုန်းကြီးကလည်း ဒီကိစ္စကို မနေ့မနက်ကမှ သိတယ်။ စောစောပိုင်းတုန်းက ဦးဇင်းတစ်ပါးက အရိပ်အမြွက်လျှောက်လို့ ဒေါ်ဌေးဌေးဦးကို ဘုန်းကြီးဆီ အတွေ့ခိုင်းပါဦးလို့ မှာလိုက်တယ်။ ဘုန်းကြီးရဲ့ ရည်ရွယ်ချက်က မေးပြီးတော့ တားသင့်ရင် တားမယ်ပေါ့။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကလည်း ငွေထီးသုံးလက် မိသားစုက ဘုန်းကြီးကို စူပါကာစတန်ကားတစ်စီး လှူချင်ပါတယ်လို့ လျှောက်ဖူးတယ်။ ဒါပေမဲ့ ဘုန်းကြီးက မလိုအပ်လို့ မလှူပါနဲ့၊ လိုအပ်ရင် အကူအညီတောင်းပါ့မယ်၊ ဒီလိုပဲ ပြောခဲ့တယ်။ အခု အချိန်မှာတော့ လိုအပ်လာတဲ့သဘောလေး တွေ့ရလို့ ဒေါ်ဌေးဌေးဦး စီစဉ်ထားတာကို လက်ခံဖြစ်သွားတယ်။

ဘုန်းကြီးရဲ့မူ

မြစကြာကျောင်းတိုက်မှာ သံဃာ (၃၅၀) လောက်နဲ့ ရပ်သင့်ပြီလို့ ဘုန်းကြီးက တွေးထားတာ။ အခြားဆရာတော်တွေ၊ ဒကာဒကာမတွေကတော့ လျှောက်ကြပါတယ်။ "အရှင်ဘုရား၊ နေစရာလည်း ရှိနေတာပဲ၊ ကျွေးလည်းကျွေးမွေးနိုင်နေတာပဲ၊ ဘာဖြစ်လို့ သံဃာကို တိုးပြီးလက်မခံတာလဲ" ဘုန်းကြီးကို စောဒကတက်ပြီးတော့ မေးကြတယ်။ သူတို့ကတော့ သံဃာများများ လက်ခံစေချင်တာ။

ဘုန်းကြီးရဲ့မူကကျတော့ ကျွေးနိုင်လို့ လက်ခံတယ်ဆိုတာ မသင့်တော်ဘူး။ နေစရာရှိလို့ သံဃာများများ လက်ခံတယ်ဆိုတာလည်း မဖြစ်သင့်ဘူး။ ဘုန်းကြီးရဲ့မူက ဘယ်လိုနည်းနဲ့ သံဃာ

http://www.dhammadownload.com

လက်ခံမလဲဆိုတော့ ကိုယ်ဘယ်လောက် စီမံအုပ်ချုပ်နိုင်မလဲ၊ တိုးတက်အောင် ဘယ်လောက်အထိ လုပ်ပေးနိုင်မလဲ၊ ဘယ်အရေအတွက်ဟာ ကိုယ်ထိန်းသိမ်းနိုင်တဲ့ သံဃာအရေအတွက်လဲ။ ဒီတော့ အရေအတွက်က သံဃာ (၃၅၀)လို့ အဖြေထွက်သွားတယ်။

(၃၅၀)ထက် ပိုသွားရင် ထိန်းသိမ်းရတာလေးတွေ အားနည်းလာနိုင်တယ်။ တပည့်သံဃာတွေကို တိုးတက်အောင်လုပ်ပေးဖို့ နည်းနည်းလေး ပင်ပန်းလာနိုင်တယ်။ နာယကတွေကိုလည်း တိုင်ပင်ကြည့်တော့ သူတို့လည်း သဘောပေါက်ဟန် တူပါတယ်။ ဒါကြောင့် သံဃာ (၃၅၀)ထက် မကျော်နဲ့တော့လို့ ဘုန်းကြီးက ဆုံးဖြတ်ချက်ချလိုက်တယ်။

မြစကြာကျောင်းခွဲ

အဲဒီလို သံဃာ (၃၅၀)ထက် မကျော်နဲ့ ဆိုတော့ မနှစ်ပိုင်း တုန်းက (၁၃)နှစ်အောက် ကိုရင်လေးတွေ ကျောင်းတိုက်မှာ ဝင်ခွင့် လာပြီးတော့ သုတ်စဉ် သဒ္ဒါရုစ်ဆောင်၊ ပရိတ်ကြီး ၁၁-သုတ်၊ ရှင်ကျင့်ဝတ် ပါဠိ-အနက်၊ ဒါတွေကို ရေးဖြေလာဖြေတဲ့ ကိုရင်လေး တွေကိုက (၁၀၅)ပါးရှိတယ်။ ဘုန်းကြီးတို့ မြစကြာကျောင်းတိုက် က လက်ခံနိုင်တာက (၃၀) လောက်ပဲ ရှိတာ။

ဒါကို ရန်ကုန်ဘက်က ဒကာတွေ သိသွားပြီးတော့ ဒကာ တစ်ယောက်က ကောင်းမွတော်ဘက်မှာ သူ့မြေ ၃-ဧက ရှိပါတယ်၊ အရှင်ဘုရား အလှူခံမယ်ဆိုရင် သူလှူချင်ပါတယ်၊ စာသင်တိုက် လုပ်ပါ၊ လန-၃၉ ကျပြီးသားပါ၊ ဒီလိုလျှောက်တယ်။ ဘုန်းကြီးက ပြန်ပြောလိုက်တယ်။ ဘုန်းကြီးကတော့ စီမံရုံပဲ စီမံနိုင်တယ်။ ဟိုတုန်းကလို စာဝါတွေ အများကြီး မချနိုင်တော့ဘူး။ အလုပ်တွေ

http://www.dhammadownload.com

ကလည်း များလာခဲ့တယ်၊ အဲဒီတော့ နာယကတွေကို ဘုန်းကြီးပြောကြည့်မယ်၊ သူတို့လုပ်နိုင်ပါတယ်၊ တာဝန်ယူနိုင်ပါတယ်ဆိုရင် ဘုန်းကြီး လက်ခံမယ်။ တာဝန်မယူနိုင်ဘူးဆိုရင် လက်မခံဘူး။

ဒီလိုပြောတော့ လိုက်ကြည့်ပေးပါဆိုတာနဲ့ နာယကတွေကို ခေါ်ပြီး ဘုန်းကြီးကိုယ်တိုင် လိုက်ကြည့်တယ်။ အဲဒီလိုကြည့်တော့ နာယကတွေက သာသနာပြုဖို့ရာအတွက် အဆင်ပြေတဲ့နေရာဖြစ်တယ်လို့ ယူဆဟန်တူပါတယ်။ ဒီတော့ သူတို့လုပ်နိုင်ပါတယ်လို့ ဘုန်းကြီးကို ပြန်လျှောက်ကြတယ်။ ဒါနဲ့ ဘုန်းကြီးက လက်ခံပေးလိုက်တယ်။ မုံရွာဘက်က အလှူရှင်တစ်ဦးကလည်း ၂-ဧက ထပ်လှူတော့ ၅ ဧက ဖြစ်သွားတယ်။ မြစကြောကျောင်းဝင်းလောက်ကျယ်မှာပေါ့။ ရှိမ်းမကားဘက်သွားတဲ့ ခရိုင်ချင်းဆက်လမ်းအတိုင်း နှစ်ပြကျော်ကျော်လောက် ဝင်လိုက်ရင် ကောင်းမှုတော်ရဲ့ အရှေ့ယွန်းယွန်းလောက်မှာ ရှိတယ်။ ဒီမြေအလှူအတွက် ပြီးခဲ့တဲ့ ဒီဇင်ဘာ (၂၅)ရက် ခရစ်စမတ်နေ့က ရေစက်ချပေးလိုက်တယ်။

မဟာစကြာ

အခုနက မြစကြောဝင်ခွင့် လာဖြတဲ့ သံဃာ (၁၀၅)ပါးထဲက (၃၀) ကို မြစကြော၊ (၂၀)ကို ကျောက်တလုံး၊ နောက်ထပ် (၃၀)လောက်ကိုတော့ ကောင်းမှုတော်နားက မဟာစကြာမှာ လက်ခံဖို့ ကြေညာလိုက်တယ်။ ဒါပေမဲ့ မဟာစကြာက လတ်တလော မြေနေရာချည်း ဖြစ်နေသေးတော့ နောက်နှစ်မှ လက်ခံမယ်လို့ အရဲစွန့်ပြီးတော့ ကြေညာလိုက်တာ။

ကျောက်တလုံးဆိုတာက စာကြည့်တိုက်ကျောင်းဆောင်ကျောင်းအစ်မဖြစ်တဲ့ ဒေါ်ညွန့်ညွန့်စန်းတို့ မိဘမေတ္တာမိသားစုရဲ့

http://www.dhammadownload.com

တောင်းပန်လျှောက်ထားမှုကြောင့် မြစကြာကျောင်းခွဲ သဘောမျိုး ဖြစ်နေတဲ့ တောကျောင်းလေးပါ။ အဲဒီကျောင်းမှာ မြစကြာက စာချဘုန်းကြီးတစ်ပါး ပို့ပြီး မြစကြာရဲ့မူလတန်းပြဋ္ဌာန်းစာအတိုင်း စာချစေပါတယ်။ လာမယ့် ပြာသိုလဆန်း (၇)ရက်နေ့ဆို ဒီမှာ အတန်းတင်စာမေးပွဲ လာဖြေကြမယ်။ အောင်တဲ့သံဃာက မြစကြာမှာ နေခွင့်ရမယ်။ ကောင်းမှုတော်နားက မဟာစကြာမှာတော့ ကျောင်းဆောင်တစ်ဆောင်မှ မဆောက်ရသေးဘူး။ သံဃာက (၃၀)လောက် လက်ခံပြီးနေပြီ။

ဘုန်းကြီးက အခုလို မြေလက်ခံလိုက်တာနဲ့တပြိုင်နက် ကုသိုလ်ရှင်တွေက အံ့သြစရာကောင်းလောက်အောင် ယုံကြည်မှုတွေ များလိုက်တာ၊ ဘုန်းကြီးတောင် တုန်လှုပ်မိတယ်။ အဲဒီ (၅)ဧကထဲမှာ သံဃာ (၃၅၀)စာ လုံလောက်မယ့် အဆောက်အအုံတွေအတွက် ကုသိုလ်ရှင်တွေက အခုဆိုရင် ပြည့်သွားပြီ။ လွန်ခဲ့တဲ့သုံးရက်လောက်ကလည်း "ဦးကာက လက်ဖက်ခြောက်" ဒါယိကာမကြီး ဒေါ်ကြင်သန်းနဲ့ စပ်ပြီး ကုသိုလ်ရှင်နှစ်ဦးက ကျောင်းဆောက်ချင်တယ်တဲ့၊ အရှင်ဘုရား ရပါသေးသလား မေးတော့ ဘုန်းကြီးက သံဃာ (၃၅၀)အတွက် လုံလောက်နေပြီဖြစ်လို့ ပြည့်စုံပါပြီ၊ အခြားနေရာမှာပဲ လှူချင်ရင် လှူကြပါလို့ ပြောလိုက်ရတယ်။

ကောင်းမှုတော်နားက မြစကြာကျောင်းခွဲကို မဟာစကြာလို့ အမည်ပေးထားတယ်။ မဟာစကြာလို့ အမည်ပေးရခြင်းရဲ့ အကြောင်းကို ဘုန်းကြီး နည်းနည်းပြောဦးမယ်။ မြစကြာကျောင်းတိုက်လို့ ပေးလိုက်ရင် လက်ရှိမြစကြာက မြစကြာတိုက်ဟောင်း၊ ကောင်းမှုတော်အနီး ကျောင်းခွဲက မြစကြာတိုက်သစ်လို့ အလိုလို

http://www.dhammadownload.com

ဖြစ်သွားမယ်။

ဒီတော့ တိုက်ဟောင်းတွေ တိုက်သစ်တွေဆိုပြီး ရှုပ်နေမှာ စိုးလို့ ဘုန်းကြီး ကိုရင်ဘဝကနေ သက္ကသီဟ အဘိဝံသ အောင်ပြီး တဲ့ ရဟန်းဘဝအထိ ပညာသင်ယူခဲ့တဲ့ မဟာဂန္ဓာရုံကျောင်းတိုက်က 'မဟာ'ဆိုတဲ့ စကားလုံးနဲ့ ဇာတိရွာမှာ အခြေခံစာတွေ သင်ယူခဲ့၊ ကိုရင်ဝတ်ခဲ့တဲ့ 'စကြာ'ကျောင်းအမည်ကို ပေါင်းပြီး ဆရာသမားတွေကိုလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ "မဟာစကြာကျောင်းတိုက်" လို့ အမည်ပေးလိုက်တာပါ။

ကာလဒါန

ဒါယိကာမကြီး ဒေါ်ဌေးဌေးဦးက စူပါကာစတန်ကားကို မြစကြာကျောင်းတိုက်အတွက် လှူတာပါ။ အခု မဟာစကြာမှာလည်း ၃၁၅-ကေဗွီ ထရန်စဖော်မာ ဆင်နေကြပြီ။ ခုံတွေ ဓာတ်တိုင်တွေလည်း စိုက်ပြီးနေပြီ။ ထရန်စဖော်မာ တပ်ဆင်ခွင့်လည်း ကျပြီးပြီ။ ဒီတော့ အဲဒီကျောင်းအတွက် ကားလိုလာတယ်လို့ ပြောရမှာပေါ့။

အဲဒီအတွက် ဘုန်းကြီးက ဒီကားကို အသုံးပြုခွင့် တောင်းတော့ ဒေါ်ဌေးဌေးဦးကလည်း ဒီကျောင်းအတွက်ရော ဟိုကျောင်းအတွက်ရော လိုအပ်သလို သုံးနိုင်ပါတယ်ဘုရားတဲ့။ ဒေါ်ဌေးဌေးဦးရဲ့ အလှူက အချိန်ကိုက်အလှူ ဖြစ်သွားတော့ ယာနဒါနအပြင် ကာလဒါနလို့ပါ ပြောရမှာပေါ့။

ဘုန်းကြီးအနေနဲ့ ကြိုလည်းသိခဲ့မယ်၊ ဒီအစီအစဉ်လည်း မစသေးဘူးဆိုရင်တော့ ငြင်းကောင်းငြင်းမိလိမ့်မယ်။ အခုတော့

http://www.dhammadownload.com

အခြေအနေအားလျော်စွာ လိုအပ်လာတာကြောင့် လက်ခံဖြစ်သွားတယ်။

ယာနဒါန

ယာဉ်လှူတဲ့ လက်တွေ့အကျိုးကို မြတ်စွာဘုရား ဟောထားတာကတော့ –

"ယာနဒေါ သုခဒေါ ဟောတိ"

ယာနဒေါ– ဖိနပ်ကစပြီးတော့ မော်တော်ကားစတဲ့ ယာဉ်ကို လှူဒါန်းတဲ့ ပုဂ္ဂိုလ်သည်၊ **သုခဒေါ**– ကိုယ်စိတ်နှစ်ပါး ချမ်းသာရာကို လှူဒါန်းရာရောက်သည်၊ **ဟောတိ**– ဖြစ်ပါပေ၏ တဲ့။

ယာဉ်လှူရင် ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ပေးလှူရာရောက်တယ်။ အခြားပစ္စည်းတွေ လှူတာထက် ယာဉ်လှူတာက ကိုယ်စိတ်နှစ်ပါးကို ပိုပြီးတော့ ချမ်းသာစေတယ်။ ဒီတော့ ဆုမတောင်းလည်း ကိုယ့်အတွက် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဖိနပ်ကိုလည်း ယာဉ်လို့ခေါ်တယ်။ ထီး စတာတွေကိုလည်း ယာဉ်လို့ခေါ်တယ်။ ကိုယ့်အိမ်ရှေ့မှာ လမ်းလေးပျက်နေလို့ ဝါးတံတားလေး ထိုးဆောက်တယ်၊ ဒါကိုလည်း ယာဉ်လို့ခေါ်တယ်။ ဒါတွေက တန်ဖိုးတော့နည်းတာပေါ့။ ဒါပေမဲ့ ယာဉ်အလှူထဲမှာ ပါပါတယ်။ အခုလို စူပါကာစတန်ကားတစ်စီး လှူတယ်။ ဒါဆိုရင်တော့ တန်ဖိုးကြီးမားတဲ့ ယာဉ်အလှူလို့ ပြောရပါမယ်။

ယာဉ်လှူတာ ချမ်းသာကို လှူရာရောက်တယ် ဆိုတာ ဘယ်လိုလဲဆိုတော့ ဥပမာ လမ်းသွားရင်း ဖိနပ်လေး ပြတ်ကြည့်

http://www.dhammadownload.com

ပေါ့။ ဖိနပ်ပြတ်သွားရင် ဘယ်လောက်စိတ်ဆင်းရဲစရာ ကောင်းသလဲ။ ဖိနပ်မပါလို့ ရုက်တာကတစ်မျိုး၊ ခြေထောက်နာတာက တစ်မျိုး၊ စိတ်ဆင်းရဲစရာ သိပ်ကောင်းတယ်။ ဘုန်းကြီးတို့ စစ်ကိုင်းတောင်ရိုးဆိုရင် ဖိနပ်မပါရင် လမ်းသွားလို့ကို မလွယ်တာ။ ကျောက်စရစ်လေးတွေက စူးတယ်။ ဖိနပ်ပါတော့ ဒီဆင်းရဲမှုတွေ ပျောက်ပြီးတော့ ချမ်းသာသွားတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ယာနဒေါ သုခဒေါ ဟောတိ" "ယာဉ်အလှူကို လှူတဲ့ အမျိုးသား အမျိုးသမီးသည် ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို လှူရာရောက်တယ်"တဲ့။

တန်ပြန်အကျိုးအနေနဲ့ အလှူခံပုဂ္ဂိုလ်တွေကို ချမ်းသာမှု လှူတယ်ဆိုတော့ ကိုယ့်အတွက် ချမ်းသာဟာ ဆုမတောင်းလည်း အလိုလို ရောက်လာတယ်။ မိမိတို့တောင့်တရမှာက အိုနာသေဘေးကင်းဝေးတဲ့ နိဗ္ဗာန်ချမ်းသာကို စိတ်ညွတ်ထားရမယ်။ ဒါကြောင့် ဒီအလှူဟာ နိဗ္ဗာန်ချမ်းသာရဲ့အထောက်အပံ့ ဖြစ်ပါစေလို့ အာရုံပြုပြီးတော့ လှူလိုက်ပါ။ ဒါဆိုရင် အကောင်းဆုံး အလှူဒါန အမြတ်ဆုံးကုသိုလ် ဖြစ်သွားတယ်။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မပြုမီမှာလည်း ကံ ကံရဲ့အကျိုးအတိုင်း ဖြစ်ရာဘဝတိုင်းမှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ဆုမတောင်းလည်း အလိုလိုရသွားမယ်။ ဒါက ဒေါ်ဌေးဌေးဦး လှူတဲ့ ယာဉ်နဲ့ပတ်သက်လို့ ပြောစရာရှိတာလေးကို တရားမဟောခင် အရင်ပြောပြတာပါ။

စောစောကပြောသလို ဘုန်းကြီးက ငြင်းဖို့ စိတ်ကူးထားပေမဲ့ အခုအချိန်မှာ အခြေအနေအားလျော်စွာ လိုအပ်လာတာကြောင့် လက်ခံဖြစ်သွားတယ်။ ဒီအလှူအတွက် ဒေါ်ဌေးဌေးဦးနဲ့ ဓမ္မ မိတ်ဆွေများလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရအောင်၊ မိမိတို့

http://www.dhammadownload.com

လှူတဲ့အလှူဟာ မစိုးရိမ်ဆရာတော်ကြီးရဲ့စကားနဲ့ ပြောရရင် အ,တဲ့အလှူ မဟုတ်ဘူး၊ ပြီးတော့ ချိန်ခါကိုက် အလှူလည်း ဖြစ်တယ်ဆိုတာကို သိစေချင်လို့ ပြောပြပေးခြင်းဖြစ်ပါတယ်။

အားကိုရာအစစ်

ဒီနေ့ ဘုန်းကြီးဟောမယ့်တရားက "စိတ်ထားတတ်ဖို့ လိုပါတယ်"တဲ့။ စိတ်ထားတတ်ရင် ကုသိုလ်များများရတယ်။ ဒီလို ကုသိုလ်များများရအောင် စိတ်ထားတတ်ဖို့အတွက် ဓမ္မဒ္ဒေသနာစချက်လေးက ပြောပြမယ်။ ဒီနာစချက်ကို သံပေါက်စီထားတယ်။ ကဲ ဆိုလိုက်ကြ။

"စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၊ အားနဲ့လှချေပါတကား။"
"ကိုယ်ပိုင်ဥစ္စာ မရှိပါ၊ စွန့်ခွာသွားရမှာပါတကား။"

"အတာဏော လောကော အန ဘိဿရော၊ အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ။"

ဘုရားရှင် ညွှန်ကြားခဲ့တဲ့ ဒီတရားလေးကို နားလည်လွယ်အောင် မဟာစည်ဆရာတော်ကြီးက သံပေါက်လက်ာလေး စီထားတာ။ လူသားအားလုံး သက်ရှိသတ္တဝါအားလုံး မွေးဖွားခြင်း မှတ်တိုင်ကနေ သေခြင်းမှတ်တိုင်ဆီကို တရွေ့ရွေ့ သွားနေကြတယ်။ မွေးဖွားလာတဲ့ ပုဂ္ဂိုလ်တွေမှာ မသေတဲ့သူဆိုတာ မရှိပါဘူး။ ဘုရားရှင်တောင်မှ သေခြင်းသဘောတရားကို မလွန်ဆန်နိုင်တဲ့အတွက် နောက်ဆုံး ပရိနိဗ္ဗာန် စံခဲ့ရတယ်။ တကယ်တော့ မိမိတို့ဟာ အသက်ရှင်နေတယ်ဆိုပေမဲ့ တစ်ရက်ကုန်သွားလိုက် သေခြင်းမှတ်တိုင်ဘက် တစ်ရက်နီးသွားလိုက်၊ တစ်လကုန်သွားလိုက်

http://www.dhammadownload.com

သေခြင်းမှတ်တိုင်ဘက်ကို တစ်လှန်းသွားလိုက်၊ တရွေ့ရွေ့နဲ့ သေခြင်းမှတ်တိုင်ဘက်ကို သွားနေရတာ။ သေခြင်းမှတ်တိုင်ကို သွားနေရတဲ့ သတ္တဝါတွေမှာ အားကိုးရာအစစ်က ဘာလဲ။ သုသာန်ဟိုဘက်ကို လိုက်လာမယ့် အားကိုးရာတရားက ဘာလဲလို့ မေးရင် ကုသိုလ်တရားပဲ။

စာထဲကအတိုင်း ပြောရရင် မြေခွက်နဲ့ ထမင်းစားနေတဲ့ ဆင်းရဲသားတစ်ယောက်ကို ချမ်းသာတဲ့သူဌေး တစ်ယောက်က မင်း ဒီမြေခွက်ကို ရိုက်ခွဲလိုက်ကွာ၊ ငါ ရွှေခွက်အစားပေးမယ်။ ဒီလိုပြောလိုက်ရင် ဆင်းရဲသားဟာ သူ ထမင်းထည့်စားနေတဲ့ မြေခွက်ကို လွယ်လွယ်ကူကူနဲ့ ရိုက်ခွဲနိုင်တယ်တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ရွှေခွက် အစားရမှာမလို့။ ရွှေခွက် ရမှာဆိုတော့လည်း မြေခွက်ကို ခွဲနိုင်တာပေါ့။

ဒီလိုပဲ ကုသိုလ်တွေ များများရပြီဆိုရင်လည်း သေရမှာ မကြောက်တော့ဘူး။ ငါ့မှာ ကုသိုလ်တွေ ရှိနေတယ်၊ သာသနာတော်ကြီး အခွန့်ရှည်အောင် သံဃာတွေအတွက် လုပ်ထားတဲ့ ကုသိုလ်တွေ ငါ့မှာ ရှိနေတယ်၊ ငါသေရင် ဒီထက်ညံ့တဲ့ဘဝတော့ မရောက်နိုင်ဘူး၊ ဒီထက် မြင့်မြတ်တဲ့ဘဝကို ဧကန်ရောက်နိုင်တယ်၊ နောက်ဆုံး နိဗ္ဗာန်ရောက်မယ်၊ နိဗ္ဗာန်ကို မျက်မှောက်မပြုသေးခင်မှာလည်း ဒီထက်မြင့်မြတ်တဲ့ဘဝကို ငါရောက်မှာပဲ၊ ဒီလိုတွေးပြီးတော့ ကုသိုလ်တွေ ပြည့်ဝနေတဲ့သူဟာ သေရမှာ မကြောက်တော့ဘူးတဲ့။

ဒီတော့ ဘုန်းကြီးတို့ သတ္တဝါအားလုံးရဲ့ အားကိုးရာအစစ်ဆိုတာ ကုသိုလ်တရားသာ ဖြစ်တယ်။ မိမိတို့ မြတ်နိုးစွာ ရှာထားတဲ့

http://www.dhammadownload.com

ရွှေတွေ ငွေတွေဆိုတာ မိမိတို့သေရင် ထိုက်သူတွေအတွက် ထားခဲ့ရတာပဲ။ ကိုယ်ကသာ ငါ့ပစ္စည်း ငါ့ပစ္စည်းလို့ မြတ်နိုးခဲ့ရတာ၊ အဲဒီပစ္စည်းတွေကတော့ ကိုယ့်အပေါ်ကို သံယောဇဉ် မရှိကြပါဘူး။ ကိုယ့်ကို အင်မတန် ချစ်လှပါတယ်ဆိုတဲ့ သားသမီးတွေ တူ တူမတွေ မိဘတွေဟာ ဘယ်လောက်ပဲ ချစ်ပါတယ်ပြောပြော သုသာန်အထိတော့လိုက်ပြီး ငိုဖော်ရချင်ရမယ်။ သုသာန်ရဲ့ ဟိုဘက်ကိုတော့ မလိုက်ပါဘူး။ သုသာန်ရဲ့ ဟိုဘက်အထိ လိုက်ပြီးတော့ တကယ်တမ်းကောင်းကျိုးပေးမှာက ကိုယ်ပြုထားတဲ့ ကုသိုလ်တရားပါ။ ဒါကြောင့် ကိုယ့်ရဲ့အားကိုးရာအစစ်က ဘာလဲလို့မေးရင် ကုသိုလ်တရားပါ။

သုသာန်ဟိုဘက်ထိ လိုက်မှာက ကုသိုလ်ကံနဲ့ အကုသိုလ်ကံလို့ နှစ်မျိုးရှိပေမဲ့ တကယ်အားကိုးရမှာက ကုသိုလ်ကံဖြစ်တယ်။ မွေးဖွားခြင်းမှတ်တိုင်ကနေ သေဆုံးခြင်းမှတ်တိုင်ဆီကို တရွှေ့ရွှေ့ သွားနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကုသိုလ်များများရဖို့ လိုပါတယ်။ ကုသိုလ်များများ ရချင်ပါတယ်ဆိုရင် စိတ်ထားတတ်ဖို့ လိုတယ်။ စိတ်ထားတတ်ရင် ကုသိုလ်တွေ အများကြီးရတယ်တဲ့။ ဘုန်းကြီးတစ်ဆင့်ကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်နဲ့ စိတ်ထားတတ်ဖို့ အရေးကြီးပုံလေးကို ပြောပြပေးမယ်။

စိတ်ထားတတ်သူ မတတ်သူ

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ တံငါသည်နှစ်ဦး ရှိတယ်တဲ့။ ငါတို့ တံငါလုပ်ငန်းချည်း လုပ်နေကြတော့ အကုသိုလ်တွေဖြစ်တယ်။ ကျောင်းကန်ဘုရား သွားပြီးတော့ ဥပုသ်သီတင်းစောင့်၊ တရားလေးနာ၊ ဘာဝနာလေးပွားများ၊ ကုသိုလ်လေးတော့ ယူဦးမှ

http://www.dhammadownload.com

သင့်မယ်လို့ စိတ်ထားကောင်းလာတဲ့အချိန်မှာ နှစ်ဦးသား တိုင်ပင်ကြတယ်။ ပြီးတော့ ဒီဥပုသ် မင်းသွား၊ သီလယူ၊ လှူစရာရှိတာလှူ တရားအားထုတ်ပေါ့၊ နောက်တစ်ပတ်ကျတော့ ငါသွားမယ်။ ဒီလိုလေး တစ်လှည့်စီလုပ်တယ်။

ဒီတော့ သူငယ်ချင်းတစ်ယောက်ရဲ့ ရေလုပ်ငန်းကို ကျန်တဲ့ သူငယ်ချင်းတစ်ယောက်က ဦးစီးပြီးတော့ လုပ်ပေးတယ်။ ကျန်တဲ့ တစ်ယောက်က ကျောင်းကန်ဘုရားကို သွားပြီးတော့ သီလယူတယ်။ ဆရာတော် သံဃာတော်တွေကို လှူစရာရှိတာ လှူတယ်။ နောက်ပြီးတော့ တရားနာတယ်၊ တရားအားထုတ်တယ်။

ဒီနေရာမှာ စိတ်ထားတတ်ဖို့ လိုတယ်ဆိုတာရဲ့သဘောကို ဒီပုံပြင်လေးထဲမှာ ပြောထားပါတယ်။ ဘယ်လိုပြောထားလဲဆိုတော့ ကျောင်းကန်ဘုရားမှာ ရောက်နေတဲ့ သူငယ်ချင်းရဲ့ စိတ်ထားမတတ်ပုံနဲ့ တံငါလုပ်ငန်းခွင်မှာ ဝင်နေတဲ့သူငယ်ချင်းရဲ့ စိတ်ထားတတ်ပုံကို ယှဉ်ပြီးတော့ ပြောထားတာ။

ကျောင်းကန်ဘုရားမှာ ဥပုသ်စောင့်နေတဲ့ သူငယ်ချင်းစိတ်ထဲမှာ 'အခုအချိန်ဆိုရင် ဘယ်နေရာမှာ ထောင်ထားတဲ့ မြှုံးက ငါးကြီးကြီးမိတတ်တယ်၊ ငါ့သူငယ်ချင်း လုပ်မှလုပ်တတ်ပါ့မလား' စသဖြင့် စိုးရိမ်ပူပန်နေတယ်။ လူကတော့ ဥပုသ်စောင့်မယ်ဆိုပြီး ကျောင်းကန်ဘုရားမှာရောက်နေတယ်။ စိတ်က ရေလုပ်ငန်းဆီရောက်ပြီး စိုးရိမ်ပူပန်နေတယ်တဲ့။ စိတ်ထားတတ်သလား စိတ်ထားမတတ်ဘူးလားမေးရင် စိတ်ထားမတတ်ဘူး။ စိတ်ထားမတတ်တော့ ကျောင်းကန်ဘုရားမှာ ရောက်နေပေမဲ့ ကုသိုလ်မရဘဲ အကုသိုလ်တွေပဲ ဖြစ်နေတော့တာ။

http://www.dhammadownload.com

ရေလုပ်ငန်းလုပ်နေတဲ့ သူငယ်ချင်းကတော့ ဒီအချိန်မှာ ငါ့သူငယ်ချင်းဟာ ဆရာတော်ကို လှူဖွယ်ပစ္စည်းတွေ လှူဒါန်းနေလောက်ပြီ၊ ဒီအချိန်ဆိုရင် ငါ့သူငယ်ချင်း သီလတွေ ခံယူဆောက်တည်နေလောက်ပြီ၊ ဒီအချိန်မှာ ဟောကြားတဲ့တရားကို နာယူနေလောက်ပြီ၊ ဒီအချိန်ဆိုရင်တော့ တရားတွေထိုင်ပြီးတော့ ငါ့သူငယ်ချင်း ကုသိုလ်တွေ တိုးနေလောက်ပြီဆိုလို့ တွေးနေတယ်။ လူက တံငါအလုပ်ခွင်ထဲမှာ ရောက်နေပေမဲ့ စိတ်ထားတတ်တော့ ကုသိုလ်များများ ရနေတယ်။ ဒါကြောင့် စိတ်ထားတတ်ဖို့ လိုပါတယ်။ ဒါကို ဒီပုံပြင်လေးက ပြသွားတာပါ။

တကယ်လည်း စိတ်ထားတတ်ရင် ဆူးစူးတာတောင်မှ ကုသိုလ်ဖြစ်ပါတယ်။ ဘုန်းကြီးတို့ တစ်နေရာကနေ တစ်နေရာကို သွားကြတယ်။ အဲဒီလိုသွားတဲ့အခါ ဆူးစူးဖူးကြမှာပဲ။ ဆူးစူးတဲ့အခါ စိတ်ထားမတတ်ရင် ဆူးကိုကိုင်ပြီးတော့ တချို့က ဆဲချင်ဆဲကြမယ်။ တချို့ကလည်း ဒီဆူးနဲ့ အနီးမှာရှိနေတဲ့ အိမ်ကလူတွေကို ဒါလေးမှ မလုပ်ကောင်းဘူးလားဆိုပြီး ကိုယ့်ကို ဆူးစူးတာနဲ့ ပတ်ဝန်းကျင်ကို ရမ်းပြီးတော့ နှုတ်ကြမ်းလျှာကြမ်းနဲ့ အော်ချင်အော်နေမှာ။ ဒါဆိုရင် ဆူးစူးတာဟာ အကုသိုလ်ဖြစ်ပြီ။

တကယ်လို့ စိတ်ထားတတ်တယ်ဆိုရင်တော့ ရှေ့မှာ ပြောခဲ့သလိုပဲ ကုသိုလ်ဖြစ်နိုင်တယ်။ ဩဇာ ငါလို လူငယ်တစ်ယောက်တောင်မှ ဆူးစူးတဲ့ဝေဒနာတွေက ခံရခက်လိုက်တာ၊ မိဘဘိုးဘွားအရွယ်တွေ ဆူးစူးရင် ပိုပြီးဒုက္ခရောက်ရချည်ရဲ့။ ကလေးသူငယ်တွေကို ဆူးစူးရင်လည်း သက်သာမှာ မဟုတ်ဘူး။ အားလုံးအန္တရာယ်ကင်းကြပါစေဆိုတဲ့ စိတ်ကလေးနဲ့ ဆူးလေးကို ကောက်ပြီးတော့ ရှင်းလိုက်တယ်ဆိုရင် ကုသိုလ်တွေတိုးလာတယ်။ ဒါ

http://www.dhammadownload.com

ကြောင့် စိတ်ထားတတ်ရင် ဆူးစူးတာတောင်မှ ကုသိုလ်ရတယ်လို့ ပြောတာ။

သာသနာစိတ်

ဘုန်းကြီးတို့ သံဃာတွေလည်း စိတ်ထားတတ်ဖို့ လိုတာပဲ။ ဘုန်းကြီးတို့ စာသင်တိုက်လုပ်တယ်။ ဒီလို စာသင်တိုက် လုပ်တဲ့ နေရာမှာ စိတ်ထားမတတ်ဘူးဆိုရင် ငါ့ကျောင်းက စာမေးပွဲ များများအောင်မှ လူသိများ ထင်ရှားပြီးတော့ လှူတဲ့တန်းတဲ့ သူတွေပေါမှာ။ စာမေးပွဲတွေ မြင့်မြင့်မားမားအောင်လို့ ဂုဏ်ပြုပွဲ လုပ်မယ်ဆိုရင် လှူတဲ့တန်းတဲ့သူတွေ ကျောင်းကိုရောက်လာ ပြီးတော့ ကျောင်းလည်း ဘုန်းကံကြီးမားမယ်။ ဒီလိုစိတ်နဲ့ စာသင်စာချ အလုပ်တွေကို ကြိုးစားတယ်ဆိုရင် ကုသိုလ်မရဘဲ အကုသိုလ်ဖြစ်တယ်။

ဒီလိုမဟုတ်ဘဲနဲ့ တကယ့်သာသနာ ပြုလိုစိတ်နဲ့ စာသင်စာချ လုပ်တယ်ဆိုရင်တော့ ဘယ်လောက်ရယ်လို့ မပြောပြနိုင်အောင် ကုသိုလ်တွေရမယ်။ သာသနာအခွန်ရှည်ဖို့ဆိုတာ 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' မြတ်စွာဘုရားသာသနာ အခွန်ရှည်ပါစေ'လို့အော်နေရုံနဲ့ မဖြစ်ဘူး။ ဇရပ်ကျောင်းကန်တွေ တည်ဆောက်နေရုံနဲ့ မဖြစ်ဘူး။ ဘုရားရှင်ရဲ့ အဆုံးအမသာသနာ ပိဋကတ်တွေကို လက်ဆင့်ကမ်း မယ့် သံဃာတွေ ပေါ်ထွန်းမှ သာသနာ အခွန်ရှည်မှာ။

အဲဒီတော့ ငါ စာသင်စာချလုပ်ခြင်းအားဖြင့် သာသနာ့ မျိုးဆက်တွေ ပြုစုပျိုးထောင်မယ်။ စိတ်ကောင်းစာတတ် ပညာ တတ်မျိုးဆက်တွေ ပေါ်ထွန်းပါစေ။ ဒါမှ ဘုရားရှင်ရဲ့ အဆုံးအမ ပိဋကတ်တွေကို သူတို့က တစ်ဆင့် နောက်မျိုးဆက်တွေကို

http://www.dhammadownload.com

လက်ဆင့်ကမ်းနိုင်မှာ။ ဒီနည်းနဲ့သာ သာသနာက အခွန့်ရှည်မယ်။ ဒါကြောင့် သာသနာတော်ကြီး အခွန့်ရှည်အောင် ကြိုးစားပါတယ်ဆိုတဲ့ စိတ်ထားနဲ့ စာသင်စာချလုပ်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်း နေမယ်ဆိုရင် ကုသိုလ်ပါရမီတွေ တိုးနေမှာပါ။

တရားဟောတယ်ဆိုပါစို့။ ဘုန်းကြီးတို့လည်း မလွဲသာ မရှောင်သာ ငြင်းမရတာလေးတွေဆို ဟောဖြစ်ပါတယ်။ ဟောတဲ့အခါ စိတ်ထားမတတ်ရင် ဘုန်းကြီးတို့လည်း အကုသိုလ်ဖြစ်မှာပဲ။ တရားဟောမှ နာမည်ကြီးမှာ၊ တရားဟောမှ ပစ္စည်းလာဘ်လာဘပေါများမှာ။ ဒီလိုစိတ်နဲ့ ဟောရင် အကုသိုလ်တွေ ဝန်းရံနေတယ်။ ကုသိုလ်ဖြစ်ရင်တောင် ကုသိုလ်က သန့်ရှင်းစင်ကြယ်မှု အားနည်းသွားမယ်။ ဒါဟာ စိတ်ထားမတတ်လို့ပဲ။

ဒီလိုမဟုတ်ဘဲနဲ့ ဘုရားရှင်ရဲ့တရားကို ငါ တစ်ဆင့်ဟောပေးမယ်။ ငါ တစ်ဆင့်ဟောလိုက်တဲ့ တရားကို နာယူပြီး လူတွေ အသိဉာဏ် ရှင်းကြပါစေ၊ လမ်းမှန်ပေါ် ရောက်ကြပါစေ၊ မှားယွင်းနေတဲ့ လမ်းပေါ်ကနေ မှန်ကန်တဲ့ လမ်းပေါ်ကို ရောက်ကြပါစေ၊ မှန်ကန်တဲ့လမ်းပေါ်ကို ရောက်ပြီး စစ်မှန်တဲ့ ကုသိုလ်တရားတွေ ဆည်းပူးနိုင်ကြပါစေ စတဲ့ ဒီလိုမေတ္တာတရားနဲ့ဟောရင် ဟောတဲ့ဆရာတော်မှာ ကုသိုလ်တွေ တိုးနေတယ်။ ဒါဟာ စိတ်ထားတတ်လို့။ ဒီတော့ စိတ်ထားတတ်ဖို့ ဆိုတာ ဘုန်းကြီးတို့သံဃာတွေမှာလည်း လိုတာပါပဲ။

ဒါကြောင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ စည်းကမ်း (၁၀)ချက်ထဲမှာ 'စိတ်ကောင်းရှိဖို့က ပထမ' ဆိုပြီးတော့ ရှေးဆုံးက ထားခဲ့တာ။ နောက်ပြီးတော့ စာသင်ကျောင်းတွေမှာ

http://www.dhammadownload.com

'စိတ်ဓာတ် စည်းကမ်း ပညာ' ဆိုပြီးတော့ စိတ်ဓာတ်ကို ရှေ့ဆုံးက ထားတာဟာလည်း စိတ်ဓာတ်က အရေးကြီးဆုံးမို့ပါ။

စိတ်ထားတတ်ရင် ကုသိုလ်များများရတယ်။ ကုသိုလ်တရား ဟာ ဒီဘဝမှာတင် မကဘူး၊ တမလွန်ဘဝရောက်တဲ့ အထိပါ အားကိုးအားထားရာအစစ်ဖြစ်တယ်။ မိဘတွေ ဆွေမျိုးတွေ သား တွေ သမီးတွေဟာ အားကိုးရာအစစ် မဖြစ်ပါဘူး။ ရွှေငွေ တိုက်တာ စတာတွေဆိုရင်တော့ တစ်ဘဝစာတောင် စိတ်မချရဘူး။ ကုသိုလ် ပါရမီတွေကသာ ဘယ်ဘဝပဲရောက်ရောက် အားကိုး ထောက် တည်ရာ ဖြစ်နေမှာပဲ။ ကုသိုလ်များများ ပြုထားရင် သေရမှာ မကြောက်တော့ဘူး။ သေမင်းနဲ့ ရင်ဆိုင်ရရင်တောင် သတ္တိတွေကို ဖြစ်စေတယ်။ ဒီလိုကုသိုလ်တွေ များများရချင်ရင်တော့ စိတ်ထား တတ်ဖို့လိုပါတယ်။

နည်းလမ်းသုံးသွယ်

စိတ်ထားတတ်ဖို့ ဆိုတာက သူ့အလိုလိုတော့ ဖြစ်မလာနိုင် ဘူး။ ဥဖွဆိုပြီး မန်းမှုတ်ရင်လည်း စိတ်ထားတတ်လာမှာ မဟုတ် ဘူး။ စိတ်ထားတတ်ချင်ရင် နည်းလမ်းသုံးမျိုးထဲက တစ်မျိုးမျိုးနဲ့ လေ့ကျင့်နေရမယ်။ အဲဒီသုံးမျိုးထဲက တစ်မျိုးမျိုးနဲ့ လေ့ကျင့်နေမှ စိတ်ထားတတ်လာမှာ။ ဒီနည်းလမ်းသုံးမျိုးက ဘာတွေလဲဆိုတော့ –

၁။ သူတော်ကောင်းစကား များများကြားနာပါ။
၂။ စာကောင်းပေကောင်း များများဖတ်ပါ။
၃။ မသိရင် မေးမြန်းဆွေးနွေးပါ။

http://www.dhammadownload.com

စိတ်ထားတတ်ချင်ပါတယ်ဆိုရင် တတ်ချင်ရုံနဲ့တော့ စိတ်ထားတတ်လာမှာ မဟုတ်ဘူး။ စိတ်ထား တတ်ဖို့ဆိုတာ လေ့ကျင့်နေဖို့ အရေးကြီးတယ်။ မှန်မှန်ကန်ကန် လေ့ကျင့်တတ်ဖို့ အတွက်လည်း အသိဉာဏ် လိုတယ်။ အသိဉာဏ်ရှိဖို့ ဆိုတာက နံပါတ်တစ် သူတော်ကောင်းစကား များများနားထောင်ပါ။ နံပါတ်နှစ် စာများများဖတ်ပါ။ နံပါတ်သုံး မသိတာပါရင် ဆွေးနွေးမေးမြန်းပါ။ ဒါဆိုရင် စိတ်ထားတတ်ဖို့ အထောက်အကူဖြစ်မှာပါ။

နည်းလမ်းတစ်

သူတော်ကောင်းစကား များများကြားနာပါဆိုတာ အကြောင်းအားလျော်စွာ အနုမောဒနာတရား နာယူကြတာမျိုးလည်း ပါဝင်တယ်။ ဒေါင်ဌေးဌေးဦးရဲ့ ဦးဆောင်မှုနဲ့ မောင်နှမတွေ၊ မမွှမိတ်ဆွေတွေ ဒီကျောင်းကို ရောက်လာကြတယ်။ ရောက်လာတော့ အခုလို အနုမောဒနာတရားကို ကြားနာရပြီး အသိဉာဏ်တွေတိုးလာတယ်။ ဘယ်လိုစိတ်ထားရင် ကုသိုလ်ဖြစ်တယ်၊ ဘယ်လိုစိတ်ထားရင် အကုသိုလ်ဖြစ်တယ်လို့ သိလာရတယ်။ ဒါကြောင့် သူတော်ကောင်းစကားဆိုတာကို များများကြားနာဖို့ လိုတယ်။

သူတော်ကောင်းစကား များများကြားနာရင် အသိဉာဏ်တွေတိုးလာတယ်။ အသိဉာဏ်တိုးလာရင် စိတ်ထားတတ်လာတယ်။ စိတ်ထားတတ်ရင် ကုသိုလ်တွေ များများရတယ်။ ကုသိုလ်များများရရင် သေမင်းကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေရှိလာတယ်။ သေရမှာ မကြောက်တော့ဘူး။ ငါသေလည်း ဒီထက် အောက်တန်းကျတဲ့ဘဝကိုတော့ မရောက်နိုင်တော့ဘူး။ ဒီထက် မြင့်မြတ်တဲ့ဘဝကိုပဲ ငါ ရောက်မှာလို့ ဒီလိုသတ္တိတွေ ရှိလာတယ်။

http://www.dhammadownload.com

နည်းလမ်းနှစ်

နံပါတ်နှစ်က စာများများဖတ်ပါတဲ့။ ဘုန်းကြီးတို့ဆိုရင် ဒီကျောင်းတိုက်မှာ အကြီးဆုံး ဖြစ်သွားပြီ။ အကြီးဆုံးဆိုတော့ ဘုန်းကြီးကို တကူးတကလာပြီးတော့ ဘယ်လိုနေ ဘယ်လိုထိုင် ဆိုပြီးတော့ ဆုံးမမယ့် မိဘဆရာဆိုတာ မရှိတော့ဘူး။ ဘုန်းကြီးကို ဘယ်သူမှ လာပြီးတော့ မဆုံးမတော့ဘူး။

ကိုယ့်ကို ဆုံးမမယ့်သူ မရှိတော့ ဘုရားရှင်ရဲ့စာပေတွေ ဖတ်တယ်။ ပြင်ပက ကောင်းနိုးရာရာ စာပေတွေ ဖတ်တယ်။ ဖတ်ထားတဲ့စာတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ချိန်ထိုးဆန်းစစ်ပြီး ကိုယ်လုပ်တာ မှားရင် ပြင်တယ်။ မှန်ရင် ဆက်လက်ကျင့်သုံးတယ်။ ဒီတော့ စာဖတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ အနီးကပ် ဆုံးမတတ်တဲ့ ဆရာမိဘတွေနဲ့ အတူတူနေရတာနဲ့ တူတယ်တဲ့။

အဲဒီတော့ စာဖတ်တဲ့ပုဂ္ဂိုလ်ဟာ ထင်ရာ မလုပ်တော့ဘူး။ စာဖတ်ရင်းနဲ့ ကိုယ့်ကိုယ်ကိုယ် ပြင်ပြီးသား ဖြစ်သွားသလို အသိဉာဏ်တွေလည်း တိုးလာတယ်။ စိတ်ထားတတ်လာတယ်။ စိတ်ထားတတ်တော့ ကုသိုလ်များများရတာပေါ့။ ဒါကြောင့် စာများများဖတ်ဖို့ လိုပါတယ်။

ဘုန်းကြီးတို့ရဲ့ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီးဆိုရင် ကလေးဘဝကတည်းက စာပေနဲ့ကြီးလာတာ ပျံလွန်တော်မူတဲ့နေ့ အထိ စာနဲ့ထိတွေ့သွားတယ်။ ၁၃၃၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂)ရက်၊ ညနေ (၄)နာရီ နဲ့ မိနစ် (၃၀)၊ သက်တော် (၇၈)နှစ်မှာ ပျံလွန်တော်မူတယ်။ ပျံလွန်တော်မူတဲ့နေ့ တစ်ချက်ခွဲလောက်အထိ စာပေကို ပို့ချသွားခဲ့တာ။

http://www.dhammadownload.com

စာပေထဲမှာ ဘုရားနဲ့တွေ့တယ်။ ဗုဒ္ဓါနုဿတိ ဘာဝနာ အနုစားလေးတွေဖြစ်တယ်။ ဘုရားရှင်ရဲ့ကျင့်စဉ်တွေကို အားကျကြည်ညိုတယ်။ ဓမ္မာနုဿတိဘာဝနာ အနုစားလေးတွေ ဖြစ်တယ်။ အနာထပိဏ်ဝိသာခါ အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာတို့ရဲ့ အကြောင်းတွေကို ဖတ်ပြီးတော့ ကြည်ညိုအားကျတယ်။ သံဃာနုဿတိဘာဝနာ အနုစားလေးတွေဖြစ်တယ်။ အတ္ထုပ္ပတ္တိ ဆိုရင်လည်း မေတ္တာတရားကြီးမားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို ဖတ်တယ်။ အားကျလို့ရှိရင် မေတ္တာဘာဝနာ အနုစားလေးတွေ ဖြစ်သွားတယ်။ အဲဒီတော့ စာပေဖတ်တာဟာ စိတ်ကို နူးညံ့သိမ်မွေ့စေတယ်။ ဒါကြောင့် စာများများဖတ်ပါ။

နည်းလမ်းသုံး

နောက်ဆုံးတစ်ခုက မသိရင် မေးမြန်းဆွေးနွေးပါ။ ဘုန်းကြီးတို့ ဘုရားလောင်းက မသိရင် မေးတယ်။ ကိုယ်မသိလို့ သူများကို မေးပြီဆိုတာနဲ့ ကိုယ့်ရဲ့ မာန်မာနကို နှိမ်ချထားရတာပဲ။ မာန်မာနကို နှိမ်ချလိုက်ရင် စိတ်က သိမ်မွေ့သွားတယ်။ ဘုရားလောင်းဟာ အဲဒီလို မာန်မာနကို နှိမ်ချပြီး မေးလေ့မေးထတွေ များလာတော့ စိတ်ထားသိမ်မွေ့လာတယ်။

ဒီတော့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေဟာ နူးညံ့သိမ်မွေ့ပြီး ဘုရားဖြစ်တဲ့အခါမှာလည်း အသားအရေ သိမ်မွေ့နူးညံ့ခြင်းဆိုတဲ့ အကျိုးကိုရတယ်။ မသိတာကို မေးခြင်းရဲ့ အကျိုးကျေးဇူးအနေနဲ့ ဘယ်ဘဝပဲရောက်ရောက် ပညာဉာဏ်ကြီးကျယ်တယ်တဲ့။ ဘုရားအလောင်းဟာ ယုန်ဖြစ်လည်း ယုန်ပညာရှိ၊ ခြင်္သေ့ဖြစ်လည်း ခြင်္သေ့ပညာရှိ ဖြစ်ခဲ့တယ်။ ဘုရားဖြစ်တဲ့ နောက်ဆုံးဘဝမှာ

http://www.dhammadownload.com

သဗ္ဗညုတဉာဏ်တော်ကြီးကို ရတော်မူခဲ့တယ်။ မိမိတို့လည်း ပညာဉာဏ်ကြီးချင်ရင် အသိဉာဏ်ရှိချင်ရင် မသိရင် မေးမြန်းဆွေးနွေးရမယ်။ မသိတာကို မေးမြန်းဆွေးနွေးမှ အသိဉာဏ်တွေ ရှိလာမယ်။ အသိဉာဏ်ရှိမှ စိတ်ထားတတ်မယ်။ စိတ်ထားတတ်မှ ကုသိုလ်များများရမယ်။

ဒါကြောင့် အားကိုးရာအစစ်ဖြစ်တဲ့ ကုသိုလ်များများ ရချင်တယ်ဆိုရင် စိတ်ထားတတ်ဖို့လိုတယ်။ စိတ်ထားတတ်ချင်ပါတယ်ဆိုရင် နည်းလမ်းသုံးမျိုးထဲက တစ်မျိုးမျိုးနဲ့ လေ့ကျင့်နေရတယ်။ ဒီလိုလေ့ကျင့်နေရင် အသိဉာဏ်တွေ တိုးပြီးတော့ စိတ်ထားတတ်လာမယ်။

အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်ပါ။ ဒီသုံးမျိုးထဲမှာ ငါ ဘယ်အချက်နဲ့ညီသလဲ။ တစ်ချက်ချက်နဲ့ညီနေရင် အသိဉာဏ်တွေ တိုးပြီးတော့ စိတ်ထားတတ်ဖို့ ကုသိုလ်ရဖို့ရာ လွယ်သွားပါတယ်။ တစ်ချက်မှ မညီပါဘူးဆိုရင် အသိဉာဏ်မတိုး၊ စိတ်တွေ ကြမ်းတမ်းပြီး အကုသိုလ်ဖြစ်ဖို့ များသွားတယ်။ အကုသိုလ်ဆိုတာ မကောင်းကျိုးကိုပေးတာ၊ ကုသိုလ်ဆိုတာ ကောင်းကျိုးကို ပေးတာ။ ဒီတော့ ဘယ်အကျိုးကို လိုချင်သလဲ။ ကောင်းကျိုးကို လိုချင်ပါတယ်ဆိုရင်တော့ ကုသိုလ်များများ လုပ်ပါ။ ကုသိုလ်များများရချင်ရင် စိတ်ထားတတ်ဖို့ လိုပါတယ်ဆိုတာကို အားလုံး နားလည်လောက်ပါပြီ။

ပတ်ဝန်းကျင်ကောင်း

ကောင်းပြီ။ တပည့်တော်တို့ သူတော်ကောင်းစကားလည်း များများကြားနာခွင့် ရချင်ပါတယ်၊ စာပေလည်း များများဖတ်ရှုခွင့်

http://www.dhammadownload.com

ရချင်ပါတယ်၊ နောက်ပြီးတော့ မသိရင် မေးမြန်းရမယ့် ပညာရှင်သူတော်ကောင်းတွေရဲ့အနီးမှာလည်း နေခွင့်ရချင်ပါတယ်ဆိုတဲ့ ဒီအခွင့်အရေး သုံးမျိုးကို လိုချင်ပါတယ်ဆိုရင် ဘာလုပ်ရမလဲဆို တော့ ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်ပါတဲ့။ ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်ရင် ဒီအခွင့်အရေးသုံးမျိုးကို ရနိုင်ပါတယ်။

ကိုယ့်အိမ်ပတ်ဝန်းကျင်က မနက်မိုးလင်းလာတာနဲ့ ငါကိုင်ဆဲနေတယ်။ ဇနီးမောင်နှံနှစ်ယောက် ရန်ဖြစ်နေတယ်။ သားသမီးတွေကိုလည်း အော်ဆဲနေတယ်။ ဒီလိုအိမ်နားမှာနေရရင် သူယုတ်မာစကားပဲ ကြားနာရမှာပေါ့။ ဒါဆိုရင် စိတ်ထားတတ်ဖို့ မလွယ်တော့ဘူး။ စိတ်ထားမတတ်ရင် ကုသိုလ်မရနိုင်တော့ဘူး။ ကုသိုလ်မရှိတဲ့သူဟာ ကောင်းကျိုးနဲ့ဝေးပြီ။ ဒါကြောင့် ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်ရမယ်တဲ့။

အခုကြည့်လေ။ မိမိတို့က မြစကြားကျောင်းတိုက်ကို ဆွမ်းကပ်လာတယ်။ မော်တော်ယာဉ် စတဲ့ ပစ္စည်းတွေကို လှူတယ်။ ဒီကျောင်းကိုရောက်တာနဲ့ ပတ်ဝန်းကျင်က ကောင်းလာတယ်။ အခုလို ပတ်ဝန်းကျင်ကောင်းတဲ့အတွက် တရားနာခွင့်ရတယ်။ တရားနာခွင့်ရတော့ သူတော်ကောင်းစကားတွေ ကြားရတယ်။ ဒီတော့ အသိဉာဏ်တွေ တိုးပြီး စိတ်ထားတတ်ဖို့ လွယ်သွားတယ်။ ဒါဆိုရင် ကုသိုလ် များများရတော့မှာပေါ့။ ဒါကြောင့် ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်ပါတဲ့။

ကိုယ့်မိသားစုဆိုရင်တော့ ရွေးချယ်ခွင့် မရှိဘူးပေါ့။ မိသားစုတစ်စုတည်းမှာ ဖြစ်နေရင် ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်ဖို့ မလွယ်ဘူး။ ဒါဆိုရင် ဘယ်လိုလုပ်ရမလဲဆိုတော့ ပတ်ဝန်းကျင်

http://www.dhammadownload.com

ကောင်း ဖြစ်အောင် ဖန်တီးပါတဲ့။

ဆိုပါစို့။ ခင်ပွန်းသည်က နူတ်ကြမ်းတမ်းတယ်။ အရက်သေစာသောက်တယ်။ ဒါဆိုရင် ဇနီးသည်က ပြုပြင်ပေးရမယ်။ ဇနီးသည်က နူတ်ကြမ်းလျှာကြမ်းဖြစ်နေတယ်ဆိုရင် ခင်ပွန်းသည်နဲ့ သားသမီးတွေက ပြုပြင်ပေးရမယ်။ သားသမီးတွေက ဆိုးနေတယ်ဆိုရင် မိဘနှစ်ပါးက ကောင်းအောင် ပြုပြင်ပေးရမယ်။ အဲဒီလို ပြုပြင်ဖန်တီးလိုက်ရင် ဒီမိသားစုဟာ ပတ်ဝန်းကျင်ကောင်းဖြစ်လာနိုင်ပါတယ်။

ပတ်ဝန်းကျင်ကောင်းကို ဖန်တီးမိပြီဆိုရင် စကားပြောတာကအစ အကုသိုလ်စကားတွေ နည်းလာမယ်။ ကုသိုလ်စကားတွေ များများပြောလာမယ်။ စာပေဝါသနာပါတဲ့ မိသားစုဆိုရင် စာပေတွေဖတ်လို့။ မသိရင်လည်း မေးမြန်းရမယ့် ပညာရှင်သူတော်ကောင်းတွေထံ ချဉ်းကပ်ပြီးတော့ ကိုယ်မသိတာလေးတွေကို မေးမြန်းလို့။ ဒါဆိုရင် စိတ်ထားတတ်ဖို့ အသိဉာဏ် အားကောင်းလာမယ်။ အားလုံး နားလည်ကြပြီနော်။

အနှစ်ချုပ်

ဒီတော့ ဘုန်းကြီးတရားကို ပြန်ပြီးတော့ ချုပ်လိုက်တော့မယ်။ ပတ်ဝန်းကျင်ကောင်းမယ်ဆိုရင် သူတော်ကောင်းစကား များများကြားနာခွင့်ရတယ်။ စာပေများများဖတ်ရှုခွင့်ရတယ်။ မသိရင် မေးမြန်းရမယ့် ပညာရှင်သူတော်ကောင်းတွေနဲ့ ဆုံစည်းနိုင်တယ်၊ မေးမြန်းခွင့်ရနိုင်တယ်။ အဲဒီလို သူတော်ကောင်းစကား များများကြားနာရတယ်၊ စာပေ များများဖတ်တယ်၊ မသိရင် မေးမြန်းတယ်ဆိုရင် အသိဉာဏ်တွေ တိုးပြီးတော့ စိတ်ထားတတ်

http://www.dhammadownload.com

လာတယ်။ စိတ်ထားတတ်တော့ ဆူးစူးတာတောင်မှ ကုသိုလ်ရအောင် နှလုံးသွင်းတတ်တယ်။

ဒါကြောင့် ယနေ့ ဘုန်းကြီးက "စိတ်ထားတတ်ဖို့ လိုပါတယ်" ဆိုတဲ့ တရားခေါင်းစဉ်နဲ့ ဟောကြားပေးတာပါ။ ဒီတရားတော်ကို နာယူပြီးတော့ ဒေါ်ဌေးဌေးဦးနဲ့တကွ မောင်နှမများ၊ ယမင်းအထည်ဆိုင် မိသားစုဝင်များ၊ ဓမ္မမိတ်ဆွေများအားလုံး စိတ်ထားတတ်အောင် ကြိုးစားနိုင်ကြပါစေ။ စိတ်ထား တတ်ပြီးတော့ ကုသိုလ်ပါရမီများ များများစုဆောင်းနိုင်ကြပါစေ။ ကုသိုလ်ပါရမီတွေ နှလုံးသားထဲမှာ တဖြည်းဖြည်း ပြည့်ဝပြီးတော့ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာမြတ်ကို ကိုယ်စီကိုယ်ငါ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com

အဆုံးစွန်သောအနာဂတ်အထိ မျှော်ကြည့်ပါ

ယနေ့ သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက်၊ ခရစ်နှစ် ၂၀၁၆-ခုနှစ်၊ မေလ ၂၄-ရက်၊ အင်္ဂါနေ့၊ စစ်ကိုင်းတောင်ရိုး၊ မြစကြာကျောင်းတိုက်သို့ လာရောက်ပြီးတော့ ကုသိုလ်ပြုကြတဲ့ ကုသိုလ်ရှင်များက မန္တလေးတိုင်းဒေသကြီး၊ ငါးဖွန်မြို့နယ်၊ ငါန်းမြာကြီးမြို့က "ဝိသာခါ" ဆွမ်းကပ် အဖွဲ့သူ အဖွဲ့သားများ ဖြစ်ပါတယ်။

မိသားစု (၂၄)စု ပေါင်းစုပြီးတော့ "ဝိသာခါ ဆွမ်းကပ်အဖွဲ့" ဆိုတဲ့အမည်နဲ့ စစ်ကိုင်းတောင်ရိုး မြစကြာကျောင်းတိုက် သံဃာတော် (၃၉၀)ကျော်တို့အား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊

http://www.dhammadownload.com

နေ့လယ်အခါ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ညချမ်းအခါ အဖျော်ရည်ဆေးပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ တစ်နေ့တာ ကုသိုလ်များကို လာရောက်ပြီးတော့ ဆည်းပူးအားထုတ်ကြတယ်။

သရဏဂုံသုံးပါးနှင့်တကွ သီလတော်မြတ်ကိုလည်း ထပ်မံခံယူ ဆောက်တည်ကျင့်သုံးကြတယ်။ သံဃာတော်အရှင်မြတ်တို့ ဟောကြားတော်မူတဲ့ ပရိတ်တရားတော်မြတ်ကိုလည်း လေးလေးစားစား နာယူကြတယ်။ ယနေ့ စုပေါင်းပြီးတော့ "ဝိသာခါဆွမ်းကပ်အဖွဲ့"က အခုလို ဒါန သီလ ဘာဝနာ ကောင်းမှုများကို လာရောက်ပြုကြတယ်။

"ဝိသာခါဆွမ်းကပ်"အဖွဲ့သူ အဖွဲ့သားများကို ဘုန်းကြီးက အနုမောဒနာတရားအဖြစ် "အဆုံးစွန်သော အနာဂတ်အထိ မျှော်ကြည့်ပါ" ဆိုတဲ့တရား ဟောပေးမယ်။ ဘုန်းကြီးက ဒီတရားကို ဘာဖြစ်လို့ ဟောပေးတာလဲဆိုတော့ တပ်ကုန်းမြို့က ဒါယိကာမကြီး တစ်ယောက်က ဘုန်းကြီးကို လျှောက်ထားတယ်။

"အရှင်ဘုရား၊ အခုခေတ်လူငယ်တွေမှာ ဘုရားရှင်ရဲ့ တရားတော်ဟာ မဂ်ဖိုလ်နိဗ္ဗာန်ရရေး လောကုတ္တရာအရေးအတွက်ပဲ ဖြစ်တယ်လို့ မြင်ကြသူတွေက များတယ်ဘုရား။ လူမှုရေး လောကီရေးမှာလည်း ကြီးပွားတိုးတက်ကြောင်းဖြစ်တယ်ဆိုတာကို သိတဲ့ ပုဂ္ဂိုလ်က နည်းတော့ လူငယ်တွေဟာ ဘုရားတရားတော်ကို စိတ်ဝင်စားမှု နည်းတယ်လို့ ယူဆပါတယ်ဘုရား။ ဒါကြောင့် ဘုရားတရားတော်တွေဟာ လူမှုရေး လောကီရေး စတဲ့ အားလုံးသော အရေးတွေမှာ ကြီးပွားတိုးတက်ကြောင်းဖြစ်တယ် ဆိုတာကိုလည်း

http://www.dhammadownload.com

အများသိအောင် ဟောပေးပါဘုရား"လို့ ဘုန်းကြီးကို လျှောက်ဖူးတယ်။ ဒီလိုလျှောက်ထားဖူးတဲ့အတွက် ဒီကနေ့ ဘုန်းကြီးက "အဆုံးစွန်သော အနာဂတ်အထိ မျှော်ကြည့်ပါ" ဆိုတဲ့ တရားကို ဟောပေးတာပါ။ တစ်နည်းအားဖြင့် ဒီတရားကို "အမြော်အမြင်ကြီးမားပါ"လို့ အမည်ပေးရင်လည်း ရပါတယ်။

ဒီဃဒဿီဂုဏ်တော်

ဒီတရားကို ဘုန်းကြီးက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေထဲက "ဒီဃဒဿီ"ဂုဏ်တော်ကို အခြေခံပြီး ဟောပေးပါ့မယ်။ ဒီဃဒဿီဆိုတာ အရှည်ကို ကြည့်တော်မူခြင်း၊ အရှည်ကို မြင်တော်မူခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ မြတ်စွာဘုရားက ကိစ္စတစ်ခုကို ဆုံးဖြတ်တော်မူတယ်၊ မိန့်ကြားတော်မူတယ်၊ လုပ်ဆောင်တော်မူတယ်ဆိုရင် ရေတိုကို မကြည့်ဘူး။ ရေရှည်ကိုကြည့်တော်မူလေ့ရှိပါတယ်။ ဒါကို ပါဠိလို ဒီဃဒဿီ၊ မြန်မာလိုက အရှည်ကို ကြည့်တော်မူသော မြတ်စွာဘုရား၊ အရှည်ကို မြင်တော်မူသော မြတ်စွာဘုရား၊ ဒီလို ပြောလို့ရပါတယ်။

အဲဒီတော့ မေးစရာရှိတာက အရှင်ဘုရား မြတ်စွာဘုရားရဲ့ဂုဏ်တော်ဆိုတာ ကျွတိပိ သော ဘဂဝါ အရဟံ စတဲ့ ဒီဂုဏ်တော်ကိုးပါးပဲ ရှိတော်မူတာ၊ ဘာဖြစ်လို့ ဒီဃဒဿီဆိုတဲ့ ဂုဏ်တော်တစ်ခုအနေနဲ့ ထည့်ဟောရတာလဲ။ ဒီလို သိချင်တယ်ဆိုရင် ဘုန်းကြီးက ရှင်းပြပေးမယ်။

ဘုန်းကြီးတို့ သီလကွန် ဒီဃနိကာယ် အဋ္ဌကထာထဲမှာ ရှေးဆရာတွေက ဘယ်လိုမိန့်ထားသလဲဆိုတော့ –

http://www.dhammadownload.com

"ဗုဒ္ဓေါပိ ဗုဒ္ဓသ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမွိ စေ အညမဘာသမာနော။
ခီဃေထ ကပ္ပေါ စိရဒီဃမန္တရေ၊
ဝဏ္ဏော န ခီဃေထ တထာဂတဿ။"

ဘာအဓိပ္ပာယ်လဲဆိုတော့ ဘုရားရှင်တစ်ဆူဟာ အခြားတရားစကားတွေကို မဟောကြားဘဲ အခြားသော ဘုရားရှင်တစ်ဆူရဲ့ ဂုဏ်တော်တွေကို ဟောကြားမယ်၊ ဥပမာအားဖြင့် ဘုန်းကြီးတို့ ဂေါတမဘုရားရှင်က အခြားဘာတရားမှ မဟောကြားဘဲနဲ့ ကဿပဘုရားရှင် စတဲ့ ဘုရားတစ်ဆူဆူရဲ့ ဂုဏ်တော်တွေကို ဟောကြားမယ်ဆိုရင် ပရိနိဗ္ဗာန်သာ စံသွားမယ်၊ ဂုဏ်တော်တွေကတော့ ကုန်ဖွယ်ရာ မရှိဘူးတဲ့။ ဒီတော့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေဆိုတာ များပြားလှပါတယ်။

အဲဒီဂုဏ်တော်တွေထဲကနေ ဒီကနေ့ ဘုန်းကြီးက "ဒီဃဒဿီ" ဂုဏ်တော်ကို အာရုံပြုပြီးတော့ "အဆုံးစွန်သော အနာဂတ်အထိ မျှော်ကြည့်ပါ" ဆိုတဲ့ တရားကို ဟောပေးပါမယ်။ အဆုံးစွန်သော အနာဂတ်အထိ မျှော်ကြည့်ပါ ဆိုတာ ရေရှည်ကြည့်ပါလို့လည်း ဆိုလိုပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဘာကိစ္စကိုပဲဆောင်ရွက်ဆောင်ရွက် ဘယ်ကိစ္စကိုပဲ ဆုံးဖြတ်ဆုံးဖြတ် ဘာကိစ္စကိုပဲ မိန့်တော်မူမူ ရှေရှည်ကို ကြည့်ပြီးမှ ဆုံးဖြတ်တော်မူခဲ့တယ်။

ဘုရားရှင် ရေရှည်ကြည့်တော်မူသလို ဘုရားရှင်ရဲ့ တပည့်သာဝကတွေဖြစ်တဲ့ မိမိတို့လည်း အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ရေရှည်ကြည့်မယ်၊ သားရေး သမီးရေး ပြုစုပျိုးထောင်မှုနဲ့ ပတ်

http://www.dhammadownload.com

သက်လို့ ရေရှည်ကြည့်မယ်၊ စီးပွားရေးနဲ့ ပတ်သက်လို့ ရေရှည်ကြည့်မယ်၊ ကုသိုလ်ရေးနဲ့ပတ်သက်လို့ ရေရှည်ကြည့်မယ်၊ လူမှုရေးနဲ့ပတ်သက်လို့ ရေရှည်ကြည့်မယ်၊ ဒီလို အရေးတိုင်းမှာ ရေရှည်ကြည့်မယ်ဆိုရင် အင်မတန်မှ အကျိုးများပါတယ်။ ဘယ်လောက်အထိ အကျိုးများသလဲဆိုရင် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသည်အထိ အကျိုးများနိုင်တယ်။

ဒါကြောင့် ဘုရားရှင်ရဲ့တရားတော်တွေဟာ ခံယူတဲ့သူအပေါ်မှာ မူတည်ပြီးတော့ လောကီ လောကုတ္တရာ အကျိုးတွေဖြစ်ထွန်းစေနိုင်တယ်။ မင်္ဂလိနိဗ္ဗာန်ရဖို့ လောကုတ္တရာ ကြီးပွားရေးသက်သက် မဟုတ်ပါဘူး။ လောကီရေးမှာလည်း အိမ်ထောင်ရေး စတဲ့ အရေးတွေမှာပါ အဆင်တပြေ ကြီးပွားစေနိုင်ပါတယ်။ ချမ်းသာစေနိုင်ပါတယ်။ ဒါတွေကို ဘုန်းကြီး အချိန်ရသလောက် ရှင်းပြပေးမယ်။

သမုဒ္ဒရာရေတစ်စက်

ဒီ "ဒီဃဒဿီ"ဂုဏ်တော်ကို အတုလိုက်ပြီးတော့ ကျင့်သုံးမယ်ဆိုရင် အားလုံး အကျိုးရှိသလို အခြားဂုဏ်တော်တွေလည်း ဒီအတိုင်းပါပဲ။ လျှာပေါ်ကို သမုဒ္ဒရာရေ တစ်စက်လောက် တင်ကြည့်လိုက်တာနဲ့ သမုဒ္ဒရာရေဟာ ငန်ပါလားလို့ သိသွားရင် သမုဒ္ဒရာတစ်စင်းလုံးမှာရှိတဲ့ ရေတွေဟာ ဒီလိုငန်တဲ့သဘောရှိတယ်ဆိုတာကို သိသွားရတယ်။ ဒီတော့ သမုဒ္ဒရာတစ်စင်းလုံးမှာရှိတဲ့ ရေတွေကို ကုန်အောင် သောက်ကြည့်ဖို့ မလိုပါဘူး။

ဒီလိုပါပဲ၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တစ်ခု ကျင့်စဉ်တော်တစ်ခုကို ကျင့်သုံးမယ် ဆိုရင် လောကီရေး လူမှုရေးတွေမှာလည်း

http://www.dhammadownload.com

အကျိုးဖြစ်နိုင်တယ်။ ဒီဂုဏ်တော် ကျင့်စဉ်တစ်ပါးကို အကြောင်းပြုပြီးတော့ အကျိုးဖြစ်ထွန်းနိုင်သလို ကျန်တဲ့ဂုဏ်တော်တွေ ကျင့်စဉ်တော်တွေဟာလည်း ယူရင် ယူတတ်သလို လောကီရေး လူမှုရေးတွေမှာလည်း အကျိုးဖြစ်ထွန်းစေနိုင်တယ်။ ဒါမျိုးလေး သိစေချင်တယ်။

ဘုန်းကြီးကို မေးစရာတော့ ရှိတာပေါ့။ ဘာလဲဆိုတော့ အရှင်ဘုရား တပည့်တော်တို့က မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို အတုလိုက်ကျင့်ရင် တပည့်တော်တို့မှာ အပြစ်မဖြစ်ဘူးလားဘုရား။ ဒါမျိုးမေးစရာ ရှိတယ်။ ဘုန်းကြီးကလည်း မဖြစ်ပါဘူးလို့ ဖြေရမှာပဲ။ မြတ်စွာဘုရားက ဒီလမ်းစဉ်ကနေ ကြွပြီးတော့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားခဲ့ပြီး နိဗ္ဗာန်ပန်းတိုင်ကို ရောက်သွားခဲ့ပြီ။ မိမိတို့လည်း နိဗ္ဗာန်ပန်းတိုင်ကို မျက်မှောက်ပြုချင်ပါတယ်ဆိုရင် ဒီရေရှည်ကြည့်တဲ့ လမ်းကနေ လိုက်ရမယ်။ ဒါမှ ဘုရားရှင် နိဗ္ဗာန်ပန်းတိုင်ကို မျက်မှောက်ပြုသွားသလို မိမိတို့လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဒါကိုလည်း ဘုန်းကြီးက ဥပမာလေး တစ်ခု ပြောပြပေးမယ်။

ပယတ္တဘုန်းတော်

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကို 'ဘဂဝါ – ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား'၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်၊ ဘုရားရှင်ဟာ ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတယ်။ အဲဒီဘုန်းတော်ခြောက်ပါးထဲမှာ ပယတ္တဆိုတဲ့ ဘုန်းတော်တစ်ပါးပါတယ်။ ပယတ္တဘုန်းတော် ဆိုတာ ကြိုးစားအားထုတ်တော်မူခြင်းဂုဏ်။ ဘယ်သူတွေအတွက်လဲ ဆိုတော့

http://www.dhammadownload.com

"တစ်လောကလုံး ညွတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာကြိုးကုတ်
အားထုတ်တော်မူသော ပယတ္တာဘုန်းတော်သခင် မြတ်စွာဘုရား"

မိမိတို့က မြတ်စွာဘုရားလောက်တော့ ဘယ်ကြိုးစားနိုင်ပါ့
မလဲ။ ဒါပေမဲ့ ကိုယ့်အတိုင်းအတာနဲ့ကိုယ်တော့ ကြိုးစားရမှာပဲ။
အဲဒီတော့ မြတ်စွာဘုရားက တစ်လောကလုံးရဲ့ အားကိုးခံနိုင်အောင်
ကြိုးစားသလို မိမိတို့က နံပါတ်တစ် မိမိတို့မိသားစုရဲ့ အားကိုး
ခံနိုင်အောင် ကြိုးစားရမယ်။ နံပါတ်နှစ် ကိုယ့်ရပ်သူ ရွာသားတွေရဲ့
အားကိုးခံနိုင်အောင် ကြိုးစားရမယ်။ နံပါတ်သုံး ကိုယ့်နိုင်ငံသူ
နိုင်ငံသားတွေရဲ့ အားကိုးခံနိုင်အောင် ကြိုးစားရမယ်။ ဒီလိုအားကိုး
ခံနိုင်အောင် ကြိုးစားပြီဆိုရင် အဲဒါဟာ ပယတ္တာဘုန်းတော်နဲ့
ပြည့်စုံတာ။

ဘုန်းကြီးတို့လည်း ကိုယ့်ကိုမှီခိုနေတဲ့ တပည့်တွေ အားကိုးခံ
နိုင်အောင် စီမံဆောင်ရွက် ကြိုးစားပေးရတာပဲ။ မြတ်စွာဘုရား
ပယတ္တာဘုန်းတော်နဲ့ ပြည့်စုံသလို မိမိတို့လည်း အတုလိုက်ပြီးတော့
ကျင့်သုံးရတာပဲ။ နောက်ပြီးတော့ ဘုန်းကြီးတို့ တတ်နိုင်သမျှ
ကိုယ့်ရပ်သူရွာသားတွေရဲ့ အားကိုးခံနိုင်အောင်၊ သူတို့ဘဝ
တိုးတက်အောင် ကြိုးစားပေးတယ်။ ကြိုးစားပေးရင် ကြိုးစား
ပေးသလောက် ဘုန်းကံဆိုတာ ကြီးမားတယ်၊ ဘာဘုန်းကံလဲ
ဆိုတော့ ပယတ္တာဘုန်းကံ။ ဒါကြောင့် ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို
မိမိတို့အနေနဲ့ အတုလိုက်ပြီးတော့ ကျင့်ကောင်းပါတယ်။
တတ်နိုင်သမျှပေါ့။ ဘုရားရှင်ကိုတော့ မီအောင်ကျင့်ဖို့ ဘယ်လွယ်
ပါ့မလဲ။

http://www.dhammadownload.com

သံပေါက်ကဗျာ

ဘုရားရှင်ရဲ့ "ဒီဃဒဿီ" ဂုဏ်တော်ကို ဘုန်းကြီးက သံပေါက်ကဗျာလေး စပ်ထားတယ်။ အားလုံး ညီညီညာညာ လိုက်ဆိုကြ။

အဆုံးစွန်မှတ် အနာဂတ် မျှော်တတ်ကြည့်တတ်ကြပါစေ။
အရေးများစွာ ကျင့်သုံးပါ မှန်စွာကျိုးရှိပေ။
လူမှုအရေး နိုင်ငံရေး ကုသိုလ်အရေးလည်းပါဝင်ပေ။
ဆူဆူဗုဒ္ဓ လမ်းညွှန်ပြ ကျင့်ပြကိုယ်တိုင်ပေ။
ဒီဃဒဿီ ဂုဏ်တော်မည် ယုံကြည်မှန်းဆကျင့်ကြလေ။

ဘုန်းကြီးက တစ်ချက်ချင်းရဲ့သဘောကို ပြောပြပေးမယ်။

နိဗ္ဗာန်အထိကြည့်

"အဆုံးစွန်မှတ် အနာဂတ် မျှော်တတ်ကြည့်တတ်ကြပါစေ"၊

လုပ်ငန်းတစ်ခုကို လုပ်ပြီဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ဟာ ရေရှည်ကို ကြည့်တော်မူတယ်။ မိမိတို့လည်း ဒီအတိုင်းပဲ၊ လုပ်ငန်းတစ်ခု လုပ်တော့မယ်ဆိုရင် ရေတိုကို မကြည့်ရဘူး။ တစ်ဘဝစာတင် မကြည့်ရဘူး။ သံသရာအထိ မျှော်ကြည့်တတ်ရမယ်။ မိမိတို့ဗုဒ္ဓဘာသာဝင်တွေရဲ့ ရည်မှန်းချက်ပန်းတိုင်က နိဗ္ဗာန်ချမ်းသာ။ ဒီတော့ သံသရာရှည်သမျှ မိမိတို့ နိဗ္ဗာန်ချမ်းသာကို ရသည်အထိ မျှော်ကြည့်တတ်ရမယ်။

တစ်ဘဝစာပဲ တိုတိုလေးကို သွားမကြည့်နဲ့။ တစ်ဘဝဆိုတာ ဘာမှမကြာဘူး။ မွေးသည်မှ သေသည်အထိ တတိတိနဲ့ ရက်

http://www.dhammadownload.com

တွေစား လတွေစား နှစ်တွေစားနဲ့ သေရမှာပဲ။ ဒါက ဘာမှကြာတာ မဟုတ်ဘူး။ ဒီတစ်ဘဝလေးကို မျှော်ကိုးကြည့်နေမယ်ဆိုရင် အမှားတွေ တွေ့နိုင်ပါတယ်။ ဒီတော့ မိမိတို့က ရေရှည်ကိုပဲ ကြည့်ရမယ်။ နိဗ္ဗာန်ချမ်းသာကို ရသည်အထိ ကြည့်ရမယ်။ ဒါကို ပြောတာ။

အရေးမျှားစွာ

"အရေးများစွာ ကျင့်သုံးပါ မှန်စွာကျိုးရှိပေ"
"လူမှုအရေး နိုင်ငံရေး ကုသိုလ်ရေးလည်း ပါဝင်ပေ"

နောင်အနာဂတ်အထိ အဆုံးစွန်သော အနာဂတ်အထိ မျှော်ကြည့်ပါ၊ အမြော်အမြင်ကြီးမားပါ။ ဘယ်လောက်အထိ မျှော်ကြည့်ရမှာလဲဆိုတော့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသည် အထိ မျှော်ကြည့်ရမယ်။ နောက် ဘယ်အရေးတွေပါ မျှော်ကြည့်ရ မှာလဲ။ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ သက်သက်လား ဆိုတော့ မဟုတ်ပါဘူး။ အရေးများစွာမှာ ကျင့်သုံးပါ။ အင်မတန် အကျိုးရှိပါတယ်လို့ ပြောတာ။

လူမှုရေးနဲ့ ပတ်သက်လို့ အရှည်ကိုကြည့်ရမယ်။ နိုင်ငံရေးနဲ့ ပတ်သက်လို့ ရေရှည်ကိုကြည့်ရမယ်။ အိမ်ထောင်ရေးနဲ့ ပတ် သက်လို့ ရေရှည်ကိုကြည့်ရမယ်။ သားသမီးတွေကို ပြုစုပျိုး ထောင်ရေးနဲ့ပတ်သက်လို့ ရေရှည်ကို ကြည့်ရမယ်။ အဲဒီတော့ ဘုရားရှင်ရဲ့ တရားဟာ လောကုတ္တရာအရေးသက်သက် မဟုတ် ဘူး။ လောကီရေး ကြီးပွားဖို့အတွက်လည်း ပါပါတယ်။

http://www.dhammadownload.com

အိမ်ထောင်ရေး

အိမ်ထောင်ရေးနဲ့စပ်ပြီး ဘုန်းကြီး နည်းနည်းလေး ချဲ့ပြောဦးမယ်။ လူအများစုဟာ အိမ်ထောင်ရေးနဲ့ မကင်းနိုင်ဘူး။ မကင်းနိုင်တော့ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ ရေရှည်ကိုကြည့်ပြီးတော့ ဆုံးဖြတ်ပေါ့။

ဥပမာအားဖြင့် ဘာသာခြားတွေနဲ့ မိမိတို့လူငယ်သဘာဝ မေတ္တာမျှတယ်ဆိုရင် ရေရှည်ကိုကြည့်လိုက်။ မိမိတို့ဗုဒ္ဓဘာသာဝင်တွေရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့အထိ ဖြစ်တယ်။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုချင်ပါတယ်ဆိုရင် ဒါန သီလ ဘာဝနာ ဆိုတဲ့ ကုသိုလ်ပါရမီတွေ ဖြည့်ဖို့လိုအပ်တယ်။ တကယ်လို့ ဘာသာခြားနဲ့ အိမ်ထောင်ကျခဲ့ရင် ငါ ဒီကုသိုလ်အခွင့်အလမ်းတွေကို ရနိုင်ပါ့မလား။ ဒါနပြုခွင့် သီလ ဆောက်တည်ခွင့်တွေ ရနိုင်ပါ့မလား။

ဒါမျိုးလေးတွေ စဉ်းစားသင့်တယ်။ တရားရှုမှတ် ပွားများတာ တရားနာယူတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ကြာလာတာနဲ့အမျှ အိမ်ထောင်ရေး ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် တစ်ဘဝစာ စိတ်ချမ်းသာရေးကို ဦးစားပေးမလား၊ နိဗ္ဗာန်ချမ်းသာအထိ မျှော်ကြည့်ရမလား၊ ဒါဟာ စဉ်းစားဖို့ ဘုန်းကြီးကပြောပြတာပါ။ ဘာလုပ် ညာလုပ်လို့ အပေါ်စီးကနေ ခိုင်းတဲ့သဘောမျိုး မဟုတ်ပါဘူး။

အိမ်ထောင်ပြုလိုက်လို့ အကျင့်စာရိတ္တမကောင်းသူနဲ့ တွေ့ဆုံမယ်၊ စာရိတ္တညံ့တဲ့သူ စိတ်ဓာတ်မကောင်းတဲ့သူနဲ့ တွေ့ဆုံမယ်ဆိုရင် စိတ်ဆင်းရဲရပြီ။ စိတ်ဆင်းရဲရမှတော့ ကုသိုလ်ပါရမီတွေ

http://www.dhammadownload.com

ဖြည့်ဖို့ မလွယ်တော့ပါဘူး။ ဒါကြောင့် မိမိတို့ ရေရှည်ကို စဉ်းစားဆုံးဖြတ်ပါ။ အစစအရာရာ တစ်ဘဝစာလေးကို သွားမကြည့်နဲ့။ တစ်ခဏတာ စိတ်ချမ်းသာမှုကို သွားမကြည့်နဲ့။ ရေရှည်ကို ကြည့်ပါ။ ဒါဟာ ဘုရားရှင်ရဲ့ "ဒီဃဒဿီ"ဆိုတဲ့ "ရေရှည်ကိုကြည့်တော်မူခြင်း"ဂုဏ်တော်ကို စွမ်းနိုင်သမျှ အတုယူ ကျင့်သုံးရာလည်းရောက်သွားပါတယ်။

ပုဂ္ဂိုလ်ရေး

တစ်ခါတစ်ရံမှာ တချို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဘုန်းကြီးဆီကို လာပြီးတော့ တိုင်ပင်ကြတယ်။ ဘာလဲဆိုတော့ အရှင်ဘုရား တပည့်တော်တို့ သာသနာ့ဘောင်မှာ နေချင်ပါတယ်၊ သီလရှင်ဝတ်ချင်ပါတယ်၊ ဘုန်းကြီးဝတ်ချင်ပါတယ်။ အရှင်ဘုရား တပည့်တော်တို့ကို အကြံပေးပါ။ ဒါမျိုးလေးတွေ လာပြောကြတယ်။

ဒါဆိုရင် ဘုန်းကြီးက ဘယ်လိုပြန်ပြောလေ့ရှိသလဲဆိုတော့ ဘုရားရှင်ရဲ့ နည်းအတိုင်းပဲ "ရေရှည်ကိုကြည့်ပါလို့" ပြန်ပြောလိုက်တယ်။

ဘယ်လိုကြည့်ရမှာလဲ ဆိုတော့ ငါဟာ လူဘဝနဲ့နေရင် ဒါန သီလ ဘာဝနာတွေ ဘယ်လောက်အထိ ပြုနိုင်မှာလဲ၊ ဒါန သီလ ဘာဝနာတွေ ပြုပြီးတော့ ဘာသာ သာသနာအတွက် အကျိုးပြုလုပ်ငန်းတွေကို ဘယ်လောက်အထိ ဆောင်ရွက်နိုင်မလဲ၊ လူဘဝနဲ့ ပိုပြီးဆောင်ရွက်နိုင်မလား၊ သီလရှင်ဘဝ ရဟန်းဘဝနဲ့က ပိုပြီးတော့ ဆောင်ရွက်နိုင်မလား၊ ဒါလေးကို စဉ်းစားပါလို့ပဲ ပြောလိုက်ပါတယ်။

http://www.dhammadownload.com

အဲဒီတော့ လူဘဝနဲ့ နေပြီးတော့ ဒါန သီလ ဘာဝနာတွေ ပြုနိုင်တယ်၊ အမျိုးဘာသာ သာသနာအတွက် အကျိုးပြုနိုင်တယ်၊ ဒါဆိုရင် လူဘဝနဲ့နေသင့်တယ်။ လူဘဝနဲ့တုန်းကတော့ အကျိုးပြုနိုင်ပါရဲ့၊ ရဟန်းဝတ်လိုက်မှ သီလရှင် ဝတ်လိုက်မှ ဘာမှ မလုပ်နိုင် မကိုင်နိုင် ကိုယ့်အတွက်ကိုယ်တောင် ကောင်းကောင်းမလုပ်နိုင်ဘူး ဆိုရင် သက်နိုးဝတ်ရုံနဲ့ အကျိုးမရှိဘူး။ ရဟန်းဝတ်လိုက်မှ၊ သီလရှင်ဝတ်လိုက်မှ မိမိအကျိုး အများအကျိုး ပိုပြီး သယ်ပိုးနိုင်မယ် ဆိုရင်တော့ တစ်မျိုးပေါ့။ ဒီတော့ ရေရှည်ကို ကြည့်ရမယ်။

မိမိတို့ရဲ့ပန်းတိုင်ဟာ နိဗ္ဗာန်ချမ်းသာဖြစ်တယ်။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုဖို့ ပါရမီကုသိုလ်တွေလိုတယ်။ ဒါကြောင့် ကုသိုလ်ပါရမီတွေကို ငါ ဘယ်ဘဝနဲ့နေရင် ပိုပြီးတော့ ဖြည့်ကျင့်နိုင်မလဲ ဆိုတာလေးကို နှိုင်းယှဉ်စဉ်းစားပါ။ ဆင်ခြင်သုံးသပ်ပါ။ ပြီးမှ ဆုံးဖြတ်ပါ။ ဒီလိုပဲ ဘုန်းကြီးက ပြောလိုက်တယ်။

ဘုန်းကြီးတို့ သံဃာတွေကျတော့ လူဘဝနဲ့ကင်းလာတာကြာပြီ။ ဒီတော့ သာသနာ့ဘောင်မှာ ပိုပြီးတော့ အကျိုးပြုနိုင်တာပေါ့။ အကျိုးပြုနိုင်တဲ့ သာသနာ့ဘောင်မှာ အကျိုးပြုမယ်။ ဒါဆိုရင် ပိုပြီးတော့ ရေရှည်ကြည့်ရာရောက်တယ်။ သာသနာ့ဘောင်မှာနေရင်းနဲ့ ကုသိုလ်ပါရမီတွေ ဖြည့်ဆည်းခွင့်ရမယ်။ ဘုန်းကြီးတို့ဆိုရင် လူဘဝနဲ့နေရင် ရပ်ရွာအကျိုး ဘာသာအကျိုး သာသနာအကျိုးကို ဒီလောက်အထိ ထမ်းရွက်နိုင်မှာ မဟုတ်ဘူး။ အခုလို သာသနာ့ဘောင်မှာ သက်နိုးဝတ်နဲ့နေတာက ပိုပြီး အကျိုးပြုနိုင်တယ်။

တစ်ခါ ဘုန်းကြီးဆိုရင် မြန်မာနိုင်ငံနဲ့ နိုင်ငံခြား ယှဉ်ကြည့်လိုက်ရင် မြန်မာနိုင်ငံမှာ ပိုပြီး အကျိုးပြုနိုင်တယ်။ ဘုန်းကြီးကို

http://www.dhammadownload.com

တောင်ကိုရီးယားက ကျောင်းထိုင်ဖို့ပင့်တာ နှစ်ကြိမ်လောက်ရှိပြီ။ ဒီတော့ ဘုန်းကြီးက စဉ်းစားတယ်။ တောင်ကိုရီးယားမှာ ငါနေခဲ့လို့ရှိရင် ငါ ဘာများအကျိုးပြုနိုင်မလဲ။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြည့်တော့ ကိုယ်က အင်္ဂလိပ်စကားလည်း ကောင်းကောင်း မပြောတတ် မဆိုတတ်။ တောင်ကိုရီးယား စကားကိုလည်း နားမလည်။ အကြာကြီး သင်ရဦးမယ်။ သွားလို့ရှိရင် သီလပေးလေး နည်းနည်းပါးပါးလုပ်၊ တရားလေး နည်းနည်းပါးပါးဟော။ ဒါလေးလောက်ပဲ လုပ်နိုင်မယ်။ အကျိုးပြုနိုင်မယ်။ ဒါဆိုရင် အကျိုးပြုခွင့်တွေ နည်းသွားမယ်။

ဒီမှာပဲ ဆက်နေလိုက်တော့ အခု သံဃာ (၄၀၀)နီးပါး၊ နောက် (၁၈)ပါး ရောက်ဦးမယ်ဆိုတော့ သံဃာ (၄၀၀)ကျော် ဘုန်းကြီးကို အမှီပြုပြီး ပညာတတ်တွေဖြစ်သွားမယ်။ စိတ်ဓာတ်တွေ မြင့်မားသွားမယ်။ စည်းကမ်းပြည့်ဝတဲ့ ရဟန်းတော်တွေဖြစ်သွားမယ်။ သူတို့ဟာ သာသနာတော်ကြီး အဓွန့်ရှည်အောင် ဆောင်ရွက်ကြလိမ့်မယ်။ ဒီတော့ အကျိုးပြုခွင့်တွေ များတယ်။

ဒါကြောင့် ဘုန်းကြီးက တောင်ကိုရီးယားကို မလိုက်ပါရစေနဲ့လို့ပဲ ငြင်းလိုက်ရတယ်။ ခဏာတဖြုတ် တစ်လလောက် ပင့်တာကိုတော့ ဘုန်းကြီး စဉ်းစားပါဦးမယ်။ ဒီလိုပဲ ပြောလိုက်ရတယ်။ အမြဲနေဖို့ ကျောင်းထိုင်ဖို့တော့ ဘုန်းကြီးက မစဉ်းစားတော့ဘူး။ ဘုန်းကြီးက အကျိုးမှမပြုနိုင်တာ။ သူများတွေလို ဘာသန္တရတွေ ကျွမ်းကျင်လို့ အကျိုးပြုခွင့် များများရှိမယ် ဆိုရင်တော့ စဉ်းစားမှာပေါ့။ ဒါဟာ ရေရှည်ကြည့်ခြင်းပဲ။

http://www.dhammadownload.com

ရေတိုစိမ်ကိန်း

သားသမီး တူ တူမတွေ တပည့်တွေ ပြုစုပျိုးထောင်တာနဲ့ ပတ်သက်လို့လည်း ရေရှည်ကို ကြည့်ရမယ်။ ဘုန်းကြီးတို့ မိဘဆရာတွေ မှားယွင်းနေတဲ့ အရာလေးတစ်ခုရှိတယ်။ ဘာလဲဆိုတော့ သားသမီးတွေ တူတွေ တူမတွေ တပည့်တွေ စာမကြိုးစားရင် ဟဲ့ ကောင်လေး စာမကြိုးစားရင် ကြီးလာတဲ့အခါ ဒုက္ခရောက်လိမ့်မယ်၊ ဒုက္ခမရောက်ချင်ရင် အခုကတည်းက ကြိုးစားမှပေါ့လို့ ပြောကြတယ်။ ဒါကို အားလုံး ကြားဖူးကြမှာပါ။ ကိုယ်တိုင်လည်း ပြောကြတယ်။ ဒါလေးကို ရေရှည်စိမ်ကိန်းလား ရေတိုစိမ်ကိန်းလား ဆိုတာ သုံးသပ်ပြဦးမယ်။

ကလေးတစ်ယောက်က သူ ဆင်းရဲမှာကြောက်လို့၊ သူ ချမ်းသာချင်လို့ စာကြိုးစားတယ်။ စာကြိုးစားလိုက်တဲ့အတွက် အင်ဂျင်နီယာကြီးဖြစ်သွားတယ်။ ဆရာဝန်ကြီးဖြစ်သွားတယ်။ အရာရှိကြီးဖြစ်သွားတယ်။ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ အရာရှိကြီး ဖြစ်သွားတယ်ဆိုတာ ငယ်စဉ်ကတည်းက ဆင်းရဲမှာကြောက်လို့၊ ချမ်းသာချင်လို့ ဒီလို စာကြိုးစားခဲ့တာ။ အဲဒီတော့ သူ့ရဲ့ရည်ရွယ်ချက်က ချမ်းသာချင်တယ်၊ ဆင်းရဲမှာ ကြောက်တယ်။

အင်ဂျင်နီယာကြီးဖြစ်လာတော့ လုပ်ငန်းတွေ လုပ်ခွင့် ရလာတယ်။ အစိုးရလုပ်ငန်း လုပ်တဲ့အခါမှာလည်း ချမ်းသာချင်တော့ သူ့အတွက် များများယူပြီး ပြည်သူတွေအတွက် တံတားတွေဆောက်၊ တိုက်တာတွေဆောက်တဲ့အခါ အရည်အသွေးမမီတဲ့ ပစ္စည်းတွေ သုံးတယ်။ အဲဒါဆိုရင် ပြည်သူတွေ ဒုက္ခရောက်ပြီ။

http://www.dhammadownload.com

ဒီတော့ ကိုယ့်မှာလည်း အကုသိုလ်တွေ တိုးပြီပေါ့။ ပြီးတော့ အလုပ်ပြုတ်ချင်ပြုတ်မယ်၊ ထောင်ကျချင်တောင် ကျဦးမယ်။ တစ်ဘဝစာတောင် မသေချာဘူး။ ဒါကြောင့် ဆင်းရဲမှာကြောက်ရင် စာကြိုးစားလို့ ပြောတာဟာ ရေတိုကြည့်နည်း ဖြစ်သွားပြီ။

ဆင်းရဲမှာကြောက်လို့ ချမ်းသာချင်လို့ ပညာကြိုးစားခဲ့တဲ့သူဟာ ဆရာဝန်ကြီးဖြစ်လာတဲ့အခါ ငွေမရရင် မလုပ်ဘူး။ ငွေရမှ လုပ်မယ်။ ဒီလိုစိတ်တွေ မွေးလာတဲ့အခါ အကုသိုလ်ဖြစ်ပြီ။ အကုသိုလ်ဖြစ်မှတော့ အပါယ်ကျဖို့ နီးပြီး နိဗ္ဗာန်ရောက်ဖို့က ဝေးသွားပြီ။ ဒါတွေဟာ သတိထားရမယ်။

ဆရာဝန်နဲ့ အင်ဂျင်နီယာက လူသိများပြီး ထင်ရှားလို့ နမူနာပြလိုက်တာပါ။ ဒီနှစ်ခုအပြင် နိုင်ငံရေးရှုထောင့်က ကြည့်ရင်လည်း ဆင်းရဲမှာကြောက်လို့ ချမ်းသာချင်လို့ ကြိုးစားခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ပညာတော်ပြီးတော့ ဝန်ကြီးဖြစ်သွားတယ်၊ နိုင်ငံခေါင်းဆောင်ဖြစ်သွားတယ်ဆိုရင် ငါ ဒီနေရာရတဲ့အခိုက် ငါ ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ။ ဒီရာထူးလေးရနေတဲ့အခိုက် ငါ မဆင်းရဲအောင် ငါ့မိသားစု မဆင်းရဲအောင် ငါ ဘယ်လိုယူလိုက်ရမလဲ။ ဒီလိုတွေတွေးရင် ဒီပုဂ္ဂိုလ်ဟာ အကုသိုလ်တွေ တိုးပြီး အပါယ်ရောက်ဖို့ နီးလာပြီ။ နိဗ္ဗာန်ချမ်းသာနဲ့ ဝေးသွားပြီ။ ဒီလို ပစ္စည်းဥစ္စာ ဆင်းရဲမှာကြောက်လို့ ချမ်းသာချင်လို့ ပညာသင်တာ၊ အလုပ်လုပ်တာ၊ ငွေရှာတာ ဆိုရင်တော့ ဒါဟာ တစ်ဘဝစာတောင် မသေချာလို့ ရေတိုစီမံကိန်းလို့ပဲ ပြောရမယ်။

ဒါဆိုရင် မြတ်စွာဘုရားရှင်ရဲ့ ရေရှည်ကို ကြည့်တော်မူခြင်းဆိုတဲ့ ဂုဏ်တော်နဲ့ ဆန့်ကျင်သွားတယ်။ ဒါကြောင့် မိဘဆရာ

http://www.dhammadownload.com

တွေဟာ သားသမီးတွေ စာမကျက်ရင် ဟဲ့ ကလေး နင် စာကြိုးစားနော်၊ ကြီးရင် ဒုက္ခရောက်လိမ့်မယ် ဆိုပြီး ဆုံးမတာဟာ တစ်ဘဝစာလား၊ သံသရာအထိ မျှော်ကြည့်တာလား ဆိုရင် တစ်ဘဝစာတင် မျှော်ကြည့်တာ။ ဒါကြောင့် ဒါကို ရေရှည်လား၊ ရေတိုလား ဆက်မေးခဲ့ရင် ရေတိုလို့ ဖြေရပါမယ်။

ရေရှည်စီမံကိန်း

ဒီတော့ ဘုန်းကြီးကို မေးကြလိမ့်မယ်။ အရှင်ဘုရား၊ တပည့်တော်တို့က ဘယ်လိုရေရှည်စီမံကိန်းနဲ့ ကြည့်ရမှာလဲ။ ဒါကို ဘုန်းကြီးပြောပြပေးမယ်။ ဘုန်းကြီးလည်းပဲ ကိုရင်လေးတွေကို ထိန်းနေတာဆိုတော့ ဒါတွေကို လေ့လာသုံးသပ်ပြီးမှ ပြန်ပြောတာပါ။ အရှင်ဘုရား ရမ်းပြောတာ၊ အရှင်ဘုရားမှာ သားသမီးလည်း မရှိဘဲနဲ့လို့တော့ မပြောကြနဲ့။ ဘုန်းကြီးက သားသမီးတွေ ပိုများတယ်။ အခု ဘုန်းကြီးပြောမှာတွေက ဘုန်းကြီး လက်တွေ့ကျင့်သုံးပြီးသားတွေ။ ထိုက်တန်သလောက်လည်း အကျိုးတရားတွေ ရနေပါပြီ။

ကလေးတစ်ယောက် စာမကြိုးစားဘူးဆိုရင် ကိုယ်က နားလည်အောင်ပြောဖို့ အရင်ကြိုးစားရတယ်။ ငါ့သား ငါ့သမီး စာကြိုးစားနော်။ စာကြိုးစားမှ ပညာတတ်မှာပေါ့။ ပညာတတ်မှ ကိုယ့်မှာ အစစအရာရာ ပြည့်စုံမယ်။ အစစအရာရာပြည့်စုံမှ မိဘကို ကျေးဇူးဆပ်နိုင်မယ်။ မိဘကို ကျေးဇူးဆပ်တဲ့ သားသမီးဟာ သူတော်ကောင်းဖြစ်တယ်။ သူတော်ကောင်းဆိုတာ နိဗ္ဗာန်အထိ မျက်မှောက်ပြုနိုင်တယ်။ ဒါကြောင့် မိဘကျေးဇူးဆပ်ချင်ရင် စာကြိုးစားနော်။ ဒါမျိုးလေးတွေ ဆုံးမပေးရတယ်။

http://www.dhammadownload.com

နောက်တစ်ခါ လှူနိုင်တန်းနိုင်တဲ့ပုဂ္ဂိုလ်တွေကို ပြပြီးတော့ သူတို့လို လှူချင်တန်းချင်သလား။ အမျိုးဘာသာ သာသနာကို ထောက်ပံ့ချင်သလား။ ဒီလိုထောက်ပံ့ချင်ရင် အခုကတည်းက ကြိုးစားနော်။ ဒါမှ ကိုယ့်မှာ ပညာပြည့်စုံမယ်။ စီးပွားရေး ပြည့်စုံမယ်။ လှူနိုင်တန်းနိုင်မယ်။ အများကို ကူညီနိုင်မယ်။ အများကို ကူညီတတ်မှ သူတော်ကောင်းဖြစ်မှာ။ သူတော်ကောင်း ဖြစ်မှ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်မှာပေါ့။

ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကို ကူညီချင်တယ်ဆိုရင် ပညာတတ်အောင်ကြိုးစားနော်။ ပညာတတ်မှ ကိုယ့်မှာပြည့်စုံမယ်။ ကိုယ်ပြည့်စုံမှ သူများကို ပညာရပ်နဲ့လည်း ကူညီနိုင်မယ်။ ပစ္စည်း ဥစ္စာနဲ့လည်း ကူညီနိုင်မယ်။ အဲဒီလို ဒုက္ခရောက်နေတဲ့သူတွေကို ကူညီခြင်းဟာ သူတော်ကောင်းတွေရဲ့လက္ခဏာ။ သူတော်ကောင်း တွေဟာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်တယ်။ ဒီလိုနည်း လေးတွေ သင်ပေးရတယ်။

အဲဒီတော့ ကလေးလေးတွေမှာ ဒီစကားလေးတွေ နှလုံးသား ထဲမှာ ကိန်းပြီးတော့ မိဘကို ကျေးဇူးဆပ်နိုင်ဖို့ ပညာကြိုးစားတယ်။ ဘာသာ သာသနာကို လှူဒါန်းထောက်ပံ့နိုင်ဖို့ ပညာကြိုးစားတယ်။ ရပ်ထဲရွာထဲ နိုင်ငံထဲက ဒုက္ခသည်တွေကို ကူညီစောင့်ရှောက်ဖို့ ပညာကြိုးစားတယ်။ သူက ကူညီချင်တဲ့စိတ်နဲ့ ကြိုးစားခဲ့တာ။ ကျေးဇူးဆပ်ချင်တဲ့စိတ်နဲ့ ကြိုးစားခဲ့တာ။

ဒီလိုနဲ့ပဲ ဆရာဝန်ကြီး ဖြစ်လာတယ်။ အင်ဂျင်နီယာကြီး ဖြစ်လာတယ်။ သူ့ကို အကြောင်းပြုပြီးတော့ ရပ်သူရွာသားတွေ ချမ်းသာလာနိုင်တယ်။ ဒါဆိုရင် သူ့မှာ ကုသိုလ်တွေ တိုးပွားပြီ။

http://www.dhammadownload.com

ကုသိုလ်တိုးရင် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်တယ်။ ဒီတော့ ရေရှည်စီမံကိန်း ဖြစ်သွားတယ်။ ဒီလိုလေးတွေ သိဖို့ လိုအပ်ပါတယ်။

နောက်တစ်ခါ နိုင်ငံရေးရှုထောင့်ကကြည့်ရင် ပညာတွေ တော်လို့ ဝန်ကြီးဖြစ်သွားတယ်။ နိုင်ငံခေါင်းဆောင် ဖြစ်သွားတယ်။ အဲဒီအခါမှာ သူ့ကိုအကြောင်းပြုပြီးတော့ မိဘတွေမှာ စိတ်ချမ်းသာရမယ်။ ဘာသာ သာသနာ တိုးတက်လာမယ်။ ပြည်သူပြည်သားတွေ အဆင်ပြေလာမယ်။ အစကတည်းက မိဘကို ကျေးဇူးဆပ်ချင်လို့၊ အမျိုးဘာသာ သာသနာကို တိုးတက်အောင် လုပ်ပေးချင်လို့ စတဲ့ ရည်ရွယ်ချက်နဲ့ ပညာကြိုးစားခဲ့တာ ဆိုတော့ တကယ် နိုင်ငံရေး လုပ်ခွင့်ရတဲ့အခါမှာလည်း ငါ ဒီရာထူးကို ရနေတဲ့ အခိုက်မှာ ငါ့နိုင်ငံသူနိုင်ငံသားတွေ ပညာရေးမြင့်လာအောင် ငါ ဘယ်လိုလုပ်ပေးရမလဲ၊ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စီးပွားရေး ကောင်းလာအောင် ငါ ဘာတွေအနစ်နာခံလိုက်ရမလဲ၊ စတဲ့ စိတ်ထားတွေနဲ့ မေတ္တာတွေဖြစ်လို့။ ဒါဆိုရင် ကုသိုလ်တွေ ဖြစ်ပြီး နိဗ္ဗာန်နဲ့နီးသွားတယ်။ အဲဒါဟာ ရေရှည်စီမံကိန်းပဲ။ ကဲ... ဆိုလိုက်ကြ။

"အရေးများစွာ ကျင့်သုံးပါ မှန်စွာ ကျိုးရှိပေ"
"လူမှုအရေး နိုင်ငံရေး ကုသိုလ်ရေးလည်း ပါဝင်ပေ"

ကုသိုလ်ရေး

ပြီးတော့ ဘုန်းကြီးတို့ ကုသိုလ်ပြုတဲ့နေရာမှာလည်း ရေရှည်ကို ကြည့်ရမယ်။ ကုသိုလ်ပြုတဲ့အခါမှာ ဂုဏ်ပကာသနအတွက် မဖြစ်စေရဘူး။ သူများတွေ ချီးကျူးတာခံချင်လို့၊ သူများတွေရဲ့

http://www.dhammadownload.com

မြှောက်စားမှုကို ခံချင်လို့၊ ဘုရားဒါယကာကြီး ကျောင်းဒကာကြီး လို့ အခေါ်ခံရတာကို ကြည်နူးလို့၊ ဒါတွေဟာ ဂုဏ်ပကာသနအတွက်ပဲ။ အဲဒီစိတ်တွေဟာ အကုသိုလ်တွေပဲ။ အကုသိုလ်ဆိုမှတော့ နိဗ္ဗာန်နဲ့ဝေးပြီ။ ဒီတော့ ဂုဏ်ပကာသနအတွက် ပြုတဲ့ကုသိုလ်ဟာ ရေတိုစီမံကိန်း ဖြစ်သွားတယ်။ အရည်မရ အဖတ်မရ သူများ ချီးကျူးတာလေးကို မက်မောနေတာဟာ မဖြစ်သင့်ဘူး။

နောက်တစ်ခါ လောကီချမ်းသာကို မျှော်ကိုးပြီး ကုသိုလ်ပြုရင်လည်း ရေတိုစီမံကိန်းပဲ။ "အန္တရာယ် ရှိတယ်၊ ယတြာချေတဲ့သဘောနဲ့ ဘာလေးလှူလိုက်နော်" လို့ ဗေဒင်ဆရာက ဟောတာနဲ့ အန္တရာယ်တွေ ဖြစ်မှာကြောက်လို့ လှူတယ်ဆိုရင် ဒါသတရား၊ စီးပွားရေးဖြစ်ချင်လို့ လှူတယ်ဆိုရင် လောဘတရား၊ နောက်ဘဝမှာ လူဖြစ်ရင်လည်း အလှူခံပုဂ္ဂိုလ်တွေ ပြောသလို 'ဒါနဆောင်မှ နောင်ဘဝ ခေါင်းကနေရမယ်'၊ ဒီလို ခေါင်းကနေချင်လို့၊ နတ်ပြည်ရောက်ချင်လို့ ဒီလိုချမ်းသာချင်တဲ့ စိတ်တွေဟာ လောဘတရား၊ ဒီစိတ်တွေနဲ့ လှူမှတော့ ကုသိုလ်မဖြစ်တဲ့အပြင် အကုသိုလ်တွေများပြီ။ လှူရင်းလှူရင်းနဲ့ အကုသိုလ်တွေက ဝန်းရံနေတယ်။ ဒါဆိုရင် နိဗ္ဗာန်နဲ့ဝေးပြီ။ ဒီလိုကုသိုလ်ပြုနည်းဟာလည်း ရေတိုစီမံကိန်း ဖြစ်သွားတာပေါ့။ ဒါလေးတွေကိုလည်း သတိထားသင့်ပါတယ်။

ရေရှည်စီမံကိန်းနဲ့ ကုသိုလ်ပြုတယ်ဆိုတာ ဘယ်လိုလဲ။ မိမိတို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ နိဗ္ဗာန်ချမ်းသာဖြစ်တယ်။ နိဗ္ဗာန်ချမ်းသာ ဆိုတာ လောဘ ဒေါသတွေ နည်းပြီး ကင်းစင်သွားမှ မျက်မှောက်ပြုတာ။

http://www.dhammadownload.com

ဒကာ ဒကာမတွေ ကျောင်းမှာ မနက်က ဆွမ်းလောင်းခဲ့တယ်။ အခု နေ့ဆွမ်းအတွက်လည်း ဆွမ်းလောင်းမယ်။ ရွာစာကြည့်တိုက်အတွက် လှူတယ်။ နာယကဆရာတော်တွေ ပစ္စည်းလေးပါးအတွက် လှူတယ်။ လှူတဲ့အခါမှာ လောဘဒေါသတွေ နည်းပါးနေရင် နိဗ္ဗာန်ချမ်းသာအတွက် အထောက်အပံ့ဖြစ်တယ်။ ဘယ်လိုလဲဆိုတော့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းလောင်းတယ်။ ဆာလောင်ခြင်းရောဂါ ကင်းပါစေ၊ ချမ်းသာစွာနဲ့ သာသနာ့အလုပ် စာသင်စာချအလုပ်တွေကို လုပ်ဆောင်နိုင်ပါစေ၊ သာသနာတော်ကြီးအဓွန့်ရှည်ပါစေ။ ဆွမ်းလောင်းရင်းနဲ့ နှလုံးသားထဲမှာ အဲဒီလို မေတ္တာတွေဖြစ်နေရင် လောဘဒေါသတွေ ဖြစ်ခွင့်မရတော့ဘူး။ လောဘဒေါသတွေ ပါးသွားတယ်။ လောဘဒေါသတွေ ပါးသွားရင် နိဗ္ဗာန်နဲ့နီးသွားတယ်။

နောက်ပြီးတော့ စာကြည့်တိုက်အတွက် နဝကမ္မ မနှစ်က တစ်သိန်း၊ ဒီနှစ် တစ်သိန်း လှူတယ်။ ရွာမှာ စာဖတ်တဲ့ပုဂ္ဂိုလ်တွေ အသိဉာဏ်တွေ တိုးကြပါစေ၊ အသိဉာဏ်တွေ တိုးပြီးတော့ မိသားစုကို ဒုက္ခပေးခြင်းမှ ကင်းဝေးကြပါစေ၊ မိသားစုတွေ စိတ်ချမ်းမြေ့ကြပါစေဆိုတဲ့ စိတ်ကလေးနဲ့ လှူဒါန်းလိုက်တယ် ဆိုရင် မေတ္တာတွေဖြစ်ပြီး လောဘဒေါသတွေ ဖြစ်ခွင့်မရတော့ဘူး။ လောဘဒေါသတွေ နည်းပါးရင် နိဗ္ဗာန်နဲ့နီးသွားတယ်။ အဲဒီလို ကုသိုလ်ပြုနည်းဟာ နိဗ္ဗာန်နဲ့နီးတဲ့ကုသိုလ်ဆိုတော့ ရေရှည်စီမံကိန်းဖြစ်သွားတယ်။

နောက်တစ်နည်းအားဖြင့် ဘာကုသိုလ်ပြုပြု ကွဲဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ဒီကုသိုလ်ကံ စေတနာဟာ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်ပါစေလို့ စိတ်ညွှတ်ထား

http://www.dhammadownload.com

ရမယ်။ နိဗ္ဗာန်ဆိုတာ လောဘဒေါသ နည်းပါးမှ မျက်မှောက်ပြုတာ။ လောဘဒေါသကုန်ပြီ ဆိုရင်တော့ ရဟန္တာအဖြစ်နဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရစေလို့ စိတ်ညွှတ်ထားရင်းနဲ့ မိမိတို့စိတ်မှာလည်း လောဘဒေါသ စတဲ့ကိလေသာတွေ ပါးပါးလာအောင် ကြိုးစားနေရမယ်။

သံဃာတွေကို ချမ်းသာစေချင်လို့ ဆွမ်းလောင်းလှူတယ်၊ စာဖတ်တဲ့ပုဂ္ဂိုလ်တွေကို အသိဉာဏ်မြင့်စေချင်လို့ စာကြည့်တိုက်အတွက် လှူတယ်ဆိုရင် လောဘဒေါသတွေ ပါးပြီးတော့ နိဗ္ဗာန်ချမ်းသာအထိ မျက်မှောက်ပြုနိုင်တယ်။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်အောင် အထောက်အကူပြုတဲ့ ကုသိုလ်မှန်သမျှဟာ ပါရမီကုသိုလ် ဖြစ်သွားတယ်။ ဒါဟာ ရေရှည်ကို ကြည့်ပြီးတော့ လှူဒါန်းတာပါ။ ဒါဆို ရေရှည်စီမံကိန်း ဖြစ်သွားပါတယ်။ ဘုရားရှင်ရဲ့ အရှည်ကိုကြည့်တော်မူခြင်းဆိုတဲ့ ဒီဃဒဿီဂုဏ်တော်ကို ကြည်ညိုရုံတင်မကဘဲ အတုယူကျင့်သုံးရာလည်း ရောက်သွားပါတယ်။

ဆူဆူဗုဒ္ဓ

"ဒီဃဒဿီ" အရှည်ကို ကြည့်တော်မူခြင်းဆိုတဲ့ ကျင့်စဉ်ကို ဘုရားရှင်ကိုယ်တိုင်လည်း ကျင့်တော်မူခဲ့တယ်။ ကိုယ်တိုင်ကျင့်သုံးပြီးတော့ တပည့်သာဝကတွေကိုလည်း လမ်းညွှန်ခဲ့တယ်။ ဘုန်းကြီးတို့ ဂေါတမဘုရားရှင် တစ်ဆူတည်းလားဆိုတော့ မဟုတ်ပါဘူး။ ဘုရားအဆူဆူပါပဲ။ ကဲ... ဆိုလိုက်ကြဦး။

ဆူဆူဗုဒ္ဓ လမ်းညွှန်ပြ ကျင့်ပြကိုယ်တိုင်ပေ။

http://www.dhammadownload.com

ဒီဃဒဿီ ဂုဏ်တော်မည် ယုံကြည်မှန်းဆ ကျင့်ကြလေ။

ဒီဃဒဿီကျင့်စဉ်ကို ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား ဘယ်လိုကျင့်သုံးသွားသလဲ။ ဒါလေးကိုလည်း ပြောပြပေးမယ်။

ဝေရဉ္ဇာပုဏ္ဏားကြီး

ဘုန်းကြီးတို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဘုရားရှင် အဖြစ်နဲ့ (၄၅)ဝါ သီတင်းသုံးသွားတယ်။ အဲဒီအထဲက (၁၂)ဝါ မြောက် သက်တော် (၄၇)နှစ်လောက်မှာ 'ဝေရဉ္ဇာမြို့'မှာ ဝါကပ်တယ်။ ဝေရဉ္ဇာပုဏ္ဏားကြီးက ပင့်လျှောက်လို့ပါ။ အဲဒီဝေရဉ္ဇာပုဏ္ဏားကြီးဟာ အစောပိုင်းက ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး။ ဥပါသကာ မဟုတ်ဘူး။

ဝေရဉ္ဇာပုဏ္ဏားကြီးက ဘုရားရှင် သူတို့မြို့ကို ကြွလာတယ်ဆိုတဲ့ သတင်းကို ကြားတော့ ဘုရားရှင်ထံကိုသွားတယ်။ သွားပြီးတော့ ဘုရားရှင်ကို ဝါဒရှစ်မျိုးနဲ့ နှိပ်ကွပ်ဆဲရေးတဲ့ သဘောမျိုးတွေနဲ့ အပြစ်တင်ရှုတ်ချတယ်ပေါ့။ မြတ်စွာဘုရားကလည်း ဖြေရှင်းတော်မူတယ်။ သူဌေးကြီးက ဘာစွပ်စွဲသလဲဆိုတော့ ကိုယ့်ထက်ကြီးတဲ့ သက်ကြီးရွယ်အို ပုဂ္ဂိုလ်တွေကို ရှိလည်းမခိုး၊ ခရီးဦးလည်းမကြိုဆို၊ နေရာပေးတဲ့အနေနဲ့ ကြွပါကြွပါလို့ မဖိတ်မန်၊ ဒါဟာ အမျိုးကောင်းသားတွေရဲ့ဂုဏ်နဲ့ မပြည့်စုံဘူးလို့ မြတ်စွာဘုရားကို စွပ်စွဲခဲ့တယ်။

ဒီတော့ မြတ်စွာဘုရားက 'လောကမှာ ငါဘုရားက ရှိခိုးရမယ့်ပုဂ္ဂိုလ်၊ ခရီးဦးကြိုဆိုရမယ့်ပုဂ္ဂိုလ်၊ နေရာနဲ့ပင့်ဖိတ်ရမယ့်ပုဂ္ဂိုလ် မမြင်ဘူး။ အကယ်၍ ငါဘုရားက တစ်စုံတစ်ယောက်သော

http://www.dhammadownload.com

ပုဂ္ဂိုလ်ကို ရှိခိုးမယ်၊ ခရီးဦးကြိုဆိုမယ်၊ နေရာဖြင့် ပင့်ဖိတ်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ဦးခေါင်းဟာ မြေမှာ ပြတ်ကြွေကျသွားနိုင်တယ်။

ဒါမျိုးမိန့်ပြီးတော့ လောကမှာ ငါဘုရားဟာ အကြီးမြတ်ဆုံးလို့ ထပ်ပြီး မိန့်တော်မူခဲ့တယ်။ အဝိဇ္ဇာဥခွံထဲက ပထမဆုံးထိုးဖောက်ပြီး အရတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးတော့ ဘုရားဖြစ်ခဲ့တယ်။ သစ္စာလေးပါးကို ပထမဦးဆုံးသိတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အကြီးမြတ်ဆုံးဖြစ်တယ်။ ဒါကြောင့် လောကမှာ ငါဘုရားက ရှိခိုးရမယ့်ပုဂ္ဂိုလ်၊ ငါဘုရားက ခရီးဦး ကြိုဆိုရမယ့် ပုဂ္ဂိုလ်၊ ငါဘုရားက နေရာဖြင့် ပင့်ဖိတ်ရမယ့်ပုဂ္ဂိုလ်ကို မမြင်ဘူးတဲ့။

ပုဏ္ဏားကြီးလည်း သဘောပေါက်သွားတယ်။ သဘောပေါက်သွားပြီး ပုဏ္ဏားကြီးက ကျင့်စဉ်တွေကို သိချင်လို့ မေးလာတော့ လောကမှာ အမြတ်ဆုံးဖြစ်ရခြင်းရဲ့ ကျင့်စဉ်တွေကို ပြောပြတယ်။ အဲဒီကျင့်စဉ်တွေကြောင့် ရလာတဲ့ စျာန်လေးပါး၊ ပုဒ်,အာ (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်) လို့ ခေါ်တဲ့ အဘိညာဉ်သုံးပါး ဒီအကျိုးတရားတွေကိုလည်း မြတ်စွာဘုရားက ပြတော်မူခဲ့တယ်။

ဇေဋ္ဌသေဋ္ဌဖြစ်ခြင်းရဲ့ အကြောင်းတွေကို အခြေခံက စပြီးတော့ မိန့်တော်မူခဲ့တယ်။ အဲဒီမှာ ပုဏ္ဏားကြီးလည်း သဘောပေါက်ပြီးတော့ မြတ်စွာဘုရားက လောကမှာ အကြီးမြတ်ဆုံး ဖြစ်တာကို လက်ခံသွားတယ်။ ဒေသနာတော်ကို ချီးကျူးပြီးတော့ ဘုရားတရား သံဃာကို အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်ပါ့မယ်ဆိုပြီး ဥပါသကာအဖြစ် ခံယူလိုက်တယ်။ မြတ်စွာဘုရားကို ဝေဠုဝန်မြို့မှာ ဝါဆိုဖို့လည်း ပင့်ဖိတ်သွားတယ်။ အဲဒီလိုပင့်ဖိတ်သွားလို့ မြတ်စွာဘုရားက (၁၂)ဝါမြောက် သက်တော် (၄၇)နှစ်မှာ

http://www.dhammadownload.com

ဝေရဉ္ဇာမြို့မှာ ရဟန်းငါးရာနဲ့အတူ ဝါကပ်တော်မူတယ်။

ဝေရဉ္ဇာမြို့

အဲဒီအချိန်မှာ ဝေရဉ္ဇာမြို့မှာ ဘာဖြစ်နေသလဲဆိုတော့ –

"တေန ခေါ ပန သမယေန ဝေရဉ္ဇာ ဒုဗ္ဘိက္ခာ ဟောတိ ဒွီဟိတိကာ သေတဋ္ဌိကာ သလာကဝုတ္တာ၊ န သုကရာ ဥဉ္ဆေန ပဂ္ဂဟေန ယာပေတုံ"

ဝေရဉ္ဇာမြို့ဟာ အဲဒီအချိန်မှာ ထူးထူးခြားခြား ပြဿနာတွေ ဖြစ်နေတာ။ ဒုဗ္ဘိက္ခာ– အငတ်ဘေး ဆိုက်လာတယ်။ ဒွီဟိတိကာ – ခဲခဲယဉ်းယဉ်း အသက်မွေးရတယ်။ ဘယ်လောက်အထိလဲဆိုရင် လူတွေဟာ အသက်ရှင်မှရှင်ပါ့မလား၊ သေတော့မှာလား ဒီလို သံသယဖြစ်စရာတွေ ဖြစ်လာခဲ့တယ်။ ဒီနေ့ အစာမှ ရပါ့မလား၊ ငတ်များငတ်လေမလား ဒီလို ဒွိဟာတွေ ဖြစ်လာကြတယ်။ ဆင်းရဲသားတွေ ခိုကိုးရာမဲ့သူတွေ သေလိုက်ကြတာ၊ မြို့ရဲ့အပြင်ဘက်မှာ ဒီအတိုင်းပုံထားတာ ကြာတော့ အရိုးပုံကြီးတွေ ဖြူဖွေးလို့တဲ့။

ကံကဆိုးချင်တော့ စိုက်ပျိုးတဲ့ ကောက်တွေက ဘာမှအကျိုးမဖြစ်ဘူး။ နောက်ပြီးတော့ စာရေးတံလက်မှတ်နဲ့ အသက်မွေးနေကြရတယ်။ ဆန်စပါးကို ကိုယ်တိုင်ဝယ်ချင်တိုင်း မရဘူး။ စပါးရောင်းတဲ့ သူတွေထဲ သွားဝယ်တဲ့အခါ အာဏာရှိတဲ့သူတွေ အင်အားကြီးမားတဲ့သူတွေက အာဏာမဲ့တဲ့သူ အင်အားနည်းတဲ့သူတွေကို အနိုင်ကျင့်၊ သူတို့ချည်းပဲဝယ်တော့ ဆင်းရဲသူ ဆင်းရဲသားတွေမှာ ဝယ်ခွင့်မရကြဘူး။ ဒီတော့ ဆန္ဒပြ အော်ကြ ဟစ်ကြ ဒါမျိုးတွေအထိ ဖြစ်ကုန်တယ်။

http://www.dhammadownload.com

ဒါနဲ့ စပါးရောင်းတဲ့သူတွေက အားလုံး ညီမျှသွားအောင် စီစဉ်ပေးရတယ်။ စာရေးတံလက်မှတ်ကလေးတွေနဲ့ ရောက်လာပြီဆိုရင် ငွေကိုင်စာရေးထံသွား၊ ငွေချေ။ ငွေကိုင်စာရေးက စာရေးတံလက်မှတ်ထဲမှာ ရေးပေးလိုက်တယ်။ ဘယ်နှပြည်ပေးပါ၊ ဘယ်နှတင်းပေးပါ။ ဒါကို စပါးချိန်တဲ့လူတွေကို သွားပြ။ စပါးချိန်တဲ့လူက စာရင်းအတိုင်း ချိန်ပေး။ အဲဒီလိုစနစ်အထိ လုပ်ယူရတယ်။ စာရေးတံလက်မှတ်နဲ့ အသက်မွေးရတယ်။ ဝယ်ချင်တိုင်း ဝယ်လို့ကို မရတော့ဘူး။ ဒီလိုအခြေအနေအထိ ရောက်သွားတယ်။

မြင်းကုန်သည်များ

အဲဒီလို ဝေရဉ္ဇာမြို့မှာ အငတ်ဘေးဆိုက်တော့ ရဟန်းတော်တွေ ဝေရဉ္ဇာမြို့ထဲ ဆွမ်းခံကြွလည်း ဆွမ်းမရတော့ ဝေရဉ္ဇာမြို့ရဲ့ အပြင်ဘက်မှာရှိတဲ့ မြင်းဝိုင်းကြီးကို ကြွကြရတယ်။ ဥတ္တရာပထတိုင်းသား မြင်းကုန်သည်တွေဟာ မိုးတွင်းမှာ ဂင်္ဂါမြစ်ရဲ့ မြောက်ဘက်ကမ်းကနေပြီးတော့ ဝေရဉ္ဇာမြို့ကို သူတို့ မြင်းငါးရာနဲ့အတူ မိုးခိုဖို့ ရောက်လာကြတယ်။

ဝေရဉ္ဇာမြို့ဟာ မိုးတွင်းမှာ အင်မတန်မှ မိုးများတဲ့ ဒေသဖြစ်တော့ ခရီးရှည်ဆက်သွားဖို့ မလွယ်တော့ဘူး။ မြို့အပြင်ဘက် ရေမလွှမ်းနိုင်မယ့် မြင့်တဲ့နေရာလေးမှာ သူတို့နေဖို့ အိမ်လေးတွေနဲ့ မြင်းတွေထားဖို့ တဲတွေ ယာယီဆောက်ပြီးတော့ အကာအရံတွေလည်း ကာရံထားကြတယ်။ ဒီလိုနဲ့ မြင်းဝိုင်းကြီးဖြစ်သွားတယ်။

သူတို့က မြက်တွေဘာတွေ ရှားပါးတဲ့နေရာရောက်ရင် မြင်းစာအတွက် ကျွေးမယ်ဆိုပြီးတော့ မုယောဆန်တွေကို ပေါင်း

http://www.dhammadownload.com

လာခဲ့တယ်။ ကြာရှည်ခံအောင် ပိုးမထိုးအောင် စီမံခဲ့ကြတယ်။ ဖွဲတွေစင်အောင် ဖွပ်ခဲ့ကြတယ်။ မြင်းစာရှားတဲ့ နေရာရောက်ရင် မြင်းကျွေးမယ်ဆိုပြီးတော့ ယူခဲ့ကြတာ။

ဥတ္တရာပထတိုင်းသား မြင်းကုန်သည်တွေဟာ ဒက္ခိဏာပထတိုင်းသားတွေလို သဒ္ဓါတရား မခေါင်းပါးကြဘူး။ သဒ္ဓါတရား ကောင်းသူများ ရတနာသုံးပါးကို မြတ်နိုးသူများ ဖြစ်ကြတယ်။ အဲဒီမြင်းကုန်သည်တွေက မနက်ပိုင်း လုပ်စရာကိစ္စတစ်ခုနဲ့ ဝေရဉ္ဇာမြို့ထဲကို ဝင်ကြရင်း နှစ်ရက် သုံးရက်ဆက်ပြီး ရဟန်းတွေ ဆွမ်းမရတာကို တွေ့သွားကြတယ်။ ရဟန်းတွေ ဆွမ်းခံတာ ဘာမှမရဘူး။ ဘယ်အိမ်ကမှ မရကြဘူး။

ဒါတွေကိုမြင်တော့ သူတို့က ဘယ်လိုတွေးသလဲဆိုတော့ အရှင်မြတ်တွေ ဝေရဉ္ဇာမြို့ကိုမှီပြီးတော့ ဝါဆိုကြတယ်၊ ဝေရဉ္ဇာမြို့ကလည်း အငတ်ဘေးကြီးဆိုက်နေတယ်။ သံဃာတော် အရှင်မြတ်တွေမှာ ဘာမှမရတော့ ပင်ပန်းတော်မူကြတယ်။ ငါတို့ကလည်း ဧည့်သည်ဖြစ်နေတယ်။ ဧည့်သည်ဆိုတော့ ဆွမ်းတို့ ယာဂုတို့ ဆိုတာ အမြဲစီစဉ်ဖို့ မဖြစ်နိုင်ဘူး။ ငါတို့ရဲ့ မြင်းတွေအတွက်တော့ မနက်တစ်ကြိမ် ညတစ်ကြိမ် တစ်ရက်ကို နှစ်ကြိမ် အစာရကြတယ်။ ငါတို့ မြင်းစာထဲကနေ မြင်းတစ်ကောင်တစ်ကောင်ရဲ့ နံနက်စာထဲကနေပြီးတော့ တစ်စလယ် တစ်စလယ် နုတ်နုတ်ပြီးတော့ ရဟန်းတစ်ပါးတစ်ပါးအတွက် လှူဒါန်းရရင်ကောင်းမယ်လို့ ဒီလိုတွေးတောတိုင်ပင်ကြပြီး ရဟန်းတွေကို သွားပြီးတော့ လျှောက်ကြတယ်။

အရှင်ဘုရားတို့ တပည့်တော်တို့ထံကို လာပြီးတော့ တစ်စလယ် တစ်စလယ်သော ရိက္ခာမုယောဆန် ကို အလှူခံပါ၊ ပြီးတော့

http://www.dhammadownload.com

အရှင်ဘုရားတို့ သင့်တော်သလို ပြုလုပ်ပြီးတော့ ဘုဉ်းပေးကြပါ သုံးဆောင်ကြပါလို့ သွားပြီးတော့ ဖိတ်မန်လိုက်တယ်။

မုယောဆွမ်း

အဲဒီတော့ ရဟန်းတော်တွေဟာ ဝေဠုဂါမြို့ထဲမှာ မနက်တိုင်း ဆွမ်းခံကြတယ်။ တစ်ဇွန်းမှမရဘူး။ ကန်တော့ဆွမ်း ဆိုတဲ့ စကားလေးတောင် မရကြဘူး။ ဒီလိုနဲ့ မြို့ပြင်က မြင်းဝိုင်းကိုကြွ ဆွမ်းခံကြမှပဲ တစ်ပါးကို ရိက္ခာမုယောဆန် တစ်စလယ် တစ်စလယ် စီ ရခဲ့ကြတယ်။ အဲဒါတွေကို သံဃာတော် အရှင်မြတ်တွေက ရှစ်ပါးတစ်စု ဆယ်ပါးတစ်စု ပေါင်းပြီးတော့ ဆုံထဲမှာထောင်းတယ်။ ဝေစုရလာတဲ့ မုယောဆန်ထောင်းကို ရေနဲ့ဖျော်ပြီး ဘုဉ်းပေးရတယ်။

ဘာဖြစ်လို့ ချက်မစားတာလဲဆိုတော့ ကပ္ပိယကာရက မရှိလို့တဲ့။ ကပ္ပိယကာရကမရှိတော့ ကိုယ်တိုင်ချက်ရင် ဒုက္ကဋ် အာပတ် သင့်ဦးမယ်။ ဒါကြောင့် အာပတ်မှလည်း လွတ်စေ၊ ပေါ့ပေါ့ပါးပါးနဲ့ အသက်မွေးခြင်းလည်းဖြစ်စေ ဆိုတဲ့ သဘောနဲ့ စောစောကလို စီမံပြီး ဘုဉ်းပေးကြတာ။ ဘုဉ်းပေးပြီးတာနဲ့ တရားအားထုတ်ကြတယ်။ ငြိမ်းငြိမ်းချမ်းချမ်းပဲ နေထိုင်ကြတယ်။ ဘာမှ ပူလောင်မှု မရှိဘူး။

ဘုရားရှင်အတွက်တော့ အရှင်အာနန္ဒာက မုယောဆန်ကို ကျောက်တုံးပေါ်မှာကြိတ်တယ်။ ထောပတ် ပျားသကာ လှူလိုက်တာလေးနဲ့ထည့်နယ်တယ်။ အဋ္ဌကထာတွေထဲမှာတော့ နတ်တွေက နတ်ဩဇာထည့်တယ်လို့ ဒီလိုလည်း တွေ့ရတယ်။ မြတ်စွာဘုရား

http://www.dhammadownload.com

လည်း တစ်ဝါတွင်းလုံး အဲဒီ မြင်းစာဖြစ်တဲ့ ရိက္ခာမုယော ဆန်ကြမ်းတွေကို ဘုဉ်းပေးပြီး ဖလသမာပတ်ဝင်စားရင်း အချိန်ကုန်တော်မူတယ်။

မာရ်နတ်

ဒီမှာ မေးစရာတော့ ရှိတာပေါ့။ ဒုဇ္ဈိကွကပ်ဆိုက်လို့ အစာငတ်တဲ့အခါမှာ လူတွေက သဒ္ဓါတရား ကောင်းပြီးတော့ သံဃာတော်အရှင်မြတ်တွေကို ပိုပြီးတော့ လှူတတ်တယ်မဟုတ်လား။ အခုတော့ လူတွေက ဘာဖြစ်လို့ မလှူကြတာလဲ ဆိုပြီးတော့ပေါ့။ အစာရေစာရှားရင် လူတွေက သဒ္ဓါတရား ပိုကောင်းကြတယ်ဆိုတာ ဥပမာအားဖြင့် မန္တလေးမြို့လိုပေါ့။

မန္တလေးမြို့မှာ မလွန်ဆန်လှူအသင်းကြီးဆိုတာ ရှိတယ်။ သီပေါမင်း ပါတော်မူပြီးတဲ့နောက် ၁၂၅၈–ခုနှစ်မှာ တည်ထောင်ခဲ့တာ။ စစ်ကိုင်း မင်းကွန်း မင်းဝံ တောင်ရိုးသုံးရပ်မှာ သီတင်းသုံးကြတဲ့ သံဃာတော်အရှင်မြတ်တွေ ဆင်းရဲလွန်းလို့ မလွန်အရပ်က လူကြီးတွေ မြို့မိမြို့ဖတွေက မလွန်ဆန်လှူအသင်း ထောင်ပြီးတော့ ထောက်ပံ့ကြတာ အခုအချိန်ဆိုရင် နှစ်ပေါင်း (၁၂၀)ပြည့်တော့မယ်။ ဘုန်းကြီးတို့ မြန်မာတွေမှာ သံဃာတွေ ဆွမ်းကွမ်းရှားသတဲ့ဆိုရင် ဆွမ်းလောင်း အသင်းတွေ တည်ထောင်ပြီးတော့ လောင်းလှူကြတာ ထုံးစံလိုတောင် ဖြစ်နေပြီ။ ငါန်းမြောတောင်မှပဲ ဒီလိုဆွမ်းလောင်းအသင်းတွေ တည်ထောင်ခဲ့ကြတယ်မဟုတ်လား။

သံဃာတွေဆင်းရဲတဲ့အချိန်မှာ လူတွေက ပိုပြီးတော့ လှူ

http://www.dhammadownload.com

တတ်ပါလျက်၊ ဝေရဉ္ဇာပုဏ္ဏားကြီးကလည်း သူ့ဌေးဖြစ်ပါလျက် ဘာဖြစ်လို့ မလောင်းလှူရတာလဲဆိုတော့ မာရ်နတ်က လှည့်စားထားလို့တဲ့။ ဝေရဉ္ဇာပုဏ္ဏားကြီး မြတ်စွာဘုရားထံက ပြန်လာက တည်းက ဝေရဉ္ဇာပုဏ္ဏားကြီးကိုရော မြို့သူမြို့သားတွေကိုရော ဆွမ်းခံလို့ရတဲ့ တစ်ယူဇနာ= ရှစ်မိုင်ဝန်းကျင်မှာရှိတဲ့ လူတွေကိုရော မာရ်နတ်က ပူးဝင်ပြီးတော့ လှည့်စားထားတာ။ ဘုရားကို သတိမရအောင်၊ သံဃာတွေကို သတိမရအောင် လှည့်စားထားတော့ ရဟန်းတော်တွေဆိုရင် ရှိခိုးအရိုအသေပေးမယ့်သူတောင် မရှိဘူး။ ကန်တော့ဆွမ်းပါဘုရားလို့ ဒီလိုပြောမယ့်သူတောင် မရှိဘူး။ အဲဒီလောက်အထိ လောကဓံက ရိုက်ချက်ပြင်းတယ်။

ဝဋ်ကြွေး

ဒီလိုဆိုရင် ထပ်ပြီးမေးစရာတော့ ရှိပြန်တာပေါ့။ မြတ်စွာဘုရားက သာဝတ္ထိတို့ ရာဇဂြိုဟ်တို့မှာ သွားပြီးတော့ ဝါဆိုပါလား၊ ဘာဖြစ်လို့ ဒီဝေရဉ္ဇာမြို့မှာ ဝါဆိုရသလဲ။ မြတ်စွာဘုရားက ဝေရဉ္ဇာမြို့မှာ အငတ်ဘေးဆိုက်မှာကို မသိလို့လား။ အငတ်ဘေးဆိုက်မှာကို သိပါတယ်။

ဒါပေမဲ့ အဲဒီဝါမှာ မာရ်နတ်က မြတ်စွာဘုရားအပေါ်မှာ သိပ်ပြီးတော့ ဒေါသအာဃာတ ရန်ငြိုးတွေက ကြီးမားလွန်းနေတယ်။ မြတ်စွာဘုရားက တတ်နိုင်လို့ တာဝတိံသာနတ်ပြည် မြောက်ကျွန်းမှာ သွားပြီးတော့ ဝါဆိုလည်းပဲ မာရ်နတ်က ဆက်စပ်ရာ ပုဂ္ဂိုလ်တွေကို ပူးဝင်ပြီးတော့ လှည့်စားဦးမှာပဲ။

ဒါဆိုရင် မြတ်စွာဘုရားက ဝေရဉ္ဇာမြို့မှာ ဘာဖြစ်လို့ ဝါဆို

http://www.dhammadownload.com

သလဲဆိုတော့ မြင်းကုန်သည်တွေက ရဟန်းတော်တွေကို ပူဇော်လိမ့်မယ်။ ဒါကိုမြင်တော်မူလို့ ဝေရဉ္ဇာမြို့ကို ရွှေးချယ်တော်မူခဲ့တာ။ ဒါလေးတွေဟာ ဘုန်းကြီးတို့ သတိထားစရာကောင်းပါတယ်။ ပြီးတော့ ဒါတွေဟာ ဝင်္ဆကြွေးတော် လိုက်လာတာတဲ့။

မြတ်စွာဘုရားမှာ ဘာဖြစ်လို့ ဝင်္ဆတော်လိုက်ရတာလဲ။ လွန်ခဲ့တဲ့ ၉၂-ကမ္ဘာထက်က ဖုဿဘုရားရှင်လက်ထက်မှာ ဘုန်းကြီးတို့ ဘုရားလောင်းက လူဆိုးလူမိုက်တွေနဲ့ ပေါင်းပြီးတော့ ရဟန်းတော်တွေကို တွေ့တဲ့အခါ ကိုယ်တော်တို့ မုယောဆန်ဆန်ကြမ်းကိုပဲ စားကြ၊ သလေးဆွမ်းကောင်းတွေကို မစားကြနဲ့၊ ဒီလိုပြောပြီးတော့ ဆဲခဲ့တာတဲ့။ အဲဒီလိုပြောခဲ့တာကြောင့် ဘုရားရှင်ဖြစ်တဲ့အခါ ဝင်္ဆကြွေးတော် လိုက်လာပြီး ဝေရဉ္ဇာပြည်မှာ ဝါတွင်းသုံးလပတ်လုံး မြင်းစာတွေကို ဘုဉ်းပေးခဲ့ရတယ်။ ဒါကို သင်ခန်းစာ ယူပြီး ဘုန်းကြီးတို့လည်း နှုတ်ကြမ်းလျှာကြမ်းတွေ မဖြစ်ဖို့ အရေးကြီးတယ်။

အရှင်မောဂ္ဂလာန်ရဲ့အစီအစဉ်

စောစောက ပြောခဲ့သလို အခြေအနေတွေဖြစ်နေတော့ အရှင်မောဂ္ဂလာန်က မြတ်စွာဘုရားထံ ဆည်းကပ်လျှောက်ထားတယ်။ ဝေရဉ္ဇာမြို့ဟာ အငတ်ဘေးဆိုက်နေပြီ၊ သံဃာတွေမှာ ပင်ပန်းလိုက်တာ၊ သံဃာတွေကို ဟောဒီမဟာပထဝီ မြေကြီးရဲ့ အောက်ပြင်မှာရှိနေတဲ့ မြေဆီမြေလွှာ မြေဩဇာတွေကို ကျွေးရရှင်ကောင်းမယ်လို့ ဘုရားရှင်ထံ မဆည်းကပ်ခင်မှာ တွေးလိုက်တယ်။ ဒီလိုတွေးပြီးမှ ဘာဆက်တွေးသလဲဆိုတော့ သြော် ငါက မြတ်စွာဘုရားထံမှာ နေရတာ၊ မြတ်စွာဘုရားကို ခွင့်မပန်ဘဲနဲ့ ဒီလို

http://www.dhammadownload.com

ကိစ္စတွေဆောင်ရွက်ရင် မြတ်စွာဘုရားနဲ့ ပြိုင်ရာရောက်နေမယ်တဲ့။

အရှင်မောဂ္ဂလာန်ရဲ့အတွေး ယဉ်ကျေးလိုက်တာနော်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်းပဲ တစ်နေရာရာ သွားမယ် တစ်ခခုလုပ်မယ်ဆိုရင် မိဘအုပ်ထိန်းသူတွေထံ ခွင့်ပန်သင့်တယ်။ အခု အရှင်မောဂ္ဂလာန်က ငါ ဒီလိုကိစ္စ လုပ်မှာကို မြတ်စွာဘုရားထံ ခွင့်ပန်မှ သင့်တော်မယ်၊ ခွင့်မပန်ရင် မြတ်စွာဘုရားနဲ့ ပြိုင်ရာရောက်လိမ့်မယ်။ ဒီလိုတွေးပြီးတော့ မြတ်စွာဘုရားထံသွားပြီး ဝေဠုဂါမြို့မှာ အငတ်ဘေး ဆိုက်နေတဲ့အကြောင်း၊ ရဟန်းတွေ ဆွမ်းခံလို့ မမျှတတဲ့အကြောင်း လျှောက်ပြီးတော့ ဘာလျှောက်သလဲဆိုတော့–

*"ဣမိဿာ ဘန္တေ ပထဝိယာ ဟေဋ္ဌိမတလံ သမ္ပန္နံ သေယျထာပိ ခုဒ္ဒမဓုံ အနီလကံ ဧဝမဿာဒံ၊ သာဓဟော ဘန္တေ ပထဝိံ ပရိဝတ္တေယျ၊ ဘိက္ခူ ပပ္ပဋကောဇံ ပရိဘုဉ္ဇိဿန္တီ"*တိ။

မြတ်စွာဘုရား၊ ဟောဒီမဟာပထဝီမြေကြီးရဲ့ အောက်အပြင်ဟာ အင်မတန်မှ ချိုမြိန်ကောင်းမြတ်ပါတယ်၊ ပျားကောင်ပျားဥ အပြစ်မရှိတဲ့ ပျားရည်တွေလို ချိုမြိန်ကောင်းမြတ်ပါတယ်၊ အရသာနဲ့ ပြည့်စုံပါတယ်၊ တပည့်တော် ဟောဒီမဟာပထဝီမြေကြီးကို အထက်အောက်လှန်ပြီးတော့ မြေဆီမြေလွှာ မြေဩဇာတွေကို ရဟန်းတော်အရှင်မြတ်တွေကို ကျွေးချင်ပါတယ်၊ ရဟန်းတော်တွေဟာ မြေဆီမြေလွှာ မြေဩဇာတွေကို ဘုဉ်းပေးကြပါလိမ့်မယ်၊ တပည့်တော်ကို ဟောဒီမြေကြီးကို အထက်အောက်လှန်ခွင့်ပေးတော်မူပါလို့ မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရားက မောဂ္ဂလာန် သင်က မြေကြီးပေါ်က သတ္တဝါတွေကို ဘယ်နယ် လုပ်မှာလဲတဲ့။ ဒီတော့ အရှင်မောဂ္ဂလာန်

http://www.dhammadownload.com

က တပည့်တော် လက်တစ်ဖက်ကို မဟာပထဝီမြေကြီးအဖြစ် ဖန်ဆင်းပါ့မယ်၊ အဲဒီဖန်ဆင်းထားတဲ့ လက်ပေါ်မှာ သတ္တဝါတွေကို ပြောင်းရွှေ့ထားပါ့မယ်၊ ကျန်တဲ့ လက်တစ်ဖက်နဲ့ ဟောဒီမဟာ ပထဝီမြေကြီးကို အထက်အောက်လှန်ပြီးတော့ သံဃာတွေကို မြေဆီမြေလွှာ မြေသြဇာတွေ ချိုမြိန်ကောင်းမြတ်တဲ့ အရသာတွေကို ကျွေးချင်ပါတယ်ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက–

"အလံ မောဂ္ဂလာန၊ မာ တေ ရုစ္စိ ပထဝီ ပရိဝတ္တေတုံ၊ ဝိပလ္လာသမိ သတ္တာ ပဇ္ဇိလဘေယျုံ"

မောဂ္ဂလာန် သင့်အနေနဲ့ မသင့်တော်ဘူး၊ သင့်အနေနဲ့ ဟောဒီ မဟာပထဝီမြေကြီးကို အထက်အောက် လှန်ဖို့ရာ မနှစ်သက်ပါနဲ့၊ သတ္တဝါတွေ ဖောက်ပြန်ပျက်စီးခြင်း ဖြစ်သွားနိုင်တယ်။ မြတ်စွာဘုရားက လက်မခံခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေရှည်ကိုကြည့်တော်မူလို့တဲ့။

အရှင်မောဂ္ဂလာန်က မလျှော့ဘူး။ ဒါဆိုလည်း တပည့်တော် သံဃာတော်တွေကို မြောက်ကျွန်း ခေါ်သွားပြီးတော့ ဆွမ်းခံကြွချင်ပါတယ်၊ မြတ်စွာဘုရား ခွင့်ပြုတော်မူပါတဲ့။

မြတ်စွာဘုရားက မောဂ္ဂလာန်၊ ဒီကိစ္စလည်း မသင့်တော်ဘူး၊ ရဟန်းသံဃာအားလုံးကို မြောက်ကျွန်း ခေါ်ပြီးတော့ ဆွမ်းခံကြွဖို့ရာ ဆန္ဒမဖြစ်ပါနဲ့။ နောင်လာနောက်သား သတ္တဝါတွေ ဖောက်ပြန်ပျက်စီးသွားနိုင်တယ်။ မြတ်စွာဘုရားက ရေရှည်ကို ကြည့်တော်မူပြီး လက်မခံခဲ့ပါဘူး။

ဘုန်းကြီးတို့အမြင်လည်း အရှင်မောဂ္ဂလာန်အမြင်နဲ့ အတူတူ

http://www.dhammadownload.com

နေမှာပါပဲ။ သံဃာတွေ ဆင်းရဲလိုက်တာ၊ သံဃာတွေကို မြေဆီမြေလွှာ မြေသြဇာတွေကို စားရအောင် လုပ်ရရင် ကောင်းမယ်၊ မြောက်ကျွန်းကို ဆွမ်းခံကြွပြီးတော့ ကောင်းကောင်းမွန်မွန် လေးတွေ ကျွေးရရင်ကောင်းမယ်၊ အရှင်မောဂ္ဂလာန်ရဲ့အမြင် ကောင်းလား မကောင်းဘူးလားလို့ မေးရင် ဒကာ ဒကာမတွေလည်း ကောင်းတယ်လို့ပဲ ဖြေကြမှာပါ။ ဘုန်းကြီးတို့လည်း ဒီလိုပဲ ဖြေမှာပဲ။ အရှင်မောဂ္ဂလာန်ကလည်း ကောင်းတယ်လို့ပဲ မြင်တာပဲ။

ဘုရားရှင်ရဲ့အမြော်အမြင်

ဒါပေမဲ့ မြတ်စွာဘုရားက လက်သင့်မခံခဲ့ဘူး။ မြတ်စွာဘုရားက ဘယ်လိုမြင်တာလဲဆိုတော့ ဒီလို အစာရေစာ ရှားတဲ့ဘေးက ငါဘုရားလက်ထက်မှာပဲ ဖြစ်မှာမဟုတ်ဘူး။ အနာဂတ်မှာလည်း ဖြစ်ဦးမှာပဲ။ အနာဂတ်မှာ အဲဒီလိုဖြစ်ရင် မောဂ္ဂလာန်လို တန်ခိုးကြီးမားတဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲလို့ မြတ်စွာဘုရားက မြင်တော်မူတယ်။ အဲဒီလို တန်ခိုးကြီးမားတဲ့ ပုဂ္ဂိုလ်တွေ မရှိတဲ့အခါ အနာဂတ်မှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်နေပေမဲ့ တန်ခိုးကျွဲ့ပါဒ် မရှိတော့ ဝမ်းရေးအတွက် ဆွမ်းခံပြီးတော့ပဲ ဖြေရှင်းရမယ်။

အဲဒီအခါ လူတွေရဲ့စိတ်မှာ ဘယ်လိုအတွေးပေါက်လာနိုင်သလဲဆိုတော့ ဘုရားလက်ထက်က သံဃာတွေက သီလ သမာဓိ ပညာကို ပြည့်အောင်ဖြည့်ကြတယ်။ ဒါကြောင့် အငတ်ဘေးဆိုက်လာတဲ့ အခါမှာ မြေကြီးကို လှန်ပြီးတော့ ဘဉ်းပေးကြတယ်။ မြောက်ကျွန်းကို ဆွမ်းခံကြွပြီးတော့ ဘဉ်းပေးကြတယ်။

အခု ကိုယ်တော်တွေဖြင့် သီလ သမာဓိ ပညာ မရှိလိုက်တာ။

http://www.dhammadownload.com

တကယ်သာ သီလ သမာဓိ ပညာရှိရင် ဈာန်အဘိညာဉ်တွေကို ရအောင် ကြိုးစားပြီးတော့ သူတို့အနေနဲ့ မြေကြီးတွေကိုလှန်ပြီး ဘုဉ်းပေးမှာပေါ့။ မြောက်ကျွန်းကို ဆွမ်းခံကြွပြီး ဘုဉ်းပေးမှာပေါ့။ ငါတို့ကိုလည်း တွေ့ကရာ အစားအစာတွေ စားခွင့်ပေးမှာ မဟုတ်ဘူး။ ငါတို့ကိုလည်း မြေဆီမြေလွှာ မြေဩဇာတွေ ကျွေးမှာပေါ့။ အရိယာပုဂ္ဂိုလ်တွေအပေါ်မှာ အရိယာပုဂ္ဂိုလ်မရှိဘူးလို့ ယူဆသွားနိုင်တယ်။ အယူတွေ ဖောက်ပြန်ပျက်စီးသွားနိုင်တယ်။

အဲဒီလို အယူတွေ ဖောက်ပြန်ပျက်စီးသွားတဲ့အခါ အရိယာသံဃာတွေကို ပုတ်ခတ်ပြောဆိုမယ်။ ပြစ်မှားမယ်။ ဒါဆိုရင် အပါယ်ငရဲ ကျသွားနိုင်တယ်။ နောင်လာနောက်သားတွေ အဲဒီလို အယူတွေ ပျက်စီးပြီးတော့ အပါယ်ငရဲကျမှာစိုးလို့ မြတ်စွာဘုရား ပယ်ခဲ့တာတဲ့။ အရှည်ကို ကြည့်တော်မူလို့ ပယ်ခဲ့တာ။ ဒါဆိုရင် ဘုန်းကြီးတို့နဲ့ အမြင်မတူတာ အားလုံး နားလည်ကြပြီနော်။ ကဲ ဆိုလိုက်ကြ။

"ဆူဆုဗုဒ္ဓ လမ်းညွှန်ပြ ကျင့်ပြကိုယ်တိုင်ပေ"
"ဒီဃဒဿီဂုဏ်တော်မည် ယုံကြည်မှန်းဆကျင့်ကြလေ"

ဒီကိစ္စမှာ သံဃာတွေ ဆင်းရဲနေလို့ ချမ်းသာအောင် သူ့ရဲ့ တန်ခိုးတော်နဲ့ ဆောင်ရွက်ပေးမယ့်အကြောင်း အရှင်မောဂ္ဂလာန်က ခွင့်တောင်းပေမဲ့ မြတ်စွာဘုရားက ခွင့်ပြုတော်မမူခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောင်လာနောက်သားတွေ အတွေးတွေ မှားပြီးတော့ အပါယ်ငရဲအထိ ကျသွားကြမှာစိုးလို့။

နောင်လာ နောက်သားတွေ အပါယ်ငရဲကျတာထက်စာရင် အခုဝါတွင်းသုံးလမှာ သံဃာတွေ မြင်းစာကို စားနေရတာက

http://www.dhammadownload.com

တော်သေးတယ်ဆိုပြီးတော့ မြတ်စွာဘုရားကိုယ်တိုင်လည်းပဲ မြင်းစာရိကခွာ မုယောဆန်ကြမ်းကို တစ်ဝါတွင်းလုံး ဘုဉ်းပေးခဲ့တယ်။ မည်ည်းညူခဲ့ပါဘူး။ သံဃာတော်တွေကလည်း ငြိမ်ငြိမ်သက်သက်ပဲ ဘုဉ်းပေးခဲ့ကြတယ်။ ဒါဟာ ဘာလဲဆိုရင် နောင်လာနောက်သားတွေ အပြစ်များမှာ စိုးလို့ ရေရှည်ကို ကြည့်တော်မူပြီး စံပြအဖြစ် လက်တွေ့ကျင့်သုံးသွားတော်မူခဲ့တာပါ။

အမြော်အမြင်ကြီးပါ

အဲဒီတော့ ဒကာဒကာမတွေလည်း အိမ်ထောင်ရေးနဲ့ ပတ်သက်လို့လည်း ရေရှည်ကြည့်ရမယ်။ သားသမီးပြုစုပျိုးထောင်ရေးနဲ့ပတ်သက်လို့လည်း ရေရှည်ကြည့်ရမယ်။ နိုင်ငံရေးနဲ့ ပတ်သက်လို့လည်း အရှည်ကြည့်ရမယ်။ ကုသိုလ်ရေးဆိုရင်လည်း ရေရှည်ကြည့်ရမယ်။ ရေရှည်ကြည့်ရမယ်ဆိုတာက မိမိတို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာနဲ့ လွဲသွားနိုင်တဲ့ အရာမျိုးကို မလုပ်သင့်ဘူး။ တစ်ဘဝစာ ကောင်းစားဖို့တင် မဆုံးဖြတ်သင့်ဘူး။

တရားအစမှာ ပြောခဲ့သလိုပဲ တပ်ကုန်းက ဒကာမကြီးက အရှင်ဘုရား လူငယ်တွေဟာ ဘုရားရဲ့ တရားတော်တွေက မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရေး လောကုတ္တရာအရေးနဲ့ပဲ သက်ဆိုင်တယ်၊ လောကီကြီးပွားရေးနဲ့ မဆိုင်ဘူးလို့ ယူဆနေတော့ လောကီကြီးပွားရေးနဲ့လည်း သက်ဆိုင်တဲ့အကြောင်း အရှင်ဘုရား ဟောပေးပါဆိုလို့ ဘုန်းကြီးက ဒီတရားကို ဟောပေးတာ။

မိမိတို့သာ အတုယူ ကျင့်သုံးတတ်မယ်ဆိုရင် ဘုရားရှင်ရဲ့ ဂုဏ်တော်ကျင့်စဉ်တော်တွေဟာ လောကီရေးနဲ့လည်း သက်ဆိုင်

http://www.dhammadownload.com

တယ်။ ကျင့်သုံးရင် ကြီးပွားနိုင်တယ်။ ဒါကြောင့် ဘုန်းကြီးက "အဆုံးစွန်သော အနာဂတ်အထိ မျှော်ကြည့်ပါ" နောက်တစ်နည်းပြောရင် "အမြော်အမြင်ကြီးမားပါ" ဆိုတဲ့ တရားကို ဟောပေးတာပါ။

ကဲ... ဒီလောက်ဆိုရင် ဘုန်းကြီးဟောချင်တဲ့တရား ပြည့်စုံပါပြီ။ ဒီတရားတော်ကို နာယူပြီးတော့ ဘာကိစ္စကိုပဲ ဆောင်ရွက်ဆောင်ရွက် ဘုရားရှင်ရဲ့ ရေရှည်ကို ကြည့်တော်မူခြင်း ဒီဃဒဿီဂုဏ်တော်ကို အတုယူ ကျင့်သုံးနိုင်ကြပါစေ။ အဲဒီလိုကျင့်သုံးရင်း ကျင့်သုံးရင်းနဲ့ နှလုံးသားထဲမှာ ကုသိုလ်ပါရမီတွေ ရင့်သန်ပြည့်ဝကာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာမြတ်ကို ကိုယ်စီကိုယ်ငလျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သာဓု... သာဓု... သာဓု။)